# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

# (တတိယတွဲ)

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အစည်းအဝေး(၁၁)ရက်မြောက်နေ့ မှတ်တမ်း(၂၃.၁၂.၂၀၁၉)ရက်နေ့ | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃ |
| (စ) | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်အေးအေးသန့်က ကတိသစ္စာ ပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၄ |
| (ဆ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်မေးမြန်းသည့် မေးခွန်း (၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၅ |

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်း (၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၄

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၆

(ဋ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး မေးမြန်းသည့် မေးခွန်း (၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၂၅

(ဌ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၃၂

၂။ **အစည်းအဝေး (၁၂)ရက်မြောက်နေ့ မှတ်တမ်း (၂၄.၁၂.၂၀၁၉)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၃၃

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၃၃

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၃၄

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၃၄

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၃၅

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၃၆

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင် မေးမြန်းသည့် မေးခွန်း (၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၁

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးမေးမြန်းသည့် မေးခွန်း (၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၃

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်၏ကိုယ်စား ဦးဝင်းနိုင် မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၅

(ည) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၄၆

၃။ **အစည်းအဝေး (၁၃)ရက်မြောက်နေ့ မှတ်တမ်း (၇.၁.၂၀၂၀)ရက်နေ့**


(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၄၇

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၄၇

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၄၈

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၄၈

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၄၉

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း မေးမြန်းသည့် မေးခွန်း (၂)ခု အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၅၀

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၅၂

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန် မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၅၈

(ဈ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီအစီရင်ခံစာ (၃/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ ၆၁

(ည) ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"အမျိုးသားလျှပ်စစ်ဓါတ်အား ရရှိရေးစီမံကိန်း (N.E.P)လုပ်ငန်းများနှင့်ပတ်သက်၍ နယ်ပယ်ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီများအား ကျန်ရှိနေသေး သော 11. Line တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆက်လက် ဆောင်ရွက်ကြရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထား ကြပ်မတ် ထိန်းကျောင်းပေးနိုင်ရေးတိုက်တွန်းကြောင်း"** အဆိုကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၆၄

(ဋ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၇၄

## ၄။ အစည်းအဝေး (၁၄)ရက်မြောက်နေ့ မှတ်တမ်း (၈.၁.၂၀၂၀)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၇၆

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၇၆

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၇၇

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၇၇

| | | |
|---|---|---|
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၇၈ |
| (စ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၇၉ |
| (ဆ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၄ |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးမေးမြန်းသည့် မေးခွန်း (၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၆ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်း (၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၈ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၃ |
| (ဋ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ | ၉၄ |
| (ဌ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။ | ၉၅ |

## ၅။ အစည်းအဝေး (၁၅)ရက်မြောက်နေ့ မှတ်တမ်း (၉.၁.၂၀၂၀)ရက်နေ့


(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၉၆

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၉၆

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၉၇

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၉၇

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၉၈

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်း (၂)ခု အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉၉

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်း (၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၀၂

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင် မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၀၆

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းမေးမြန်းသည့် မေးခွန်း (၂)ခု အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၀၈

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်း (၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၁၁

(ဋ) ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ဆွေးနွေးချက်များကို တိုင်းဒေသကြီး စာရင်းစစ်ချုပ်က ပြန်လည်ရှင်းလင်းခြင်း။ ၁၁၆

(ဌ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၄၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့ မှတ်တမ်း
# ၁၃၈၁ခုနှစ်၊ နတ်တော်လပြည့်ကျော်လ ၁၂ ရက်
# [ ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် ]
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၅၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၇၇.၆၃ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်း အဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူ ရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ဌေး [ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသက်မင်းဇော်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစောသူရအောင်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းသွင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးပြည့်ဖြိုးဇော်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၂၃.၁၂.၂၀၁၉)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၇)ဦး၏ ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၇ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်း အဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက် ရယူ ပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်အေးအေးသန့်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- (၁၁.၁၂.၂၀၁၉)ရက်နေ့၌ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)တွင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ သဘောတူအတည်ပြုပြီးဖြစ်သည့် ဒေါ်အေးအေးသန့်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ (၁၉.၁၂.၂၀၁၉)ရက်စွဲပါ အမိန့်အမှတ်၊ ၅၁/၂၀၁၉ အရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပါသဖြင့် ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ အရ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်အေးအေးသန့်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်သည့်အတွက် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်သို့ ကြွရောက်နေရာယူပေးဖို့ဖိတ်ခေါ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်အေးအေးသန့်က လိုက်ဆိုဖို့ဖြစ်ပါတယ်။ ကျွန်ုပ်သည်လို့ စတိုင်ပေးတဲ့အချိန်မှာ မိမိရဲ့ အမည်နဲ့တွဲပြီးဆိုရန် ဖြစ်ပါတယ်။ ကတိသစ္စာပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို လက်နှစ်ဖက်ဖြင့် စနစ်တကျ ကိုင်တွယ်၍ ကတိသစ္စာပြုရမည်ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြား၍ တက်ရောက်ကြသူများအားလုံး မတ်တပ်ရပ်ပေးဖို့ဖြစ်ပါတယ်။ ကတိသစ္စာပြုခြင်းကို စတင်ပါမယ်။

[တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်အေးအေးသန့်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များ ကတိသစ္စာပြုချက်

## [နည်းဥပဒေ ၆၀]

"ကျွန်ုပ် ဒေါ်အေးအေးသန့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက မေးမြန်းသည့် မေးခွန်း(၉)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအနီးမှ စီးဆင်းနေသော မနှင်းနုရိုး(ခ) အပုပ်ချောင်းသည် ကျဉ်းမြောင်း၍ တိမ်ကောလျက်ရှိပြီး ရေစီးရေလာမကောင်းခြင်း၊ ရေထုတ်နုတ်မှုအားနည်းခြင်းတို့ကြောင့် မိုးစပါးစိုက်လယ်ဧက(၃၀၀၀)ကို ရေကြီးနစ်မြုပ်မှုဒဏ်မှ လျော့ပါးသက်သာစေရန်အတွက် ၎င်းရိုးအား တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ဒိုက်ဦးမြို့နယ်၊ ကွဲ့တဲကွင်းကျေးရွာနှင့် ကျိုက်စကောအနောက် ကျေးရွာနယ်မြေပိုင် လယ်မြေများအတွင်း ဖြတ်သန်းစီးဆင်းနေသော ညောင်တုံးလဲရိုးသည် ပျက်စီးတိမ်ကော၍ အလွန်ကျဉ်းမြောင်းပြီး ရေစီးရေလာ အဟန့်အတားများစွာ ဖြစ်ပေါ်လျက်ရှိပါ၍ ၎င်းရိုးအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း (၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအနီးမှ စီးဆင်းနေသော မနှင်းနုရိုး(ခ)အပုပ်ချောင်းသည် ကျဉ်းမြောင်း၍ တိမ်ကောလျက်ရှိပြီး ရေစီးရေလာမကောင်းခြင်း၊ ရေထုတ်နုတ်မှုအားနည်းခြင်းတို့ကြောင့် မိုးစပါးစိုက်လယ်ဧက(၃၀၀၀)ကို ရေကြီးနစ်မြုပ်မှုဒဏ်မှ လျော့ပါးသက်သာစေရန်အတွက် ၎င်းရိုးအား တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်အတွင်းရှိ ဖောင်တော်သီကျေးရွာအနီးမှ စတင်စီးဆင်းသော မနှင်းနုရိုး(ခ)အပုတ်ချောင်းသည် နှစ်ကာလ ကြာမြင့်စွာ ပြန်လည်တူးဖော်ခြင်း မပြုခဲ့သည့်အတွက် ကျဉ်းမြောင်း၍ တိမ်ကောလျက်ရှိပြီး ရေစီးရေလာမကောင်းခြင်း၊ ရေထုတ်နုတ်မှုအားနည်းခြင်းတို့ကြောင့် လယ်ယာမြေများ နှစ်စဉ် ရေမြုပ်ဒဏ်ကို ခံစားနေရပါသည်။ သို့ပါ၍ မိုးစပါးစိုက်လယ်

ကေ (၃၀၀၀)အား ရေကြီးနစ်မြုပ်မှုဒဏ်မှ လျော့ပါးသက်သာစေရန် မနှင်းနုရိုးအား တူးဖော်ပေးသင့်ပြီး တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ "ဒိုက်ဦးမြို့နယ်၊ ကွဲတဲကွင်းကျေးရွာနှင့် ကျိုက်စကောအနောက် ကျေးရွာနယ်မြေပိုင် လယ်မြေများအတွင်း ဖြတ်သန်းစီးဆင်းနေသော ညောင်တုံးလဲရိုးသည် ပျက်စီးတိမ်ကော၍ အလွန်ကျဉ်းမြောင်းပြီး ရေစီးရေလာ အဟန့်အတားများစွာဖြစ်ပေါ်လျက်ရှိပါ၍ ၎င်းရိုးအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်၊ ကွဲတဲကွင်းကျေးရွာနှင့် ကျိုက်စကောအနောက်ကျေးရွာ နယ်မြေပိုင် လယ်မြေများအတွင်း ဖြတ်သန်းစီးဆင်းသော ညောင်တုံးလဲရိုးသည် နှစ်ကာလများစွာ ပြန်လည်ပြုပြင်တူးဖော်ခဲ့ခြင်း မရှိသည့်အတွက် ရိုးသည် ပျက်စီးတိမ်ကော၍ အလွန်ကျဉ်းမြောင်းပြီး ရေစီးရေလာအတွက် အဟန့်အတားများစွာ ဖြစ်ပေါ် လျက်ရှိပါသည်။ ထို့အပြင် အရှေ့ကွင်းမှ ၄၆၈(ဂ)၊ ၄၆၈(ဃ)၊ ၁၂၀၇(ဃ)၊ ၁၂၀၇(ခ)ကွင်းတို့ရှိ ရေကျနောက်စိုက် လယ်မြေကေများစွာအတွက် ရေသွယ်ယူရာရိုးဖြစ်သော အဆိုပါ ညောင်တုံးလဲရိုး တိမ်ကောပျက်စီးနေမှုကြောင့် အခက်အခဲများစွာနှင့် ကြုံတွေ့နေရပါသည်။

သို့ပါ၍ ပျက်စီးတိမ်ကောပြီး ရေစီးရေလာ အဟန့်အတားဖြစ်ကာ လယ်ယာမြေများ ရေသွင်း၊ ရေထုတ်၊ ရေယူခြင်းများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ဖြစ်ပေါ်နေသည့်အတွက် ညောင်တုံးလဲရိုးအား ပြန်လည်တူးဖော်ပေးရန် လိုအပ်ပြီးတူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသန်းထိုက်အောင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအနီးမှ စီးဆင်းနေသော မနှင်းနုရိုး(ခ)အပုပ်ချောင်းသည် ကျဉ်းမြောင်း၍ တိမ်ကောလျက်ရှိပြီး ရေစီးရေလာမကောင်းခြင်း၊ ရေထုတ်နုတ်မှုအားနည်းခြင်း တို့ကြောင့် မိုးစပါးစိုက်လယ်ကေ(၃၀၀၀)ကို ရေကြီးနစ်မြုပ်မှုဒဏ်မှ လျော့ပါးသက်သာစေရန် အတွက် ၎င်းရိုးအား တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ မနှင်းနုရိုး(ခ)အပုတ်ချောင်းသည် ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအနီးမှ စတင်စီးဆင်းသော ကွင်းရေထုတ်မြောင်းဖြစ်ပြီး အထားချောင်းမှတစ်ဆင့် ပုကိုင်အင်းချောင်းအတွင်းသို့စီးဝင်သောမြောင်းတစ်ခုဖြစ်ပါသည်။ ယခုအခါ နှစ်ကာလကြာမြင့်လာပြီဖြစ်၍ မနှင်းနုရိုးမှာကျဉ်းမြောင်း၍ တိမ်ကောလျက်ရှိပြီး ရေစီးရေလာမကောင်းခြင်း၊ ရေနုတ်နုတ်မှုအားနည်းခြင်း

တို့ကြောင့် ဖောင်တော်သီကျေးရွာနှင့် လယ်ယာမြေများ ရေဝင်နစ်မြုပ်ခြင်းတို့ နှစ်စဉ်ဖြစ်ပေါ်လေ့ ရှိသည်မှာ မှန်ကန်ကြောင်း စိစစ်သိရှိရပါသည်။

သို့ပါ၍ ကျေးရွာနှင့်လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရန်အတွက် မနှင်းနုရိုးအား ပြန်လည်တူးဖော်ပေးရန် လိုအပ်လျက်ရှိသည်မှာ မှန်ပါသည်။ မနှင်းနုရိုး ပြန်လည် တူးဖော်ပေးခြင်းဖြင့် မိုးစပါးစိုက်လယ်မြေ (၃၀၀၀)ဧကအား ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာ စေမည် ဖြစ်ပါသည်။

မနှင်းနုရိုး ပြန်လည်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၄)မိုင်၊ အောက်ခြေ အကျယ်(၂၅)ပေ၊ အနက်(၆)ပေ၊ မြေကြီးကျင်း(၃၉၃၀၀)ကျင်း တူးဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၄၈.၅၀)သန်းကုန်ကျမည်ဖြစ်ကြောင်းကို ခန့်မှန်းတွက်ချက်တင်ပြထား ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား (၂၀၂၀-၂၀၂၁)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေ ရရှိခဲ့ခြင်းမရှိပါက ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ် ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဒိုက်ဦးမြို့နယ်၊ ကျွဲတဲကွင်းကျေးရွာနှင့် ကျိုက်စကောအနောက် ကျေးရွာနယ်မြေပိုင် လယ်မြေများအတွင်း ဖြတ်သန်းစီးဆင်းနေသော ညောင်တုံးလဲရိုးသည် ပျက်စီးတိမ်ကော၍ အလွန်ကျဉ်းမြောင်းပြီး ရေစီးရေလာ အဟန့်အတားများစွာ ဖြစ်ပေါ်လျက်ရှိပါ၍ ၎င်းရိုးအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း ကိုဖြေကြားမှာဖြစ်ပါတယ်။ ညောင်တုံးလဲရိုးသည် ဒိုက်ဦးမြို့နယ်၊ ကျွဲတဲကွင်းကျေးရွာနှင့် ဘုရားကြီး ကွင်းကျေးရွာရှိ လယ်မြေများ အတွင်း ဖြတ်သန်းစီးဆင်းပြီး နဂါးပေါက်ချောင်းအတွင်းသို့စီးဝင်သော ရိုးချောင်းတစ်ခုဖြစ်ပါသည်။ ယခုအခါ နှစ်ကာလကြာမြင့်စွာ ပြန်လည်တူးဖော်ခဲ့ခြင်း မရှိသည့် အတွက် ကျဉ်းမြောင်းလာပြီး ရေစီးရေလာမကောင်းခြင်း၊ ရေထုတ်နုတ်မှုအားနည်းခြင်းတို့ကြောင့် အရှေ့ကွင်းမှ ၄၆၈(ဂ)၊ ၄၆၈(ဃ)၊ ၁၂၀၇(ဃ)၊ ၁၂၀၇(ခ)ကွင်းတို့ရှိ နွေစပါးစိုက်လယ်မြေများ ရေ လုံလောက်စွာ ရရှိစေရန်အတွက် ပြန်လည်တူးဖော်ဆောင်ရွက်ပေးသင့်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါ ကြောင်းကို စိစစ်တင်ပြအပ်ပါသည်။

ညောင်တုံးလဲရိုး ပြန်လည်တူးဖော်ပေးခြင်းဖြင့် နွေစပါးဧက(၂၀၀၀)အား ရေအလုံအလောက် ရရှိစေမှာဖြစ်ပြီး နွေစပါးအပြင် သီးထပ်စပါးများပါ တိုးချဲ့စိုက်ပျိုးနိုင်သဖြင့် တောင်သူများ ဝင်ငွေ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

ညောင်တုံးလဲရိုးချောင်းအား အလျား(၃)မိုင်၊ အောက်ခြေအကျယ်(၁၀)ပေ၊ ပျှမ်းမျှအနက် (၅.၅)ပေဖြင့် လုပ်ငန်းပမာဏ(၁၃၅၀၀)ကျင်း တူးဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ မှာ(၃၅.၀၀)သန်းကုန်ကျမည်ဖြစ်ကြောင်းကို ခန့်မှန်းတွက်ချက်ထားပါသည်။ လတ်တလောတွင် တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား ဆောင်ရွက်နိုင်ရန်အတွက် (၂၀၂၀-၂၀၂၁)ခုနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင် မည်ဖြစ်ပြီး ရန်ပုံငွေရရှိခဲ့ခြင်းမရှိခဲ့ပါက ဆောင်ရွက်နိုင်မည်မဟုတ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်ရှိ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြတိုင်ကြားစာများမှာ ဇဟို/တိုင်း/ခရိုင်/မြို့နယ် မည်သည့်ကော်မတီတွင် ရောက်ရှိသုံးသပ်နေကြောင်း မည်သို့ဆုံးဖြတ်ပြီးကြောင်း၊ မည်သူ့ထံသို့ ပြန်လည်စွန့်လွှတ်ကြောင်း၊ နိုင်ငံတော်မှ သိမ်းယူပြီး ဖြစ်ကြောင်း စသည်ဖြင့် အသေးစိတ်ပြန်ကြားပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။**"ပန်းတောင်းမြို့နယ်ရှိ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြတိုင်ကြားစာ များမှာ ဇဟို/ တိုင်း/ခရိုင်/မြို့နယ် မည်သည့်ကော်မတီတွင် ရောက်ရှိသုံးသပ်နေကြောင်း မည်သို့ ဆုံးဖြတ်ပြီးကြောင်း၊ မည်သူ့ထံသို့ ပြန်လည်စွန့်လွှတ်ကြောင်း၊ နိုင်ငံတော်မှ သိမ်းယူပြီးဖြစ်ကြောင်း စသည်ဖြင့် အသေးစိတ် ပြန်ကြားပေးရန် အစီအစဉ်ရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်ရှိ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြတိုင်ကြားမှုသည် ပဲခူးတိုင်းတွင် ဒုတိယအများဆုံးတိုင်ကြားမှုဖြစ်ကြောင်း သိရှိရပါသည်။ ပြည်သူများသည် တိုင်ကြားမှုများသလို တိုင်ကြားစာနှင့်ပတ်သက်၍ သိရှိလိုစိတ်များပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိမြို့နယ်မှတိုင်ကြားစာများကိုစိစစ်ပြီး ခရိုင်သို့တင်ပြပြီး ဖြစ်ကြောင်းနှင့် ဝင်လာသည့်စာများကိုသာ သက်ဆိုင်ရာကာယကံရှင်အသိပေးပြီး စွန့်လွှတ်သည့်မြေ များအား ပြန်လည်အပ်နှံခြင်းကို မြို့နယ်သို့အကြောင်းကြားမှသာသိရှိရပြီး တိုင်ကြားသူများ၏ စာမှာ ခရိုင်တွင်သော်လည်းကောင်း၊ တိုင်းတွင်သော်လည်းကောင်း၊ ဇဟိုတွင်သော်လည်းကောင်း ရောက်ရှိနေခြင်းအား တိကျစွာ ပြန်လည်ရှင်းပြနိုင်ခြင်းမရှိသဖြင့် တိုင်ကြားစာတစ်စောင်ခြင်းနှင့် ပတ်သက်၍ ခရိုင်၊ တိုင်း၊ ဇဟိုလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေး ကော်မတီတွင် ရောက်ရှိသုံးသပ်နေကြောင်း၊ မည်သို့ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ မည်သူ့ထံသို့ပြန်လည်

စွန့်လွှတ်ကြောင်း၊ နိုင်ငံတော်မှ ပြန်လည်သိမ်းယူပြီးဖြစ်ကြောင်းစသည်ဖြင့် အသေးစိတ်ပြန်ကြားပေးရန် အစီအစဉ်ရှိ/မရှိအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်း အပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနများက ပြန်လည်စွန့်လွှတ်ပြီး မူလလက်ငုတ်တောင်သူများထံ ယာယီပုံစံ(၃)ဖြင့် အပ်နှံခဲ့သည့် လယ်ယာမြေများအား ပုံစံ(၇) အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနများက ပြန်လည်စွန့်လွှတ်ပြီး မူလလက်ငုတ်တောင်သူများထံ ယာယီပုံစံ (၃)ဖြင့် အပ်နှံခဲ့သည့် လယ်ယာမြေများအား ပုံစံ(၇) အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သိမ်းဆည်းခံရသည့် လယ်ယာမြေများ ပြန်လည်စွန့်လွှတ်မှုနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ရဲတပ်ဖွဲ့မှပြန်လည်စွန့်လွှတ်သည့် အမှုတွဲ(၄)ခု ရှိပါသည်။ အဆိုပါ စွန့်လွှတ်မြေအမှုတွဲ(၄)ခုတွင် အမှုတွဲ(၂)ခုမှ လယ်မြေများအား သက်ဆိုင်ရာ မူလလက်ငုတ် တောင်သူများကို ယာယီပုံစံ(၃)များ (၂၁.၉.၂၀၁၉)ရက်နေ့တွင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ ယာယီပုံစံ(၃)ရ မူလတောင်သူများမှာ လယ်ယာလုပ်ငန်းများ လုပ်ကိုင်နေပြီဖြစ်သော်လည်း စိုက်ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ယူနိုင်ခြင်း မရှိသေးပါ။ သက်ဆိုင်ရာ လယ်စီအဖွဲ့၊ လယ်စစ်အဖွဲ့များ၏ ထောက်ခံချက်ပေးသော်လည်း စိုက်ဘဏ်၏မူဝါဒအရ ပုံစံ(၇) လက်ဝယ်ရှိမှသာ ထုတ်ချေးပေးနိုင်မည်ဖြစ်သဖြင့် မရရှိပါ။ မိုးသီးနှံချေးငွေမရ၍ ယခု ဆောင်းသီးနှံချေးငွေအမီ ပုံစံ(၇)ရရှိရေး ဆောင်ရွက်ပေးရန်ပြောသော်လည်း မည်သည့်အတွက်ကြောင့် ကြန့်ကြာနေမှန်းမသိရပါ။

ဗဟိုလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့်လည်း ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၅)ရပ်ကို တီဗွီမှ နေ့စဉ်ကြော်ငြာပေးနေပါသည်။ လုပ်ငန်းစဉ်အမှတ်(၂)တွင် စွန့်လွှတ်မြေများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလပိုင်ရှင်များထံ အမြန်ဆုံးအပ်နှံသွားရန်ဟု ဖော်ပြပါရှိပါသည်။ ယခုအခါ ယာယီပုံစံ(၃)ရရှိသော်လည်း အများနည်းတူ စိုက်ပျိုးစရိတ်ချေးငွေရရှိရန် ပုံစံ(၇)ရရေး လိုအပ်နေပါသည်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနများက ပြန်လည်စွန့်လွှတ်ပြီး မူလလက်ငုတ်

တောင်သူများထံ ယာယီပုံစံ(၃)ဖြင့် အပ်နှံခဲ့သည့် လယ်မြေများအား ပုံစံ(၇) အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်ရှိ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြတိုင်ကြားစာများမှာ ဗဟို/တိုင်း/ခရိုင်/မြို့နယ် မည်သည့်ကော်မတီတွင် ရောက်ရှိသုံးသပ်နေကြောင်း မည်သို့ဆုံးဖြတ်ပြီးကြောင်း၊ မည်သူ့ထံသို့ ပြန်လည်စွန့်လွှတ်ကြောင်း၊ နိုင်ငံတော်မှသိမ်းယူပြီးဖြစ်ကြောင်း စသည်ဖြင့် အသေးစိတ် ပြန်ကြားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်အတွင်းရှိ မြေ/စစ်အမှုတွဲများမှာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ပေးပို့လာသော အမှုတွဲ (၅၂)တွဲနှင့် တိုင်းဒေသကြီးလယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီသို့ ပေးပို့လာသော တိုင်ကြားစာ အမှုတွဲ(၄၂)တွဲ၊ စုစုပေါင်း(၉၄)တွဲရှိပြီး အမှုတွဲ(၅၇)တွဲအား ဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့်အမှုတွဲ (၃၇)တွဲအား ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ စိစစ်တင်ပြရန် အကြောင်းကြား ထားပြီး ဖြစ်ပါသည်။

တစ်ဆက်တည်းဖြေကြားလိုသည်မှာ ဗဟိုမြေစစ်ကော်မတီမှ ပေးပို့လာသည့် တိုင်ကြားစာ အမှုတွဲများနှင့် လက်ရှိဆောင်ရွက်ပြီးသည့် (၅၇)တွဲတို့အား ဖြေရှင်းဆောင်ရွက်ပြီးစီးမှုများနှင့်တကွ စာဖြင့် ပြန်လည်ပေးပို့ဖြေကြားပေးမည်ဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနများက ပြန်လည်စွန့်လွှတ်ပြီး မူလလက်ငုတ်တောင်သူများထံ ယာယီပုံစံ (၃)ဖြင့် အပ်နှံခဲ့သည့် လယ်ယာမြေများအား ပုံစံ(၇)အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြား ပေးမှာဖြစ်ပါတယ်။ ညောင်လေးပင်မြို့နယ်တွင် လယ်ယာမြေများအား ပြန်လည်စွန့်လွှတ်

အပ်နှံမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြန်လည်စွန့်လွှတ်မြေများမှာ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၅၁(ခ)၊ ရေတွင်းကုန်း အင်းကွင်း၊ ဧရိယာ(၄၃.၃၅)ဧက၊ အင်းချောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၀၆(ခ)၊ ရုံးပင်ကွင်း၊ ဧရိယာ(၃၅.၁၀)ဧက၊ မုက္ခမူကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၈၃ (င)၊ ကျူချောင်းစားကျက်ကွင်း၊ မြေဧရိယာ(၁၀.၀၀)ဧကနှင့် ချောင်းကျိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်- ၃၆၀၊ ဘမော်တောကွင်း၊ မြေဧရိယာ(၄၀.၀၀)ဧကအား စွန့်လွှတ်မြေများအပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အပ်နှံပြီးဖြစ်ပါသဖြင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်မှ မူလလက်ငုတ်တောင်သူများအား ပြန်လည်လွှဲပြောင်းပေးအပ်နှံရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရေတွင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၅၁(ခ)၊ ရေတွင်းကုန်းအင်းကွင်း၊ ဧရိယာ(၄၃.၃၅) ဧကအား တောင်သူ(၆)ဦးအား လည်းကောင်း၊ အင်းချောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၀၆(ခ)၊ ရုံးပင်ကွင်း၊ ဧရိယာ(၃၅.၁၀)ဧကရှိသည့်အနက် ဧရိယာ(၂၅.၀၀)ဧကအား တောင်သူ(၂)ဦးအား လည်းကောင်း၊ စုစုပေါင်းတောင်သူ(၈)ဦး၊ မြေဧရိယာ(၆၈.၃၅)ဧကအား (၂၁.၉.၂၀၁၉)ရက်နေ့တွင် ယာယီပုံစံ(၃) ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ယာယီပုံစံ(၃) ပေးအပ်ခဲ့မှုအပေါ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေး ဆောင်ရွက်ရာတွင် အဆိုပါမြေမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း ညောင်လေးပင် မြို့နယ်အမည်များဖြင့် ပုံစံ(၇)ထွက်ရှိထားပါသဖြင့် အဆိုပါပုံစံ(၇)အား ပြန်လည်သိမ်းယူရန် ပယ်ဖျက်နိုင်ရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က (၅.၁၁.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်-(၁၈/၂၀၁၉)၏ ဆုံးဖြတ်ချက်အပိုဒ်- ၂၂(ခ)အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ညောင်လေးပင်မှ ပုံစံ(၇)မူရင်းများ ပြန်လည်အပ်နှံနိုင်ရေး ဆုံးဖြတ်ခဲ့မှုအပေါ် မြို့နယ်လယ်-စီအဖွဲ့၏ (၁၃.၁၁.၂၀၁၉)ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ (၁၉.၁၁.၂၀၁၉)ရက်စွဲပါစာအမှတ်- ၁၈၈၇(၀၂)/၉၀၇/ထောက်-၃ဖြင့် ပြန်လည်တင်ပြရာတွင် ပုံစံ(၇)မူရင်းများအား ခရိုင်အုပ်ချုပ်ရေးမှူး၊ ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အပ်နှံထားကြောင်း မှတ်တမ်းမိတ္တူနှင့်အတူ ပြန်လည် တင်ပြလာသဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အဆိုပါ ပုံစံ(၇)မူရင်းများ ပြန်လည်ရရှိရေး ဆက်လက်တင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ပုံစံ(၇)မူရင်းများရရှိမှသာလျှင် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ပုံစံ(၇)အား ပယ်ဖျက်ပြီး ယာယီပုံစံ(၃)ရရှိသူများအား ဥပဒေနှင့်အညီလယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးရှင့်- ဆက်စပ် မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝန်ကြီးက တစ်ဆက်တစ်စပ်တည်း ဖြေကြားပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ သို့ပေမယ့် ဝန်ကြီးတွေ ဖြေကြားမှုနဲ့ ပတ်သက်ပြီး ကတိကဝတ်ကော်မတီကလည်း အစီရင်ခံစာတင်သွင်းတဲ့ထဲမှာ ထည့်ထားပါတယ်။ သက်ဆိုင်ရာဝန်ကြီးတွေအနေနဲ့ ဖြေကြားတဲ့အခါမှာ ပေးပို့ထားတဲ့ဖြေကြားလွှာကို ဖတ်ပြီးတော့ ဖြေကြားပြီးမှ ဆက်စပ်မေးခွန်းကျမှဖြေဖို့ ကတိကဝတ်ကော်မတီ အစီရင်ခံစာမှာလည်း ပြောထားတာရှိပါတယ်။ သို့ပေမယ့် ကျွန်မ ဆက်စပ်မေးခွန်း မမေးလိုက်တဲ့အခါကျလျှင် မူလဖြေထားတဲ့ အဖြေလွှာပေါ်ကဟာကိုပဲ အဖြေရမှာစိုးတဲ့အတွက် ဒီဆက်စပ်မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဝန်ကြီးဆက်စပ်ဖြေထားတာမှာတော့ ဖြေရှင်းဆောင်ရွက်ပြီးတဲ့ (၅၇)တွဲနဲ့ပတ်သက်ပြီးတော့ စာဖြင့်ပြန်လည်ဖြေကြားပေးမယ်လို့ ပြောပါတယ်။ အဲ့လိုပြန်လည်ဖြေကြားတဲ့အခါမှာ ကျွန်မ မေးခွန်းထဲမှာပါတဲ့အတိုင်း ဘယ်အဆင့်ကကော်မတီမှာ ရောက်ရှိသုံးသပ်နေတယ်၊ ဘယ်လိုဆုံးဖြတ်တယ်၊ ဘယ်သူ့တွေဆီကို ပြန်လည်စွန့်လွှတ်တယ်၊ နိုင်ငံတော်ကပြန်လည်သိမ်းယူတယ်ဆိုတာ မေးခွန်းထဲမှာပါတဲ့အတိုင်း အသေးစိတ် ပြန်လည်ဖြေရှင်းပေးဖို့ အစီအစဉ်ရှိ/မရှိကို ဆက်စပ်မေးခွန်း မေးချင်ပါတယ်။ နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်တယ်ဆိုတဲ့မေးခွန်းကို ဘာလို့မေးရလဲဆိုလျှင် ပန်းတောင်းမြို့နယ်ကတိုင်ကြားတဲ့ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီကို တိုင်ကြားတဲ့အခါမှာ ရွာမြေအဖြစ်ပါထားတဲ့မြေကိုလည်း အသိမ်းခံရပါတယ်ဆိုပြီးတော့ တိုင်လိုက်တာရှိတယ်။ ရွာမြေဖြစ်နေပေမယ့် မူလအသိမ်းခံရတဲ့လူက လုပ်ဆောင်ရခြင်းမရှိဘဲနဲ့ တခြားလူက လွှဲပြောင်းပြီးတော့ လုပ်ဆောင်ထားတဲ့အပေါ်မှာ နိုင်ငံတော်အနေနဲ့ ပြန်လည်သိမ်းယူတဲ့မြေအမျိုးအစားလည်း ရှိနေပါတယ်။ အဲ့ဒီအတွက် ဒီခေါင်းစဉ်ကိုလည်း ထည့်ပြီးတော့ မေးမြန်းထားတာဖြစ်တဲ့အတွက် ကျွန်မမေးခွန်းထဲမှာ ပါတဲ့အတိုင်း ခေါင်းစဉ်အလိုက် အသေးစိတ် ပြန်ကြားပေးရန် အစီအစဉ်ရှိ/မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ကျွန်တော်တို့ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်တဲ့ ၅၇ တွဲနဲ့ပတ်သက်ပြီးတော့ ဘယ်လိုစိစစ်ပြီးတော့

ဆုံးဖြတ်ချက်ချထားလဲဆိုတာကို Oneline Figure နဲ့ပြန်လည်ပေးပို့ ဖြေကြားပေးမှာဖြစ်ကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ [ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းအပေါ် စာဖြင့်ဖြေကြားချက်ကို ပူးတွဲဖော်ပြပါမည်။]

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝန်ကြီးဖြေသွားတဲ့ အဖြေလွှာနဲ့ပတ်သက်လို့ အထိုက်အလျောက်တော့ အားရကျေနပ်မှုရှိပါတယ်။ သို့သော်လည်း စွန့်လွှတ်မြေနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဖြေသွားတဲ့ထဲမှာလည်း ပါပါတယ်။ (၂၁.၉.၂၀၁၉)နေ့က ယာယီပုံစံ(၃)ပေးအပ်တာ ကျွန်တော်တို့ပဲ ပေးအပ်တာပါ။ အဲ့ဒီနေ့က ဝန်ကြီးချုပ်လည်းမလာနိုင်ဘူး။ ဝန်ကြီးလည်းမလာနိုင်ဘူးဆိုတဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေပဲ ပေးအပ်တာပါ။ အဲ့ဒီထဲက ပုံစံ(၇)အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးဖို့ဆိုပြီး လယ်/စီအဖွဲ့ကိုလည်းပြောပါတယ်။ ထွေ/အုပ်ကိုလည်းပြောပါတယ်။ ထွေ/အုပ်၊ မြေစာရင်းနှင့် ရဲတပ်ဖွဲ့တို့ဟာ အပြန်အလှန် ဘော်လီဘော ပုတ်နေတဲ့အတွက် ဒီလောက်ကြာနေတာပါ။ ဒီလိုပုတ်နေတာလည်း လေးနှစ်လောက်ဖြစ်လာပါပြီ။ အခု ဆိုရင် ဝန်ကြီးဖြေသွားတဲ့ထဲမှာလည်းပါပါတယ်။ ခရိုင်ထွေ/အုပ်မှာ အပ်ထားတယ်။ ခရိုင်ထွေ/အုပ်မှာ အပ်ထားတယ်ဆိုတာလည်း အဝေးကြီးမဟုတ်ပါဘူး။ ပြည်ထောင်စုက တောင်းခံရမှာလည်းမဟုတ်ဘူး။ ကျွန်တော်တို့အစိုးရလက်ထက်မှာ ပြန်ပြီးတော့စွန့်လွှတ်တာ ကျွန်တော်တို့မြို့နယ်မှာ ရဲစွန့်လွှတ်မြေတွေ လည်းရှိပါတယ်။ ယခင်ကယာယီပုံစံ(၃)ပေးအပ်တယ်ဆိုတာ အရင်အစိုးရလက်ထက်က စွန့်လွှတ်တာ ကိုကျွန်တော်တို့က ပြန်ပြီးတော့ ပေးအပ်တာပါ။ မိမိတို့အစိုးရလက်ထက်မှာ ရဲစွန့်လွှတ်မြေတွေပဲ ရှိပါ တယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ ရဲတပ်ဖွဲ့ဟာ သိမ်းထားစဉ်ကာလက အကျိုးတူလုပ်တဲ့လူတွေ၊ ရဲ တပ်ဖွဲ့နဲ့ပေါင်းပြီးတော့ လုပ်တဲ့လူတွေ၊ စိုက်ဘဏ်ချေးငွေရတယ်။ အခုပြန်စွန့်လွှတ်ပြီးလို့ မူလလက်ငုတ် တောင်သူလက်ထဲရောက်တော့မှ စိုက်စရိတ်ချေးငွေမရတော့ဘူးဆိုတော့ မူလတောင်သူတွေအနေနဲ့ လည်း အများကြီးနစ်နာကြပါတယ်။ လက်ရှိအပ်နှံထားတာ ပြည်ထောင်စုမှာလည်းမဟုတ်ဘူး။ ခရိုင် ထွေ/အုပ်မှာ အပ်နှံထားတယ်ဆိုတဲ့အတွက် ဒါလေးကို အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိ ကျွန်တော် ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးအောင်နိုင်ဦးမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးအောင်နိုင်ဦးမေးမြန်းတဲ့ ရဲတပ်ဖွဲ့က ပြန်လည်စွန့်လွှတ်ထားတဲ့ ပုံစံ(၇)များကို ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အပ်နှံထားမှုနဲ့ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ ပြန်လည်စိစစ်ပေးပါမယ်။ စိစစ်ပြီးတော့ ပုံစံ(၇)အပ်နှံထားမှု ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာရှိခဲ့မယ်၊ အဓိကကတော့ ရဲစခန်းနဲ့ ခရိုင်အထွေထွေအုပ်ချုပ်ရေးနဲ့ အပ်နှံထားမှုအပေါ်မှာ နည်းနည်းလေး အထောက်အထားခိုင်မာမှုကို ရှာနေရတာဖြစ်ပါတယ်။ တကယ်လို့ အပ်နှံထားတာခိုင်မာတယ်လို့ စိစစ်တွေ့ရှိရတယ်ဆိုလျှင် ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပဲခူးခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြစေပြီးတော့ ပုံစံ(၇)ပယ်ဖျက်နိုင်ရေး ဆက်လက်ပြီးဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ပြည်မြို့နယ်အတွင်းရှိ ပုံစံ(၇)ထုတ်ပေးထားသော်လည်း မြေစာရင်းမြေပုံနှင့် မြေရာဇဝင် ပုံစံ(၁၀၅)/(၁၀၆) မပေးရသေးသော လယ်ယာမြေများအတွက် အမြန်ဆုံး ထုတ်ပေးနိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"အနောက်ရွာသစ်အုပ်စု၊ ပျဉ်းပင်ကိုင်းကျေးရွာရှိ ပျဉ်းပင်ကိုင်းလယ်ပြင် ကုန်ထုတ်လမ်းကို နီးစပ်ရာဘဏ္ဍာနှစ်အတွင်း လျာထားဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ပြည်မြို့နယ်အတွင်းရှိ ပုံစံ(၇) ထုတ်ပေးထားသော်လည်း မြေစာရင်းမြေပုံနှင့် မြေရာဇဝင် ပုံစံ(၁၀၅)/(၁၀၆) မပေးရသေးသော လယ်ယာမြေများအတွက် အမြန်ဆုံး ထုတ်ပေးနိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ပုံစံ(၇)ထုတ်ပေးလျှင် ပုံစံ(၁၀၅)/ (၁၀၆)ပူးတွဲပါရှိရမည် ဖြစ်သော်လည်း ပြည်မြို့နယ်အတွင်းရှိ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)များ ထုတ်ပေးစဉ်ကတည်းက မပေးအပ် နိုင်ဘဲဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့အတွက်ကြောင့် ထုတ်ပေးထားသည့် ပုံစံ(၇) တိုင်းတွင် မြေစာရင်းပုံစံ(၁၀၅)/(၁၀၆) ထုတ်ပေးနိုင်ရေးအတွက် မေးမြန်းရခြင်းဖြစ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"အနောက်ရွာသစ်အုပ်စု၊ ပျဉ်းပင်ကိုင်းကျေးရွာရှိ ပျဉ်းပင်ကိုင်းလယ်ပြင် ကုန်ထုတ်လမ်းကို နီးစပ်ရာဘဏ္ဍာနှစ်အတွင်း လျာထားဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ"**မေးခွန်းနှင့် စပ်လျဉ်း၍ အနောက်ရွာသစ်အုပ်စု၊ ပျဉ်းပင်ကိုင်းကျေးရွာ၊ ပျဉ်းပင်ကိုင်းလယ်ပြင်ကုန်ထုတ်လမ်းမှာ ရွှေတောင်မြို့နယ်၊ သဲကုန်းမြို့နယ်၊ ပြည်မြို့နယ် အတွင်းရှိကျေးရွာများမှ နှစ်စဉ်ကြံတန်ချိန်(၁၅၀၀၀)ခန့် ထုတ်ယူနေရာတွင် အဓိကအသုံးပြုနေသော လမ်းဖြစ်သည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့နယ်အတွင်းရှိ ပုံစံ(၇)ထုတ်ပေးထားသော်လည်း မြေစာရင်းမြေပုံနှင့် မြေရာဇဝင် ပုံစံ(၁၀၅)/(၁၀၆) မပေးရသေးသော လယ်ယာမြေများအတွက် အမြန်ဆုံးထုတ်ပေးနိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ် အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးခြင်းလုပ်ငန်းကို (၂၀၁၃)ခုနှစ်တွင် စီမံချက်ချမှတ်ပြီးဆောင်ရွက်ခဲ့ရာ လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးပြီးစီးမှုမှာ ရပ်ကွက်ပေါင်း(၉)ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း(၅၅) အုပ်စု၊ ကွင်း/အကွက်ပေါင်း(၃၁၆)ကွင်း၊ တောင်သူပေါင်း(၁၉၇၄၃)ဦး၊ ဦးပိုင်ပေါင်း(၇၅၉၉၂)၊ ဧရိယာ ပေါင်း(၁၁၃၁၁၈)ဧကဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ခဲ့စဉ်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးရာတွင် ပူးတွဲပါရှိသည့် မြေစာရင်းပုံစံ(၁၀၅)များ တပါတည်းပူးတွဲပေးအပ်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ပဲခူးတိုင်းဒေသကြီးအတွင်း (JICA)အဖွဲ့မှ ဒေသခံ တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးရန် စီစဉ်ဆောင်ရွက်ခဲ့ရာ လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ် ပုံစံ(၇)နှင့်အတူ ပူးတွဲပါရှိရမည့်မြေစာရင်းပုံစံ(၁၀၅)များအား ပြည်မြို့နယ်၌ ၂၀၁၇ ခုနှစ်၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် စီမံချက်ချမှတ်၍ တောင်သူများလက်ဝယ်အရောက် ပေးအပ် ဆောင်ရွက်ခဲ့ပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)နှင့်အတူ ပူးတွဲပါရှိရမည့်မြေစာရင်းပုံစံ(၁၀၅) များကို ပြည်မြို့နယ်အတွင်း ထုတ်ပေးပြီးဖြစ်သည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ဦးပိုင်ပေါင်း(၇၅၉၉၂)အတွက် ပြီးစီးအောင်ရေးကူးဆောင်ရွက်ပြီးဖြစ်ပါသည်။ ရေးကူးပြီးစီးသည့် (၁၀၅)မြေပုံများကို စီမံချက်ချမှတ်၍ သက်ဆိုင်ရာတောင်သူများလက်ဝယ်အရောက် ပေးအပ် ဆောင်ရွက်ခဲ့သော်လည်း အချို့တောင်သူများမှာ နယ်ကျော်တောင်သူများဖြစ်၍ ဆက်သွယ်၍မရ သည့်အတွက် ပေးအပ်ရန်အနည်းငယ်ကျန်ရှိနေပါသည်။ အဆိုပါကျန်ရှိမှုအပေါ် သက်ဆိုင်ရာ

တောင်သူများ လက်ဝယ်သို့ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ ပေါင်းစပ်ဆောင်ရွက်၍ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြီးစီးအောင် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အနောက်ရွာသစ်အုပ်စု၊ ပျဉ်းပင်ကိုင်းကျေးရွာရှိ ပျဉ်းပင်ကိုင်းလယ်ပြင် ကုန်ထုတ်လမ်းကို နီးစပ်ရာဘဏ္ဍာနှစ်အတွင်း လျာထားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပြည်မြို့နယ်၊ အနောက်ရွာသစ်ကျေးရွာအုပ်စု၊ ပျဉ်းပင်ကိုင်း-လယ်ပြင် ကုန်ထုတ်လမ်းသည် (၂/၄မိုင်x ၂၀')ရှိ မြေသားလမ်းဖြစ်ပြီး (ကြံ/စပါး)စိုက်ကေ(၉၀၀)ကေ၊ အိမ်ခြေ (၁၆၇)အိမ်၊ လူဦးရေ (၆၁၁)ဦး အကျိုးပြုသွားလာလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ အဆိုပါလမ်းအား (၂/၄မိုင်x၁၂'x၂') မြေသားလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၉၇.၇၅)သန်း၊ (၂/၄မိုင်x ၁၂'x၉") မြေနီခင်းခြင်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၃၂.၇၅)သန်း၊ (၃၀'x၂၀') ရေကျော်(၁)စင်း တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၄၅)သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေအားဖြင့် ကျပ်(၁၇၅.၅)သန်း ကုန်ကျမည်ဖြစ်ကြောင်းကိုလည်း စိစစ်တွက်ချက်တွေ့ရှိရပါသည်။ သို့ပါ၍ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်ရေးအတွက်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေသို့ လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ကျေးလက်ကုန်ထုတ်လမ်းနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပုဂ္ဂလိကအသေးစားချေးငွေလုပ်ငန်းများကို စနစ်တကျဖြစ်စေရေးအတွက် မည်ကဲ့သို့ ကြပ်မတ်လုပ်ဆောင်ပေးနိုင်မည်ကို သိရှိလိုခြင်းပါအချက်(၃)ချက်"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ပုဂ္ဂလိက အသေးစားချေးငွေလုပ်ငန်းများကို စနစ်တကျဖြစ်စေရေးအတွက် မည်ကဲ့သို့ ကြပ်မတ်လုပ်ဆောင်ပေးနိုင်မည်ကို သိရှိလိုခြင်းပါအချက်(၃)ချက်"**

(၁) ပုဂ္ဂလိကအသေးစားချေးငွေလုပ်ငန်းများကိုစနစ်တကျဖြစ်စေရေးအတွက် မည်ကဲ့သို့ ကြပ်မတ်လုပ်ဆောင်ပေးနိုင်မည်ကိုသိရှိလိုခြင်း။

(၂) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုဦးစီးဌာနတို့မှ ဖွင့်လှစ်လျှက်ရှိသည့် သက်မွေးပညာသင်တန်းများတွင် တက်ရောက်ခဲ့သူများလက်တွေ့ အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ကိုသိရှိလိုခြင်း။

(၃) ကျေးလက်နှင့်မြို့ပြဒေသများတွင် တစ်ပိုင်တစ်နိုင် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အရင်းအနှီးနှင့်နည်းပညာဟန်ချက်ညီစွာရရှိနိုင်အောင် ပုဂ္ဂလိကချေးငွေလုပ်ငန်းများနှင့် ဦးစီးဌာနများကဖွင့်လှစ်နေသည့် ကာလတို သက်မွေးပညာသင်တန်းများကို မည်ကဲ့သို့မူဝါဒချမှတ်၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါကြောင်း။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားပြည်သူများကိုဦးတည်၍ တရားဝင်ခွင့်ပြုထားသည့် ချေးငွေလုပ်ငန်းများသည် အပြိုင်အဆိုင်လုပ်ကိုင်လာကြသည်ကို တွေ့ရှိရပါသည်။ ချေးငွေရယူကြသော ပြည်သူအများစုမှာ စီးပွားရေးလုပ်ငန်း အတည်တကျမရှိကြသူများဖြစ်နေသဖြင့် ချေးငွေပြန်ဆပ်ရန် အခက်အခဲများဖြစ်ပေါ်ပြီး အကြွေးသံသရာတွင် နစ်မွန်းနေကြရပါသည်။ သက်ဆိုင်ရာဦးစီးဌာနများမှလည်း အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ထူထောင်လာနိုင်ရန်ရည်ရွယ်၍ သက်မွေးပညာကာလတိုသင်တန်းများ ဖွင့်လှစ်လျက်ရှိသည့်အတွက် ချေးငွေလုပ်ငန်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေး မူဝါဒချမှတ်ဖော်ဆောင်သွားမည်ဆိုပါက ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာနိုင်မည်ဟု ယုံကြည်သောကြောင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းအား ပထမဦးစွာ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန]**။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပုဂ္ဂလိက အသေးစားချေးငွေလုပ်ငန်းများကို စနစ်တကျဖြစ်စေရေးအတွက် မည်ကဲ့သို့ ကြပ်မတ်လုပ်ဆောင်ပေးနိုင်မည်ကို သိရှိလိုခြင်းပါ အချက်(၃)ချက်"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များကို ပဲခူးတိုင်းဒေသကြီး အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စိစစ်ထောက်ခံချက်ဖြင့် ဥက္ကဋ္ဌ၊ အသေးစားငွေရေးကြေးရေးကြီးကြပ်မှုကော်မတီသို့ ဆက်လက်တင်ပြရပါသည်။ အသေးစားငွေရေးကြေးရေးကြီးကြပ်မှုကော်မတီမှ လိုင်စင်အကြိုစိစစ်ရေးအဖွဲ့သည် လုပ်ငန်းဆောင်ရွက်မည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်ခံ အကြီးအကဲအား လူတွေ့စစ်ဆေးမေးမြန်းပြီး လိုင်စင်ခွင့်ပြုပေးရန်သင့်/မသင့် သဘောထားမှတ်ချက်ဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူပြီး လိုင်စင်များကို ခွင့်ပြုပေးပါသည်။

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုပေးရာတွင် ပထမဆုံး(၁)နှစ်အတွက် ယာယီလိုင်စင်သာထုတ်ပေးပြီး လုပ်ငန်းလိုင်စင် (၁)နှစ်ပြည့်မြောက်မှသာ အမြဲတမ်းလိုင်စင် ထပ်မံလျှောက်ထားရပါသည်။ ထိုကဲ့သို့လျှောက်ထားရာတွင် စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ၊ မူလလိုင်စင်လျှောက်ထားစဉ် ရေးဆွဲတင်ပြထားသော (၃)နှစ်စာ စီးပွားရေးစီမံချက်နှင့်အညီ ဆောင်ရွက်နိုင်စွမ်းရှိ/မရှိအား စိစစ်ပြီးမှသာ အမြဲတမ်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ခွင့်ပြုပေးပါသည်။

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ချေးငွေများထုတ်ချေးရာတွင် အခြေခံလူတန်းစားများ၊ ဝင်ငွေနည်းမိသားစုများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ၊ချွေတာစုဆောင်းသည့် အလေ့အထ ပြုစုပျိုးထောင်ပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် ထုတ်ချေးကြပါသည်။

ချေးငွေများထုတ်ချေးရာတွင် အုပ်စုလိုက်ချေးငွေနှင့် တစ်ဦးချင်းချေးငွေဟူ၍ နှစ်မျိုးရှိပါသည်။ အုပ်စုလိုက်ချေးငွေသည် ကိုယ်ပိုင်လုပ်ငန်းများမရှိသော လက်လုပ်လက်စားများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအားရည်ရွယ်၍ ထုတ်ချေးပြီး၊ တစ်ဦးချင်းချေးငွေကို ကိုယ်ပိုင်လုပ်ငန်းရှိသော အသေးစားစီးပွားရေးလုပ်ငန်းများကို ရည်ရွယ်၍ ထုတ်ချေးပါသည်။ အုပ်စုလိုက်ချေးငွေတွင် အဖွဲ့ဝင်တစ်ဦးဦးမှ ချေးငွေပြန်လည်မပေးဆပ်နိုင်ပါက ကျန်အဖွဲ့ဝင်များမှ ဝိုင်းဝန်း၍ ပြန်လည်ပေးဆပ်ရပြီး၊ တစ်ဦးချင်းချေးငွေတွင် ငွေချေးယူသူကိုယ်တိုင် ပြန်လည်ပေးဆပ်ရပါသည်။

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ အသင်းသားများသို့ ချေးငွေထုတ်ချေးရာတွင်

- အသင်းသားများ၏ လိုအပ်ချက်နှင့်ကိုက်ညီသော ငွေကြေးဝန်ဆောင်မှုပေးခြင်းနှင့် ဖြန့်ဝေခြင်း၊ နည်းစနစ်ကျင့်သုံးခြင်း၊
- အသင်းသားများကြွေးနွံနစ်ခြင်းမှ ကြိုတင်ကာကွယ်ခြင်း၊
- ငွေကြေးဝန်ဆောင်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များအား အသင်းသားများနားလည်သော ဘာသာစကားဖြင့် ကျယ်ကျယ်ပြန့်ပြန့်အသိပေးဆောင်ရွက်ခြင်း၊
- ငွေကြေးဝန်ဆောင်မှုနှင့်သက်ဆိုင်သော အတိုးနှုန်း ဈေးနှုန်းသတ်မှတ်ချက်များအား အသင်းသားများ ထိခိုက်နစ်နာမှုမရှိစေရန် ဆောင်ရွက်ခြင်း ၊
- အသင်းသားများအပေါ် မျှတ၍လေးစားမှုရှိသော အပြုအမူများဖြင့် ဆက်သွယ်ဆက်ဆံခြင်း၊
- အသင်းသားများ၏ သတင်းအချက်အလက်များအား လုံခြုံမှုရှိစေရန် စနစ်တကျထိန်းသိမ်းဆောင်ရွက်ခြင်း၊

- အသင်းသားများနှင့် အငြင်းပွားမှုဖြစ်ပေါ်ပါက ဖြေရှင်းဆောင်ရွက်သော နည်းစနစ်များ ထားရှိဆောင်ရွက်ခြင်းစသည့် အသင်းသားကာကွယ်ရေး ဥပဒေသများနှင့်အညီ ဆောင်ရွက်သွားရန် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။

အသင်းသားများ ကြွေးနွံနစ်ခြင်းမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ အသင်းသားများအား ချေးငွေထုတ်ချေးရန် ပြန်လည်ပေးဆပ်နိုင်စွမ်းအားစိစစ်ရာတွင် အသင်းသားမိသားစု၏ဝင်ငွေ၊ မိသားစုအသုံးစရိတ်၊ ကြွေးယူထားရှိမှု အခြေအနေတို့ကို အနီးစပ်ဆုံးတွက်ချက်ပြီး ချေးငွေမည်မျှထုတ်ချေးမည်ကို သတ်မှတ်ရပါသည်။ အထက်ဖော်ပြပါ ပြန်လည်ပေးဆပ်နိုင်စွမ်းအား တွက်ချက်ရာတွင် အသင်းဝင်များမှ ကြွေးယူထားရှိမှု အခြေအနေကို ချေးငွေထုတ်ချေးသောကုမ္ပဏီသို့ အမှန်တင်ပြထားခြင်းမရှိသောကြောင့် ကြွေးနွံနစ်ခြင်းမှာ အများဆုံးဖြစ်သည်ကို စိစစ်တွေ့ရှိရပါသည်။

အသင်းသားများကြွေးနွံနစ်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ချေးငွေသတင်းအချက်အလက် ဌာနခွဲတစ်ခု ထူထောင်နိုင်ရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးအသင်းတို့ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ မိမိတို့အဖွဲ့အစည်းထံမှ ချေးယူထားသော အဖွဲ့ဝင်များ၏ မှတ်ပုံတင်အမှတ်များနှင့် ချေးငွေများကို စနစ်တကျ ပေးပို့သွားရမည် ဖြစ်ပါသည်။ (အမည်နှင့် ချေးငွေတန်ဖိုးပေးရန်မလို) အဖွဲ့ဝင်များ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်အား ရိုက်ထည့်လိုက်ပါက ၎င်းအသင်းဝင်သည် မည်သည့်အဖွဲ့အစည်းများတွင် ချေးငွေရယူထားကြောင်း သိရှိနိုင်မည်ဖြစ်၍ ချေးငွေမည်၍မည်မျှ ထုတ်ချေးခြင်း/မထုတ်ချေးခြင်းကို ဆုံးဖြတ်နိုင်မည်ဖြစ်သောကြောင့် အသင်းဝင်များ ကြွေးနွံနစ်ခြင်းကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းတွင် ပုဂ္ဂလိကအသေးစားချေးငွေလုပ်ငန်းများကို စနစ်တကျဖြစ်စေရေးအတွက် ရပ်ကွက်/ကျေးရွာများအတွင်း ငွေတိုးချေးစားသူများအား စနစ်တကျ ဖြစ်စေရေးအတွက် ပဲခူးတိုင်းဒေသကြီး အသေးစားချေးငွေလုပ်ငန်းဥပဒေကိုရေးဆွဲပြီး လွှတ်တော်တွင် အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်နေပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ထပ်မံဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပုဂ္ဂလိက အသေးစားချေးငွေလုပ်ငန်းများကို စနစ်တကျဖြစ်စေရေးအတွက် မည်ကဲ့သို့ ကြပ်မတ်လုပ်ဆောင်ပေးနိုင်မည်ကို သိရှိလိုခြင်းပါ အချက် (၃)ချက်"**နှင့်စပ်လျဉ်းသည့်မေးခွန်းသည် စီမံခန့်ခွဲခွင့်အုပ်ချုပ်ရေးကို ဆောင်ရွက်နေသည့်ဝန်ကြီး

ဌာနများအနေနဲ့ ဆောင်ရွက်နေသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်ထဲမှ ဝန်ကြီးဌာန တစ်ခုနှင့်တစ်ခု ဆောင်ရွက်နေတဲ့ကွဲပြားမှုအပေါ်မှာ ပူးပေါင်းဖြေရှင်းပြီးဆောင်ရွက်ရမည့် မေးခွန်းတစ်ခုဖြစ်ပါသည်။

ဦးစွာတင်ပြချင်တာက လွှတ်တော်သို့ ကြိုတင်ပေးပို့ထားသည့် ဖြေကြားချက်အပြင် ယခု ဖြည့်စွက်ဖြေကြားမည့် ဖြေကြားချက်များကိုလည်း မှတ်တမ်းတင်ပေးထားနိုင်ဖို့ ကျွန်တော့်အနေနဲ့ ဦးစွာတင်ပြလိုပါတယ်။ ပထမဦးစွာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှနေ၍ ဖြေကြားထားသည့် SME LONE များနှင့်ပတ်သက်ပြီး သိရှိနိုင်ရေးအတွက် တင်ပြဖြေကြားထားပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မေးခွန်းမှာပါဝင်သည့် အပိုဒ်ခွဲ(၁)ဖြစ်သည့် ပုဂ္ဂလိက အသေးစားချေးငွေလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက Micro Finance အသေးစားချေးငွေ စီမံကိန်းလုပ်ငန်းများရှိပါတယ်။ နံပါတ်(၁)အချက်ကတော့ အသေးစားလုပ်ငန်းများကို ချေးပေးနိုင်ဖို့အတွက် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဆောင်ရွက်နေသည့်လုပ်ငန်းသည် အသေးစားချေးငွေလုပ်ငန်းဖြစ်ပါသည်။ ချေးပေးနေသည့် အသင်းသားပေါင်း (၅)သိန်းဝန်းကျင်နှင့် အခြေခံအသင်းစုပေါင်း(၆၀၀၀)ကျော် ချေးယူပေးလျက်ရှိပါတယ်။ အဲ့ဒီချေးငွေတွေကိုလည်း သမဝါယမဦးစီးဌာနမှ စာရင်းဇယားများကို ကိုင်တွယ်စိစစ်ပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့နည်းတူစွာပဲ မြစိမ်းရောင်ချေးငွေကလည်း တစ်နည်းအားဖြင့်ပြောရလျှင် Micro Finance အသေးစားချေးငွေပဲဖြစ်ပါတယ်။ ဒေသတွင်းမှာရှိတဲ့ လက်လုပ်လက်စား ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ အရင်းအနှီးရရှိနိုင်ဖို့အတွက် ထုတ်ချေးတဲ့ငွေဖြစ်ပြီး ဒီငွေက Community ကနေ သုံးစွဲခွင့်ရှိတဲ့ Community Development နဲ့ Community mobilization ကို ရရှိနိုင်တဲ့ ချေးငွေဖြစ်ပြီး နိုင်ငံတော်မှ ငွေပင်ငွေရင်း အရင်းအမြစ်စိုက်ထူပေးထားခြင်းဖြစ်ပါတယ်။ ၎င်းချေးငွေအပေါ်မှာ ချေးငွေအား တစ်ဦးကို ဘယ်လောက်ချေးမယ်ဆိုတဲ့ မြစိမ်းရောင်ကျေးရွာကော်မတီအနေနဲ့သာလျှင် စီမံခန့်ခွဲဆုံးဖြတ်ပိုင်ခွင့်ရှိပြီး ရရှိလာတဲ့အတိုးများထဲမှ (၃)နှစ်ပြည့်မြောက်တဲ့အခါမှာ ၅၀% ကို ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပုဂ္ဂလိက အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်မှုမရှိပါ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် Pact Globle Microfinance Fund (PGMF)တို့ MOU ရေးထိုး၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ပုဂ္ဂလိက အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းကို သိရှိနိုင်ရေးအတွက် တင်ပြအပ်ပါသည်။

ဒုတိယတစ်ချက်အနေဖြင့် တင်ပြလိုတာက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုဦးစီးဌာနတို့မှ ဖွင့်လှစ်လျက်ရှိသည့် သက်မွေးပညာသင်တန်းကျောင်းမှာ

တက်ရောက်ခဲ့ကြသည့် လက်တွေ့အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ကို ဆက်လက်ပြီးဖြေကြားပေးပါမယ်။

ကျေးလက်ဒေသတွင်နေထိုင်ကြသော လူဦးရေအများစုမှာ ဆင်းရဲနွမ်းပါးကြပြီး ရရာအလုပ်ကြမ်းများကို လုပ်ကိုင်နေကြရသည်။ အချို့သော ပညာတတ်လူငယ်များမှာ မိမိတတ်ကျွမ်းသော ပညာနှင့်မကိုက်ညီသည့်အလုပ်များကို လုပ်ကြရပြီး ဝင်ငွေနည်းပါးလျက်ရှိသည့်အတွက် မိမိနှင့်လိုက်ဖက်ပြီး ထိုက်တန်သည့်ဝင်ငွေရသည့်လုပ်ငန်းကို လုပ်ကိုင်လိုကြသော်လည်း ၎င်းတို့တွင် ကျွမ်းကျင်သောနည်းပညာမရှိသည့်အတွက် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားလိုသူများအား အသေးစားစက်မှုလက်မှုဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။ ဤကဲ့သို့ ဖွင့်လှစ်ပို့ချပေးခြင်းအားဖြင့် မိသားစုဝင်ငွေတိုးပွားပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးလာနိုင်မှာဖြစ်ပါသည်။ ထို့ပြင် သင်တန်းဆင်းများထဲမှ လုပ်ငန်းထူထောင်လိုသူရှိပါကလည်း လိုအပ်သောနည်းပညာများ လွှဲပြောင်းပေးပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

မေးခွန်းအပိုဒ်(၃)ဖြစ်တဲ့ ကျေးလက်ဒေသနှင့်မြို့ပြဒေသများတွင် တစ်ပိုင်တစ်နိုင် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းနည်းပညာများ သင်ကြားပေးလျက်ရှိပြီး ၎င်းအပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်မွေးပညာများကို ထပ်ဆင့်ပူးပေါင်းပြီး သင်ကြားပေးနေတာရှိပါတယ်။ အရင်းအနှီးရရှိနိုင်ရေးအတွက် တင်ပြခဲ့သည့်အတိုင်း သမဝါယမမှထုတ်ချေးနိုင်ရေးအတွက် Microfinance နဲ့ မြစိမ်းရောင်မှထုတ်ချေးတဲ့ အသေးစားချေးငွေများရှိပြီး သီးခြားအနေဖြင့် ငွေရေးကြေးရေးထုတ်ချေးခြင်း မရှိပါဘူး။ **အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်းများ၊ ပန်း(၁၀)မျိုးအပါအဝင် ရိုးရာလက်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး** မူဝါဒချမှတ်ထားရှိ၍ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါသည်–

- အသေးစားစက်မှုလက်မှုဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (ရွှေတောင်မြို့)တွင် ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူ (၁)နှစ်သင်တန်းနှင့် လက်ရက်ကန်း(၆)လသင်တန်းများကို နှစ်စဉ် ဇူလိုင်လ(၁)ရက်နေ့မှစ၍လည်းကောင်း၊ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများကို ဘဏ္ဍာရေးနှစ်အလိုက် လျာထား၍လည်းကောင်း ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။
- အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများအား ပဲခူးတိုင်းဒေသကြီးအတွင်း စဉ်ဆက်မပြတ်

မြို့နယ်များသို့ သွားရောက်ဖွင့်လှစ်ပို့ချပေးခြင်းဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြည်သူလူထုအတွင်း နည်းပညာများပြန့်နှံ့စေပြီး သွင်းကုန် အစားထိုးလုပ်ငန်းများ စီးပွားဖြစ်ထုတ်လုပ်လာနိုင်မည်ရေးအတွက် ဆောင်ရွက်ပေး လျက်ရှိပါသည်။

ထပ်ဆင့်ထည့်သွင်းပြီး ဖြေကြားလိုတာက လက်ရှိထုတ်လုပ်နေတဲ့ အသေးစားစက်မှုလက်မှု လုပ်ငန်းများနှင့် သက်မွေးပညာသင်တန်းများမှ ထုတ်လုပ်လာနိုင်သည့် ထုတ်ကုန်များကိုလည်း ဒေသ အလိုက် Chemical free ဆိုင်လေးတွေ ဖွင့်ထားပြီးသားဖြစ်တဲ့အတွက် အဲ့ဒီဆိုင်လေးတွေမှာ တင်ပြီး ရောင်းနိုင်ပြီး ဈေးကွက်နဲ့ချိတ်ဆက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစား စွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ် မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ မေးခွန်းအပိုင်း(၃)ပိုင်းမှာ ပထမ (၂)ပိုင်းတွင် ဌာနတစ်ခုချင်းရဲ့ ဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီးတော့ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့မေးခွန်း တတိယအပိုင်းဖြစ်တဲ့ ပူးပေါင်း ဆောင်ရွက်မှုအပိုင်းမှာတော့ ဝန်ကြီးဌာန(၂)ခုလုံးက တိတိကျကျဖြေကြားပေးသွားတာမရှိပါဘူး။ ပထမဆုံးတစ်ခုက စီမံ/ဘဏ္ဍာဝန်ကြီးဖြေကြားတဲ့ထဲမှာပါပါတယ်။ အုပ်စုလိုက်ချေးငွေသည် ကိုယ်ပိုင် လုပ်ငန်းမရှိသော လက်လုပ်လက်စားများ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအား ရည်ရွယ်ပြီးတော့ ထုတ်ချေးတဲ့ချေးငွေဖြစ်ပါတယ်ဆိုပြီးတော့ ဖြေပါတယ်။ အဓိက ကျွန်တော်တို့နိုင်ငံရဲ့ ပြဿနာကလည်း အဲဒါပါပဲ။ ကျွန်တော်ပထမနေရာမှာ ဥပမာပေးခဲ့တဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှာလည်း ဒီလိုမျိုး ပြဿနာ ရှိခဲ့ပါတယ်။ အဲ့လိုမျိုး ခေါင်းရွက်ဗျပ်ထိုး၊ လက်လုပ်လက်စား ပွင့်ပွင့်လင်းလင်းပြောရရင် အလုပ် အကိုင်အတည်တကျ မရှိသူများကို ချေးငွေထုတ်ချေးလျှင် သူတို့မှာ ဘာနည်းပညာမှ မရှိတဲ့အတွက် သူတို့ကို အကြွေးထဲမှာထပ်ပြီးတော့ နှစ်လိုက်သလိုဖြစ်သွားမှာဖြစ်ပါတယ်။ အုပ်စုလိုက်ချေးငွေတွေမှာ ဘင်္ဂလားဒေ့ရှ်မှာလုပ်သွားတာ သူတို့ဆီမှာ တံမြက်စည်းလုပ်တယ်။ အဲ့တံမြက်စည်းလုပ်ငန်းကိုလုပ်တာ ကျေးရွာမှာဘယ်နှစ်ယောက်ရှိလဲ။ (၁၀)ယောက်လား၊ (၁၅)ယောက်လား။ တံမြက်စည်းလုပ်ငန်း (၁၀)ယောက် (၁၅)ယောက်ကို စုဖွဲ့ပြီးတော့မှ တံမြက်စည်းလုပ်ငန်းလုပ်ကိုင်ဖို့အတွက် အရင်းအနှီး မတည်ပေးတာပါ။ ကျွန်တော်တို့ကတော့ အုပ်စုလိုက်ချေးငွေဆိုတာ၊ အစုအဖွဲ့လိုက်ချေးငွေဆိုတာ ဒီမှာခေါ်သလိုဆိုလျှင် ဝိုင်းကြီးချုပ်ပေါ့။ လိုချင်တဲ့အပိုင်းလေးပဲရွေးယူလိုက်ပြီးတော့ နည်းပညာပံ့ပိုးမှု

လုပ်ငန်းတစ်ခုကို စုပေါင်းတည်ထောင်တဲ့ ဓလေ့စရိုက်တွေကို မွေးမြူမပေးဘဲနဲ့ ငွေပေးလိုက်တာဟာ သူတို့အချင်းချင်းခွဲသုံးပြီးတော့ ကြွေးနွံမှာထပ်ပြီးတော့ နစ်သွားတာပဲရှိပါတယ်။

အဲ့ဒီအတွက် ကျွန်တော့်မေးခွန်း တတိယအပိုင်းဖြစ်တဲ့ အရင်းအနှီးနဲ့နည်းပညာ ဟန်ချက်ညီစွာ ပြည်သူလူထုရရှိရေးအတွက် မည်ကဲ့သို့ပူးပေါင်းလုပ်ဆောင်ပေးမလဲဆိုတာ တိတိကျကျလေး ဖြေကြားပေးဖို့အတွက် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးကျော်ဇေယျမေးမြန်းတဲ့ ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတို့က ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ဦးကျော်ဇေယျတင်ပြတာဟာ အင်မတန်မှ မှန်ကန်ပါတယ်။ အကြွေးနဲ့ပတ်သက်ပြီးတော့ ချေးတဲ့အဖွဲ့အစည်းတွေဟာ ပထမပိုင်း လေ့လာမိသလောက် အသင်းအဖွဲ့တွေဟာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံတဲ့ ပုဂ္ဂိုလ်တွေကလွဲ၍ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတော်တော်များများဟာ ငွေချေးရရေးကိုသာ အဓိကထားပြီးတော့ ကျေးရွာတွေမှာ လွယ်လင့်တကူချေးနေတာကို တွေ့ရပါတယ်။ ကျေးရွာတွေမှာရှိတဲ့ လက်လုပ်လက်စားတွေမှာ တစ်ဦးချင်းတစ်ဦးချင်း စုပေါင်းပြီးတော့လုပ်တဲ့ ကိုယ်ပိုင်လုပ်ငန်းတွေမရှိပဲနဲ့ ခေါင်းရွက်ဗျပ်ထိုး ဥပမာ– ကန်စွန်းရွက်ရောင်းတယ်။ ငါးရောင်းတယ်။ မုန့်ရောင်းတယ်စသဖြင့် ဒီပုဂ္ဂိုလ်တွေကိုသာ ချေးရမယ်ဆိုတဲ့ သူတို့ရဲ့ "မူ"တွေကလည်းရှိပါတယ်။

နောက်တစ်ချက်ကတော့ တစ်ဦးချင်းတစ်ဦးချင်း စက်မှုလုပ်ငန်းတွေလုပ်မယ်ဆိုလျှင် အဲ့ဒီပုဂ္ဂိုလ်တွေကိုချေးရမယ်ဆိုတဲ့ "မူ"လည်းရှိပါတယ်။ ထို့အပြင် လယ်ယာမြေနဲ့ပတ်သက်ပြီးတော့လည်း ချေးနိုင်တယ်ဆိုတဲ့ ချေးနေတဲ့ပုဂ္ဂိုလ်များလည်းရှိပါတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက ခေါင်းရွက်ဗျပ်ထိုး လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ ချေးတဲ့လူတွေကိုယ်တိုင်ကိုက ငွေချေးသူတွေရဲ့ အလိုလိုက်မှုများ တာကို တွေ့ရပါတယ်။ ဆိုလိုတဲ့သဘောကတော့ ငွေများများချေးတဲ့ဝန်ထမ်းဟာ ရာထူးတိုးမယ်တို့ ဘာတို့ဆိုတဲ့ မက်လုံးတွေပေးပြီးတော့မှ တစ်ချို့ကုမ္ပဏီတွေကလုပ်တာရှိပါတယ်။ အဲ့ဒါတွေဖြစ်တာ ကြောင့် စနစ်ကျတဲ့ငွေချေးမှုတွေ ပုဂ္ဂလိကငွေချေးတဲ့အခါမှာ စုပေါင်းပြီးတော့ တစ်ဦးချင်းတစ်ဦးချင်း ချေးတဲ့အခါမှာ ချေးငွေထုတ်ချေးတဲ့လူတွေက သူတို့ရဲ့လုပ်ငန်းမရှိဘဲနဲ့ ခေါင်းရွက်ဗျပ်ထိုးဈေးသည် များကို ချေးနေတဲ့ပေါ်မှာမူတည်ပြီးတော့ ပြဿနာဖြစ်တာတွေ့ရတဲ့အတွက် အဲ့ဒါတွေမဖြစ်အောင် ဘာလုပ်မလဲဆိုလျှင် အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ မဖြစ်နိုင်အောင်အတွက် ငွေချေးနဲ့ပတ်သက်ပြီးတော့ ငွေ ဘယ်လိုချေးထားသလဲ။ ဘယ်တုန်းကချေးသလဲဆိုတဲ့အချက်တွေကို ခဏခဏ အစည်းအဝေး ခေါ်ပြီးတော့လုပ်တဲ့အခါမှာ နောက်ဆုံးအဖြေရတာကတော့ ငွေချေးသတင်းအချက်အလက်ဌာနခွဲကို ကျွန်တော်တို့ဖွဲ့နေပါပြီ။ ထုတ်ပြီးတော့မှ လူတစ်ယောက်ဟာ ဘယ်နှစ်ခါချေးဖူးသလဲ။ ဘယ်ကုမ္ပဏီ

မှာချေးဖူးသလဲ မှတ်ပုံတင်ကတ်ပြားလေးကို ကြည့်လိုက်ရုံနဲ့ ငွေချေးတဲ့ပြဿနာရှင်းသွားပြီး ကြွေးတင်တဲ့ပြဿနာ ကြွေးနှံနှစ်တဲ့ပြဿနာမဖြစ်တာဖြစ်ပါတယ်။ ထို့အတူပဲ ဒီပုဂ္ဂိုလ်တွေကလည်း ငါတို့တကယ်လုပ်ငန်းဆောင်ရွက်မှသာ အကြွေးချေးလို့ရမယ်ဆိုတဲ့ "မူ"တွေရလာအောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်းပဲ ခုလောလောဆယ်အချိန်အထိ စက်မှုလုပ်ငန်းတွေကို ရေရှည်ချေးဖို့၊ နှစ်တိုချေးဖို့၊ နှစ်လတ်ချေးဖို့ဆိုပြီး ခုမှ ကုမ္ပဏီတွေကို ဆွဲဆောင်တုန်း ပဲရှိပါသေးသလို စုပေါင်းစိုက်ပျိုးရေးလုပ်ငန်းတွေကိုလည်းချေးရင် ခင်ဗျားတို့အတွက် အကျိုးအမြတ် မဆုံးရှုံးနိုင်ဘူးဆိုပြီး အခုမှစည်းရုံးတုန်းရှိပါတယ်။ စည်းရုံးဆဲကာလလည်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အချက်အလက်တွေက အင်မတန် သင့်တော်တဲ့အချက်အလက်ဖြစ်တဲ့အတွက် ဒါတွေကိုလည်းဆက်လက်ပြီးတော့ သက်ဆိုင်ရာ အသင်းများကို အားပေးအားမြှောက်ပြုပြီးတော့မှ ညွှန်ကြားချက်များနှင့် ဆက်လက်ဆောင်ရွက်မှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့မေးခွန်းဟာ ကျွန်တော်တို့ဘက်ကတော့ သမဝါယမဦးစီးဌာနချေးတဲ့ချေးငွေမူဝါဒ ဘယ်လိုပုံစံမျိုးနဲ့ချေးလဲ။ အဓိကကတော့ အသေးစားလုပ်ငန်းလေးတွေ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ ဆောင်ရွက်နိုင်ဖို့အတွက် ငွေစုငွေချေးသမဝါယမအသင်းများ ဖွဲ့စည်းပြီးတော့အဲဒီအဖွဲ့အစည်းတွေကနေ ချေးပေးနေပါတယ်။ ချေးတဲ့မူဝါဒနဲ့ပတ်သက်တဲ့ အသေးစိတ်ကိုတော့ကျွန်တော်စာဖြင့် ပြန်ဖြေကြားပေးပါမယ်။

နောက်တစ်ခုကတော့ မြစိမ်းရောင်ချေးငွေနဲ့ပတ်သက်တာကတော့ ဒေသမှာရှိတဲ့ မြစိမ်းရောင်ကော်မတီရဲ့သဘောထားနဲ့သာ ချေးတာဖြစ်တဲ့အတွက် ကော်မတီတွေအပေါ်မှာသာ မူတည်ပါတယ်။ ချေးငွေများကို အသေးစားငွေချေးတဲ့လုပ်ငန်းတွေ၊ ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ အခြေခံအဆောက်အအုံလှူမယ်တန်းမယ်ဆိုပြီးလုပ်တဲ့ Volunteer လိုကုမ္ပဏီမျိုးတွေဟာ စီးပွားရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း များစွာဝင်ရောက်လာတာတွေ့ရပါတယ်။ အသေးစားချေးငွေတွေမှာဆိုလည်း ပုဂ္ဂလိကလုပ်ငန်းတွေထောင်ပြီးတော့ တရားဝင် ရွာတွေမှာဆိုင်ကယ်တွေနဲ့လှည့်ပတ်ပြီးတော့ချေးပေးနေတာရှိပါတယ်။ ဒီချေးငွေတွေဟာ နိုင်ငံတော်ကနေ ဆောင်ရွက်တာမဟုတ်ဘဲ ပုဂ္ဂလိကတွေကနေ ဆောင်ရွက်ခွင့်ပေးထားတာဖြစ်တဲ့အတွက် ရယူတဲ့နိုင်ငံသားများအနေနဲ့ မိမိရဲ့ စီးပွားရေးရည်မှန်းချက်၊ လူမှုရေးရည်မှန်းချက်တွေအောင်မြင်အောင် ဆောင်ရွက်ဖို့လိုပါတယ်။ တစ်ယောက်ချင်းစီချေးငွေ လွယ်လင့်တကူရရှိတဲ့အပေါ်မှာ မိမိရဲ့စီးပွားရေးရည်မှန်းချက်နဲ့ လူနေမှုရည်မှန်းချက်တွေကိုမျှော်မှန်းချက်မထားဘဲ ဆောင်ရွက်နေမယ်ဆိုလျှင် နိုင်ငံသူနိုင်ငံသားများအနေနဲ့ လုပ်ငန်းတွေကိုမျှော်မှန်းချက်ထားပြီးတော့ ကြိုးစားလုပ်ကိုင်ဖို့အတွက် ရည်မှန်းချက်တွေ၊ မျှော်မှန်းချက်တွေ စီမံကိန်းကာလတွေသတ်မှတ်ပြီးတော့ အောင်မြင်အောင် တွန်းအားပေးပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ ချေးငွေရယူခြင်းဟာ နိုင်ငံသားတစ်ဦးချင်းစီကို ချေးပေးနေတဲ့ အစိုးရဌာနဆိုင်ရာစီမံကိန်းတွေ၊

ပုဂ္ဂလိက ချေးပေးနေတဲ့ ချေးငွေတွေအပေါ်မှာ ချေးငွေရယူခြင်းဟာ နိုင်ငံသားတွေရဲ့ Right ဖြစ်တဲ့ အတွက် ချေးငွေများကို လှည့်ပတ်ပြီး ကြွေးတင်နွံနစ်နေတဲ့ကိစ္စတွေဟာ ဝိုင်းပြီးတော့ ထိန်းကျောင်း ကြပ်မတ်ပြီး သူတို့ရဲ့စီးပွားရေးရည်မှန်းချက်တွေ အောင်မြင်လာဖို့ အသိပညာပေး ဆောင်ရွက်သင့်တဲ့ ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့တော့ Vocational Training တွေပေးတဲ့ထဲမှာ စီမံချက်တွေကို ထည့်သွင်း ပြီးတော့ ရေးဆွဲဆောင်ရွက်ထားတာရှိပါတယ်။

နောက်တစ်ခုကတော့ သက်မွေးပညာသင်တန်းဆောင်ရွက်ပေးတဲ့ထဲမှာ Evaluation Assess-ment Meeting တွေလုပ်ပါတယ်။ ဒီနေ့သင်တန်းမှာဒါတွေပေးလိုက်တယ်။ သူတို့ဘယ်လောက်ထိ အလုပ်အကိုင်အခွင့်အလမ်းတွေရခဲ့သလဲ။ သူတို့ဘယ်လောက်ထိ အကျိုးရလဒ်တွေဖြစ်လဲဆိုတာကို စီမံကိန်းနှစ်ချုပ်ဘဏ္ဍာရေးနှစ်မှာ Assessment Field Survey လုပ်ပါတယ်။ ကွင်းဆင်းစစ်တမ်း ကောက်တယ်။ ကောက်ပြီး သင်တန်းသားတွေရရှိတဲ့၊ ဖြစ်နေတဲ့အခက်အခဲတွေ၊ သင်ကြားပေးတဲ့ အပေါ်မှာရရှိတဲ့ Competence သင်ယူတတ်မြောက်မှုတွေကို ပြန်လည်စိစစ်ပြီးတော့ Evaluation Assessment Meeting ဆိုပြီးတော့ ပြီးခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်တုန်းကလည်း ဆောင်ရွက်ပြီးခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသမှာရှိတဲ့ ချေးငွေရယူဆောင်ရွက်တဲ့လူ၊ သက်မွေးပညာသင်ပြီးတော့ ရယူဆောင်ရွက်တဲ့ ပုဂ္ဂိုလ်များကို ဘယ်လောက်ထိအခက်အခဲတွေရှိနေလဲ၊ အကျိုးရလဒ်တွေဖြစ်နေလဲ ဆိုတာကို ဆောင်ရွက်တာဖြစ်တဲ့အတွက် ဖြည်းဖြည်းချင်းတော့ မျှော်မှန်းချက်တွေ အောင်မြင်လာ အောင် ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"တိုင်းဒေသကြီးမြေ/စစ်ကော်မတီမှ အမှုတွဲပိတ်သိမ်းခဲ့သော ညောင်လေးပင်မြို့နယ်၊ ဝဲဝန်းကျေးရွာအုပ်စု တပ်သိမ်းမြေကေ(၇၀)အမှုတွဲအား ပြန်လည်ဖွင့်လှစ်၍ ဗဟိုမြေ/စစ်ကော်မတီသို့ ဆက်လက်တင်ပြပေးနိုင်ခြင်းရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ညောင်လေးပင်မြို့နယ်၊ သောင်ကြီးကျေးရွာအုပ်စုရှိ အင်း(၃)အင်းနှင့် ထိစပ်နေသော ကိုင်းကေ(၃၀၀)ကျော် နှစ်စဉ် ရာသီချိန်အမီ စိုက်ပျိုးနိုင်ရေးအတွက် စစ်တောင်းတာ (၄၄/၀) မိုင်ရှိ ဥတိုရိုးနေရာတွင် ရေတံခါးတည်ဆောက်ရန်အတွက် တိုင်းဒေသကြီး စီမံခန့်ခွဲမှုကော်မတီမှ အမြန်ဆုံး လမ်းညွှန်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း (၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"တိုင်းဒေသကြီး မြေ/စစ်ကော်မတီမှ အမှုတွဲပိတ်သိမ်းခဲ့သော ညောင်လေးပင်မြို့နယ်၊ ဝဲဝန်းကျေးရွာအုပ်စု တပ်သိမ်းမြေကေ(၇၀)အမှုတွဲအား ပြန်လည်ဖွင့်လှစ်၍ ဗဟိုမြေ/စစ်ကော်မတီသို့ ဆက်လက်တင်ပြပေးနိုင်ခြင်းရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ဝဲဝန်းကျေးရွာအုပ်စု

အတွင်းရှိ ကွင်းအမှတ်(၃၃၆-က၊ ၃၃၅-က)ရှိ တပ်မတော်မှ သိမ်းဆည်းခဲ့သော လယ်ယာမြေများအား ပြန်လည်စွန့်လွှတ်ပေးအပ်ရာ၌ မူလက လုပ်ကိုင်ဆောင်ရွက်ခဲ့သော တောင်သူများမှ ရရှိခြင်းမရှိဘဲ မြေစွန့်မည့်အချိန်နီးမှ ဝင်ရောက်လုပ်ကိုင်သည့် တပ်မတော်မှ အငြိမ်းစားယူထားသူ လင်မယား နှစ်ဦး ရရှိသွားသည့်အပေါ် နစ်နာသူ မူလတောင်သူများမှ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ တင်ပြတိုင်ကြားခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော မြို့နယ်မြေ/စစ်ကော်မတီမှ ပြန်လည်စစ်ဆေး၍ ခရိုင်မြေ/စစ်ကော်မတီသို့ တင်ပြခဲ့ ပါသည်။

ခရိုင်မြေ/စစ်ကော်မတီမှလည်း မြို့နယ်မြေစစ်/ကော်မတီ၏ စစ်ဆေးတွေ့ရှိချက် ဆုံးဖြတ်ချက်၊ အကြံပြုချက်များအတိုင်း တိုင်းဒေသကြီးမြေစစ်ကော်မတီသို့ တင်ပြခဲ့သော်လည်း တိုင်းဒေသကြီး ကော်မတီမှ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်းမပြုတော့ဘဲ အမှုတွဲအား ပိတ်သိမ်းလိုက်ခြင်း သည် မြို့နယ်မြေစစ်ကော်မတီ၏ ဆောင်ရွက်ချက်အပေါ် မထီမဲ့မြင်ပြုခြင်း ဖြစ်သည့်အပြင် ဗဟို ကော်မတီ၏ လမ်းညွှန်ချက်အား ဆန့်ကျင်ရာလည်းရောက်ပါသည်။

သို့ဖြစ်ပါ၍ **တိုင်းဒေသကြီးမြေ/စစ်ကော်မတီမှ အမှုတွဲပိတ်သိမ်းခဲ့သော** ဝဲဝန်းကျေးရွာအုပ်စု တပ်သိမ်းမြေ ကေ(၇၀)အမှုတွဲအား ပြန်လည်ဖွင့်လှစ်၍ ဗဟိုမြေစစ်ကော်မတီသို့ ဆက်လက်တင်ပြ ပေးနိုင်ခြင်းရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ "ညောင်လေးပင်မြို့နယ်၊ သောင်ကြီးကျေးရွာအုပ်စုရှိ အင်း(၃)အင်းနှင့်ထိစပ်နေသော ကိုင်းကေ(၃၀၀)ကျော် နှစ်စဉ် ရာသီချိန် အမီ စိုက်ပျိုးနိုင်ရေးအတွက် စစ်တောင်းတာ (၄၄/၀) မိုင်ရှိ ဥတိုရိုးနေရာတွင် ရေတံခါးတည်ဆောက် ရန်အတွက် တိုင်းဒေသကြီး စီမံခန့်ခွဲမှုကော်မတီမှ အမြန်ဆုံး လမ်းညွှန်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ညောင်လေးပင်မြို့နယ်၊ သောင်ကြီးကျေးရွာအုပ်စုရှိ အင်း(၃)အင်းမှ ရေများ လျှော့ချနိုင်ရန်အတွက် နေရာသတ်မှတ်ခြင်း၊ ဘတ်ဂျတ်ထည့်သွင်းခြင်းလုပ်ငန်းများအား သက်ဆိုင်ရာ ဌာနအကြီးအကဲများမှ ဆုံးဖြတ်ဆောင်ရွက်ထားပြီးဖြစ်သဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ချိန်တွင် ဒေသခံတောင်သူလယ်သမားအချို့မှ အများပြည်သူအကျိုးအတွက် လုပ်ငန်းဆောင်ရွက်ပေးမှု အပေါ် အကျိုးအကြောင်းခိုင်လုံခြင်းမရှိဘဲ ကန့်ကွက်နေပါသဖြင့် ဆည်မြောင်းဌာနမှ လုပ်ငန်းလုပ်ဆောင်၍ မရ ဖြစ်နေပါသည်။

ထို့ကြောင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ အစည်းအဝေး ပြုလုပ်၍ ခရိုင်စီမံခန့်ခွဲမှုကော်မတီသို့တင်ပြရန် ဆုံးဖြတ်ခဲ့သဖြင့် လမ်းညွှန်မှုပြုနိုင်ပါရန်ဟူ၍ **မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် ရက်စွဲပါ စာအမှတ်၊ ၅ / ၁ – ၇၅ / ဦး ၆ ဖြင့်** ခရိုင်စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အင်းရေနစ်မြုပ်နေသော တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို တိုင်းဒေသကြီး စီမံခန့်ခွဲမှုကော်မတီမှ အမြန်ဆုံး ဆုံးဖြတ်ဆောင်ရွက်ပေး နိုင်ခြင်းရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးညီညီထွေးမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တိုင်းဒေသကြီးမြေ/စစ်ကော်မတီမှ အမှုတွဲပိတ်သိမ်းခဲ့သော ညောင်လေးပင်မြို့နယ်၊ ဝဲဝန်းကျေးရွာအုပ်စု တပ်သိမ်းမြေကေ(၇၀)အမှုတွဲအား ပြန်လည်ဖွင့်လှစ်၍ ဗဟိုမြေ/စစ်ကော်မတီသို့ ဆက်လက်တင်ပြပေးနိုင်ခြင်းရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ဝဲဝန်းကျေးရွာ အုပ်စုအတွင်းရှိ ကွင်းအမှတ် (၃၃၆-က၊ ၃၃၅-က)ရှိ တပ်မတော်မှ သိမ်းဆည်းခဲ့သော လယ်ယာမြေ များအား ပြန်လည်စွန့်လွှတ်ပေးအပ်ရာ၌ မူလလုပ်ကိုင်ဆောင်ရွက်ခဲ့သော လယ်သမားများ ရရှိခြင်း မရှိဘဲ မြေစွန့်မည့်အချိန်နီးမှ ဝင်ရောက်လုပ်ကိုင်သည့် တပ်မတော်မှအငြိမ်းစားယူထားသူ လင်မယား နှစ်ဦးရရှိသွားမှုအပေါ် နစ်နာသူ မူလတောင်သူများမှ တင်ပြလာမှုအပေါ် တိုင်းဒေသကြီး လယ်ယာမြေ နှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ (၂၀.၃.၂၀၁၇)ရက်စွဲပါစာအမှတ်၊ (၂၈၂/၁-ကော်မတီ/မြေ (တိုင်း)/၂၀၁၇ ဖြင့် စိစစ်ပြီးပြန်လည်တင်ပြရန် အကြောင်းကြားခဲ့ပြီး ခရိုင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၇.၁၁.၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၀၀၃/၁-ကော်မတီ/မြေ(ခရိုင်)/၂၀၁၈ဖြင့် စိစစ်ဆောင်ရွက်ပြီးစီးမှုအား ပြန်လည် တင်ပြလာခဲ့မှုအရ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ၏ (၁၆.၁၁.၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၈) ဆုံးဖြတ်ချက် အပိုဒ် (၉၉) (က) (၁၃)အရ တင်ပြလာမှုနှင့်ပတ်သက်၍ ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေအရ ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်သဖြင့် တိုင်းလယ်စီသို့ လွှဲပြောင်း ဆောင်ရွက်သွားရန်နှင့် အမှုတွဲအား ပိတ်သိမ်းနိုင်ရေး ဗဟိုမြေစစ်သို့ တင်ပြဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့မှုအရ သိရှိညွှန်ကြားမှုပြုနိုင်ပါရန် တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ (၇.၂.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၂၇၇/၁-ကော်မတီ/မြေ(တိုင်း)/ ၂၀၁၉ဖြင့် ပြန်လည်တင်ပြခဲ့မှုအပေါ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီမှ (၁၇.၅.၂၀၁၉) အစည်းအဝေးအမှတ်စဉ်(၁၄/၂၀၁၉)ဖြင့် တင်ပြစာနှင့် ပတ်သက်၍ ဥပဒေကြောင်း (၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံ ခန့်ခွဲရေးဥပဒေ)အရ ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်ကြောင်း သက်ဆိုင်ရာကာယကံရှင်အား

အသိပေးရှင်းလင်းသွားပြီး အမှုတွဲပိတ်သိမ်းသွားရန် ပြန်လည်အကြောင်းကြားမှုအရ (၁၉.၁၁.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၁၂၃၅/၁-ကော်မတီ/မြေ(တိုင်း)/၂၀၁၉ဖြင့် သက်ဆိုင်ရာကာယကံရှင်များအား အသိပေးရှင်းလင်း ဆောင်ရွက်သွားရန် ခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြင့် ပြန်လည်ပြီး ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင်မြို့နယ်၊ သောင်ကြီးကျေးရွာအုပ်စုရှိ အင်း(၃)အင်းနှင့် ထိစပ်နေသော ကိုင်းဧက(၃၀၀)ကျော် နှစ်စဉ် ရာသီချိန်အမီ စိုက်ပျိုးနိုင်ရေးအတွက် စစ်တောင်းတာ(၄၄/၀) မိုင်ရှိ ဥတိုရိုးနေရာတွင် ရေတံခါးတည်ဆောက်ရန်အတွက် တိုင်းဒေသကြီး စီမံခန့်ခွဲမှုကော်မတီမှ အမြန်ဆုံး လမ်းညွှန်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။ ညောင်လေးပင်မြို့နယ်၊ သောင်ကြီးကျေးရွာအုပ်စုအတွင်း ကတ်တန်းတုံအင်း၊ တံခွန်တိုင်ကျိုးအင်းနှင့် တံခွန်တိုင်ရေလဲအင်းဟူ၍ အင်း(၃)အင်းရှိပြီး ၎င်းအင်း(၃)အင်းမှ ရေနုတ်နိုင်ရန် စစ်တောင်းမြစ်နှင့်အပြိုင် ရေပေါ်သောင်ကျေးရွာအနီးမှ ဖြတ်၍ မုက္ခမူချောင်းအတွင်းသို့ ရေနုတ်ခဲ့သည့် ရေနုတ်မြောင်းရှိပါသည်။ ၂၀၁၈ခုနှစ်တွင် စစ်တောင်းမြစ်ရေသည် စံချိန်တင်မြင့်တက်ခဲ့မှုကြောင့် မြစ်ကမ်းပါးတိုက်စားပြိုကျမှုတွင် ပါဝင်သွားခဲ့ပြီး ရေနုတ်မြောင်းမှာ (၂)ပိုင်းဖြစ်သွားခဲ့ပါသည်။

ယခုအချိန်တွင် အဆိုပါအင်း(၃)အင်းမှ ရေများအား ရေနုတ်မြောင်းမှ ထုတ်မည်ဆိုပါက စစ်တောင်းမြစ်အတွင်းသို့ တိုက်ရိုက်ထုတ်လွှတ်ရမည်ဖြစ်ပြီး မြစ်ကမ်းပါးတိုက်စားမှု ပိုမိုဖြစ်ပေါ်နိုင်ကာ သောင်ကြီးကျေးရွာနှင့် ရေပေါ်သောင်ကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်း ပျက်စီးသွားနိုင်ခြင်းကြောင့် အဆိုပါအင်း(၃)အင်းမှ ရေများထုတ်လွှတ်နိုင်ရန်အတွက် ညောင်လေးပင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ ပါဝင်သောအဖွဲ့မှ နည်းလမ်းများလေ့လာရာတွင် ရေရှည်အသုံးပြုနိုင်ရန် စစ်တောင်းတာမိုင်(၄၄/၀)(စစ်တောင်းတာတည်ဆောက်စဉ်က ဖြတ်ပိတ်ခဲ့သော မူလ ဥတိုချောင်းဟောင်း)နေရာတွင် ရေထုတ်ပြွန်တစ်ခုတည်ဆောက်၍ ရေနုတ်ခြင်းမှာ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရေထုတ်ပြွန်အား တည်ဆောက်ရာတွင် ရေထိန်းလွှတ်ရန်အတွက် ရေထိန်းတံခါးဂိယာအုံများဖြင့် ထိန်းညှိတည်ဆောက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ Design ပုံစံအရ သိရှိရပါသည်။

ညောင်လေးပင်မြို့နယ်၊ သောင်ကြီးကျေးရွာအုပ်စုရှိ အင်း(၃)အင်းမှရေကို စိုက်ပျိုးရေးလုပ်ငန်းအတွက် အချိန်မီထုတ်နိုင်ရန် စစ်တောင်းတာ(၄၄/၀)မိုင်ရှိ ဥတိုရိုး(စစ်တောင်းတာ

တည်ဆောက်စဉ်က ဖြတ်ပိတ်ခဲ့သော မူလဥတိုရိုး)နေရာတွင် ရေထုတ်ပြွန် ရေတံခါး တည်ဆောက်မည်ဆိုပါက အင်းလုပ်ငန်းများကို ထိခိုက်မှုမရှိနိုင်ပါကြောင်းနှင့် ၎င်းအင်း(၃)အင်း၏ ငါးဖမ်းလုပ်ငန်း ပိုမိုကောင်းမွန်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် ဘဏ္ဍာငွေများ စိစစ်တွက်ချက်တင်ပြနိုင်ရန် ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- မေးခွန်းနှစ်ခုလုံးအတွက် ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်တော့်ရဲ့ ပထမမေးခွန်းအတွက် ကျွန်တော်မေးထားတာက အမှုတွဲပြန်ဖွင့်ပေးနိုင်ခြင်းရှိ/မရှိဆိုပြီးတော့ တိတိပပ မေးထားတာပါ။ ဒီထဲမှာတော့ ဗဟိုကပိတ်လိုက်ပြီ အဲ့ဒါကို ပြန်လည်ရှင်းပြပါဆိုပြီးတော့ပဲ ဖြေကြားခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ၂၀၁၂ လယ်ယာမြေဥပဒေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေရုံးက ဖြေရှင်းဆောင်ရွက်ပေးပါမယ်လို့ပဲ ပြီးခဲ့တဲ့လွှတ်တော်အစည်းအဝေးမှာ ဝန်ကြီးကတိကဝတ်ပြုထားတာရှိပါတယ်။ တိုင်းလယ်/စီကနေ ပြန်လည်စိစစ်ပေးဖို့ဆိုပြီး ညွှန်ကြားထားတာရှိပါတယ်။ ဒါပေမဲ့ အခုအချိန်အထိ အောက်ခြေဆင်းပြီးတော့ ဆောင်ရွက်ပေးခြင်း မရှိတာကိုလည်းတွေ့ရှိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲရေးကော်မတီကို တောင်သူတွေက ထပ်ပြီးတော့ တိုင်ကြားရဦးမှာလား၊ ကွင်းဆင်းဆောင်ရွက်ပေးမှာလားဆိုပြီး တိတိကျကျဖြေပေးစေ ချင်ပါတယ်။

မေးခွန်းနံပါတ်(၂)နဲ့ပတ်သက်ပြီးတော့ ကျွန်တော့်ကိုပေးထားတဲ့ စာရွက်ထဲမှာတော့ အင်း(၃)အင်း၏ ငါးဖမ်းလုပ်ငန်း ပိုမိုကောင်းမွန်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားအပ်ပါသည်ဆိုပြီးတော့ ဖြေထားပါတယ်။ ဒါပေမဲ့ အခုဝန်ကြီးနှုတ်ကဖြေသွားတာကတော့ ဆည်မြောင်းနဲ့ ဘဏ္ဍာငွေတွက်ချက်ပြီးတော့ ဆောင်ရွက်ပါမယ်လို့ဖြေသွားပါတယ်။ ဘဏ္ဍာငွေက ဆည်မြောင်းကတွက်ချက်ထားပြီးပါပြီခင်ဗျ။ ဘဏ္ဍာငွေလည်း လျာထားပြီးပါပြီ။ ဒါပေမဲ့ လုပ်ငန်းကြန့်ကြာနေတဲ့အတွက် ဒီနှစ်ရာသီမှာ တောင်သူအချို့ဟာ ရာသီချိန်အမီမစိုက်ပျိုးလိုက်ရပါဘူး။ ဒါက စစ်တောင်းမြစ်ရေကြီးတာနဲ့ နှစ်စဉ်ကြုံတွေ့ရမဲ့ပြဿနာမို့လို့ ဒါကိုဒီနှစ်ရာသီလေးများ မီလိုမီငြားဆိုပြီးတော့ အဆောတလျင် အစည်းအဝေးဆုံးဖြတ်ချက်တွေနဲ့ တင်ပေးတာပါ။ မီအောင်လို့လည်း ဒီအချိန်မှာ မေးခွန်းနဲ့တိုက်ဆိုင်ပြီးတော့ မေးရခြင်းဖြစ်ပါတယ်။ ပထမအဖြေအရဆိုလျှင် ဆောင်ရွက်သင့်ပါကြောင်း လို့သာပြန်ဖြေလိုက်မယ်ဆိုလျှင် ဆုံးဖြတ်ချက်ရှိတဲ့အစိုးရအဖွဲ့က လွှတ်တော်ကိုလာပြီးတော့

ဆောင်ရွက်သင့်ပါကြောင်းဖြေတော့ လွှတ်တော်ဥက္ကဋ္ဌကြီးကပဲ ဆက်လက်ဆောင်ရွက်ပါရန်ဆိုပြီးတော့ လက်မှတ်ထိုးပြီးတော့ အမိန့်စာထုတ်ရမလိုဖြစ်နေတယ်။ ဆက်စပ်မေးခွန်းအနေနဲ့ တိုင်းစီမံခန့်ခွဲမှု ကော်မတီကိုလည်း တင်ပြထားပြီးပြီလို့သိရတဲ့အတွက်ကြောင့် ဒီလုပ်ငန်းကို သွားဆောင်ရွက်တဲ့ နေရာမှာ မလိုလားအပ်တဲ့ ပြဿနာတွေမဖြစ်ပေါ်စေရေးအတွက် ဒေသလုံခြုံရေးရယူဆောင်ရွက်ပေးရန် အစိုးရအဖွဲ့ကသော်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးကသော်လည်းကောင်း ညွှန်ကြားမှုပေးနိုင်ခြင်း ရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးညီညီထွေးမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ အမှတ်စဉ်(၂)တို့နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးညီညီထွေးမေးမြန်းထားတဲ့ မေးခွန်းအမှတ်စဉ် ဖ(င)(၁)ရဲ့ ဆက်စပ်မေးခွန်းဖြစ်တဲ့ ကွင်းဆင်းမှာလား၊ ထပ်ပြီးတော့ တိုင်ရဦးမှာလားဆိုတဲ့ မေးခွန်းကို ပြန်ဖြေကြားပေးမှာဖြစ်ပါတယ်။ သိမ်းဆည်းမြေများ ပြန်လည်စိစစ်ရေးကော်မတီက သိမ်းဆည်းမြေများကို စိစစ်ခြင်းဖြစ်ပါတယ်။ ဒီမှာရှင်းလင်းဖြေကြားထားတာကတော့ ဇဟိုမြေ/စစ်ကနေ သိမ်းဆည်မြေကို နိုင်ငံတော်ကနေ ပြန်လည်စွန့်လွှတ်ပြီးဖြစ်တဲ့အတွက် တောင်သူဆိုတဲ့နေရာမှာ အမျိုးမျိုးကွဲပြားကြပါတယ်။ လက်ရှိ ကျွန်တော်တို့ တာဝန်ယူတဲ့အချိန်မှာ စွန့်လွှတ်ခဲ့လျှင် မူလလက်ငုပ်တွေရော ဇဟိုမြေစစ်ကော်မတီက လမ်းညွှန်တဲ့ လမ်းညွှန်ချက်အတိုင်းပဲ မူလအထောက်အထားမရှိခဲ့လျှင် အနားလေးရပ်ကထောက်ခံချက်တွေရော သီးစားတွေရော၊ လက်ငုပ်တွေရော အကုန်လုံးကို အစိုးရစီမံခန့်ခွဲခွင့်ရှိတဲ့ မြေအဖြစ်နဲ့ရှိလျှင်တောင် ပုံစံ(၃)ထုတ်ပြီးတော့ တောင်သူတွေအကျိုးအတွက် ခွဲဝေပေးလိုက်ပါတယ်။ ဥပမာ သာဓကအားဖြင့် တင်ပြရမယ်ဆိုလျှင် အေးမြသာယာမှာ ဧက(၆၀၀)ကျော်ကို (၃၃၃)ဧကကျော် စွန့်လွှတ်ပါတယ်။ စွန့်လွှတ်တဲ့အခါ ဒီမြေဟာ မူလနိုင်ငံပိုင်မြေပဲဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်းမြေကနေ တပ်မတော် စွန့်လွှတ်ပေးလိုက်တဲ့ မြေဖြစ်ပါတယ်။ ဒီနေ့တင်ပြတောင်းခံတဲ့အချိန်မှာ တပ်မတော်က တစ်ဝက်ဖြစ်တဲ့ (၃၃၃)ဧကကို စွန့်လွှတ်လိုက်တဲ့အခါမှာ State Land အဖြစ်ပဲရှိပါတယ်။ သို့သော်လည်းပဲ တောင်သူတွေအကျိုးအတွက် ရည်မျှော်ပြီးတော့ မူလလက်ငုပ်ရော၊ သီးစားတွေရော အကုန်လုံးကို မျှပြီး ပေးအပ်ခဲ့ပါတယ်။ ရယူပိုင်ဆိုင်တဲ့ တောင်သူများအနေနဲ့ကတော့ သူပိုင်တယ်၊ ငါပိုင်တယ် အငြင်းပွားမှုတွေက ဖြစ်တတ်ကြပါတယ်။ သို့ပါ၍ စွန့်လွှတ်ပြီးမြေဖြစ်တဲ့အတွက် ဇဟိုမြေ/စစ် ကော်မတီကလည်း ဒီမြေနဲ့ပတ်သက်ပြီးတော့ ဥပဒေနဲ့အညီပဲ လယ်/စီဥပဒေနဲ့ဆောင်ရွက်ပါဆိုပြီးတော့ ပြောတာဖြစ်တဲ့အတွက် မူလတင်ပြသူ ကာယကံရှင်များအနေနဲ့ ဒီမြေဟာစွန့်လွှတ်ပြီးဖြစ်တဲ့အတွက် မိမိပိုင်ဆိုင်တယ်လို့ တင်ပြနိုင်ဖို့ ဖြေရှင်းဖို့အတွက် ၂၀၁၂ လယ်ယာမြေဥပဒေအရ

ကာယကံရှင်က မူလမြေယာမှုခင်းဖွင့်လှစ် ဆောင်ရွက်ရမှာဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယ Issue နဲ့ပတ်သက်တဲ့ကိစ္စက အဓိကက ဘဏ္ဍာရေးပြဿနာပါ။ မလိုလားအပ်တဲ့ကိစ္စတွေနဲ့ ဒေသလုံခြုံရေးအတွက်ကို အစိုးရအဖွဲ့ သို့မဟုတ် ဝန်ကြီးက ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိနဲ့ ပတ်သက်တာကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ယခုတင်ပြတဲ့ကိစ္စဟာ ဆည်မြောင်းကိစ္စရပ်တစ်ခုတည်း မဟုတ်ပါဘူး။ ဆည်မြောင်းရော၊ ငါးလုပ်ငန်းဦးစီးဌာနအပြင် ဒီမှာဆောင်ရွက်ဖို့အတွက် ဘဏ္ဍာငွေလိုအပ်ချက်ဖြစ်ပါတယ်။ ဘဏ္ဍာငွေလိုအပ်ချက်က ကျွန်တော်တို့အနေနဲ့ လွှတ်တော်မှာ မေးခွန်းတွေဖြေတဲ့အခါမှာ အစိုးရအဖွဲ့ကစိစစ်ပြီးတော့ လျာထားပေးမယ်လို့ပဲပြောတာပါ။ ဘဏ္ဍာငွေဆုံးဖြတ်ခွင့်က တိုင်းဒေသကြီးက Drawing ဆွဲပြီးတော့ တိုင်းဒေသကြီးလွှတ်တော်ကို တင်ပြီးတော့ စိစစ်ဆုံးဖြတ်ရတာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ထည့်သွင်းဆောင်ရွက်ပေးခြင်း/မပေးခြင်းအနေနဲ့ တိုက်ရိုက်ဆုံးဖြတ်ခွင့်မရှိပါဘူး။ သို့ပါ၍ လက်ရှိလုပ်ငန်းကလည်း အားချင်းဖြစ်ပေါ်နေတဲ့အပေါ်မှာ စီမံခန့်ခွဲရေးအဖွဲ့လို့ဆိုလျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ Cabinet ကိုပဲ ဆိုလိုခြင်းဖြစ်မယ့်ဟန်တူပါတယ်။ သို့ပါကြောင့် ကျွန်တော့်အနေနဲ့ တိုက်ရိုက်တော့မရဘူး။ အစိုးရအဖွဲ့ကို တင်ပေးကြည့်လို့ အစိုးရအဖွဲ့အနေနဲ့ ဘဏ္ဍာငွေရှိ/မရှိကတော့ အစိုးရအဖွဲ့ကိုတင်ပြပေးမှပဲသိမှာပါ။ GRF မှာပဲရှိမှာလား၊ တစ်ခြား သဘာဝဘေးအနေနဲ့ရှိနိုင်လား ဒါကတော့ မူဝါဒအပေါ်မှာစိစစ်ရမှာ။ ကျွန်တော်တစ်ဦးတည်းနဲ့ စိစစ်ဆုံးဖြတ်ပြီးတော့ ဆောင်ရွက်လို့မရတဲ့ ကိစ္စဖြစ်ပါတယ်။ သို့ပါကြောင့် ကျွန်တော်ဖြေကြားတဲ့ထဲမှာတော့ တိုင်းဆည်မြောင်းနဲ့ ငါးလုပ်ငန်းဦးစီးဌာနတို့လည်းရှိပါတယ်။ အဲ့ဒီတော့ ဆောင်ရွက်ပေးရမဲ့ အခြေအနေနဲ့ပတ်သက်ပြီး အသေးစိတ်စိစစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြပြီးလုပ်ပေးပါမယ်လို့လည်း ဖြေကြားတဲ့ထဲမှာပါပါတယ်။ တင်ပြပေးမယ်။ ဘဏ္ဍာငွေရရှိခြင်း/မရရှိခြင်းကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်အပေါ်မှာပဲ မူတည်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးညီညီထွေး ရှင်းပါတယ်နော်။ မေးခွန်းအမှတ်စဉ်(၁)က ဝန်ကြီးကိုယ်တိုင်က လွှတ်တော်မှာဖြေတာ လယ်/စီအဖွဲ့ကို နစ်နာသူ မူလတောင်သူလယ်သမားက ပြန်လည်အမှုဖွင့်ဖို့ဖြစ်၍ ရပ်/ကျေးလယ်/စီမှစပြီး အမှုဖွင့်၍ ဆက်လက်ဆောင်ရွက်ရပါမယ်။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို (၁၁:၃၅) နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၉ခုနှစ် ဒီဇင်ဘာလ(၂၄)ရက် (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၂)ရက်မြောက်နေ့ မှတ်တမ်း
# ၁၃၈၁ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
# [ ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် ]
# (အင်္ဂါနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၅၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၇၇.၆၃ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်း အဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းသွင်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်၊ ဖြူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၂၄.၁၂.၂၀၁၉) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၇)ဦး ၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၇ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦးကမေးမြန်းသည့် မေးခွန်း(၇)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့နယ်၊ ပေါင်းတလည်မြို့ကို မြို့မြေအဖြစ် တိုင်းတာခြင်းလုပ်ငန်းသည် (၂)နှစ်ခန့် ကြန့်ကြာနေသော်လည်း မည်သည့်အတွက် ပြီးစီးခြင်းမရှိသေးသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ပြည်မြို့နယ်၊ ပေါင်းတလည်မြို့ကို မြို့မြေအဖြစ် တိုင်းတာခြင်းလုပ်ငန်းသည် (၂)နှစ်ခန့် ကြန့်ကြာနေသော်လည်း မည်သည့်အတွက် ပြီးစီးခြင်းမရှိသေးသည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်မြို့နယ်၊ ပေါင်းတလည်မြို့ကို မြို့အဖြစ်သတ်မှတ်ပြီး မြို့မြေတိုင်းတာခြင်းလုပ်ငန်းကို အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည်မှာ (၂)နှစ်ခန့်ကြာမြင့်ပြီဖြစ်သော်လည်း ယခုအချိန်အထိ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေသောကြောင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပွွန်တန်ဆာမြို့အား မြို့မြေတိုင်းတာခြင်းလုပ်ငန်းကို ဘတ်ဂျက်ထည့်သွင်းရေးဆွဲ၍ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ပွွန်တန်ဆာမြို့အား မြို့မြေတိုင်းတာခြင်းလုပ်ငန်းကို ဘတ်ဂျက်ထည့်သွင်းရေးဆွဲ၍ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ညောင်လေးပင်မြို့နယ်တွင် "ညောင်လေးပင်၊ ပွွန်တန်ဆာ၊ ပိန်းဇလုပ်၊ မဒေါက်" ဟူ၍ မြို့(၄)မြို့ ရှိသည့်အနက် ပိန်းဇလုပ်နှင့် မဒေါက်မြို့တို့အား မြို့မြေတိုင်းတာခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးပြီးဖြစ်သော်လည်း ပွွန်တန်ဆာမြို့အား မြို့မြေတိုင်းတာ

သတ်မှတ်ပေးရန် ကျန်ရှိနေပါသေးသဖြင့် မြို့မြေတိုင်းတာခြင်းလုပ်ငန်းကို ဘတ်ဂျက်ထည့်သွင်းရေးဆွဲ၍ ဆောင်ရွက်ပေး နိုင်ခြင်းရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့နယ်၊ ပေါင်းတလည်မြို့ကို မြို့မြေအဖြစ် တိုင်းတာခြင်းလုပ်ငန်းသည် (၂)နှစ်ခန့် ကြန့်ကြာနေသော်လည်း မည်သည့်အတွက် ပြီးစီးခြင်းမရှိသေးသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ပေါင်းတလည်ကျေးရွာအုပ်စုမှ ပေါင်းတလည်ကျေးရွာနှင့် မောင်းကုန်းကျေးရွာတို့အား ပေါင်းတလည်မြို့အဖြစ်လည်းကောင်း၊ ကျန်ကျေးရွာ(၇)ရွာအား ရွာမကျေးရွာအုပ်စုအဖြစ်လည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၇.၆.၂၀၁၃)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်- ၅၀၇/၂၀၁၃ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ် ပေါင်းတလည်မြို့မြေတိုင်းတာရေး စီမံချက်ချမှတ်၍ ပေါင်းတလည်မြို့မြေကွက်အဖြစ် မြို့ကွက်(၁၆)ကွက်ခွဲ၍ ကွက်ကြဲ၊ ကွက်စိပ်တိုင်းတာခဲ့ရာ ပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ပိုင်ဆိုင်ခွင့်စုံစမ်းမှု (Tenure Enquiry)စာရင်းပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင်လည်း တိုင်းတာဆောင်ရွက်ခဲ့သည့် မြို့ကွက်(၁၆)ကွက်အား စာရင်းကောက်ယူပြုစုပြီးစီးခဲ့ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ မြေတိုင်းတာခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ကိုယ်စားလှယ်များမေးမြန်းထားတဲ့အပေါ်မှာ နိုင်ငံတော်မှ ညွှန်ကြားထားခဲ့သည့် မြို့မြေ၊ ရွာမြေများကို တိုင်းတာခြင်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို ထပ်မံရှင်းလင်းတင်ပြလိုပါတယ်။ မြို့၊ရွာမြေများကို တိုင်းတာရာတွင် မဖြစ်မနေဆောင်ရွက်ရသည့် လုပ်ငန်းစဉ်မှာ မြေမတိုင်းမီ နယ်နိမိတ်ပိုင်းခြားရန်နှင့် မြေတိုင်းရာတွင် ကြီးကြပ်တာဝန်ခံရန် နယ်နိမိတ်တိုင်းတာရေးအရာရှိ နယ်ခြားဝန် Demarcation Officer နှင့် နယ်နိမိတ်ပြဿနာများကို ဖြေရှင်းဆုံးဖြတ်ရန် နယ်နိမိတ်သတ်မှတ်ရေးအရာရှိ Boundary Officer တို့ကို မြန်မာနိုင်ငံတော် မြေနယ်သတ်ဥပဒေ The Burma Boundary act 1818 အရ စတင်ခန့်အပ်ရန်လိုပါတယ်။ ယခုအခါ ၎င်းမြန်မာနိုင်ငံတော် မြေနယ်သတ်မှတ် ဥပဒေကို ပြင်ဆင်ရေးဆွဲ၍ လွှတ်တော်တွင် တင်သွင်းနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

မြို့မြေတိုင်းတာရေးလုပ်ငန်းသည် တန်ဖိုးကြီးမားသော ပိုင်ဆိုင်မှုပြဿနာ၊ နယ်နိမိတ်ပြဿနာများစွာရှိတတ်သော မြေဖြစ်သည်နှင့်အညီ သီးခြားနယ်နိမိတ်ပိုင်းခြား၍ နိုင်ငံတော်ကိုယ်စား ကြီးကြပ်ဆောင်ရွက်နိုင်ပါရန် မြန်မာနိုင်ငံ နယ်မြေသတ်မှတ်အက်ဥပဒေအရ အရာရှိ(၂)ဦးကို ခန့်အပ်တာဝန်ပေးဆောင်ရွက်ရပါသည်။ မြေတိုင်းတာရာတွင် အကွက်များ၏ နယ်နိမိတ် မှန်ကန်စွာပိုင်းခြားနိုင်ရန်

တိုင်းတာရမည့် အခက်အခဲဖြေရှင်းနိုင်ရန် လျော်ကြေးကိစ္စများ အဆုံးအဖြတ်ပေးနိုင်ရန်ဖြစ်ပါတယ်။ မြို့ရွာအကွက် နယ်နိမိတ်ကို အတည်ပြုရယူရန် ကွက်ကျဲ၊ ကွက်စိပ်တိုင်းတာလိုသည့် မြို့ရွာနယ်မြေ ဧရိယာနယ်နိမိတ်ကို ယင်းဧရိယာအတွင်းပါဝင်သည့်(သို့မဟုတ်)အသစ်ဖွဲ့စည်းသည့်အကွက်များ၏ ကွင်းရှိဧရိယာ၊ လက်ရှိဧရိယာများစာရင်းနှင့် Block map မြို့ကွက်မည်မျှ တိုင်းတာဆောင်ရွက်ရမည်ကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ စာရင်းပြုစုပြီး မြေပုံကြမ်းနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ကို ရယူရပါမည်။ နယ်နိမိတ်သတ်မှတ်ရေးအရာရှိအဖြစ်ဆောင်ရွက်ရန် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး၊ အုပ်ချုပ်ရေးမှူးထံ အမည်စာရင်းတောင်းခံပြီး နယ်နိမိတ်သတ်မှတ်ရေးအရာရှိ Boundary Officer အဖြစ်လည်းကောင်း၊ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ Demarcation Officer အဖြစ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးအားလည်းကောင်း ခန့်အပ်ရန် အဆိုပြုကြောင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံ အတည်ပြုရန် တင်ပြရပါမည်။ မြို့မြေကွက်ကျဲ၊ ကွက်စိပ်တိုင်းတာခြင်းအတွက် များသောအားဖြင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးဌာနမှူး၊ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိအဖြစ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးတို့ကို ခန့်အပ်ဆောင်ရွက်စေပါတယ်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အတည်ပြုချက်ရရှိလျှင် တိုင်းတာမည့်နယ်နိမိတ်၏ကွင်းရှိ လက်ရှိဧရိယာနှင့် အကွက်စာရင်းသဘောတူညီချက်၊ ကုန်ကျမည့်ရန်ပုံငွေ တွက်ချက်တိုင်းတာရန် နယ်နိမိတ်သတ်မှတ်ရေးအရာရှိ Professor နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ Demarcation Officer တို့၏ သဘောတူညီချက်ပူးတွဲ၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံ တင်ပြရပါမည်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးအား ကွက်ကျဲ၊ ကွက်စိပ် ဧရိယာနယ်နိမိတ်စာရင်း၊ ရန်ပုံငွေတွက်ချက်တောင်းခံမှုစာရင်း၊ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ Boundary Officer နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ Demarcation Officer တို့ကိုခန့်အပ်ပြီး ခရိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးတို့မှ တောင်းခံတင်ပြချက်များနှင့်အတူ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ထံ အတည်ပြုပေးရန်နှင့် ရန်ပုံငွေခွဲဝေချထားပေးရန် တောင်းခံရပါသည်။ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာနမှူးက မြို့မြေကွက်ကျဲ၊ ကွက်စိပ်တိုင်းတာရန် ကွင်းအကွက်ဧရိယာနယ်နိမိတ်စာရင်း၊ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ Boundary Officer နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ Demarcation Officer ခန့်အပ်ရန် အတည်ပြုကြောင်းနှင့် ရန်ပုံငွေအား ဒေသရန်ပုံငွေမှ ခွဲဝေပေးမည်ဖြစ်ကြောင်း

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြရပါမည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပြီး မြေနယ်သတ်မှတ် အက်ဥပဒေပုဒ်မ ၂ အရ အရာရှိ(၂)ဦးကို ခန့်အပ်ပေးရမည်ဖြစ်ပါတယ်။

ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ငန်းဆိုင်ရာ နည်းလမ်း၊ ညွှန်ကြားချက်များကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၁၀.၇.၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၅၀၄၂/၆(က) ၁၃/၂၀၁၅ ဖြင့် ညွှန်ကြားထားပြီးဖြစ်ပါသည်။ အဆိုပါညွှန်ကြားချက်တွင် ကျေးရွာမြေတိုင်းတာခြင်းနှင့် အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရမည့် နည်းလမ်းများကို ညွှန်ကြားထားရှိပါသည်။ ကျေးရွာမြေတိုင်းတာ ရာမှာ အကွက်မြေပုံထုတ်လုပ်ပြီးပါက လုပ်ငန်းအဖွဲ့မှ စစ်ဆေးလက်မှတ်ရေးထိုးထားသည့် မြေပုံများ၊ ကျေးရွာအကွက်မြေပုံပေါ်တွင် အကွက်၊ ဦးပိုင်အမှတ်များ မြေပုံမှာထည့်သွင်းဖော်ပြပြီး မြေပုံ ထုတ်လုပ်သည့်လုပ်ငန်းများ ဆောင်ရွက်ပြီးပါက လုပ်ငန်းဧရိယာစာရင်း၊ လုပ်ကွက်မှတ်ပုံတင်စာရင်း ၁(ခ)၊ ဦးပိုင်မှတ်ပုံတင်စာရင်း ၁(က)တို့အား လုပ်ငန်းအဖွဲ့က စိစစ်အတည်ပြု လက်မှတ်ရေးထိုးပြီးသည့် စာရင်းမြေပုံများကို သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မှတ်တမ်းထိန်းသိမ်းရန် တရားဝင် ပေးပို့လာသည့်အခါ မှတ်တမ်းထိန်းသိမ်းထားပြီးမှ ဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ တို့ကို ရေးဆွဲဆောင်ရွက်ပေးရန် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၁၄.၈.၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၅၉၇၁/၆(က) ၁၃/ထွေ ၂၀၁၅ ဖြင့် ညွှန်ကြားထားရှိပါကြောင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုအား ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြွန်တန်ဆာမြို့အား မြို့မြေတိုင်းတာခြင်း လုပ်ငန်းကို ဘတ်ဂျက်ထည့်သွင်းရေးဆွဲ၍ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ညောင်လေးပင် မြို့နယ်အတွင်း မြို့(၄)မြို့ရှိသည့်အနက် မဒေါက်မြို့အား (၂၀၁၆-၂၀၁၇)ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ ပိန်းဇလုပ်မြို့အား (၂၀၁၈-၂၀၁၉)ဘဏ္ဍာနှစ်များတွင်လည်းကောင်း တိုင်းတာခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိ မြို့များဖြစ်သည့် ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့တို့အား မြို့မြေတိုင်းတာရန်(၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်တွင် တင်ပြဆောင်ရွက်ခြင်းမရှိသေးပါကြောင်းနှင့် ပြွန်တန်ဆာမြို့အား တိုင်းတာရန် အတွက် (၂၀၂၀-၂၀၂၁)ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ထည့်သွင်းတောင်းခံ ဆောင်ရွက်သွားမည် ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိပါက ပြွန်တန်ဆာမြို့အား တိုင်းတာဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါ ကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"သာယာဝတီမြို့နယ်၊ မြစ်မခမြစ်အနောက်ဘက်လမ်း အိပ်လဟာ-အသရော်-ဆင်လမ်း ရေကာတာတွင် ဂဝံ ဖိ" ထုခင်းပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ကျောင်းကုန်းကျေးရွာ ကုန်ထုတ်လမ်း၏ ယခု ပျက်စီးနေမှု ပကတိ အခြေအနေကို မည်သူမှ တာဝန်ယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် တံတား(၁)စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"သာယာဝတီမြို့နယ်၊ မြစ်မခမြစ် အနောက်ဘက်လမ်း အိပ်လဟာ-အသရော်-ဆင်လမ်း ရေကာတာတွင် ဂဝံ ဖိ" ထုခင်း ပေးရန် အစီအစဉ်ရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်တွင် မြစ်မခ မြစ်သည် ၂၃ မိုင် ဖြတ်သန်းစီးဆင်းလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အိပ်လဟာ-အသရော်-ဆင်လမ်းတာကို တည်ဆောက်ခဲ့ ပါသည်။ ဦးစီးဌာနမှ ရေကာတာလည်းဖြစ် ဆက်သွယ်ရေးလမ်းအဖြစ် အသုံးပြုနိုင်ရန် ဂဝံခင်းခြင်း လုပ်ငန်းကိုပါ ဆောင်ရွက်ပေးခဲ့သဖြင့် မြစ်မခအနောက်ဘက်ကမ်း အရှေ့ဘက်ကမ်းရှိ ကျေးရွာအုပ်စု (၁၁)အုပ်စု၊ ကျေးရွာပေါင်း (၆၅)ရွာ လူဦးရေပေါင်း(၆၉၀၁၉)မှာ လွန်စွာဆက်သွယ်ရေးကောင်းမွန်ပြီး အဆင်ပြေချောမွေ့ခဲ့ပါသည်။ ၎င်းတာမှာ ၂၀၁၆-၂၀၁၇ မိုးရာသီ သဘာဝဘေး ရေကြီးတိုက်စား မှုကြောင့် အိပ်လဟာရွာထိပ်တွင် ကျိုးပြတ်ခဲ့ရပါသည်။ ၎င်းတာကျိုးပြတ်မှုကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြန်လည်တည်ဆောက်ပေးပြီး သော်လည်း မြေသားတာဘောင်ဖြစ်သဖြင့် မိုးရာသီတွင် ဆိုင်ကယ်မဆိုထားနှင့် ခြေလျင်သွားလာ ရန်ပင် ရွံ့စေးများဖြင့် သွားလာရေးခက်ခဲနေသည်မှာ ယခုအချိန်ထိ ဖြစ်နေပါသဖြင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အစစ အခက်အခဲကြုံတွေ့နေရပါသည်။ ဆက်သွယ်ရေးကောင်းမွန်စေရန် ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြင်/ထိန်း လုပ်ငန်းအဖြစ် ဂဝံ ဖိ"ထု ခင်းပေးနိုင်ရေးဆောင်ရွက်ပေးနိုင်ရန် ကျေးရွာအုပ်စု (၁၁) အုပ်စုရှိ ဒေသခံပြည်သူ (၆၉၀၁၉)၏ ကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ကျောင်းကုန်းကျေးရွာ ကုန်ထုတ်လမ်း၏ ယခုပျက်စီးနေမှု ပကတိအခြေအနေကို မည်သူမှ တာဝန်ယူဆောင်ရွက်ပေးမည်ကို**

**သိရှိလို ပါကြောင်းနှင့် တံတား(၁)စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"**မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ကျောင်းကုန်း ကျေးရွာကုန်ထုတ်လမ်း၏ ယခုပျက်စီးနေမှု ပကတိအခြေအနေကို မည်သူမှ တာဝန်ယူဆောင်ရွက်ပေးမည်လဲဟု ပြည်သူ့အသံအား ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရခြင်း ဖြစ်သည်။

သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ ကျောင်းကုန်းကျေးရွာကုန်ထုတ်လမ်းသည် မြစ်မခ အနောက်ဘက်ကမ်းရှိ ဇီးပွဲကျေးရွာအုပ်စုနှင့် အိပ်လဟာကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း( ၁၃ )ရွာ၏ အဓိကထွက်ပေါက်လမ်းဖြစ်ပါသည်။ ကျောင်းကုန်းကုန်ထုတ်လမ်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သာယာဝတီမြို့နယ် မြစ်မခမြစ်အနောက်ဘက် ကမ်းပတ်တာ(ရေကာတာ)တည်ဆောက်ရာတွင် ရေကာတာမှဇီးပွဲနှင့် အိပ်လဟာကျေးရွာအုပ်စု တို့ရှိရွာများသို့ဆက်သွယ်သော ကျောင်းကုန်းကုန်ထုတ်လမ်းကို ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်း ကုန်ထုတ်လမ်းသည် (၂၀၁၇)ခုနှစ်တွင် သဘာဝမြစ်ရေကြီးချိန်၌ တာကျိုးပေါက်(၄)ခု ဖြစ်ပေါ်ခဲ့ရာ ရွာသူ/ရွာသားများ ကိုယ်ထူကိုယ်ထ တတ်အားသမျှပြုပြင်ခဲ့ပါသည်။ (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေး နှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောင်းကုန်းကုန်ထုတ်လမ်း မြေနီခင်းခြင်း လုပ်ငန်းကို လုပ်ငန်းတန်ဖိုး(၁၃.၆)သန်းဖြင့် တင်ဒါအောင်ခဲ့သော ရှင်မင်းလှိုင်ကုမ္ပဏီမှ ဆောင်ရွက် ခဲ့ပါသည်။ ယခုနှစ်(၂၀၁၉)ခုနှစ် မိုးရာသီတွင် ရေတိုက်စားမှုကြောင့်လည်းကောင်း၊ ရိုးကြောင်း၏ ရေထွက်ပေါက်မထားဘဲ မြေသားတာဖို့ခြင်းကြောင့်လည်းကောင်း၊ ထိုကျောင်းကုန်းကုန်ထုတ်လမ်း မှာ တာကျိုးပျက်သွားပြန်ပါသည်။

သို့အတွက်ကြောင့် (က)(၂၀၁၈-၂၀၁၉)ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် ကျောင်းကုန်း ကုန်ထုတ်လမ်းကို မည်သူမှတာဝန်မယူသေးဘဲ ယခုအချိန်အထိ ပြန်လည်ပြင်ဆင်ခြင်း မရှိသည့် အတွက် ပြည်သူများ၏ မည်သူတာဝန်ယူ၊ တာဝန်ခံမှုရှိသလဲဟူသည့် ပြည်သူအသံကို လွှတ်တော်သို့ ပို့၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။ (ခ)၎င်းကျောင်းကုန်းကုန်ထုတ်လမ်း တာ ကျိုးပေါက်နေရာတွင် ရေထွက်ပေါက်အတွက် တံတားတစ်စင်းဆောက်လုပ်ပါက နှစ်စဉ် တာကျိုး ပေါက်မှု အန္တရာယ်မှကာကွယ်နိုင်ပြီး နှစ်စဉ်ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်သဖြင့် တံတား တစ်စင်းတည်ဆောက်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက် ပေးမည်ကိုသိရှိလို၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်မူမူခင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။** ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သာယာဝတီမြို့နယ်၊ မြစ်မခမြစ်အနောက်ဘက်လမ်း အိပ်လဟာ-အသရော်-ဆင်လမ်းရေကာတာတွင် ဂဝံ ၆" ထုခင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ် မြစ်မခမြစ်အနောက်ဘက်ကမ်းပတ်တာတစ်ခုဖြစ်သော အသရော်ဆင်လမ်း-အိပ်လဟာတာသည် (၁၂)မိုင်ရှည်လျားပါသည်။ အဆိုပါတာမိုင်အတွင်း (၂၀၁၇)ခုနှစ် မိုးရာသီတာကျိုးပေါက်မှုဖြစ်ပေါ်ခဲ့သည့် တာမိုင် (၂၂/၆ မှ ၂၃/၀)အတွင်း အလျား (၁၅၀၀)ပေခန့် ဂဝံ(၃)လက်မထုခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး (၂၀၁၈)ခုနှစ် မိုးရာသီတွင်လည်း ဌာနနှင့်ဒေသခံပြည်သူများပူးပေါင်း၍ မိုးရာသီတွင် လမ်းအသုံးပြု၍ရအောင် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့သော်လည်း မြေသားတာဘောင်ဖြစ်၍ မိုးရာသီသွားလာရေးခက်ခဲပါသဖြင့် (၆)လက်မထု ဂဝံခင်းပေးရန် တင်ပြချက်အပေါ် စိစစ်တင်ပြခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အသရော်ဆင်လမ်း-အိပ်လဟာတာအား အလျား(၁၅၀၀)ပေခန့် ဂဝံ(၆)လက်မထုခင်းမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၁၂.၀၀)သန်းခန့် ကုန်ကျမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအား (၂၀၁၉-၂၀၂၀)ခုနှစ် မိုးရာသီမတိုင်မီ ဆောင်ရွက်ရမည်ဖြစ်သဖြင့် (၂၀၁၉-၂၀၂၀) တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေ (RE) သို့မဟုတ် အထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် ရန်ပုံငွေတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။** ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ကျောင်းကုန်းကျေးရွာ ကုန်ထုတ်လမ်း၏ ယခု ပျက်စီးနေမှု ပကတိအခြေအနေကို မည်သူမှ တာဝန်ယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် တံတား(၁)စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း၍ သာယာဝတီမြို့နယ်၊ အင်းပုညာ-ကျောင်းကုန်းလမ်း (၀/၂မိုင်x၁၂'x၉") မြေနီခင်းခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလရန်ပုံငွေကျပ်(၁၃.၀)သန်းဖြင့် ရှင်မင်းလှိုင်ကုမ္ပဏီမှ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါလမ်းမှာ မိုးရာသီတွင်ရေတိုက်စားမှုကြောင့် လမ်းပျက်စီးသွားခဲ့ပြီး လမ်းပျက်စီးနေမှုအခြေအနေအား (၃၀.၁၁.၂၀၁၉)ရက်နေ့တွင် မြို့နယ်ဦးစီးမှူး၊ ရှင်မင်းလှိုင်ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့် ကွင်းဆင်းစစ်ဆေးညှိနှိုင်းခဲ့ပြီး ပျက်စီးနေသည့်အပိုင်းအား မြေထိန်းနံရံ

ကာရံခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်းများအား (၁.၁၂.၂၀၁၉)ရက်နေ့တွင် စတင်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ အင်းပုညာ-ကျောင်းကုန်းလမ်းသည် တာဖို့မြေဖြစ်သည့်အတွက် နှစ်စဉ် မိုးရာသီအတွင်း ရေတိုက်စားပျက်စီးမှုဒဏ်မှ ကာကွယ်နိုင်ရန် (၈၀') တံတား(၁)စင်း တည်ဆောက်ရန် လိုအပ်ပါသည်။ အဆိုပါတံတားအား (၈၀'x၁၄'x၈')ကွန်ကရစ်တံတား(၁)စင်း တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၁၂၀.၀)သန်း ကုန်ကျမည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်ရေးအတွက် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"သဲကုန်းမြို့နယ်အတွင်းရှိ ရန်ကုန်-ပြည် မီးရထားလမ်းအောက်ပိုင်းမှစ၍ ဖွံ့ဖြိုးရေးမြောင်းအထိ ကျားသေချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"သဲကုန်းမြို့နယ်၊ သပြေလှကျေးရွာအုပ်စု၊ မီးလောင်ချောင်းကျေးရွာအနီးရှိ မီးလောင်ချောင်းအထက် ရေထိန်းရေလှောင်တမံအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"သဲကုန်းမြို့နယ်အတွင်းရှိ ရန်ကုန်-ပြည် မီးရထားလမ်းအောက်ပိုင်းမှစ၍ ဖွံ့ဖြိုးရေးမြောင်းအထိ ကျားသေချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ ကျားသေချောင်းသည် အလျား (၂)မိုင်ခန့်ရှိကာ သဲကုန်းမြို့အနီးမှ ဖြတ်သန်းစီးဆင်းသော ချောင်းတစ်ခုဖြစ်ပြီး ချောင်းကြမ်းပြင်တိမ်ကော၍ မြက်ပင်များပိတ်ဆို့နေမှုကြောင့် မိုးအခါ ရေကြီး၊ ရေလျှံမှုများသည် မြို့ပေါ်ရပ်ကွက်များအထိပါ ဖြစ်ပေါ်သည့်အပြင် လယ်ကေ(၂၀၀)ခန့်ကိုပါ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ရပါသည်။ အကယ်၍ ကျားသေချောင်းကိုပြန်လည်တူးဖော်ပေးမည် ဆိုပါကမြို့ပေါ်ရပ်ကွက်အချို့ ရေကြီးရေလျှံမှုများမှ ကာကွယ်နိုင်ရုံမျှမက လယ်ကေ(၂၀၀)ကို အမှီပြုသောတောင်သူများ၏ စားဝတ်နေရေး အဆင်ပြေစေမည်ဖြစ်သောကြောင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"သဲကုန်းမြို့နယ်၊ သပြေလှကျေးရွာအုပ်စု၊ မီးလောင်ချောင်းကျေးရွာအနီးရှိ မီးလောင်ချောင်းအထက် ရေထိန်းရေလှောင်တမံအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ သဲကုန်းမြို့နယ်၊ သပြေလှကျေးရွာ အုပ်စုအတွင်းရှိ မီးလောင်ချောင်းအထက်တမံသည် ဒေသခံလယ်သမားများပြုလုပ်ခဲ့သော ရေလှောင်တမံ

ငယ်လေးဖြစ်ပါသည်။ ၎င်းရေလှောင်တမံငယ်လေးကို ရေထွက်ပေါက်အတွက် အုတ်ဖြင့် အခြား နေရာများတွင် မြေသားဘောင်ပြုလုပ်ထားခြင်းဖြစ်ကာ နှစ်ကာလကြာရှည်လာ၍ မြေသားဘောင် များပျက်စီးခြင်း၊ အုတ်ဖြင့်ပြုလုပ်ထားသော ရေထုတ်ပေါက်ကျဉ်းမြောင်းခြင်း၊ ထို့အပြင် ရေကို ထိန်းထားရမည့်အချိန်တွင် မထိန်းထားနိုင်ခြင်း၊ ရေပိုရေလျှံလွှတ်မည်ဆိုပါက အဆင်မပြေခြင်း စသည့် အခက်အခဲများကြောင့် ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လိုအပ်သလိုနည်းပညာများဖြင့် ပြုပြင်တည်ဆောက်ပေး မည်ဆိုပါက ရေကိုလိုသလိုအသုံးချနိုင်မည့်အပြင် အနီးရှိလယ်ဧက(၃၀၀)ကိုပါ အကျိုးပြုမည် ဖြစ်သဖြင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်နိုင်ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သဲကုန်းမြို့နယ်အတွင်းရှိ ရန်ကုန်-ပြည် မီးရထားလမ်းအောက်ပိုင်းမှစ၍ ဖွံ့ဖြိုးရေးမြောင်းအထိ ကျားသေချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ကျားသေချောင်းသည် သဲကုန်းမြို့နယ်ရှိ ဆင်မြီးဆွဲ၊ သဲကုန်း၊ ပုတီးကုန်း ကားလမ်းအထက်ပိုင်းရှိ ကွင်းရေများနှင့် မြို့ပေါ်ရပ်ကွက်များမှ စီးဆင်းလာသည့် ရေဆိုး များကိုစုပေါင်း၍ ဖွံ့ဖြိုးရေးမြောင်းအတွင်းသို့ စီးဝင်သည့်ချောင်းတစ်ချောင်းဖြစ်ပါသည်။ မိုးများစွာ ရွာသွန်းချိန်တွင် ကျဉ်းမြောင်းတိမ်ကောနေသည့်အတွက် နှစ်စဉ်ဘောင်များ ရေလျှံကျိုးပေါက်မှုများ ရှိသည့်အတွက် ရေကောင်းစွာထုတ်နိုင်ရန် တူးဖော်ရန် လိုအပ်သည့်ချောင်းတစ်ချောင်းဖြစ်ကြောင်းကို စိစစ်တင်ပြအပ်ပါသည်။ အလျား(၂)မိုင် ရှည်လျားသော်လည်း မြေပြင်အနေအထားအရ တူးဖော် ရန်လိုအပ်သည့် အပိုင်းကိုသာ တူးဖော်ဆောင်ရွက်ပြီးပါက ရေကောင်းစွာထုတ်နုတ်နိုင်မည် ဖြစ်ပါ ကြောင်းကိုလည်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား (၂၀၁၉-၂၀၂၀)ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ပါဝင်ခြင်းမရှိခဲ့ပါသဖြင့် (၂၀၂၀-၂၀၂၁)ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သဲကုန်းမြို့နယ်၊ သပြေလှကျေးရွာအုပ်စု၊ မီးလောင်ချောင်းကျေးရွာအနီးရှိ မီးလောင်ချောင်းအထက် ရေထိန်းရေလှောင်တမံအား ပြန်လည်ပြုပြင်**

**ပေးရန်အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် မီးလောင်ချောင်း အထက်တမံကို နည်းစနစ်တကျ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် (၂၀၁၉-၂၀၂၀)ခုဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ပါဝင်ခြင်းမရှိခဲ့ပါသဖြင့် (၂၀၂၀-၂၀၂၁)ခုဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်မင်းဇော်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါက်ခေါင်းမြို့နယ်၊ အနောက်ကြို့ကုန်းအုပ်စု၊ ညောင်ပင်အင်းကျေးရွာ၏ အနောက်ဘက်ရှိ ရေကူမြောင်းနှင့် ပင်မလက်ဝဲမြောင်းဆက်သွယ်သောနေရာတွင် ရေတံခါး(၁)စင်း တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။**"ပေါက်ခေါင်းမြို့နယ်၊ အနောက်ကြို့ကုန်းအုပ်စု၊ ညောင်ပင်အင်းကျေးရွာ၏ အနောက်ဘက်ရှိ ရေကူမြောင်းနှင့် ပင်မလက်ဝဲမြောင်းဆက်သွယ်သောနေရာတွင် ရေတံခါး(၁)စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ ဦးသက်မင်းဇော်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ကိုယ်စား မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ထားသော မြောက်နဝင်းဆည်၏ ပင်မရေပေးမြောင်း လက်ဝဲမြောင်းမတော်ကြီးသည် ပေါက်ခေါင်းမြို့နယ် အနောက်ကြို့ကုန်းအုပ်စု၊ ညောင်ပင်အင်းကျေးရွာ၏ အနောက်ဘက်တွင် ဖောက်လုပ်ထားပြီး ထိုပင်မလက်ဝဲမြောင်းမတော်အတွင်းသို့ ညောင်ပင်အင်းကျေးရွာအနီးရှိ အင်းများထဲမှ ရေပိုများကို ရေမြောင်းသွယ်ယူ၍ ပင်မမြောင်းအတွင်းသို့ ရေကူပို့လွှတ်ကာ နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်ရန် တည်ဆောက်ထားရှိပါသည်။

သို့သော် ရေကူမြောင်းနှင့် လက်ဝဲမြောင်းမတော် ဆက်သွယ်သောနေရာတွင် ရေတံခါးတစ်စင်း လိုအပ်လျက်ရှိနေပါသည်။ ထိုရေတံခါးရှိမှသာလျှင် ထိုမြောင်းမှ ရေပေးဝေနိုင်ခြင်းနှင့် ညောင်ပင်အင်းကျေးရွာ ရေကြီးနစ်မြုပ်ခြင်းဒဏ်မှ ကာကွယ်နိုင်မည်ဖြစ်သဖြင့် ယင်းရေတံခါးကို အမြန်ဆုံးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်မင်းဇော်ကိုယ်စားမေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသက်မင်းဇော်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ကိုယ်စား မေးမြန်းသည့် **"ပေါက်ခေါင်းမြို့နယ်၊ အနောက်ကြို့ကုန်းအုပ်စု၊ ညောင်ပင်အင်းကျေးရွာ၏ အနောက်ဘက်ရှိ ရေကူမြောင်းနှင့် ပင်မလက်ဝဲမြောင်း ဆက်သွယ်သောနေရာတွင် ရေတံခါး(၁)စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပေါက်ခေါင်းမြို့နယ်၊ အနောက်ကြို့ကုန်းအုပ်စု၊ ညောင်ပင်အင်းကျေးရွာ၏ အနောက်ဘက်ရှိ ရေကူ မြောင်းနှင့် ပင်မလက်ဝဲမြောင်းဆက်သွယ်သောနေရာတွင် ရေတံခါးတစ်စင်း တည်ဆောက်ပေးရန်အတွက် အဆိုပါ ရေတံခါးတည်ဆောက်မည့်နေရာအား အသေးစိတ် ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး မိုးရာဘတ်ဂျက်တွင် ထည့်သွင်းတင်ပြတောင်းခံပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို (၁၀:၄၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ(၇)ရက် (အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့ မှတ်တမ်း
# ၁၃၈၁ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
# [ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၇ ရက် ]
# (အင်္ဂါနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၂.၈၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှုမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ငွေ [ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး

လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး လှမိုးသိန်း၊ ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးပြည့်ဖြိုးဇော်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါ သဖြင့် (၇.၁.၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေး ပါရန် ယင်းတို့(၁၃)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၃ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော် ကိုယ်စားလှယ်(၄)ဦးကမေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ရွှေကျင်မြို့၊ ခြေတော်ရာကျေးရွာ ကိုယ်ထူကိုယ်ထမီးလင်းရေးကော်မတီမှ မိမိကျေးရွာတွင် အိမ်ခြေ(၆၀၀)အနက် (၂၆၉)အိမ် ဓါတ်အားဖြန့်ဖြူးပေးထားနိုင်ပြီး ကျန်အိမ်ခြေများအား ဓါတ်အားတိုးချဲ့ပေးနိုင်ရန် ကျေးရွာပိုင်ငွေဖြင့် ၁၁/၀.၄ ကေဗွီ၊ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံး တပ်ဆင်သုံးစွဲခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ရွှေကျင်မြို့နယ်၊ မြောက်ဘက်ခြမ်းကျေးရွာများ ဓါတ်အားရရှိရေးအတွက် ရွှေကျင်မြို့တွင် ၃၃/၁၁ ကေဗွီ(၅) အမ်ဗွီအေဓါတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/၏မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"ရွှေကျင်မြို့၊ ခြေတော်ရာကျေးရွာ ကိုယ်ထူကိုယ်ထမီးလင်းရေးကော်မတီမှ မိမိကျေးရွာတွင် အိမ်ခြေ(၆၀၀)အနက် (၂၆၉)အိမ် ဓါတ်အားဖြန့်ဖြူးပေးထားနိုင်ပြီး ကျန်အိမ်ခြေများအား ဓါတ်အားတိုးချဲ့ပေးနိုင်ရန် ကျေးရွာပိုင်ငွေဖြင့် ၁၁/၀.၄ ကေဗွီ၊ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံး တပ်ဆင်သုံးစွဲခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ရွှေကျင်မြို့၊ ခြေတော်ရာကျေးရွာ မီးလင်းရေးကော်မတီမှ ကျေးရွာတွင် အိမ်ခြေ (၆၀၀)အနက် (၂၆၉)အိမ်သာ ဓါတ်အားဖြန့်ဖြူးပေးနိုင်ပြီး ကျန်ရှိသော ကျေးရွာရှိ နေအိမ်များအား ဓါတ်အားတိုးချဲ့ပေးရန်လိုအပ်ပြီး လက်ရှိ ထရန်စဖော်မာမှ (၄၀၀)ဗို့လိုင်း ပေ(၄၅၀၀)ခန့် ကွာဝေးသော နေအိမ်များအား ဗို့အားပြည့်မီစွာ သုံးစွဲနိုင်ရန်အတွက် (၁၁)ကေဗွီဓါတ်အားလိုင်း (၃၇၀၀)ပေနှင့် ၁၁/၀.၄ ကေဗွီ၊ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးအား ကျေးရွာနေ ပြည်သူထည့်ဝင်ငွေ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများနှင့် ဝယ်ယူတပ်ဆင်သုံးစွဲ ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနှင့် ယနေ့အထိ လျှောက်ထားချက်ကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"ရွှေကျင်မြို့နယ်၊ မြောက်ဘက်ခြမ်းကျေးရွာများ ဓါတ်အားရရှိရေးအတွက် ရွှေကျင်မြို့တွင် ၃၃/၁၁ ကေဗွီ(၅) အမ်ဗွီအေဓါတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ရွှေကျင်မြို့၊ မြောက်ခြမ်းကျေးရွာများသည် ကျေးရွာပေါင်း(၂၅)ရွာခန့်ရှိပြီး ထိုရွာများသည် ရွှေကျင်ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံမှ (၁၀)မိုင် ပြင်ပတွင် တည်ရှိနေပါသည်။ ထိုကျေးရွာများသို့ ဓါတ်အားဖြန့်ဖြူးပေးနိုင်ပါရန် ရွှေကျင်မြို့၊ သံဆိပ်ကျေးရွာတွင် ၃၃/၁၁ကေဗွီ၊ (၅)အမ်ဗွီအေ ဓါတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ပေးပါက ရွှေကျင်

မြောက်ခြမ်းကျေးရွာ (၂၅)ရွာကို လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါ၍ ရွှေကျင်မြို့၊ သံဆိပ်ကျေးရွာတွင် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်လှလှဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့၊ ခြေတော်ရာကျေးရွာ ကိုယ်ထူ ကိုယ်ထမီးလင်းရေးကော်မတီမှ မိမိကျေးရွာတွင် အိမ်ခြေ(၆၀၀)အနက် (၂၆၉)အိမ် ဓါတ်အား ဖြန့်ဖြူးပေးထားနိုင်ပြီး ကျန်အိမ်ခြေများအား ဓါတ်အားတိုးချဲ့ပေးနိုင်ရန် ကျေးရွာပိုင်ငွေဖြင့် ၁၁/၀.၄ ကေဗွီ၊ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ (၁)လုံး တပ်ဆင်သုံးစွဲခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး(အရှေ့) ရွှေကျင်မြို့၊ ခြေတော်ရာကျေးရွာ ကိုယ်ထူကိုယ်ထမီးလင်းရေး ကော်မတီမှ မိမိကျေးရွာတွင် အိမ်ခြေ(၆၀၀)အနက် (၂၆၉)အိမ် ဓာတ်အားဖြန့်ဖြူးပေးထားနိုင်ပြီး ကျန်အိမ်ခြေများအား ဓာတ်အားတိုးချဲ့ပေးနိုင်ပါရန် ကျေးရွာပိုင်ငွေဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း (၃၇၀၀)ပေနှင့် ၁၁/၀.၄ ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံး တပ်ဆင်သုံးစွဲခွင့်ပြုပါရန် ရုံးချုပ်သို့တင်ပြခဲ့ရာ အဆိုပါကျေးရွာဓာတ်အားရရှိရေးအတွက် ရွှေကျင်လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဝန်အားနိုင်နင်းမှုမရှိသဖြင့် လက်ရှိရေအားစက်ရုံမှ ဓာတ်အားပေးပို့နိုင်ခြင်းမရှိပါ။ ရွှေကျင်မြို့ ၆၆/၁၁ ကေဗွီ (၅)အမ်ဗွီအေ ခွဲရုံ(၁)ရုံ တည်ဆောက်ပြီးမှသာ ဓာတ်အားပေးနိုင်မည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့နယ်၊ မြောက်ဘက်ခြမ်းကျေးရွာများ ဓါတ်အားရရှိရေးအတွက် ရွှေကျင်မြို့တွင် ၃၃/၁၁ ကေဗွီ(၅) အမ်ဗွီအေဓါတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး (အရှေ့) ရွှေကျင်မြို့နယ် မြောက်ဘက်ခြမ်းကျေးရွာများ ဓါတ်အားရရှိရေးအတွက် ရွှေကျင်မြို့တွင် ၆၆ ကေဗွီလိုင်း (၁၁)မိုင် ၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံ(၁)ရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ရန် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိပါက လုပ်ငန်းများအား ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရှိရပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးမြို့နယ်၌ ဓါတ်တိုင်ပေါ်တွင် တပ်ဆင်ထားသော အိမ်သုံးမီတာများကို သက်ဆိုင်ရာအိမ်များတွင် ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။**"ပဲခူးမြို့နယ်၌ ဓါတ်တိုင်ပေါ်တွင် တပ်ဆင်ထားသော အိမ်သုံးမီတာများကို သက်ဆိုင်ရာ အိမ်များတွင် ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်း၊ ပဲခူးမြို့နယ်တွင် ရွှေစွမ်းအင်ကုမ္ပဏီမှ မီတာခများကို ကောက်ခံလျက်ရှိပြီး အိမ်သုံးမီတာများကို နေအိမ်များတွင် တပ်ဆင်အသုံးပြုရမည့်အစား ဓါတ်တိုင်များပေါ်တွင် တပ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

ယခုအခါ မီတာခများကို ကောက်ခံရာတွင် ပြည်သူများအနေဖြင့် အောက်ပါအခက်အခဲများကို ကြုံတွေ့နေရပါသည်။

- မီတာယူနစ်များ မမှန်မကန်ဖြစ်ခြင်း၊
- မီတာခကောက်ခံငွေများ မှားယွင်းမှုများရှိခြင်း၊
- မီတာများ ဓါတ်တိုင်များပေါ်တွင်ရှိခြင်းကြောင့် ပြည်သူများမှ မီတာယူနစ်များကို ကိုယ်တိုင်မဖတ်ရှုနိုင်ခြင်း၊
- ဓါတ်တိုင်ပေါ်ရှိ မီတာများကို တစ်စုတစ်ဝေးတည်းထားခြင်းကြောင့် ၎င်းမီတာထဲသို့ တပ်ဆင်သောလျှပ်စစ်ကြိုးများသည် မှားယွင်းမှုများဖြစ်ပေါ်ခြင်း စသည့် အခက်အခဲများဖြင့် ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ ဓါတ်တိုင်များပေါ်တွင် တပ်ဆင်ထားသော မီတာ Box များကို အောက်သို့ချ၍ သက်ဆိုင်ရာအိမ်များတွင် ပြန်လည်တပ်ဆင်ခြင်း အစီအစဉ်ရှိ/မရှိကို မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့နယ်နှင့် ဆက်စပ်လျက်ရှိသော သဲကုန်းမြို့နယ်အပါအဝင် အခြားသောမြို့နယ်များမှ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးအတွက် မှီခိုအသုံးပြုနေရသော မော်တော်ယာဉ်များကို ပြည်မြို့နယ်တွင် ဖွဲ့စည်းထား သော (BRT)အဖွဲ့မှ စစ်ဆေးအရေးယူမှုများကို ဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"ပြည်မြို့နယ်နှင့် ဆက်စပ်လျက်ရှိသော သဲကုန်းမြို့နယ်အပါအဝင် အခြားသောမြို့နယ်များမှ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးအတွက် မှီခိုအသုံးပြုနေရသော မော်တော်ယာဉ်များကို ပြည်မြို့နယ်တွင် ဖွဲ့စည်းထားသော (BRT)အဖွဲ့မှ စစ်ဆေးအရေးယူမှုများကို ဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပြည်မြို့သည် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းရှိ စီးပွားရေးဗဟိုချက်မြို့တစ်မြို့ဖြစ်ပါသည်။ အဆိုပါခရိုင်မြို့သို့

ပတ်ဝန်းကျင်နယ်မြို့များမှ ကုန်စည်ပို့ဆောင်ရေးနှင့် အခြားသောအထွေထွေကိစ္စများအတွက် နေ့စဉ်ဆက်သွယ်ကူးလူးသွားလာနေရပါသည်။ ဆက်သွယ်သွားလာရေးအတွက် အဓိကအသုံးပြုရာ လမ်းကြောင်းမှာ မော်တော်ကားလမ်းဖြစ်၍ မီးရထားလမ်းအသုံးပြုမှု အလွန်နည်းပါးပါသည်။ သုံးစွဲသည့် ယာဉ်များမှာ Truck အုပ်စုဝင် (Light truck) (Dyna truck) (Canter truck) များကို အများဆုံး အသုံးပြုကြပါသည်။

ပြည်မြို့သို့ အဆိုပါယာဉ်များနှင့် ဆက်သွယ်ပေါင်းကူးနေသောမြို့များမှာ ဇီးကုန်း၊ နတ္တလင်း၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ ပန်းတောင်း၊ ဥသျှစ်ပင်၊ ပေါက်ခေါင်း၊ ကံမနှင့် တီတွတ်၊ ပေါင်းတလည်မြို့နယ် မြို့ခွဲများဖြစ်ပါသည်။ သဲကုန်းမြို့နယ်အတွင်းတွင် မြို့ခွဲများဖြစ်သောအင်းမ၊ ပုတီးကုန်း၊ သဲကုန်း၊ ဆင်မြီးဆွဲမြို့များမှ ဆက်သွယ်နေပါသည်။

ယခုအခါ အဆိုပါသယ်ယူပို့ဆောင်ရေးယာဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုဖွဲ့စည်းပေးခဲ့သည်ဆိုသော (BRT) အဖွဲ့မှ စစ်ဆေးအရေးယူခြင်း၊ ဖမ်းဆီးခြင်း၊ ငွေကြေးကောက်ခံ ဒဏ်ရိုက်ခြင်းများပြုလုပ်လာပါသည်။

အရေးယူဆောင်ရွက်ပုံမှာ သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်မှတ်ပုံတင်(က)လိုင်စင်အုပ်စုဝင် (Truck)များ ကုန်+လူ(၅)ဦးတင်ဆောင်ရန်နှင့် ခရီးသည်တင်ဆောင်ခြင်းမပြုရန်၊ (ခ)လိုင်စင်အုပ်စုဝင် (Bus)များသာ ခရီးသည်တင်ရန်အတွက် ရွှေ့လျားဖမ်းဆီးရေး အရေးယူ ဆောင်ရွက်နေပါသည်။ ၎င်းသတ်မှတ်ချက်များမကိုက်ညီပါက ဒဏ်ငွေ(၃၀၀၀ဝ/-) အထိတပ်ရိုက်၍ အရေးယူမှုများ ပြုလုပ်နေရာ လုပ်ငန်းရှင်နှင့်ခရီးသည်များပါ အခက်အခဲများဖြစ်ပေါ်လျက်ရှိပါသည်။ ဥပဒေပါ အချက်များကို အကောင်အထည်ဖော်သည်ဆိုသော်လည်း ဖြေလျှော့ပေးခြင်းပြုလုပ်မှသာ ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားလာရေး အဆင်ပြေနိုင်ပါလိမ့်မည်။

ဖြေလျှော့ပေးသင့်သောအချက်များမှာ-

- ပတ်ဝန်းကျင်မြို့များမှ ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးအတွက် အသုံးပြုသော ယာဉ်(၉၀%)ကျော်မှာ Truck များသာဖြစ်ခြင်း၊
- ၎င်းမော်တော်ယာဉ်များ၏ ယာဉ်စမှတ်များမှာကျေးရွာအုပ်စုမှ စတင်ပြေးဆွဲသော ယာဉ်များပါဝင်ခြင်း၊
- လမ်းပန်းဆက်သွယ်ရေးအရလမ်းပိုင်းအချို့မှာ Bus အသုံးပြုရန် အခက်အခဲရှိခြင်း၊
- ကုန်တင်/လူတင် Truck များကြောင့် ယာဉ်အန္တရာယ်ထိခိုက်မှုနှင့် အသက်အိုးအိမ် ဆုံးရှုံးခြင်းဖြစ်ပွားမှု အလွန်တရာနည်းပါးခြင်း၊
- ပြည်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုမှာ Truck များကြောင့်ဖြစ်သည်ဟူသော အကြောင်းပြချက် မခိုင်လုံခြင်း၊
- အရေးယူမှုများ တစ်ပြေးတည်းတစ်သားတည်းမဟုတ်ခြင်း၊
- ဖွဲ့စည်းထားသော BRT အဖွဲ့မှာ အာဏာပိုင်အဖွဲ့မဟုတ်ခြင်းတို့ဖြစ်ပါသည်။

ပြည်မြို့နယ်နှင့် ဆက်စပ်မြို့များ/ကျေးရွာများမှ ခရီးသွားဒေသခံပြည်သူများအတွက် လွယ်ကူအဆင်ပြေနေသော ဆက်သွယ်ရေးစနစ်တစ်ခုကို ပြုပြင်မည်ဆိုပါက အချိန်ပေးပြုပြင်မှသာ အဆင်ပြေချောမွေ့မည်ဖြစ်ပါ၍ မော်တော်ယာဉ်များကို BRT အဖွဲ့မှ စစ်ဆေးအရေးယူမှုများကို တားဆီးပယ်ဖျက်နိုင်ရေး (သို့) ဖြေလျော့နိုင်ရေးစီစဉ်ဆောင်ရွက်ပေးရန် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးမြို့နယ်၌ ဓါတ်တိုင်ပေါ်တွင် တပ်ဆင်ထားသော အိမ်သုံးမီတာများကို သက်ဆိုင်ရာအိမ်များတွင် ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူးမြို့အတွင်း ဓာတ်တိုင်ပေါ်တွင်တပ်ဆင်ထားသော အိမ်သုံးမီတာများ ရွှေ့ပြောင်းတပ်ဆင်နိုင်ရန် ပြည်ထောင်စု ဝန်ကြီးဌာနနှင့် လိုအပ်သလိုဆောင်ရွက်သွားရန် တိုင်းဒေသကြီး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး လုပ်ငန်းသို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ထိုကိစ္စနဲ့ပတ်သက်လို့ အနည်းငယ်ရှင်းပြလိုပါတယ်။ ရွှေစွမ်းအင်ကုမ္ပဏီမှ လုပ်နေသည့် အချို့ဟာတွေက ရွှေစွမ်းအင်ရဲ့မီတာခတွေမှားယွင်းတာနဲ့ပတ်သက်လို့ ပြဿနာတွေကို အားလုံးနဲ့ တွေ့ဆုံပြီးတော့ ဖြေရှင်းခဲ့ပါတယ်။ အဲ့ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလို မြောက်မြား စွာသော မီတာဖတ်ရှုတဲ့ မှားယွင်းမှုတွေများနေတာကိုလည်း ကြုံတွေ့ရပါတယ်။

မီတာတွေကို ဓါတ်တိုင်ပေါ်မှာတပ်ဆင်တာနဲ့ပတ်သက်ပြီး တစ်ခြားနိုင်ငံတွေမှာလည်း ဒီလို တပ်ဆင်ပါတယ်။ ကျွန်တော်တို့ဆီမှာမှမဟုတ်ပါဘူး။ ကျွန်တော်တို့နေခဲ့တဲ့တာချီလိတ်မှာလည်း ဘာ အတွက် တပ်ဆင်ခဲ့သလဲဆိုလျှင် ဒါတွေသည် တကယ်တမ်းက ရှေ့လျှောက်သွားမည့် AMI စနစ်က ဖုန်းနဲ့ပဲဖတ်လို့ရပါတယ်။ မီတာခလည်းဖတ်လို့ရမယ်။ မီတာလည်းခိုးလို့မရဘူး။ ဒီအပေါ်မှာ ကျွန်တော် တို့က အထဲမှာမီးဖွင့်ထား၊ ပိတ်ထားလျှင်လည်း အထဲမှာမီးဖွင့်ထားခဲ့ပြီးမှ အိမ်အပြင်ထွက်သွားလျှင် လည်း အိမ်အပြင်ကနေ ဖုန်းနဲ့လှမ်းပိတ်လို့ရတဲ့စနစ်နဲ့သွားဖို့လည်း အစီအစဉ်ရှိပါတယ်။ အဲ့ဒီလိုသွားဖို့ အစီအစဉ်ရှိတဲ့အတွက် Frequency နဲ့သွားတာဖြစ်တဲ့အတွက် အဲ့ဒီဓါတ်တိုင်တွေအပေါ်မှာ တပ်မှသာ လျှင် အဆင်ပြေမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီဟာလေးတွေသည် ရှေးတုန်းက အိမ်အတွင်းမှာ တပ်ထား တာတွေက ထားခဲ့တော့ နောက်ဟာတွေကို အပြင်မှာတပ်ဆင်ပေးဖို့ရှိပါတယ်။ ပြည်ထောင်စု ဝန်ကြီး ဌာနကို မေးမြန်းတဲ့အခါမှာလည်း ပြည်ထောင်စုဝန်ကြီးဌာနမှ ဒီလိုတပ်ဆင်ရတာသည် သမ္မတရုံးရဲ့ ခွင့်ပြုချက်တောင်းပြီး တပ်ဆင်တာပါ။ ရှေ့လျှောက်သွားမည့် ရည်ရွယ်ချက်တွေအရ တပ်ဆင်တာပါ။ ဓါတ်တိုင်ပေါ်မှာတပ်ဆင်ခြင်းအားဖြင့် ကောင်းချက်တွေအများကြီးရှိသလို မကောင်းတဲ့ အချက်တွေ ကလည်း မရှော်လင့်ဘဲဖြစ်နေတာပါ။

အိမ်ထဲမှာတပ်ဆင်လျှင် ရှေ့လျှောက်သွားမည့် AMI စနစ်နဲ့လည်းသွားလို့မရဘူး။ မီတာခိုးသုံးနေတာတွေ ပြန်ပြုပြင်တာတွေ ရှိလာနိုင်တဲ့အတွက် အပေါ်မှာတပ်ဆင်ပါတယ်။ အပေါ်မှာတပ်ဆင်တဲ့အတွက် မထင်မှတ်ထားဘဲနဲ့ မသမာမှုလည်းပါလျှင်ပါမယ်။ အဲ့ဒီမှာမှားယွင်းတာတွေကော၊ မီတာမှားဖတ်တာတွေကော ဖြစ်နေတယ်။ အမှန်က ဒါဖြစ်ကိုမဖြစ်သင့်တဲ့အရာပါ။ အဲ့ဒီကိစ္စနဲ့ပတ်သက်လို့ပြောရမယ်ဆိုလျှင် အပေါ်မှာတပ်တာသည် ရှေ့လျှောက်ကောင်းဖို့ရည်ရွယ်ပြီး တပ်တာဖြစ်တဲ့အတွက် အစိုးရဘတ်ဂျက်အနေနဲ့ အထဲမှာတပ်ဆင်ဖို့က ပဲခူးအတိုင်းအတာ၊ ထို့အတူပဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့က ဘတ်ဂျက်ပေါင်းမြောက်မြားစွာ ကုန်ကျမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ရောဝတီတိုင်းကမေးခဲ့တုန်းက အားလုံးတစ်နိုင်ငံလုံး အတိုင်းအတာ(၃၈)ဘီလီယံလို့ သိရှိရပါတယ်။ အဲ့ဒီတော့ ဒါကို အတွင်းမှာပြန်တပ်ပြီးလျှင်လည်း AMI စနစ်နဲ့သွားလျှင် အပြင်မှာပြန်တပ်ရမှာဖြစ်ပါတယ်။ ယခုရည်ရွယ်ဆောင်ရွက်ထားတာသည် အပေါ်မှာတပ်ထားတဲ့ဟာကို မီတာဖတ်စာရေးအနေနဲ့ အဲ့ဒါကို မူလီလေးဆွဲပြီး အိမ်ရှင်အတည်ပြုချက်ရယူပြီးတော့မှ မီတာခတောင်းဖို့ပဲဖြစ်ပါတယ်။ အဲ့ဒီလိုမှမဟုတ်ဘဲနဲ့ အောက်ကိုချချင်တယ်ဆိုလည်း သူတို့ငွေကြေးကုန်ကျမှုနဲ့ချရန်နှင့် တကယ်လို့ လိုအပ်တယ်ဆိုလျှင်လည်း အပေါ်မှာ ပြန်တပ်ဖို့အတွက် သူတို့ကုန်ကျစရိတ်ခံပြီး ပြန်တပ်ပေးပါမယ်ဆိုတဲ့ ခံဝန်ချက်လေးနဲ့ပဲ ကျွန်တော်တို့ လုပ်လို့အဆင်ပြေမှာဖြစ်ပါတယ်။ ထို့အတွက် လတ်တလောမှာတော့ အပေါ်မှာတပ်တဲ့ အားနည်းချက်တွေကို မရှိအောင်ပြုပြင်ပြီးမှ သာလျှင် အပေါ်မှာပဲထားသင့်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့နယ်နှင့် ဆက်စပ်လျက်ရှိသော သဲကုန်းမြို့နယ်အပါအဝင် အခြားသောမြို့နယ်များမှ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေး အတွက် မှီခိုအသုံးပြုနေရသော မော်တော်ယာဉ်များကို ပြည်မြို့နယ်တွင် ဖွဲ့စည်းထားသော (BRT) အဖွဲ့မှ စစ်ဆေးအရေးယူမှုများကို ဖြေလျော့ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပြည်မြို့နယ်နှင့် ဆက်စပ်လျက်ရှိသောမြို့နယ်များမှ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးကို မှီခိုအသုံးပြုနေသော မော်တော်ယာဉ်များသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ၂၀၁၆ခုနှစ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အငှားယာဉ်အဖြစ် မှတ်ပုံတင်ပြီး လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနတွင် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် **(ခ)** လုပ်ငန်းလိုင်စင်ရယူကာ စီးပွားရေး၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

သို့သော် ပဲခူးတိုင်းရဲ့အနေအထားအရ ကျေးရွာအများစုနဲ့ ဖွဲ့စည်းထားကြတာဖြစ်ပါတယ်။ သို့အတွက် သယ်ယူပို့ဆောင်ရေးနဲ့ပတ်သက်ပြီး ကျေးရွာတွေမှလာတဲ့ကားတွေသည် (ခ)လိုင်စင် ခရီးသည်တင်တဲ့ယာဉ်တွေကိုပဲ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ သို့သော် ဒီအပေါ်မှာပြေးဆွဲနေတာ Truck

ကားတွေပဲဖြစ်တဲ့အပြင် သူတို့အဆင်ပြေချောမွေ့စေရေးအတွက် Truckကားသည် ကုန်စည်တင်ရမှာဖြစ်တဲ့အတွက် အဆင်ပြေချောမွေ့ဖို့ (က)လိုင်စင်ယူပြီး နံပါတ်အနီနဲ့ ခရီးသည်တက်စီးပြီး ကုန်စည်ပို့ဆောင်တာမျိုးဖြစ်တယ်ဆိုလျှင် အရေးယူဆောင်ရွက်ခြင်းမရှိပါဘူး။ သို့သော် ၎င်းကားများသည် နံပါတ်အနက်နဲ့ ခရီးသည်ပြေးဆွဲခွင့်မရှိပါဘူး။ ဒေသလိုအပ်ချက်များအရ ကုန်စည်ပြေးဆွဲရင်း ခရီးသည်ပါလိုက်ပါဆောင်ရွက်ခြင်းမျိုးလည်း လုပ်လို့ရပါတယ်။ (၃၀၀၀၀) (၅၀၀၀၀)တို့လည်း ဥပဒေအရ ကောက်ခံရတာဖြစ်ပါတယ်။ ဥပဒေမှာ သူ့ကျကောက်တယ်၊ ကိုယ့်ကျမကောက်ဘူးဆိုပြီး လုပ်လို့မရပါဘူး။

နောက်တစ်ခုက BRTA သည် တိုင်းဒေသကြီး ဒေသန္တရကြီးကြပ်ရေးဥပဒေအရ ဖွဲ့စည်းထားတာဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ဒေသန္တရကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်ဟု ပါရှိတဲ့အတွက် ဒေသန္တရကြီးကြပ်ရေးအဖွဲ့ (သို့မဟုတ်) အာဏာပိုင်အဖွဲ့ဆိုပြီး Cabinet အတည်ပြုချက်အပါအဝင် ဥပဒေအရ တိုင်းဒေသကြီး ယကက ဥပဒေအရဖွဲ့စည်းထားတဲ့အဖွဲ့ဖြစ်ပါတယ်။ ထိုအဖွဲ့ကလည်း အောက်မှာလုပ်နေတဲ့ ယကက များကို ကြီးကြပ်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အောက်မှာလုပ်ဆောင်မှုမှန်/မမှန်နဲ့ ကြီးကြပ်ဆောင်ရွက်ဖို့ Test Board အနေနဲ့ ကြီးကြပ်ဆောင်ရွက်ထားတာဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်တော် ပြန်စဉ်းစားစေချင်တာက တိုင်တွေအပေါ်မှာရှိတဲ့အတွက်ကြောင့် တော်တော်လေးကို ပြဿနာဖြစ်တယ်။ ပဲခူးတစ်မြို့လုံးပဲ သွားတဲ့နေရာတိုင်းမှာ ဒါကိုတင်ပြတာရှိတယ်။ ဒါကလည်း ပဲခူးတိုင်းတစ်တိုင်းလုံးလုပ်တာမဟုတ်ဘူး။ ပဲခူးတိုင်းမှာမှ နေရာ(၄)ခုလောက်ပဲလုပ်ထားတာဖြစ်တယ်။ ဒီလိုအဆင်မပြေတဲ့ကိစ္စမျိုးကို ပိုပြီးတော့ အဆင်ပြေချောမွေ့ဖို့အတွက် သက်ဆိုင်ရာဌာနတွေနဲ့ ပြန်စဉ်းစားဖို့လိုတယ်။ ဒါလေးကို ဝန်ကြီးဌာနတွေအနေနဲ့ လူထုအတွက်ကို စဉ်းစားပေးဖို့ ကျွန်တော့်အနေနဲ့ ထပ်ပြီးတော့ တိုက်တွန်းပါရစေ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးကျော်မင်းစံ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်မင်းစံမေးမြန်းတဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ဖြေကြားမယ်ဆိုလျှင် လတ်တလောမှာတော့ အထဲမှာတပ်တာအတွက် အားနည်းချက်တွေရှိသလို အပြင်မှာလည်း အားနည်းချက်တွေရှိပါတယ်။ ရေရှည်မှာတော့ အပြင်မှာမှ ကောင်းမွန်တာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း အပြင်မှာတပ်တာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း တာချီလိတ်တို့ ဘာတို့မှာတပ်ထားပါတယ်။ တာချီလိတ်မှာတော့ ဘာပြဿနာမှမရှိခဲ့ပါဘူး။ ဒါနဲ့ပတ်သက်လို့ တစ်ချို့ ဖြစ်နေတဲ့ပြဿနာရှိကောင်းရှိနိုင်ပါတယ်။ ရှိလဲရှိတယ်လို့ကျွန်တော်သိပါတယ်။ အဲ့ဒီပြဿနာလေး တွေကို အပေါ်မှာမှားယွင်းဖတ်နေတဲ့ကိစ္စလေးတွေကို လိုအပ်သလိုပဲ ပြုပြင်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လုံးဝတပ်ချင်သပဆိုလည်း သူတို့ရဲ့ကုန်ကျစရိတ်နဲ့ တပ်တာရော ပြန်ထုတ်တာရော လုပ်ရမှာဖြစ်တဲ့အတွက် မလိုလားအပ်တဲ့ ကုန်ကျမှုတွေဖြစ်နေမှာဖြစ်တဲ့အတွက် လောလောဆယ် ထိန်းကျောင်းရင်းနဲ့ အမှားအယွင်းမရှိအောင်ပဲ လောလောဆယ်အပြင်မှာထားတာ အဆင်ပြေနိုင်ပါ ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဝန်ကြီးဖြေသွားတဲ့အဖြေနဲ့ ပတ်သက်လို့ အဖြေမှာပေးထားတဲ့ စာသားဖြေကြားချက်နဲ့ နှုတ်မှာဖြေတဲ့ဖြေကြားချက်က အဖြေမှာ ပေးထားတဲ့ စာသားဖြေကြားချက်ကတော့ ဥပဒေကိုဖြေသွားတာပါ။ ဥပဒေဖြေသွားတာတော့ ကျွန်တော်တို့လည်းသိတယ်။ ယာဉ်လုပ်ငန်းလုပ်ကိုင်နေတဲ့သူတွေလည်း သိပြီးသားပါ။ ထူးထူးခြားခြား ထပ်ပြီးတော့ နားလည်စရာ သိစရာမပါဘူး။ နှုတ်နဲ့သီးသန့်ဖြေသွားတာကိုလည်း ကျွန်တော့်အနေနဲ့ ဘာကိုဖြေကြားတာလဲ။ ဘာကိုမှတ်သားတာလဲဆိုတာ ကျွန်တော့်အနေနဲ့ နားလည်ခြင်းမရှိပါဘူး။ ကျွန်တော်တို့မေးထားတဲ့မေးခွန်း နှစ်မျက်နှာလောက်ရှိတဲ့ အကျိုးအကြောင်းဖော်ပြချက်နဲ့ ပြည့်ပြည့် စုံစုံမေးပေးထားတယ်။ ဝန်ကြီးအနေနဲ့ဖြေတာကတော့ တစ်မျက်နှာတောင်မပြည့်တဲ့ စာကြောင်း(၅) ကြောင်းအဖြေလေးကို ဖြေသွားတာတွေ့ရပါတယ်။ ဒါထားတော့၊ ဥပဒေနဲ့အညီလုပ်ပြီ၊ လုပ်ပြီဆိုတော့ ကျွန်တော်တို့အနေနဲ့လည်း ဥပဒေနဲ့အညီဆောင်ရွက်တယ်ဆိုတဲ့အတွက် ထပ်မံပြီးတော့ Complain လုပ်စရာမရှိပါဘူး။ ဒါပေမယ့် ဒါကိုအသက်သွင်းမယ်ဆိုလျှင် အချိန်ပေးဖို့တော့လိုပါတယ်။ BRT ကိုအသက်သွင်းမယ်။ Truck တွေပြေးနေတဲ့အချိန်မှာ နယ်မြေတွေမှာ Truck ကားကုန်တင်ပြီးတော့ လာတယ်။ ကျောင်းသားလေးတွေ ပြည်နဲ့သဲကုန်းနဲ့အစပ်မြို့ နယ်မြေအစပ်တွေကကျောင်းသားတွေက ပြည်မြို့ပေါ်ကျောင်းတွေကိုသွားတယ်။ ဒီကားတွေကိုပဲ မှီခိုရပါတယ်။ အဲ့ဒီကားတွေကလိုက်ပါပြီးတော့

ဒီကားတွေကိုပဲ မှီခိုရတာပါ။ ဒီလိုလုပ်နေတဲ့အတွက်ကြောင့် ကျိန်းသေပေါက်အခက်အခဲတွေဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်မေးရတာပါ။ ဒါလေးကို ဆိုင်းငံ့အနေနဲ့ တစ်လ သို့မဟုတ် နှစ်လ Bus သမားတွေ၊ Truck သမားတွေကလည်း အားလုံးနဲ့အညီဖြစ်အောင်ပြုပြင်မယ်။ အညီဖြစ်အောင် လျှောက်ထားမယ်။ အဲ့လိုလျှောက်ထားတဲ့အခါမှာ လွယ်ကူအောင်ဆောင်ရွက်ပေးမလား။ အဲ့လို ဆောင်ရွက်နေဆဲကာလလေးမှာ အားလုံးအဆင်ပြေချောမွေ့အောင် အကောင်အထည်ဖော်မှုတွေ၊ အသက်သွင်းမှုတွေကို တစ်လခန့် ဒါမှမဟုတ် နှစ်လခန့် ဆိုင်းငံ့ထားနိုင်မလားဆိုတာ ဆက်စပ်မေးခွန်းအနေနဲ့မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းကို စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဦးဇော်လင်းထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဥပဒေအတိုင်း လုပ်ဆောင်နေရတာဖြစ်ပါတယ်။ လွှတ်တော်မှာတော့ ဥပဒေနဲ့ပတ်သက်လို့ ချိုးဖောက်တဲ့ပုံစံဖြစ်တာတော့ မဖြစ်သင့်ဘူး။ ဒါပေမယ့် ဒါနဲ့ ပတ်သက်လို့ ဥပဒေအတိုင်းကြီးကွာလို့ တင်းတင်းမာမာကြီးမလုပ်ပါဘူး။ ဒဏ်ရိုက်တာတစ်ခုတည်း လုပ်ဆောင်တာ ဖြစ်ပြီးတော့ အဲ့ဒါကို အရေးယူလို့ရတာရှိပါတယ်။ တစ်ကြိမ်ဆိုလျှင်ဒဏ်ရိုက်တယ်။ နှစ်ကြိမ်ဆိုလျှင် ဖမ်းဆီးအရေးယူတဲ့ကိစ္စတွေရှိပါတယ်။ လိုင်စင်သိမ်းတာစသဖြင့် ရှိပါတယ်။ သို့သော် ကျွန်တော် အဲ့ဒီအတိုင်း မလုပ်ပါဘူး။ ဒေသဆိုင်ရာရဲ့ ပြည်သူလူထုရဲ့အခက်အခဲကို လျစ်လျူရှု မထားပါဘူး။ ဥပဒေမှာလည်း တစ်ပြေးညီဖြစ်အောင်လုပ်ရတာဖြစ်သလို ဥပဒေကိုချိုးဖောက်လို့လည်းမရပါဘူး။ ဖြေလျှော့ခြင်း တစ်ခုဆိုတာ ဘာလဲဆိုတော့ Truck တွေကို ဒီကားအပြင်မပြေးနဲ့လို့ ပြောတာမဟုတ်ပါဘူး။ ဒေသခံအခက်အခဲဖြစ်တဲ့အတွက် စောစောကမေးခွန်းမှာလည်း ဖြေကြားခဲ့တာ ဖြစ်ပါတယ်။ မှန်လုံမှ ဘာညာမှလည်း ကျွန်တော်မပြောပါဘူး။ ကားသည် ခရီးသည်တင်ပြီး ပြေးဆွဲမယ်ဆိုလျှင် နံပါတ်အနီဖြစ် ရပါမယ်။ နံပါတ်အနီမဟုတ်ဘဲနဲ့ နံပါတ်အနက်ကြီးနဲ့ပြေးဆွဲလို့မရပါဘူး။ အဲ့ဒီအတွက်ကြောင့် နံပါတ်အနီ အမြန်ဆုံးလုပ်ဆောင်ဖို့လိုအပ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ်၊ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)စီမံကိန်းအား ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"ဖြူးမြို့နယ်၊ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)စီမံကိန်းအား ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ဖြူးမြို့နယ်မှ ကျောက်ကြီးမြို့နယ်၊ မုန်းမြို့သို့ဆက်သွယ်သော စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)ကို သက်ဆိုင်ရာဌာနမှ ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်ခွင့်ပြုငွေဘတ်ဂျက်အဖြစ် အောက်ပါအတိုင်း ရရှိခဲ့ပါသည်။

- ၂၀၁၈ ခုနှစ်၊ မီနီဘဏ္ဍာရေးနှစ် သန်း (၅၀.၀၀) (ပြည်ထောင်စုဘတ်ဂျက်)
  ၂၀၁၈ ခုနှစ်၊ မီနီဘဏ္ဍာရေးနှစ် သန်း (၅၀၀.၀၀)(တိုင်းဒေသကြီးဘတ်ဂျက်)
- ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် သန်း (၄၀၀.၀၀) (ပြည်ထောင်စုဘတ်ဂျက်)
  ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်မှ မရရှိပါ။
- ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် သန်း (၅၀၀.၀၀) (ပြည်ထောင်စုဘတ်ဂျက်)
  ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်မှ မရရှိပါ။

အဆိုပါ မြစ်ကူးတံတား၏ စီမံကိန်းခန့်မှန်းတန်ဖိုးမှာ သန်း (၃၅၀၀.၀၀)ဖြစ်ပြီး ယခုလက်ရှိ ရရှိပြီးတန်ဖိုးမှာ သန်း (၁၄၅၀.၀၀)ဖြစ်သဖြင့် ထပ်မံလိုအပ်သောရန်ပုံငွေမှာ သန်း (၂၀၅၀.၀၀)ဖြစ်ပါသည်။ ယခု နောက်ဆုံးဘဏ္ဍာရေးနှစ် (၂)နှစ်အတွင်း တိုင်းဒေသကြီးအစိုးရမှ ဘဏ္ဍာငွေခွင့်ပြုချက်လုံးဝခွင့်ပြုခြင်းမရှိသဖြင့် ယခုလို ပြည်ထောင်စုဘတ်ဂျက်တစ်ခုတည်းကသာ ရရှိမည်ဆိုပါက တံတားဆောက်လုပ်ရေးပြီးစီးရန် နောက်ထပ်ဘဏ္ဍာရေးနှစ် (၄)နှစ်ခန့် ထပ်မံကြာမြင့်မည်ဖြစ်သဖြင့် မူလရည်မှန်းချက်ကာလအတိုင်း ပြီးစီးမည်မဟုတ်ပါ။ မိမိတို့၏ စစ်တောင်းမြစ်ကူး(အုတ်ဖြတ်)တံတားသာလျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေခွင့်ပြုချက်မရဘဲ နောက်ဆောက်လုပ်သည့် တံတားများက တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေများရရှိနေသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဖြူးမြို့နယ်၊ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)အား သတ်မှတ်ထားသော စီမံကိန်းကာလအတွင်း ပြီးစီးနိုင်ရေးအတွက် နောင်ဘဏ္ဍာရေးနှစ်များတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ပုံငွေခွင့်ပြုနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်စိန် မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ်၊ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)စီမံကိန်းအား ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ စစ်တောင်းမြစ်ကူးတံတား (အုတ်ဖြတ်)သည် တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဖြူးအုတ်ဖြတ်-မုန်းလမ်း မိုင် ၁၂/၆ တွင် တည်ရှိပြီး တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၀)မှ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်

ဆောင်ရွက်ခဲ့သော (၆၂၀ ပေ) အရှည် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ပြီး စစ်တောင်းမြစ်ကူး တံတား(အုတ်ဖြတ်)၏ ခန့်မှန်းစီမံကိန်းတန်ဘိုးမှာ ကျပ်(၃၇၉၉.၃၇)သန်းဖြစ်ပြီး နှစ်အလိုက် ခွဲဝေရရှိသောရန်ပုံငွေမှာ ပြည်ထောင်စုမှ ကျပ်(၉၉၉.၃၇)သန်း၊ တိုင်းဒေသကြီးမှ ကျပ်(၅၀၀.၀၀၀)သန်း၊ စုစုပေါင်းကျပ် (၁၄၉၉.၃၇)သန်း ဖြစ်ပါကြောင်းနှင့် တံတားတစ်စင်းလုံး တည်ဆောက်ပြီးစီးရန် အတွက် ထပ်မံလိုအပ်ရန်ပုံငွေမှာ ကျပ်(၂၃၀၀)သန်းဖြစ်ပါကြောင်း၊ အဆိုပါ စစ်တောင်းမြစ်ကူးတံတား (အုတ်ဖြတ်)တံတားအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်တည်ဆောက်နိုင်ရန်အတွက် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေတွင် ကျပ်(၁၃၀၀.၀၀)သန်းသုံးစွဲရန်နှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် (၁၀၀၀.၀၀)သန်းကို သုံးစွဲရန်လျာထားပြီး ရန်ပုံငွေများရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေမရရှိပါက ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဒီတံတားနဲ့ပတ်သက်ပြီးတော့ စစ်တောင်းမြစ်ကူးတံတားတွေအားလုံးထဲမှာ ဖြူးမြို့နယ်တံတားဟာ ဖြူးနဲ့မုန်းလမ်းဟာလည်း ၁၂ ပေ ကနေ ၁၈ ပေအထိချဲ့နေတဲ့ ကတ္တရာလမ်းဖြစ်ပါတယ်။ လူသွားအများဆုံးလမ်းလည်းဖြစ်ပါတယ်။ ဆိုလိုတာကတော့ စီးပွားရေးအရပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် အသုံးပြုအများဆုံး၊ လူအသွားအလာအများဆုံးတံတားဖြစ်ပါတယ်။ ကျွန်တော် သက်ဆိုင်ရာဌာနကိုမေးကြည့်တဲ့အခါကျတော့ ပထမနှစ်မှာ ပြည်ထောင်စုဘတ်ဂျက်က သန်း ၅၀ ချတယ်။ တိုင်းဘတ်ဂျက်က သန်း ၅၀၀ ချပေးတယ်။ အဲ့ဒါကို ပြည်ထောင်စုက နောက်နှစ်မှာ တိုင်းဒေသကြီးကနေပြီး သန်း ၅၀၀ ပဲချပေးမှာပဲဆိုပြီးတော့ နောက်နှစ်မှာ သန်း ၄၀၀ ကို လျှော့ချလိုက်ပါတယ်။ ပြည်ထောင်စုဘတ်ဂျက်က လျှော့ချပေမဲ့ တိုင်းဒေသကြီးအစိုးရဆီမှ လုံးဝမရရှိခဲ့ပါဘူး။ ဒါကြောင့် နောက်နှစ်မှာလည်း ဒီလိုမျိုး နားလည်မှုလွဲနေမယ်ဆိုလျှင် ဒီနှစ်တွေလိုပဲဖြစ်သွားလျှင် ကျွန်တော်ပြောသလိုပဲ နိုင်ငံရဲ့ပုံရိပ်လည်း ထိခိုက်ပါတယ်။ ဒီလောက်တံတားလေးကို ၆ နှစ် ၇ နှစ်ဆောက်ရတယ်ဆိုတာကတော့ မဖြစ်သင့်ပါဘူး။ ဒါကြောင့် ဒါလေးကိုအလေးထားပြီး တိုင်းဒေသကြီးအစိုးရအနေနဲ့ မဖြစ်မနေကြိုးစားပြီး ဘတ်ဂျက်ခွင့်ပြုငွေချပေးဖို့ ထပ်လောင်းပြီးတော့ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးသက်စိန်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန် မေးမြန်းသည့် ဆက်စပ် မေးခွန်းကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးအနေနဲ့ လိုအပ်တယ်ဆိုတာလည်း မှန်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ရန်ပုံငွေ ရရှိမှသာ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ရန်ပုံငွေက ဒီတစ်ခုတည်းမဟုတ်ဘူး။ တခြားဒေသဆိုင်ရာ လိုအပ်ချက်တွေ အများကြီးရှိပါတယ်။ ဒီအပေါ်မှာ တော့ ကတိကဝတ်ပေးလို့ အဆင်မပြေလှပါဘူး။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ် မေးခွန်းနဲ့ တင်ပြထားတာဖြစ်တဲ့အတွက် အမြန်ဆုံး ဒီပေါ်မှာ အတတ်နိုင်ဆုံး ရန်ပုံငွေရရှိအောင် ဆောင်ရွက်ပါမယ်။ တခြားဒီထက်အရေးကြီးတာရှိရင်လည်း အရေးကြီးသလို ဆောင်ရွက်သွားရမှာ ဖြစ်တဲ့အတွက် Cabinet အစည်းအဝေးထိုင်ပြီး Cabinet ဆုံးဖြတ်ချက်နဲ့ လျာထားဆောင်ရွက် သွားရမှာဖြစ်ပါတယ်။ အဲ့ဒီအတွက် ဒီအပေါ်မှာ လုံးဝရမယ်လို့ ကတိကဝတ် အာမခံနိုင်ခြင်း မရှိပါ ကြောင်းနှင့် အတတ်နိုင်ဆုံး ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီအစီရင်ခံစာ(၃/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အစီရင်ခံစာ(၃/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန]။** ။ အစီရင်ခံစာ အပိုဒ်(က)ပါ အကြံပြုချက်နှင့်စပ်လျဉ်း၍ ပဲခူးတိုင်း ဒေသကြီးအတွင်း ချောင်းသဲ၊ မြစ်သဲ၊ ကျောက်စရစ်၊ လိပ်သဲကျောက်(လမ်းခင်းကျောက်)၊ ကျောက်ရော မြေ၊ ဂဝံမြေ၊ မြေနီများ ထုတ်ယူအသုံးပြုရာတွင် ကမ်းပြိုကမ်းစားများမရှိစေရေး၊ ရေစီးရေလာ ပြောင်းလဲမှုမရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးတို့ကို သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများမှ စိစစ်ခွင့်ပြုရန်ကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းရှင်များ၏ လုပ်ငန်းလျှောက်ထားချက် အပေါ်မူတည်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် အလားလေးရပ် ပတ်ဝန်းကျင်ထွက်ဆိုချက်များ ရယူ

ဆောင်ရွက်ခြင်း၊ ပဲခူးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် လမ်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ သတ္တုတွင်းဝန်ကြီးဌာနများ၏ အဆင့်ဆင့်ထောက်ခံချက်များ ရယူလျက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (တိုင်းဒေသကြီး မြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်ခြင်း လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ)သို့ ခွင့်ပြုချက်ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

အပိုဒ်(ခ)ပါ အကြံပြုချက်များနှင့်စပ်လျဉ်း၍ Battery Pump အသုံးပြု၍ စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ခွင့်ပြုရေးနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုထားခြင်းမရှိပါကြောင်းနှင့် ကျေးရွာနေပြည်သူလူထုများ စက်သုံးဆီအား အလွယ်တကူဝယ်ယူသုံးစွဲနိုင်ရေး၊ လယ်ယာသုံး စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ ကျေးရွာသုံး အသေးစား စက်သုံးဆီအရောင်းဆိုင်(Village Mini Pump Station) လိုင်စင်ရ SOP အား (၄.၁၁.၂၀၁၉)ရက်စွဲပါ အမိန့်အမှတ် ၅၂၁/၂၀၁၉ ကို ထုတ်ပြန်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာသုံး အသေးစားစက်သုံးဆီ အရောင်းဆိုင် (Village Mini Pump Station) ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် ထုတ်ပြန်သတ်မှတ်ထားသော SOP များနှင့်အညီလျှောက်ထား၍ ခွင့်ပြုချက်ရရှိပါက ဖွင့်လှစ်ရောင်းချရန်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

အပိုဒ်(ဂ)ပါအကြံပြုချက်နှင့်စပ်လျဉ်း၍ ပဲခူးမြို့၊ ဟသ်ာကုန်းရပ်ကွက်နေ ဦးသန့်လွင်ဦးပါ (၃)ဦးတို့က ဟသ်ာကုန်းမြို့ပတ်လမ်း၊ မိုလ်ကုန်း(၁၈)ရပ်ကွက်တွင်တည်ရှိသော ငွေလမင်းသွပ်ပြား စက်ရုံလုပ်ငန်းမှထွက်ရှိလာသည့် ဆူညံသံများ၊ မီးခိုးနံ့များနှင့် လမ်းပိတ်ဆို့မှုများကို အနီးပတ်ဝန်းကျင်ရှိ ပြည်သူများ နေ့စဉ်မပြတ်ခံစားနေရသဖြင့် အရေးယူဆောင်ရွက်ပေးပါရန် တင်ပြလာသည့်အပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီး ပြန်လည်တင်ပြရန် အောက်ပါရည်ညွှန်းပါစာဖြင့် အကြောင်းကြားခဲ့ပါသည်-

- ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၀.၈.၂၀၁၉)ရက်စွဲပါစာအမှတ်၊ သယံဇာတ/ စည်ပင်(၆၄၄)/၂၀၁၉
- ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ (၂၆.၉.၂၀၁၉)ရက်စွဲပါ စာအမှတ်၊ ပဲခူး/ကာကွယ်ရေး(၁၆၇၈//၂၀၁၉)
- ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၇.၉.၂၀၁၉)ရက်စွဲပါစာအမှတ်၊ သယံဇာတ/ သစ်တော (၇၇၁)/၂၀၁၉

တို့ဖြင့် အကြောင်းကြားခဲ့သဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပါဝင်သော ကွင်းဆင်းစစ်ဆေး

ရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး အောက်ဖော်ပြပါ အကြံပြုတင်ပြချက်များပါဝင်သော အစီရင်ခံစာအား ရည်ညွှန်း(၂)ပါစာဖြင့် ပေးပို့တင်ပြလာခဲ့ပါသည်-

- တိုင်ကြားစာပါ ငွေလမင်းသွပ်ပြားစက်ရုံသည် ခြံစည်းရိုးအုတ်တံတိုင်းနှစ်ခုအား အလုပ်ရုံ၏ နံရံအဖြစ်အသုံးပြုပြီး ကရိန်းတင်၍ သွပ်ပြားအလိပ်များ အတင်အချပြုလုပ်သောအခါ ဘေးပတ်ဝန်းကျင်နေအိမ်များမှ တုန်ခါမှုများ၊ ဆူညံသံများမဖြစ်ပေါ်စေရန် ထိန်းချုပ်လုပ်ကိုင်ပြီး ရပ်ကွက်အတွင်းနေထိုင်သူများအတွက် စိတ်အနှောင့်အယှက်မဖြစ်စေရန် တိုင်ကြားစာပါ ငွေလမင်းသွပ်ပြားစက်ရုံအား နံနက်(၉:၀၀)နာရီမှ ညနေ(၅:၀၀)နာရီအထိသာလုပ်ကိုင်ပြီး ကုန်ကြမ်းလာပို့ခြင်း၊ ကုန်ချောရောင်းချခြင်းများကိုပါ ယင်းအချိန်အတွင်းသာလုပ်ကိုင်ရန် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ စစ်ဆေးကြပ်မတ်ရန်၊
- တိုင်ကြားစာပါ သွပ်ပြားစက်ရုံအနေဖြင့် လူနေရပ်ကွက်အတွင်း လည်ပတ်လုပ်ကိုင်ရာတွင် သက်ဆိုင်ရာဌာနများမှ လုပ်ငန်းလိုင်စင်များနှင့် သဘောထားမှတ်ချက် ရယူဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်အား ညစ်ညမ်းမှုတစ်စုံတစ်ရာမဖြစ်ပေါ်အောင် စီမံလုပ်ကိုင်ရန်နှင့် သွပ်ပြားစက်ရုံ၏ လျှပ်စစ်သွယ်တန်းလုပ်ဆောင်မှုအတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ လျှပ်စစ်စစ်ဆေးရေး EI လက်မှတ်အားအချိန်မှန် သက်တမ်းတိုးဆောင်ရွက်ရန်၊
- ငွေလမင်းသွပ်ပြားစက်ရုံအနေဖြင့် လူနေရပ်ကွက်အတွင်း လုပ်ကိုင်ခြင်းကြောင့် ရပ်ကွက်နေပြည်သူများနှင့် အဆင်ပြေအောင် နေထိုင်လုပ်ကိုင်သွားရန်၊ ရပ်ကွက်အတွင်း သာရေးနာရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများတွင် ပါဝင်ကူညီဆောင်ရွက်သွားရန်၊
- ညွှန်ကြားချက်များအား လိုက်နာခြင်းမရှိပါက သက်ဆိုင်ရာလုပ်ငန်းလိုင်စင် ထုတ်ပေးထားသောဌာနများမှ လိုင်စင်ပြန်လည်သိမ်းယူပြီး လုပ်ငန်းရပ်ဆိုင်းရန်၊

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တိုင်ကြားစာပါ သွပ်ပြားစက်ရုံအား မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ အကြံပြုချက်ပါအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားရန် ရည်ညွှန်း(၃)ပါစာဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ပေးပို့ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

အပိုဒ်(ဃ)ပါ အကြံပြုချက်နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း ခွင့်ပြုချက်ပေးထားသော လုပ်ငန်းလိုင်စင်နှင့် လုပ်ကွက်များမှန်ကန်မှုရှိ/မရှိ ကွင်းဆင်းစိစစ်ရန်နှင့်ပတ်သက်၍ မြို့နယ် မြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီတို့မှ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

အပိုဒ်(င)ပါ အကြံပြုချက်နှင့်စပ်လျဉ်း၍ သစ်တောမြေအတွင်း လမ်းခင်းကျောက်နှင့် ဂဝံကျောက်တို့ကို လက်ရှိကာလတွင် လျှော့ထားမှုသာရှိပါသည်။ ထုတ်ယူခွင့်မပြုသေးပါ။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများအား လျှော့ထားသူများသို့လည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးနှင့် ဆက်စပ်ဝန်ကြီးများသို့လည်းကောင်း၊ (၅.၈.၂၀၁၉)ရက်စွဲပါစာအမှတ် ၃၀၄၁-၅၇/စီမံကိန်း/ခါတ်သတ္တုဖြင့် မိတ္တူပေးပို့တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

အပိုဒ်(စ)ပါအကြံပြုချက်နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း MRRP Plan အရ ပဲခူးရိုးမသစ်တောများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်နှင့် သဘာဝဘေး အန္တရာယ်များ လျော့နည်းပပျောက်စေရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဓမ္မတာမျိုးဆက် ဆောင်ရွက်ပေးခြင်းလုပ်ငန်း (၁၄၅၁၇)ဧက၊ သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်းလုပ်ငန်း (၂၇၁၀)ဧက၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းတွင် စီးပွားရေးကျွန်းစိုက်ခင်း (၄၃၀၀)ဧက၊ ရေဝေရေလဲစိုက်ခင်း (၅၀)ဧက၊ ပုဂ္ဂလိကစိုက်ခင်း (၄၂၆၅) ဧက၊ ပုဂ္ဂလိကသစ်မာစိုက်ခင်း(၅၆၀၀)ဧက၊ စိုက်ခင်းဟောင်းများပြုစုထိန်းသိမ်းခြင်းလုပ်ငန်းတွင် ပင်ကျပ်နုတ်ခြင်း (၉၂၀၄)ဧက၊ စိုက်ခင်းဟောင်းဖာထေးခြင်း (၇၂၃)ဧက၊ သစ်စေ့ထုတ်ဧရိယာ တည်ထောင်ခြင်း (၁၄၂)ဧကနှင့် သင်တန်းပို့ချခြင်းလုပ်ငန်း (၃၃၁)ဦးတို့အား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာထင်းစိုက်ခင်း (၈၄၀)ဧက၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း (၇၁၃၇.၇၈)ဧက သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (၁၃၀)ဧကနှင့် လူထုဖြန့်ပျိုးပင်ဖြန့်ဝေစိုက်ပျိုးခြင်း (၁၄၀၀၀၀၀)ပင်တို့အား တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း (N.E.P)လုပ်ငန်းများနှင့်ပတ်သက်၍ နယ်ပယ်ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီများအား ကျန်ရှိနေသေးသော 11. Line တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆက်လက်ဆောင်ရွက်ကြရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထား ကြပ်မတ်ထိန်းကျောင်းပေးနိုင်ရေးတိုက်တွန်းကြောင်း"အဆိုကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း (N.E.P)လုပ်ငန်းများနှင့်ပတ်သက်၍ နယ်ပယ်ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီ**

**များအား ကျန်ရှိနေသေးသော 11. Line တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆက်လက်ဆောင်ရွက်ကြရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထား ကြပ်မတ်ထိန်းကျောင်းပေး နိုင်ရေးတိုက်တွန်းကြောင်း"**အဆိုကိုဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးမှ အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။သို့ဖြစ်ပါ၍ ပထမဦးစွာ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- N.E.P စီမံကိန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည့် ရွာသူ/ ရွာသားများအနေဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်ရေးအတွက် လွန်စွာမျှော်လင့်စောင့်စားနေသော လုပ်ငန်း ဖြစ်သည်။ ကျွန်တော်တို့နိုင်ငံတွင် ကျေးလက်နေပြည်သူလူထုသည် (၇၀%)ခန့်သာရှိပါတယ်။ ယင်းတို့တွင် လျှပ်စစ်မီးသုံးစွဲနိုင်မှုသည် အနည်းငယ်လောက်သာရှိပါတယ်။ မြို့နှင့်နီးကပ်ပြီး ယခင် ကတည်းက လျှပ်စစ်မီးရသည့်ရွာအချို့နှင့် ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်နိုင်သည့် ရွာအချို့သာ လျှပ်စစ်မီးသုံးစွဲနိုင်ပါတယ်။ ပြီးခဲ့သော (၁၃.၁၂.၂၀၁၉)ရက်နေ့ နေပြည်တော်တွင် နိုင်ငံတော်ဓါတ်အား လျှပ်စစ်မှ လျှပ်စစ်ဓါတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀% ပြည့်မြောက်သည့် အထိမ်းအမှတ် အခမ်း အနားကျင်းပခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်ခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီး က တက်ရောက်တယ်/မတက်ရောက်ဘူးကိုတော့ မသိရှိရပါဘူး။

ကျေးရွာအချို့သည် ၎င်းတို့ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန် ကြိုးစားလာကြသော်လည်း ငွေကြေးကုန်ကျမှုများပြားသည့်အတွက် အခက်အခဲ များစွာရှိကြပါတယ်။ ယခု N.E.P စီမံကိန်းဟာ (11.Line) နှင့် ထရန်စဖော်မာကို အစိုးရမှ ဆောင်ရွက် ပေးပြီး ရွာတွင်းလိုင်း (400 V) လိုင်းနှင့် မိမိနေအိမ်သွယ်တန်းတပ်ဆင်ခြင်းအား ကျေးရွာနေ ပြည်သူ များမှ ကျခံရမည်ဖြစ်၍ တစ်ဝက်လောက်သက်သာသည့်အတွက် ကျေးလက်နေပြည်သူများက ဝမ်းပန်း တသာ စောင့်မျှော်နေကြသည်ဖြစ်ပါသည်။ သို့သော် ယခုကဲ့သို့ ပထမအဆင့် (၂)မိုင်အတွင်း ရွာများ တပ်ဆင်မှုတွင် အလွန်ကြန့်ကြာနေသည့်အတွက် အဆိုပါ ကျေးလက်နေပြည်သူများ၏ မျှော်လင့်ချက် ကို မထိမဲ့မြင်ပြုသကဲ့သို့ ဖြစ်နေပါသည်။

စီမံကိန်းနဲ့ပတ်သက်လို့ ပြည်သူတွေသိရှိမှုမရှိခဲ့လျှင် ပြဿနာမရှိသော်ငြားလည်း လက်ရှိတွင် (၂)မိုင်အတွင်း၊ ကြားဖြတ်(၃)မိုင်အတွင်း၊ (၅)မိုင်အတွင်း ဦးစားပေးအလိုက် အကောင်အထည်ဖော် မည်ဆိုသည်ကို တစ်နိုင်ငံလုံးသိရှိပြီးဖြစ်ပါသည်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များမှာလည်း ကွင်းဆင်းရောက်ရှိသည့်နေရာတိုင်း ပြောပြရခြင်း၊ ရှင်းလင်းပြရခြင်းများရှိပါတယ်။ တိုင်းဒေသကြီး ဘတ်ဂျက်နှင့်ဆောင်ရွက်ရန် တင်ပြလာသည့် ကျေးရွာလျှပ်စစ်မီးတပ်ဆင်ရေး တင်ပြတောင်းခံလာ

လျှင်လည်း N.E.P စီမံကိန်းတွင်ပါဝင်သည့် ရွာဆိုလျှင် လွှတ်တော်ဘတ်ဂျက်စိစစ်ရေးက ငြင်းပယ်ခဲ့ပါသည်။

ယခုအခါ N.E.P စီမံကိန်းတွင်ပါဝင်သည့် ကျေးရွာနေပြည်သူများသည် မိမိတို့ရွာတွင်းလိုင်း (400 V) လိုင်းများ ကြိုတင်သွယ်တန်းပြီးစီးမှုများလည်း ရှိနေပါသည်။ ယင်းသို့သွယ်တန်းရာတွင် ကုန်ကျသည့် ငွေကြေးများသည် စပါးများ၊ ပဲများ ရောင်းချစုဆောင်းရမှုများရှိသကဲ့သို့ အချို့မှာ အတိုးများနှင့် ပေါင်နှံချေးငှား ရှာဖွေထားရမှုများလည်း ရှိနေပါသည်။ ထိုကဲ့သို့ ကြိုးစားပမ်းစား လုပ်ဆောင်ထားသော်လည်း ယခုအချိန်အထိ (11.Line) သွယ်တန်းမှုသည် ကြန့်ကြာနေသည့်အတွက် ကျေးလက်နေပြည်သူများအတွက် များစွာနစ်နာနေရပါသည်။

လုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူသည့်ကိစ္စ ပြီးမြောက်ပြီးလုပ်ငန်းများလည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်မှာ သက်ဆိုင်ရာ တင်ဒါအောင်ကုမ္ပဏီများ၏ တာဝန်သာဖြစ်ပါတယ်။ ဒီနေရာမှာအခက်အခဲပြဿနာအချို့လည်းရှိနိုင်ပါသည်။ ကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ရာ၌ ဒေသခံပြည်သူအချို့ကြောင့် အနှောင့်အယှက်အတားအဆီးများ၊ နှောင့်နှေးကြန့်ကြာမှုများ ရှိနိုင်ပါသည်။ ဤအရာများအား တိုင်းဒေသကြီးအစိုးရနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ကူညီဖြေရှင်းဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ယခုကဲ့သို့ အစိုးရအဖွဲ့မှ အမိန့်ညွှန်ကြားချက်များထုတ်ပြန်ပြီး ဖြေရှင်းဆောင်ရွက်မှုများ ပြုလုပ်နေကြပါသည်။ မနေ့ကပဲ (၆.၁.၂၀၂၀) ရန်ကုန်တိုင်းမှာ လျှပ်စစ်မီးလင်းရေးနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးပွဲလုပ်တဲ့နေရာမှာ TV ထဲမှာကြည့်လိုက်ရပါတယ်။ ရန်ကုန်တိုင်းဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ဆွေးနွေးပါတယ်။ ဘယ်နှစ်မှာဘယ်လောက်ရာခိုင်နှုန်း၊ နောက်ဘယ်နှစ်မှာ ဘယ်လောက်ရာခိုင်နှုန်းဆိုပြီးတော့ Plan ချပြတာရှိပါတယ်။ အခြားတိုင်းနဲ့ပြည်နယ်တွေမှာလုပ်နေတာကို ကျွန်တော်တို့ကနေ နိုင်ငံတော်စီမံချက်၊ ပြည်ထောင်စုမှ လုပ်ဆောင်ခြင်းဖြစ်သည်၊ မိမိတို့နှင့်မဆိုင်ဟုပြောကြားလျှင် အလွန်ပဲ တာဝန်မဲ့ရာကျပါတယ်။ ပြည်ထောင်စုဘတ်ဂျက်ဖြစ်စေ၊ တိုင်းဒေသကြီးဘတ်ဂျက်မှဖြစ်စေ၊ B.O.T နဲ့ဖြစ်စေ၊ နိုင်ငံတကာချေးငွေနဲ့ဖြစ်စေ၊ Donor နဲ့ပဲဖြစ်စေ ပြည်သူလူထုအကျိုးစီးပွားအတွက် ကြပ်မတ်ထိန်းကျောင်းရန်မှာ အားလုံးတွင် တာဝန်ရှိပါသည်။

ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များက စောင့်ကြည့်ထိန်းညှိနေသော်လည်း တိုင်းဒေသကြီးအစိုးရက မိမိတို့နှင့်မဆိုင်ပါဟုဆိုလျှင် မဲပေးထားသည့် ပြည်သူများမျက်နှာ ထောက်ထားရန်လိုအပ်ပါတယ်။ ရေစုံမျှောလိုက်နေမှုသည် ကြာနေပါသည်။ ကျန်သည့် (၁)နှစ်သက်တမ်းတွင် မဲဆန္ဒရှင်ပြည်သူများမျက်နှာကို ထောက်ထားကာ လော်တက်လေးကိုင်ပြီး လော်ခတ်ပေးပါဦးလို့ တောင်းပန်ချင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဦးဇော်နိုင်ဦးတင်သွင်းတဲ့ **"အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း (N.E.P)လုပ်ငန်းများနှင့်ပတ်သက်၍ နယ်ပယ်ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီများအား ကျန်ရှိနေသေးသော 11. Line တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင်**

**ဆက်လက်ဆောင်ရွက်ကြရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထား ကြပ်မတ်ထိန်းကျောင်းပေး နိုင်ရေးတိုက်တွန်းကြောင်း"**အဆိုကို ထောက်ခံကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ အခမ်းအနားအစီအစဉ်(၇) မှာပါတဲ့ ဦးဇော်နိုင်ဦး၏အဆိုကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော့်အနေနဲ့ (N.E.P) စီမံကိန်းတွေနဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ သက်ဆိုင်ရာ ကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ လုပ်ငန်းဆောင်ရွက် ရာမှာ တွေ့ကြုံရမဲ့အခက်အခဲပြဿနာများ၊ ပြည်ထောင်စုအစိုးရရဲ့စီမံခွင့်နဲ့ တိုင်းဒေသကြီးအစိုးရရဲ့ စီမံခွင့်ဆိုပြီးတော့ သုံးပိုင်းခွဲခြား ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ကုမ္ပဏီများအနေနဲ့ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းက ဘာကြောင့်ပြောလဲဆိုတော့ သက်ဆိုင်ရာ ကုမ္ပဏီတွေ အနေနဲ့ လုပ်ငန်းများဆောင်ရွက်တဲ့နေရာမှာ ကျေးရွာပြည်သူတွေနဲ့ ထိတွေ့ပြီးတော့ ပူးပေါင်းဆောင်ရွက်မှု အားနည်းတာတွေရှိပါတယ်။ နောက်ပြီးတော့ အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အားနည်း တာတွေရှိပါတယ်။ ဘာကြောင့်ဒီလိုပြောရတာလဲဆိုတော့ ကျွန်တော်တို့အနေနဲ့ မြို့နယ်မှာ ကုမ္ပဏီ တွေလာကာစက တစ်ခါပဲအစည်းအဝေးလုပ်လိုက်ရပါတယ်။ နောက်အခက်အခဲ ပြဿနာရှိလျှင် ကျွန်တော်တို့ကိုပြောပါ။ ဝိုင်းဝန်းကူညီဖြေရှင်းပေးပါမယ်လို့ပြောသော်လည်း နောက်ပိုင်းကျတော့ ကုမ္ပဏီတွေဆီက ဘာမှမလာတော့ဘဲနဲ့ သက်ဆိုင်ရာ ကျေးရွာတွေကသာလျှင် သူတို့ကိုလည်း ဘာမှ မပြောဘူး။ ဘာမှမသိဘူးဆိုပြီး တင်ပြလာတာတွေရှိပါတယ်။ အဲ့ဒါကြောင့် ကုမ္ပဏီတွေအနေနဲ့ သူတို့ရဲ့ လိုအပ်ချက်တွေကို ဆောင်ရွက်ပေးဖို့ အကူအညီတောင်းခံတာတွေမရှိဘူးလို့ ဆိုလိုခြင်းဖြစ်ပါတယ်။

နောက်တစ်ခုအနေနဲ့ ကုမ္ပဏီတွေဟာ ဒီစီမံကိန်းတွေကို ပြည်ထောင်စုက စီမံကိန်းဖြစ်တယ် ဆိုပြီးတော့ ပြည်သူတွေကနေပြောလာတဲ့အသံတွေ ဖြစ်တဲ့အတွက်ကြောင့် သူတို့ဆောင်ရွက်ချင်သလို ဆောင်ရွက်တယ်ဆိုတဲ့အဓိပ္ပါယ်တွေကို ရွာကနေတင်ပြလာတာ ကြားသိနေရပါတယ်။ ဒါဘာကြောင့် ဖြစ်ရတာလဲဆိုတော့ ဒီစီမံကိန်းတွေဟာ စီမံကိန်းစတင်ဆောင်ရွက်စဉ်ကာလကတည်းက ဘယ်နေရာ က လိုင်းတွေဆွဲမယ်ဆိုတာကို ကြိုတင်ချပြခဲ့ခြင်းမရှိခဲ့ပါဘူး။ အဲ့ဒါတွေကြောင့်လည်းပါမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

ဒုတိယတစ်ချက်အနေနဲ့ လုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေ ကတော့ တောင်သူတွေစိုက်ပျိုးတဲ့ ရာသီချိန်ကို ရှောင်ရှားလုပ်ဆောင်ရတာတွေရှိပါတယ်။ တစ်ချို့ ကျေးရွာတွေက လမ်းပန်းဆက်သွယ်ရေးခက်ခဲတာရှိပါတယ်။ တစ်ချို့ကျေးရွာတွေကိုသွားတဲ့ 11. Line ကြိုးတွေက အခြားကျေးရွာတွေမှ ဖြတ်သန်းသွယ်တန်းရတဲ့အတွက်ကြောင့် ဖြတ်သန်းသွယ်တန်း

ခံရတဲ့ကျေးရွာက ကန့်ကွက်မှုတွေရှိပါတယ်။ 11 KVA လိုင်းသွယ်တန်းတဲ့နေရာမှာ ဟိုယခင်ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့တဲ့ကျေးရွာတွေရဲ့ 11. Line ကနေပြီးတော့ ဆက်လက်ချိတ်ဆွဲမယ်ဆိုတဲ့ရွာတွေက မူလကိုယ်ထူကိုယ်ထဆောင်ရွက်ထားတဲ့ ကျေးရွာတွေကနေပြီးတော့ ရန်ပုံငွေပြန်လည်တောင်းခံခြင်းတွေလည်း ကြုံတွေ့နေရပါတယ်။ ဒါအောက်ခြေမှာ တွေ့ကြုံနေရတဲ့ပြဿနာတွေဖြစ်ပါတယ်။

နောက်တစ်ခုက ပြည်ထောင်စုအစိုးရရဲ့စီမံခွင့်နဲ့ တိုင်းဒေသကြီးအစိုးရရဲ့စီမံပိုင်ခွင့်ဆိုတာ (၂)ပိုင်းရှိပါတယ်။ ဘတ်ဂျက်မှာလည်းခွဲခြားထားပါတယ်။ 11 KV လိုင်းနဲ့အောက်ကို တိုင်းဒေသကြီးဘတ်ဂျက်ကနေ ဆောင်ရွက်ပြီးတော့ ကျန်တာ ပြည်ထောင်စုဘတ်ဂျက်က ဆောင်ရွက်တာဖြစ်ပါတယ်လို့ ကျွန်တော်တို့သိရှိရပါတယ်။ အဲ့ဒီအတွက်ကြောင့် (N.E.P) စီမံကိန်းဆိုတာ ကျွန်တော်တို့နိုင်ငံတစ်ဝှမ်းလုံး လွှမ်းခြုံပြီးတော့ ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် စီမံခွင့်ကိုတော့ပြည်ထောင်စုအစိုးရက စီမံတာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရက စီမံပေမယ့် ကြီးကြပ်တာကိုတော့တိုင်းဒေသကြီးအစိုးရအဖွဲ့တွေက ကြီးကြပ်ပေးရလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ အဲ့ဒီတော့ အဆိုဟာ ပထမတင်ပြထားတဲ့ ပူးပေါင်းဆောင်ရွက်မှု အားနည်းတာတွေ၊ အောက်ခြေမှာဖြစ်နေတဲ့ ပြဿနာတွေကိုမှ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ရှိသူတွေက ပြန်လည်ပူးပေါင်းဆောင်ရွက် ဖြေရှင်းပေးနိုင်ခြင်း မရှိဘူးဆိုလျှင်တော့ ဒီ(N.E.P) စီမံကိန်းလုပ်ငန်းတွေဟာကြန့်ကြာနေပြီးတော့ အထက်ကတင်ပြသွားတဲ့ ဦးအောင်နိုင်ဦးဆွေးနွေးသွားသလိုပဲ ပြည်သူတွေရဲ့မျှော်လင့်ချက်တွေဟာ ကျွန်တော်တို့အပေါ် တဖြည်းဖြည်းအားနည်းလာမှာဖြစ်ပါတယ်။

အဲ့ဒီအပြင်ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၆ (က)နဲ့ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့ဥပဒေ အခန်း(၄) တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပုဒ်မ ၃၁ ပုဒ်မခွဲ (က) မှာလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏လက်အောက် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့်စစ်ဆေးခြင်းများ ပြုရမည်ဆိုပြီးတော့ ပြဋ္ဌာန်းပါရှိပြီးသားလည်းဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့် ဒါနဲ့ပတ်သက်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ ကြီးကြပ်စစ်ဆေးဖို့တာဝန်ဟာ အပြည့်အဝရှိပါတယ်။

နောက်တစ်ခုက 11. Line တွေဟာ တိုင်းဒေသကြီးအစိုးရရဲ့စီမံမှုအောက်မှာ နောင်တစ်ချိန်မှာရှိလာတော့မှာဖြစ်ပါတယ်။ အကယ်၍များ သဘာဝဘေးကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းကြောင်းကြောင့်သော်လည်းကောင်း ပျက်စီးဆုံးရှုံးမှုတွေဖြစ်လာတယ်ဆိုလျှင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကပဲ တာဝန်ယူမှာလား။ ကိုယ်ထူကိုယ်ထလုပ်ထားရတဲ့ရွာတွေကပဲ တာဝန်ယူမလားဆိုတဲ့ပြဿနာမျိုးတွေလည်း နောင်တစ်ချိန်မှာ ကြုံတွေ့လာရနိုင်ပါတယ်။ အဲ့ဒီအတွက်ကြောင့် ဒါတွေကိုလည်း ကြိုတင်စဉ်းစားပြီးတော့ ပြင်ဆင်ထားသင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုလျှင် အဆိုတင်သွင်းသူကာယကံရှင်အနေနဲ့ (N.E.P) လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်မှုတွေဟာ နှောင့်နှေးကြန့်ကြာနေတာကြောင့် အားမလိုအားမရဖြစ်နေတာကတစ်ကြောင်း၊ အစိုးရရဲ့ပုံရိပ်ကောင်းစေဖို့အတွက် ရည်ရွယ်တာကတစ်ကြောင်းလို့ ကျွန်တော့်အနေနဲ့ထင်ပါတယ်။ ညောင်လေးပင်မြို့နယ်မှာဆိုလျှင်လည်း ကျေးရွာအုပ်စု(၁၇)အုပ်စုထဲမှာရှိတဲ့ ကျေးရွာပေါင်း (၃၁)ရွာကို လုပ်ငန်းဆောင်ရွက်နေတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့တစ်ပတ်လောက်က ကျွန်တော်တို့မြို့နယ်မှာ မြို့နယ်မီးလင်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးခေါ်ယူပြီးတော့ တွေ့ဆုံပါတယ်။ လုပ်ငန်းပြီးစီးမှုတွေကို ကျေးရွာမီးလင်းရေးကော်မတီနဲ့ တွေ့ဆုံပြီးတော့ မေးမြန်းတဲ့နေရာမှာ ကျွန်တော်တို့ ရရှိလာတဲ့အကျိုးရလဒ်ကတော့ ကျွန်တော်တို့မြို့နယ်မှာဆိုလျှင် ရွာတစ်ရွာသာလျှင် မီးလင်းနိုင်ပါသေးတယ်။ ကျန်တဲ့ရွာတွေကတော့ မီးလင်းဖို့ဆောင်ရွက်ဆဲဖြစ်ပါတယ်။ အချို့ဆိုလျှင် Transformer ထိုင်ပြီးတဲ့ရွာတွေရှိတယ်။ တစ်ချို့ ဘာမှမလုပ်ရသေးတဲ့ရွာတွေတောင် ရှိနေပါတယ်။ ရာခိုင်နှုန်းအရကြည့်မယ်ဆိုလျှင် ညောင်လေးပင်မြို့နယ်အနေနဲ့ ၄၅% ခန့်သာလျှင် ပြီးစီးတယ်လို့ ယူဆလို့ရပါတယ်။ အဲ့ဒီအတွက်ကြောင့် အဆိုရှင်တင်သွင်းတဲ့အဆိုကို ကျွန်တော့်အနေနဲ့ လေးစားစွာဖြင့် ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း (N.E.P)လုပ်ငန်းများနှင့်ပတ်သက်၍ နယ်ပယ်ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီများအား ကျန်ရှိနေသေးသော 11. Line တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆက်လက်ဆောင်ရွက်ကြရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထား ကြပ်မတ်ထိန်းကျောင်းပေးနိုင်ရေးတိုက်တွန်းကြောင်း"**အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်ကပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ဤအဆိုနှင့်ပတ်သက်လို့ အနည်းငယ်ပြောကြားလိုပါတယ်။ (N.E.P) စီမံကိန်းသည် နိုင်ငံတော်အဆင့် တစ်နိုင်ငံလုံးအမျိုးသားလျှပ်စစ်ရရှိရေး စီမံကိန်းဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်မှချေးငွေရယူဆောင်ရွက်ရတာဖြစ်တဲ့အတွက် ချေးငွေဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရပြီး ကမ္ဘာ့ဘဏ်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရပါတယ်။ ထို့အတွက် ပစ္စည်းတင်ဒါခေါ်ယူရာမှာ ကမ္ဘာ့ဘဏ်၏ လုပ်ထုံးလုပ်နည်းများအတိုင်း International competative Bit ICB ဖြင့် အချိန်ယူကာဆောင်ရွက်ရပြီး တည်ဆောက်ရေးလုပ်ငန်းများကိုလည်း National competative Bit ICB စနစ်ဖြင့် ယှဉ်ပြိုင်စေခဲ့ပါတယ်။ ဒါကြောင့် ယခုကြန့်ကြာနေရတဲ့အကြောင်းအရင်းဟာလည်း ဓါတ်အားလိုင်းတွေရဲ့ Steel Parts တွေဖြစ်တဲ့ သံလက်တန်းတွေ

တင်သွင်းရန် တင်ဒါအောင်မြင်ထားတဲ့ တရုတ်နိုင်ငံက ကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ပြီးတော့ သတ်မှတ်ကာလအတွင်းမှာ ပစ္စည်းတင်သွင်းခြင်းမရှိသည့်အတွက် စာချုပ်အား termination ပြုလုပ်ပြီး ကမ္ဘာ့ဘဏ်လုပ်ထုံးလုပ်နည်းများအတိုင်း တင်ဒါခေါ်ယူစိစစ်ဆောင်ရွက်တာကြောင့် ကျန်ရှိသည့် Steel Parts များကို ၂၀၂၀၊ ဧပြီလမှာ လက်ခံရရှိမှာဖြစ်ပြီး ၎င်းအချိန်ကျမှသာ တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ၎င်းကဲ့သို့ နောက်ကျနေသည်မှာလည်း ပဲခူးတိုင်းတစ်ခုတည်း မဟုတ်ဘဲ အခြားတိုင်းနှင့်ပြည်နယ်အချို့လည်း ပါဝင်တာဖြစ်ပါတယ်။

အဲ့ဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုတင်သွင်းထားသည့်အထဲတွင် နယ်ပယ်ကဏ္ဍ အသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီများဆိုတဲ့ထဲမှာ ပစ္စည်းတင်ဒါ အောင်မြင်တဲ့ တရုတ်နိုင်ငံက ကုမ္ပဏီကြီးကို ပြည်ထောင်စုအဆင့်က သူ့လိုင်းနှင့်သူသွားပြီး ကြပ်မတ် ပါတယ်။ ပြီးခဲ့သည့် (၅၀%)ပြည့် အစည်းအဝေးမှာလည်း မေးခဲ့သည့်အခါတွေမှာ ဒါတွေကို International အရ ရှေ့နေချုပ်ရုံးကနေတစ်ဆင့် Blacklist သွင်းဖို့အတွက် လုပ်ဆောင်နေတယ်ဆိုတာ သိရပါတယ်။ ထို့အတူ နောက်ထပ်လည်း ထပ်ပြီးတော့ တင်ဒါခေါ်ယူသည့်အခါမှာ မိမိတို့က ကမ္ဘာ့ဘဏ် ရဲ့လုပ်ထုံးလုပ်နည်းအရ ICB အတိုင်းပဲ ပြန်လည်ထပ်မံယှဉ်ပြိုင်ရပါတယ်။ ထို့အတွက် ဧပြီလလောက်မှာ သွင်းနိုင်မည်လို့ ခန့်မှန်းပါတယ်။ အဆိုပါ ပစ္စည်းတင်ဒါတည်ဆောက်ရေးလုပ်ငန်း အောင်မြင်ထားသည့် ကုမ္ပဏီများကိုလည်း ပြည်ထောင်စုဝန်ကြီးဌာနက ဒီတိုင်းပစ်မထားပါဘူး။ အဆိုပါ ပစ္စည်းတင်ဒါ အောင်မြင်တဲ့ကုမ္ပဏီများကိုလည်း ပြည်ထောင်စု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (N.E.P) စီမံခန့်ခွဲရေး ရုံးမှ အင်ဂျင်နီယာများနှင့် ငှားရမ်းထားတဲ့ KEBCO အဖွဲ့မှ နိုင်ငံတကာနှင့် နိုင်ငံသားအင်ဂျင်နီယာ များကလည်း တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့် စံချိန်စံညွှန်းများကိုက်ညီမှုရှိ/မရှိ စိစစ်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်/ခရိုင်နှင့် ပြည်နယ်/တိုင်းအင်ဂျင်နီယာများကလည်း အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ အချိန် (၅)လ နောက်ဆုတ်ပေးရတယ်ဆိုတာလည်း ပစ္စည်းများအားလုံးကို တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီမှ တင်သွင်းနိုင်ခြင်းမရှိ၍ ဌာနမှ ထုတ်မပေးနိုင်တဲ့အတွက် နောက်ဆုံးရက်သတ်မှတ်ပေးရခြင်းဖြစ်ပါ တယ်။ အကယ်၍ ဌာနမှပစ္စည်းအားလုံး ထုတ်ပေးလျက်နှင့် တည်ဆောက်ရေး တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီတွေက သတ်မှတ်ရက်ထက်နောက်ကျလျှင် တစ်ရက်နောက်ကျလျှင်တစ်ရက် စာချုပ်တန်ဖိုးရဲ့ (.၀၅%) ဒဏ်ကြေးပေးဆောင်သွားရမှာဖြစ်ပါတယ်။ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိသူများမှ အရေးယူဆောင်ရွက်မှာဖြစ်ပါ တယ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် N.E.P လုပ်ငန်းအောင်မြင်ရန်အတွက် ပြည်ထောင်စုအစိုးရ ကို ပူးပေါင်းကူညီဆောင်ရွက်ခြင်းသော်လည်းကောင်း၊ တင်ဒါအောင်ကုမ္ပဏီများကို ဒေသတွင်းဆိုင်ရာ အခက်အခဲများကို ကူညီဆောင်ရွက်ပေးခြင်းအဆိုများသာ ဖြစ်သင့်ပါတယ်။ အဆိုဟာလည်း ပြည်ထောင်စုအဆင့်မှာသာ တင်သွင်းသင့်သည့်အဆိုဖြစ်ပါတယ်။ မိမိနည်းနည်းလေးပြောကြားလို သည်က တင်သွင်းသင့်သည့်အဆိုသည် ပဲခူးတိုင်းအတွင်းမှာရှိသည့် (N.E.P) လုပ်ငန်းများကို အောင်မြင် ရန်အတွက် ပြည်ထောင်စုအစိုးရကို ပူးပေါင်းကူညီဆောင်ရွက်ခြင်းဆိုသည့်အဆိုသော်လည်းကောင်း၊

တင်ဒါအောင်ကုမ္ပဏီများကို ဒေသတွင်းဆိုင်ရာ အခက်အခဲများကို ကူညီဆောင်ရွက်ပေးခြင်းသော်လည်းကောင်းဆိုသည့် အဆိုမျိုးသာ တင်သွင်းသင့်သည့်အဆိုဖြစ်ပါတယ်။

သို့သော် ကျွန်တော်တို့က ဒီတိုင်းပစ်မထားပါဘူး။ စောစောကဖြစ်သင့်တဲ့အဆိုတိုင်းပြောမည်ဆိုလျှင် အခုအခါမှာလည်း မိမိတို့က တင်ဒါအောင်ကုမ္ပဏီများကို မြို့နယ်အဆင့်၊ တိုင်းအဆင့် ကျေးလက်မီးလင်းရေးကြီးကြပ်မှုကော်မတီများမှ ခေါ်ယူပြီး စီမံကိန်းများအောင်မြင်ရန်အတွက် အစည်းအဝေးများခေါ်၍ မင်းတို့ဘာအခက်အခဲရှိလဲ။ ငါတို့ဘာလုပ်ပေးရမလဲဆိုပြီး မိမိတို့က အစည်းအဝေး ခေါ်ယူ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီးအဆင့်မှာလည်း ကြပ်မတ်ရန်မသင့်တော်ပါဘူး။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွားသည့်အဆိုအား မှတ်တမ်းအဖြစ်သာထားရှိသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- အကြံပြုလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၆ (က)နှင့် (ခ) ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း ပြောဆိုချက်တွေ၊ ပြန်လည်ပြီးတော့ ချေပချက်တွေ၊ အဆိုနဲ့ပတ်သက်ပြီးတော့ စွပ်စွဲပြောဆိုချက်တွေက မှားယွင်းတယ်ဆိုပြီး ပြောဆိုချက်များကို လွှတ်တော်မှတ်တမ်းကနေ ပယ်ဖျက်ပေးဖို့အတွက် ဥက္ကဋ္ဌကြီးကို အလေးအနက် တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- လွှတ်တော်မှာတင်သွင်းတဲ့အဆိုတွေနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီးလွှတ်တော်ရဲ့ အဆိုကောင်းတစ်ရပ်ဖြစ်လို့ရှိလျှင် တစ်နိုင်ငံလုံးအတွက် အကျိုးရှိတဲ့အဆိုဆိုလျှင် သမ္မတထံကိုတောင် သဝဏ်လွှာပေးပို့ ဆောင်ရွက်ရတဲ့ အနေအထားရှိပါတယ်။ ဒါကျွန်တော်တို့တိုင်းအတွက်သာမကပဲ တစ်တိုင်းလုံးအတွက် အကျိုးရှိတဲ့အခြေအနေတစ်ရပ်လည်းဖြစ်ပါတယ်။ ၂၅၈ မှာလည်းပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အခါအားလျော်စွာ ချမှတ်တဲ့ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မိမိ၏ အရေးယူဆောင်ရွက်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပြန်လည်အစီရင်ခံရမည်လို့ပါရှိတဲ့အတွက် ဒါလွှတ်တော်ရဲ့လုပ်ပိုင်ခွင့်ကို အစိုးရအပေါ်မှာ အတိအလင်း ဖော်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးရဲ့ ပြန်လည်ပြီး ရှင်းလင်းဖြေကြားချက်များသည် ဥပဒေနဲ့ ဆန့်ကျင်တဲ့အချက်များပါဝင်ပါက လွှတ်တော်ဥက္ကဋ္ဌမှ စိစစ်၍ လွှတ်တော်မှတ်တမ်းမှ ပယ်ဖျက်ပေးရန် တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီးအဖွဲ့အစည်းဝင်၏ ရှင်းလင်းချက်ထဲမှာပါသည့် အသုံးအနှုန်းများနှင့်ပတ်သက်ပြီး ဥပဒေနှင့်ညီညွတ်ခြင်း

မရှိပါက အစည်းအဝေးမှတ်တမ်းမတင်ရန်ဆုံးဖြတ်ပါတယ်။ ဤအဆိုနှင့်ပတ်သက်ပြီး နည်းဥပဒေ ၁၁၆ (က) (ခ) (ဂ) တို့အရ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်မှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကဖြစ်စေ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကိုရယူလိုလျှင် လွှတ်တော်သို့ အဆိုတင်သွင်း ရမည်ဟုပါရှိပါတယ်။ အပိုဒ်ခွဲ(က)မှာ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးနှင့်စပ်လျဉ်းသောကိစ္စ၊ အပိုဒ်ခွဲ(ခ)မှာ တိုင်းဒေသကြီးအဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း များနှင့်စပ်လျဉ်းသည့်ကိစ္စ၊ အပိုဒ်ခွဲ(ဂ)မှာ ဥက္ကဋ္ဌကခွင့်ပြုသော အခြားကိစ္စရပ်များဟုပါရှိသည့်အတွက် ဤအဆိုနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။အဆိုရှင် ဦးဇော်နိုင်ဦးက မိမိ၏အဆိုကို ရုပ်သိမ်းလိုခြင်းရှိ/မရှိတင်ပြပါ။

**ဦးဇော်နိုင်ဦး၊ သဲကုန်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မိမိအဆိုနှင့်ပတ်သက်လို့ ဝိုင်းဝန်းဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း အထူးကျေးဇူးတင်သလို သက်ဆိုင်ရာ အစိုးရအဖွဲ့ကိုယ်စား အစိုးရအဖွဲ့တာဝန်ရှိသူမှ ရှင်းလင်းချေပတဲ့ ချေပချက်ကိုလည်း မိမိအနေဖြင့် ဖတ်ပြပြီးပထမဦးစွာ ဝန်ကြီး၏ ဖြေရှင်းချက်ကို ဖတ်ပြသွားမည်ဖြစ်ကြောင်း ပြောလိုပါတယ်။ ဖြေကြားချက်မှာ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း NEP (၂)မိုင်အတွင်း ကျေးရွာ(၈၈၃)ရွာ လျှပ်စစ်မီးရရှိရေးအတွက် ကုမ္ပဏီ(၆)ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ရွာများထဲမှ ဇီးကုန်းမြို့ရှိ ရွာ(၅)ရွာအား Pilot Project ဖြင့် မီးလင်းပြီးဖြစ်ပါသည်။ ၎င်းအပြင် ရောင်နီဦးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော ရွာများထဲမှ ပန်းတောင်းမြို့တွင် ကျေးရွာ(၁၀)ရွာ၊ ဥဿျှစ်ပင်(၉)ရွာ စုစုပေါင်း(၁၉)ရွာအား ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ဓါတ်အားလွှတ်ပြီး ဖြစ်ပါသည်။ ကျန်ရှိနေသောရွာများအတွက်လည်း တိုင်၊ ကြွေသီး၊ ကြိုးများနှင့် ထရန်စဖော်မာများ ပြည့်စုံစွာ ဝယ်ယူရောက်ရှိပြီးဖြစ်ပါသည်။ ဓါတ်အားလိုင်းဆက်စပ်ပစ္စည်းများ ဖြစ်သော Cross Arm များ၊ Angle iron များ၊ Full Clamp နှင့် Half Clamp(Steel Parts)များ အမြန်ရရှိရေး နေပြည်တော် N.E.P စီမံကိန်းရုံးမှ တင်ဒါထပ်မံခေါ်ယူပြီး ပစ္စည်းများဝယ်ယူရန် ဆောင်ရွက်လျက်ရှိပါသည်။

N.E.P စီမံကိန်းသည် နိုင်ငံတော်စီမံကိန်းဖြစ်ပြီး ပြည်ထောင်စု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန N.E.P စီမံကိန်းရုံးမှ တိုက်ရိုက်ကြီးကြပ်ဆောင်ရွက်နေပါ၍ တိုင်းဒေသကြီးအစိုးရအနေဖြင့် N.E.P စီမံကိန်းအောင်မြင်ရန် ပူးပေါင်းကူညီဆောင်ရွက်ပေးရန်သာဖြစ်ပါကြောင်း ဖြေကြားထားပါတယ်။ ကျွန်တော် ကနဦးဖတ်ပြတဲ့အခါမှာ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းဆိုပြီး ဖြေကြားထားပါတယ်။ "အဆို"ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်က တင်သွင်းတဲ့"အဆို" ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုပါတယ်။ ပြည်ထောင်စုအဆင့်မှာဆိုလျှင် တစ်နိုင်ငံလုံးကိုကိုယ်စားပြုပါတယ်။ ပန်းတောင်းနဲ့ ဥဿျှစ်ပင်ကို (၁၉)ရွာပဲပြော

သွားပါတယ်။ ပန်းတောင်းနဲ့ဥသျှစ်ပင်ကိုပဲ ကောင်းကောင်းပြောသွားတယ်။ ရွှေတောင်မှာ (၁၃)ရွာ မီးလင်းသွားတာကို ထည့်ပြောဖို့ကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ပြောချင်တာက ရှေ့က ဆွေးနွေး သွားတဲ့ ကိုယ်စားလှယ်အသီးသီးရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)က ပုဒ်မ ၁၇ ရှိတယ်။ ရေးလူတွေအားလုံးလည်း ဆွေးနွေးပြီးဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော့်ရဲ့"အဆို"ကို ပြန်လည် ရုပ်သိမ်းလိုခြင်းမရှိပါဘူး။ လွှတ်တော်မှ မှတ်တမ်းအဖြစ် ထားလိုခြင်းမရှိတဲ့အပြင် နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးကိုရှေ့ရှုပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူလိုကြောင်းနှင့် ဒီနေရာမှာ ထပ်ပြီးရှင်းပြချင်တာက စောစောက သူပြောတဲ့ကုမ္ပဏီတွေခေါ်ပြီး ဘာလုပ်ပါ/ညာလုပ်ပါပြောဖို့ မရှိ ပါဘူး။ သူ့ရဲ့သဘောမဟုတ်ပါဘူး။ ပြည်ထောင်စုလုပ်လို့ပါ။ ကျွန်တော့်ရဲ့သဘောက အဲ့ဒီပစ္စည်းသွင်းရပါမယ်။ ဘာလုပ်ရမယ်ပြောတာမဟုတ်ဘဲနဲ့ အောက်ခြေဒေသတွေမှာဆောင်ရွက် နေတဲ့ ကုမ္ပဏီတာဝန်ခံအလုပ်သမားတွေရဲ့ Enttor တွေ၊ အခု ပစ္စည်းတွေအများကြီးပုံထားပြီး ဘာမှ မလုပ်သေးတာတွေ၊ တိုင်တွေကိုတစောင်းကြီးလုပ်ထားတာတွေ အောက်နဲ့ကားလမ်းမမှာပုံနေတဲ့ တိုင်တွေ၊ ဘယ်ကိုမှမသယ်ထားတာတွေ ဒါတွေကိုမြင်နေလို့ မြန်မြန် ဆောင်ရွက်ဖို့လုပ်တဲ့ လုပ်ငန်း သဘော တိုက်တွန်းခြင်းဖြစ်ပြီး အပေါ်မှာချုပ်ထားသည့် စာချုပ်ကလုပ်ငန်းတွေကို လုပ်ပါလို့ဆိုလိုခြင်း မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ရှေ့ရှုပြီး ဒီစီမံကိန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မူလအဆိုမှာပါဝင်တဲ့ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက် ညဖို့ ကျွန်တော့်အနေဖြင့် တိုက်တွန်းတဲ့အဆိုကို မရုပ်သိမ်းလိုပဲ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးဇော်နိုင်ဦး၊ သဲကုန်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း (N.E.P)လုပ်ငန်းများနှင့် ပတ်သက်၍ နယ်ပယ်ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီ များအား ကျန်ရှိနေသေးသော 11. Line တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆက်လက်ဆောင်ရွက်ကြရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထား ကြပ်မတ်ထိန်းကျောင်းပေး နိုင်ရေးတိုက်တွန်းကြောင်း"**အဆိုကို အတည်ပြုရန် သဘောတူ/မတူ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို E-voting applications ဆန္ဒမဲ ပေးပုံအဆင့်ဆင့်ဖြင့် လွှတ်တော်၏ဆန္ဒကို ရယူပါမယ်။ ဒီလိုဆန္ဒရယူရာမှာ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဥက္ကဋ္ဌကြီးမှဆန္ဒမဲပေးရန် အသင့်ပြင်ပါဟုဆိုသည်နှင့် E-voting applications အားရွေးချယ်ပြီး မိမိနံပါတ်ဖြင့်နှိပ်၍ ဝင်ရန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှ ဆန္ဒမဲပေးနိုင် ပါပြီဟုဆိုသည်နှင့် မိမိကြိုက်နှစ်သက်ရာတစ်ခုအား ရွေးချယ်ပြီး မဲပေးနိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ။အကယ်၍ ထောက်ခံဆန္ဒပြုသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေများလျှင် အဆိုကို လက်ခံဆွေးနွေးရန် သဘောတူသည်ဟူ၍ လည်းကောင်း၊ နည်းလျှင် အဆိုကို လက်ခံ

ဆွေးနွေးရန် သဘောမတူပါလည်းကောင်း လွှတ်တော်သို့ ကြေညာမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- အဆိုရှင်၏ အဆိုနှင့် ပတ်သက်၍ ထောက်ခံမဲ(၄၄)မဲ၊ ကန့်ကွက်မဲ(၁၃)မဲ၊ ကြားနေမဲ(၄)မဲဖြစ်ပါတယ်။ ယခု ထောက်ခံ ဆန္ဒပြုသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ များတဲ့အတွက် ဦးဇော်နိုင်ဦး၏အဆိုကို အတည်ပြု ကြောင်း ကြေညာပါတယ်။

**ဦးကြည်ဇင်[ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]။** ။ ဆန္ဒမဲပေးသည့် အတိုင်းအတာအရ အောင်မြင်ပြီးဖြစ်သော်လည်း စောစောကလွှတ်တော်တွင်သုံးခဲ့သည့် ဝန်ကြီး သုံးစွဲသည့် အသုံးအနှုန်းနှင့်တကွ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ သုံးစွဲထားသော လွှတ်တော်တွင်းမဆီလျော်သည့် အသုံးအနှုန်းများကို ပယ်ဖျက်ပေးရန်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဥပဒေနှင့်မညီညွတ်ဘဲ နည်းဥပဒေအရကန့်သတ်တားမြစ်ထားသည့် အသုံးအနှုန်း များနှင့်ပတ်သက်ပြီး တစ်ခါတည်း သဘောထားကြေညာသွားမည်ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးမှ ပြောကြားသည့် ဥပဒေနှင့်မညီသည့်စကားလုံးများကိုသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် များက တင်သွင်းသည့် အဖွဲ့အစည်းကို ပုတ်ခတ်ပြောဆိုသည့် စကားလုံးများကို နောင်မပြောဖို့၊ ရေစုန်မျှောလိုက်တာတို့၊ အဖွဲ့အစည်းအချင်းချင်းအပေါ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဖတ်ဖူးရဲ့လားဆိုသည့် စကားလုံးတွေကို နောင်ကိုမပြောမိစေရန်ဆင်ခြင်ရန်နှင့် စကားလုံးအသုံးအနှုန်းများကို လွှတ်တော် အစည်းအဝေးမှတ်တမ်းမှာ မထည့်သွင်းရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို (၁၁:၄၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ(၈)ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၄)ရက်မြောက်နေ့ မှတ်တမ်း
# ၁၃၈၁ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
# [၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်]
# (ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက် နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦး ရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၁.၅၈ ရာခိုင်နှုန်း ရှိတဲ့အတွက် တက်ရောက်တဲ့လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်သည့် ကိုယ်စားလှယ် သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်း နှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူး တိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ဌေး [ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]၊ ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်၊ ဝေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ သနပ်ပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်၊ ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်

(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးလှမိုးသိန်း၊ ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးပြည့်ဖြိုးဇော်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၈.၁.၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၄)ဦး၏ကိုယ်စား လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၄ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(ခ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ဗိုလ်တစ်ထောင်ကွက်သစ်အတွင်း အစိုးရအဆက်ဆက် ကတိကဝတ်ဖြစ်နေသည့် ရပ်ကွက်ဈေး၊ စာသင်ကျောင်း၊ ပန်းခြံများ ဆောင်ရွက်နိုင်ရေး မြေနေရာရရှိရန်အတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပြည်မြို့၊ ဗိုလ်တစ်ထောင် ကွက်သစ်သည် ရပ်ကွက်စတင်ထူထောင်စဉ်ကတည်းက ဈေး၊ ကျောင်း၊ ပန်းခြံအတွက် မြေနေရာ သတ်မှတ်ပေးခဲ့ကြောင်း၊ အဆိုပါမြေနေရာကို ဌာနများသို့ လွှဲပြောင်းခြင်းမရှိခဲ့ဘဲ လူပုဂ္ဂိုလ်များသို့ ဂရန်ထုတ်ပေးခဲ့သည့်အတွက် ရပ်ကွက်နေပြည်သူများက အစဉ်တစိုက်ကန့်ကွက်ခဲ့ကြကြောင်း သိရှိရပါသည်။ ယခုအခါ ဂရန်ရရှိထားသူများမှာလည်း ရပ်ကွက်နေပြည်သူများ၏ ကန့်ကွက်နေ မှုကြောင့် အိမ်ယာတည်ဆောက်ခွင့်မရရှိဘဲဖြစ်နေပါသည်။ အဆိုပါ မြေနေရာ၏ မျက်နှာစာတွင် လမ်းဦးစီးဌာနမှ လမ်းမြေကို စွန့်လွှတ်ထားသောမြေများရှိသည့်အတွက် ဂရန်ရရှိထားသူများကို လမ်းမြေစွန့်လွှတ်မြေနေရာတွင် ဂရန်မြေပြောင်းလဲချထားပေးပါက ဈေး၊ ကျောင်း၊ ပန်းခြံမြေနေရာ အတွက် လုံလုံလောက်လောက်ရရှိမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့အတွက်ကြောင့် နှစ်ဦး နှစ်ဖက် အဆင်ပြေပြီး ဒေသဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုနိုင်ရေးအတွက် မည်ကဲ့သို့ ညှိနှိုင်းဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မြို့ပေါ်ရပ်ကွက်များ တိုးချဲ့စဉ်က မြို့ကွက်ချထားသော အကွက်ချမြေပုံများအား မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်း၍ ပြန်လည် သုံးသပ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီမံညွှန်ကြားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ၁၉၉၃ခုနှစ် ဝန်းကျင်က ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့များအား မြို့ကွက်သစ်များဖော်ထုတ်၍ မြို့တိုးချဲ့ခြင်းလုပ်ငန်း များအား ဆောင်ရွက်ခဲ့ပါသော်လည်း ထိုအချိန်မှစ၍ ယနေ့အချိန်အထိ လူနေထိုင်ခြင်းမရှိသော မြေကွက်အလွတ်များ များစွာကျန်ရှိနေပါသည်။ ထို့အပြင် မြို့ကွက်သစ်ချခဲ့စဉ်က ဈေးနေရာ၊ မီးသတ်နေရာ၊ အားကစားကွင်းနေရာများအတွက်လည်း ရည်ရွယ်ထည့်သွင်းလျာထားခဲ့ဟု သိရှိရ ပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူနှင့်သက်ဆိုင်သောမြေနေရာများအား ပြန်လည်စိစစ်ဖော်ထုတ် နိုင်ပါရန်အတွက် မြို့ပေါ်ရပ်ကွက်များ တိုးချဲ့ခဲ့စဉ်က မြို့ကွက်ချထားသော အကွက်ချမြေပုံများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ

စုပေါင်း၍ ပြန်လည်သုံးသပ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီမံညွှန်ကြားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ မိုလ်တစ်ထောင်ကွက်သစ်အတွင်း အစိုးရအဆက်ဆက် ကတိကဝတ်ဖြစ်နေသည့် ရပ်ကွက်ဈေး၊ စာသင်ကျောင်း၊ ပန်းခြံများဆောင်ရွက်နိုင်ရေး မြေနေရာရရှိရန်အတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ မိုလ်တစ်ထောင်ကွက်သစ်အတွင်း အစိုးရအဆက်ဆက် ကတိကဝတ်ဖြစ်စေသည့် ရက်ကွက်၊ ဈေး၊ စာသင်ကျောင်း၊ ပန်းခြံဆောင်ရွက်နိုင်ရေး မြေနေရာ ရရှိရန်ကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်၍ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်တင်ပြချက်များပါဝင်သော အစီရင်ခံစာများဖြင့် အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာတွင် အဆိုပါ မြေနေရာများသည် ၁၉၉၈ခုနှစ်တွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးညွှန့်လက်ထက်တွင် မြေပေးမိန့်များ ချထားပေးခဲ့ကြောင်း၊ ယခုအခါ မြေငှား ဂရန်များ ချထားပေးပြီးဖြစ်ကြောင်း၊ ၎င်းမြေနေရာများသည် ရွာဘဲရပ်ကွက်၊ ကွင်းအမှတ် (၁၇)၊ မိုလ်တစ်ထောင်ကွက်သစ်အတွင်းရှိပြီး ဦးပိုင်အမှတ် (၈၇၅) အမည်ပေါက် ဦးမြင့်ဦး၊ ဦးပိုင်အမှတ် (၈၇၆)၊ အမည်ပေါက် ဒေါ်တင်တင်အုန်း၊ ဦးပိုင်အမှတ် (၈၇၇) အမည်ပေါက် ဦးစန်းကို၊ ဦးပိုင်အမှတ် (၈၇၈)အမည်ပေါက် တပ်ကြပ်ကြီးအောင်မျိုးမင်း၊ ဦးပိုင်အမှတ်(၈၇၉) အမည်ပေါက် ဦးမောင်မောင်ဝေ၊ ဦးပိုင်အမှတ် (၈၈၀) အမည်ပေါက် ဒေါ်ခင်အေးသန်း၊ ဦးပိုင်အမှတ် (၈၈၁) ဦးမြင့်ဝေ၊ ဦးပိုင်အမှတ် (၈၈၂) အမည်ပေါက် ဒေါ်မြင့်မြင့်လွင်၊ ဦးပိုင်အမှတ် (၈၈၃) အမည်ပေါက် ဦးမျိုးလွင်၊ ဦးပိုင်အမှတ် (၈၈၄) အမည်ပေါက် ဦးလှမြင့်၊ ဦးပိုင်အမှတ် (၈၈၅) အမည် ပေါက် ဒေါ်သန်းသန်းအေး၊ ဦးပိုင်အမှတ် (၈၈၆) အမည်ပေါက် ဦးမျိုးမြင့်သန်း စုစုပေါင်းမြေကွက် (၁၂) ကွက်ဖြစ်ကြောင်း တင်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။

နဝဒေးရပ်ကွက်၊ ဗိုလ်တစ်ထောင်မြေကွက်များချထားစဉ် ၁၉၉၈ ခုနှစ်တွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကိုမှ မင်းကြီးတောင်၊ စန္ဒာရုံရပ်ကွက်တွင် နေထိုင်သူများအား မင်းကြီးတောင် ဓမ္မာရုံတွင် ခေါ်ယူဆွေးနွေးရာ၌ ရပ်ကွက်သူ/သားများအတွက် သွားလာလွယ်ကူစေရန် ဈေး၊ ကျောင်း၊ အဝီစိတွင်းတူးပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ကို အကောင်အထည်ဖော်ပေးခြင်းမရှိသည့်အတွက် ဒေသခံပြည်သူများမှ တင်ပြခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့မှ တင်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။

အဆိုပါမြေနေရာများသည် ဈေး၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အတွက် မြေပေးမိန့်များ ချထားခြင်း၊ မြေနေရာသတ်မှတ်ပေးထားခြင်းများ မရှိကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့မှ တင်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။

ယခုမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းတွင် အဆိုပါဂရန်ရရှိပြီးဖြစ်သည့် မြေနေရာများ၏ မျက်နှာစာတွင် လမ်းဦးစီးဌာနမှ လမ်းမြေကို စွန့်လွှတ်ထားသော မြေများရှိပြီး အစိုးရက စီမံခန့်ခွဲ ပိုင်ခွင့်ရှိသော မြေအဖြစ် သတ်မှတ်ထားရှိရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၁၆.၁၁.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ ဖ/၃-၁၅/ဦး ဖ (၁၀၇၉၃)ဖြင့် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။

အဆိုပါမြေများပေါ်တွင် မူလပိုင်ရှင် (၁၂)ဦးအား မြေအစားထိုးပေးအပ်ခွင့် ခွင့်ပြုပါက မူလပိုင်ရှင်များနှင့် သဘောတူညီမှုရရှိရေး ညှိနှိုင်းဆောင်ရွက်ကာ အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မြို့ပေါ်ရပ်ကွက်များ တိုးချဲ့စဉ်က မြို့ကွက်ချထားသော အကွက်ချမြေပုံများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်း၍ ပြန်လည်သုံးသပ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီမံညွှန်ကြားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့မြေစီမံခန့်ခွဲခြင်းလုပ်ငန်းများအား တိုင်းဒေသကြီးမြို့မြေချထားရေးကော်မတီနှင့် ခရိုင်မြို့မြေချထားရေးကော်မတီများ ဖွဲ့စည်း၍ စီမံခန့်ခွဲလျက်ရှိပါသည်။ ခရိုင်မြို့မြေချထားရေးကော်မတီတွင် ခရိုင်အုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး သက်ဆိုင်ရာမြို့နယ်များမှ အုပ်ချုပ်ရေးမှူးများအား အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းပြီး သက်ဆိုင်ရာမြို့နယ်များ၏ မြို့မြေစီမံခန့်ခွဲခြင်းလုပ်ငန်းကို စီမံဆောင်ရွက်လျက်ရှိပါသည်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတွင် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့မြေများ တိုးချဲ့ခြင်းလုပ်ငန်းများကို (၁၉၉၂-၁၉၉၃) ခုနှစ်တွင် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ မြို့ကွက်သစ်များဖော်ထုတ်၍ မြို့မြေတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း ယနေ့အချိန်ထိ လူနေထိုင်ခြင်းမရှိသော မြေကွက်များ၊ အများပြည်သူနှင့် သက်ဆိုင်သောမြေနေရာ (ဈေးနေရာ၊ မီးသတ်နေရာ၊ အားကစားကွင်းနေရာ)များအား ပြန်လည် စိစစ်ဖော်ထုတ်နိုင်ရန်အတွက် မြို့ပေါ်ရပ်ကွက်များတိုးချဲ့ခဲ့စဉ်က မြို့ကွက်ချထားသော အကွက်ချမြေပုံများအား ပြန်လည်စိစစ်လိုသည့်ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ သက်ဆိုင်ရာ ခရိုင်မြို့မြေချထားရေးကော်မတီတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားရမည့် ကိစ္စဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဝန်ကြီးဖြေကြားသွားတဲ့အဖြေက ပြည့်ပြည့်စုံစုံလေး ရှိပါတယ်။ ဝန်ကြီးဖြေကြားသွားသည့် နောက်ဆုံးအချက်က ယခုမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်အဆိုပါ ဂရန်ရရှိပြီးဖြစ်သည့် မြေများ၏မျက်နှာစာတွင် လမ်းဦးစီးဌာနမှ လမ်းမြေကို စွန့်လွှတ်ထားသော မြေများရှိပြီး၊ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများအားသတ်မှတ်ထားရှိရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်လည်း ရရှိထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ မူလပိုင်ရှင်နှင့်လည်း အကျေအလည် ဖြေရှင်းပြီးသားဖြစ်ပါတယ်။ အကယ်၍ အိမ်မျက်နှာစာမှာ လမ်းဦးစီးဌာနကနေ ပြန်လည်စွန့်လွှတ်ထားတဲ့ မြေထဲမှာ သူတို့ကို အကွက် (၁၂)ကွက် ဂရန်ပြန်ချထားတဲ့မြေကို ပြန်ပေးမယ်ဆိုလျှင် ယခင်ဈေး၊ ကျောင်း၊ ပန်းခြံအတွက် သတ်မှတ်ထားသော မြေနေရာများကို ယခုပြန်လည်ပြီးစွန့်လွှတ် လှူဒါန်းပေးသွားဖို့ ကျွန်တော်တို့ ညှိနှိုင်းပြီးဖြစ်ပါတယ်။ အဲ့ဒီအတွက် ဒီလိုမျိုးချထားပေးနိုင်ဖို့အတွက် မြို့မြေချထားရေးကော်မတီ ဥက္ကဋ္ဌလည်းဖြစ်တဲ့ ဝန်ကြီးကလမ်းညွှန်မှုပေးသွားဖို့ အစီအစဉ် ရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးကျော်ဇေယျ မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ အားလုံးမင်္ဂလာပါ။ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်းအမှတ်စဉ် ၅ (က)ရဲ့ မူလပိုင်ရှင် (၁၂)ဦးနဲ့ ညှိနှိုင်းဆောင်ရွက်ပြီးတဲ့အပေါ်မှာ မြေအစားထိုးပေးအပ်ခွင့်ကို တိုင်းဒေသကြီး မြို့မြေချထားရေးကော်မတီအနေနဲ့ လမ်းညွှန်ပေးဖို့ ပတ်သက်တာကို ဖြေကြားပေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့မြေချထားရေးကော်မတီမှာ ယခင်က မြို့မြေချထားရေးတိုင်းကော်မတီ ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူခဲ့ပါတယ်။ သို့ပါသော်လည်း မြို့မြေချထားရေးစီမံခန့်ခွဲမှုလုပ်ငန်းများကို အစည်းအဝေးခေါ်ယူကျင်းပသည့်အခါမှာ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာခြင်းကြောင့် ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ကို တာဝန်ပြန်လည်အပ်နှင်းထားပါတယ်။ တာဝန်ပြန်လည်အပ်နှင်းထားတဲ့အပေါ်မှာ တိုင်းဒေသကြီးဝန်ကြီးချုပ်ကနေပြီး မြို့မြေချထားရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး မိမိကို ဒုတိယဥက္ကဋ္ဌအနေနဲ့ ပြန်လည်ပြီး တာဝန်ပေးထားတာရှိတယ်။ သို့ပါ၍ ကျွန်တော်တို့

ယခု ကိုယ်စားလှယ်ကြီးတင်ပြသည့် မူလပိုင်ရှင် (၁၂)ဦးနဲ့ ညှိနှိုင်းထားပြီး မြေအစားထိုးပေးအပ်ခွင့်နဲ့ ပတ်သက်ပြီး မြို့မြေချထားရေးကော်မတီဥက္ကဋ္ဌထံသို့ ကျွန်တော်တို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဒီမေးခွန်းတွေနဲ့ ပတ်သက်ပြီး အစိုးရအဖွဲ့အနေနဲ့ စီမံညွှန်ကြားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိလို့ မေးထားပါတယ်။ နောက်ဆုံးမှာ သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ သက်ဆိုင်ရာ ခရိုင်မြို့မြေချထားရေးကော်မတီတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားရမည့်ကိစ္စဖြစ်ပါကြောင်း ဖြေကြားထားသည့်အတွက် ပေါင်းစပ်ညှိနှိုင်းဖို့အတွက်ကို ကျွန်တော်တို့ကပဲ စာထပ်တင်ပေးရမှာလား။ ဒါမှမဟုတ် အစိုးရအဖွဲ့ကနေပြီး လွှတ်တော်မှာမေးထားသည့် ကိစ္စဖြစ်သည့်အတွက်ကြောင့် ခရိုင်မြို့မြေချထားရေးကော်မတီကို ညွှန်ကြားပြီးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးညီညီထွေး မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ အားလုံး မင်္ဂလာပါ။ ဦးညီညီထွေး မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး ခရိုင်ကို ညွှန်ကြားပေးရန် ရှိ/မရှိနှင့် ပတ်သက်ပြီး ဖြေကြားပေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ပြီးခဲ့တဲ့ ဒီမေးခွန်းမှာ တင်ပြထားသလိုပဲ မြို့မြေချထားရေးကော်မတီဥက္ကဋ္ဌအနေနဲ့ ဝန်ကြီးချုပ်မှ တာဝန်ယူထားတာဖြစ်သည့်အတွက် ဒီဖြေကြားချက်များဟာ လွှတ်တော်ကို ပေးပို့သည့်အခါမှာ ဝန်ကြီးချုပ်ကိုယ်စားဆိုပြီးတော့ ကျွန်တော့်အနေနဲ့ လက်မှတ်ထိုးပြီး ပေးပို့ထားတာရှိပါတယ်။ သို့ပါ၍ ကိုယ်စားလှယ်ကြီးတင်ပြသည့် ခရိုင်၊ မြို့မြေချထားရေးကော်မတီတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို မြန်ဆန်ပြီး လုပ်ငန်းများ မကြန့်ကြာစေဘဲနဲ့ အမြန်ဆုံးအကောင်အထည်ဖော်ပေးနိုင်ရေးအတွက် မြို့မြေချထားရေးကော်မတီဥက္ကဋ္ဌထံသို့ ကျွန်တော်ဆက်လက်တင်ပြပေးမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ် (၄)ဦးကမေးမြန်းသည့် မေးခွန်း(၇)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်ခဲ့သည့် တံတားများ၏ ချဉ်းကပ်လမ်းများအား အမြန်ဆုံးပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် (၂၀၁၈-၂၀၁၉)ဘတ်ဂျက်ဖြင့် လမ်း၊ တံတားများ ဆောင်ရွက်ရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဘတ်ဂျက်အနေဖြင့် ညောင်လေးပင်-ရေဖြူကန်-ချုံအင်း-ဒလဆိပ်လမ်းပေါ်ရှိ အမှတ်(၈)တံတား (၁၁၀'× ၁၄'×၁၂') ကွန်ကရစ်တံတားနှင့် အမှတ်(၉) တံတား (၄၀'× ၁၄'×၁၂') ကွန်ကရစ်တံတား(၂)ခုလည်း ပါဝင်ပါသည်။

အမှတ်(၉)တံတား (၄၀'× ၁၄'×၁၂') ကွန်ကရစ်တံတားမှာ ဦးစီးဌာနမှ ဆောက်လုပ်ခြင်းဖြစ်ပြီး အမှတ်(၈)တံတား (၁၁၀'× ၁၄'×၁၂')မှာ ရွှေမြင့်သော်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ တံတားများနှင့်ပတ်သက်၍ အထွေအထူးပြောစရာမရှိသော်လည်း ချဉ်းကပ်လမ်းများမှာ ပြဿနာရှိပါသည်။

ဦးစီးဌာနမှ ဆောက်လုပ်သည့် တံတားအမှတ်(၉)၏ ချဉ်းကပ်လမ်းများကို မြေသားများဖြင့်သာ ပြန်ဖို့ထားပါသည်။ နဂိုမူလလမ်းသားမှာ ဂဝံလမ်းသားများဖြစ်၍ ဂဝံခင်းပေးရန် လိုအပ်ပါသည်။ ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သည့် တံတားအမှတ်(၈)မှာ တံတားအစွန်း(၂)ဘက်တွင် ဖို့ထားသည့် မြေသားများအိကျ၍ (၁.၅')ခန့် ဒစ်ကြီးများဖြစ်နေ၍ မည်သည့်ယာဉ်မှ သွားလာ၍မရ ဖြစ်နေပါသည်။ အဆိုပါဒစ်ကြီးများအား ဖြည့်တင်း၍ ကျောက်များခင်းရန် လိုအပ်ပါသည်။ ထို့အပြင် အဆိုပါတံတားကို စတင်တည်ဆောက်စဉ်ကပင် တံတားဟောင်းနေရာတွင် မဆောက်ဘဲ နဂိုမူလလမ်းနှင့် လွဲ၍ဆောက်လုပ်ပါသည်။ ထိုကိစ္စအား ပြန်ပြင်ရန် ပြောသည့်အခါ တံတားနှင့် လမ်းတည့်ရန်အတွက် ချဉ်းကပ်လမ်းကွေ့အား မြေဖို့၍ လမ်းအသစ်လုပ်ပေးပါမည်ဟု မြို့နယ်ထွေအုပ်ရုံးတွင် မြို့နယ်တည်ဆောက်မှုကြီးကြပ်ရေး ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်တွင် ဝန်ခံကတိ လက်မှတ်ရေးထိုးထားပါသည်။ အဆိုပါ ချဉ်းကပ်လမ်းကွေ့အား အမြန်ဆုံးဖြည့်တင်းဆောင်ရွက်ရန် လိုအပ်နေပါသည်။

သို့ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (၂၀၁၈-၂၀၁၉)ဘတ်ဂျက်ဖြင့် ဆောက်လုပ်ခဲ့သည့် ဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်သော တံတားအမှတ်(၉)၏ ချဉ်းကပ်လမ်းနှင့် ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သော တံတားအမှတ် (၈)၏ အတက်အဆင်း ချဉ်းကပ်လမ်း၊ တံတားနှင့် လမ်းတည့်ရန်လိုသည့် ချဉ်းကပ်လမ်းအသစ်တို့အား အမြန်ဆုံးပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့နယ်တွင် NEP ၂ မိုင်ဖြင့် ဓါတ်အား ရရှိပြီးသောရွာများအတွက် အိမ်သုံးမီတာများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝေါမြို့နယ်တွင် NEP ၂ မိုင် အတွင်းရွာ ၁၂ ရွာ ဓာတ်အားပေးရန် အစီအစဉ်ရှိပြီး လက်ရှိအချိန်အထိ ၅ ရွာ ဓာတ်အားရရှိပြီး ဖြစ်ပါတယ်။ မြို့နယ် လျှပ်စစ်ရုံးတွင် မီတာအလုံးရေ ၁၅၀၀ခန့် လျှောက်ထားသည်မှာ တစ်လခန့် ကြာမြင့်ပြီးဖြစ်သော်လည်း ၄၅ လုံးသာ ထုတ်ပေးနိုင်သေးသည့်အတွက် ပြည်သူများ လျှပ်စစ်ဓာတ်အား အမြန်ဆုံးအသုံးပြုနိုင်ရန် ကုန်သောမီတာများ ထုတ်ပေးရန် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်ခဲ့သည့် တံတားများ၏ ချဉ်းကပ်လမ်းများအား အမြန်ဆုံးပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးအောင်နိုင်ဦးမေးမြန်းထားသည့် ညောင်လေးပင်မြို့နယ်အတွင်းရှိ ရေဖြူကန်-ချုံအင်း-ဒလဆိပ်လမ်းပေါ်တွင် (၄၀'×၁၆') အတိုင်းအတာရှိတံတားအမှတ်(၉)နှင့် (၁၁၀'×၁၈') အတိုင်းအတာရှိ တံတားအမှတ်(၈) ကွန်ကရစ်တံတား(၂)ခုပါဝင်ပြီး ညောင်လေးပင် မြို့နယ်အတွင်းရှိ ရေဖြူကန်-ချုံအင်း-ဒလဆိပ်လမ်းပေါ်ရှိ (၄၀'×၁၆')အတိုင်းအတာရှိ တံတားအမှတ် (၉)ကွန်ကရစ်တံတားမှာ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်တွင် တည်ဆောက်ခဲ့သော တံတားဖြစ်ပြီး၊ မူလ (၁၈'×၁၄')အတိုင်းအတာရှိသော သစ်သားတံတားအား ပြန်လည်တည်ဆောက်ခြင်းဖြစ်ပါကြောင်း၊ တံတား၏မူလချဉ်းကပ်လမ်းမှာ အမာခံမြေနီကျောက်စရစ် လမ်းဖြစ်ပြီး၊ ဌာနမှဆောင်ရွက်သော လုပ်ငန်းတွင် ချဉ်းကပ်လမ်းမြေဖို့ခြင်း လုပ်ငန်းမပါဝင်

သော်လည်း လက်ရှိမြေပြင်တွင် စဉ်ဆက်မပြတ် သွားလာမှုအဆင်ပြေစေရန်အတွက် တံတား ချဉ်းကပ်လမ်းအား မြေဖို့ပြီး၊ (၂၉.၁၁.၂၀၁၉)ရက်နေ့တွင် ဂဝံရော မြေဖို့ခြင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ညောင်လေးပင်မြို့နယ်အတွင်းရှိ ရေဖြူကန်-ချုံအင်း-ဒလဆိပ် လမ်းပေါ်ရှိအတိုင်းအတာ (၁၁၀'×၁၈')ရှိ တံတားအမှတ်(၈)ကွန်ကရစ်တံတားမှာ ရွှေမြင့်သော်ကုမ္ပဏီမှ (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်တွင် တည်ဆောက်ခဲ့သောတံတားဖြစ်ပြီး၊ မူလ (၁၁၀'×၁၄') ရှိသော သစ်သားတံတား၏ နံဘေးတွင်ကပ်လျက် တည်ဆောက်ထားပါကြောင်းနှင့် တာဝန်ယူတည်ဆောက်သည့် ကုမ္ပဏီမှ နိမ့်ကျသွားသော ချဉ်းကပ်လမ်းမြေအားဖို့ပေးပြီး ယာဉ်လမ်းကြောင်း သွားလာမှုအဆင်ပြေစေရန် အတွက် မြေဖို့ခြင်းလုပ်ငန်းအား (၂၉.၁၁.၂၀၁၉) ရက်နေ့တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ဝေါမြို့နယ်တွင် NEP ၂ မိုင်ဖြင့် ဓါတ်အားရရှိပြီးသော ရွာများအတွက် အိမ်သုံးမီတာများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ NEP (၂)မိုင်ဖြင့် ဓာတ်အားရရှိပြီးသော ကျေးရွာများအတွက် အိမ်သုံးမီတာများ တပ်ဆင်ပေးရာတွင် မြို့နယ်/မြို့များ၏ မီတာလိုအပ်ချက်အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ရုံးချုပ်)မှ ရရှိသော မီတာအရေအတွက်အပေါ် မူတည်၍ ခွဲဝေဆောင်ရွက်ပေးလျှက်ရှိပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း(ရုံးချုပ်)မှ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် ဓာတ်အားသုံးစွဲလိုသူ ပြည်သူများကို တပ်ဆင်ပေးရန် အိမ်သုံးမီတာများကို တင်ဒါခေါ်ဆိုခဲ့ပြီးဖြစ်၍ အဆိုပါမီတာများ ရောက်ရှိပါက NEP ကျေးရွာများအတွက် မီတာများကို အလုံအလောက် တပ်ဆင်ပေးသွားမည် ဖြစ်ပြီး လက်ရှိအနေဖြင့် ရရှိသောမီတာအရေအတွက်ပေါ်မူတည်၍ ဝေါမြို့နယ်အတွက် အိမ်သုံး မီတာ (၁၀၀)လုံး ထုတ်ပေးထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ရှိ မြန်မာ့မီးရထားမှ ငှားရမ်းခကောက်ယူခြင်း မရှိတော့သော လုပ်ငန်းစီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် ဆိုင်ခန်းသုံးခန်းအား ဖျက်သိမ်းပေးရန်နှင့် ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်တင်ပြရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အား မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **“မီးရထားမြေအဖြစ်မှ စွန့်လွှတ်နိုင်ပါရန် တင်ပြထားမှုအပေါ် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ ရက်စွဲပါ စာအမှတ် ၇/ ၂ – ၆ / ထောက် ၂ (၀၀၂၇၆) ဖြင့် "ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က"ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၌ (၂၀၁၈ – ၂၀၁၉) မြို့နယ်စည်ပင်သာရေးအဖွဲ့ ဘတ်ဂျက်ဖြင့် ဆောင်ရွက်နေသော ကမ်းနားအဆင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် ဆောင်ရွက်နေသော အုတ်ရေမြောင်းလုပ်ငန်းများအား ဘတ်ဂျက်နှစ်အမီ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့မီးရထားမှ သုံးလတစ်ခါ မြေငှားရမ်းခကောက်ခံပြီး အငှားချခဲ့သော်လည်း ယနေ့အချိန်တွင် ငှားရမ်းခကောက်ယူခြင်းမရှိတော့သော လုပ်ငန်းစီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် ဆိုင်ခန်းသုံးခန်းအား ဖျက်သိမ်းပေးရန်နှင့် ဆောင်ရွက်ပြီးစီးမှုအား ပြန်လည်တင်ပြရန်ဟု မြန်မာ့မီးရထား တိုင်းအမှတ်(၆)အား ဝန်ကြီးချုပ်က ညွှန်ကြားထားသော်လည်း ယနေ့တိုင် ဆောင်ရွက်ပေးခြင်းမရှိသေးပါသဖြင့် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်း ပါသည်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ရှိ မြန်မာ့မီးရထားမှ ၁၉၈၀ ခုနှစ်ဝန်ကျင်ခန့်ကတည်းက ကာလရှည်ကြာစွာ အသုံးမပြုတော့သော မြေများအား ပြန်လည်စွန့်လွှတ်နိုင်ရေး ဆောင်ရွက်ပေးရန်အတွက် **၂၀၁၉ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ ရက်စွဲပါစာဖြင့်** ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံ တင်ပြထားမှုအား မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကိုသိရှိလိုပါကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ။** ။ဦးညီညီထွေးမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ရှိ မြန်မာ့မီးရထားမှ ငှားရမ်းခကောက်ယူခြင်းမရှိတော့သော လုပ်ငန်းစီမံကိန်း ဧရိယာနှင့် မလွတ်ကင်းသည့် ဆိုင်ခန်းသုံးခန်းအား ဖျက်သိမ်းပေးရန်နှင့် ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်တင်ပြရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အား မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော မြေငှားဆိုင်ခန်း(၃)ခန်း ဖျက်သိမ်းပေးရန်ကိစ္စနှင့်ပတ်သက်၍ မဒေါက်မြို့၊ စီမံကိန်းဧရိယာနှင့် မလွတ် ကင်းသော ဆိုင်ခန်းများမှာ (၃)ဆိုင် မဟုတ်ဘဲ (၄)ဆိုင်ဖြစ်ပါကြောင်း၊ ယင်း(၄)ဆိုင်အနက် MIC အမှတ်စဉ် (၁၉၆)၊ ဦးဝင်း၊ ဗီဒီယိုရုံနှင့် MICအမှတ်စဉ် (၂၀၂)၊ ဦးဌေး၊ ဘက်ထရီဆိုင်တို့မှာ စီမံကိန်း ဧရိယာအတွင်း ကျရောက်နေပါသဖြင့် မြေငှားရမ်းခများကို ၂၀၁၉၊ ဧပြီလမှ ပေးသွင်းခြင်း မရှိတော့ဘဲ MICစာရင်းမှ ပယ်ဖျက်ပေးပါရန်နှင့် အပြီးပိတ်သိမ်းခွင့် တောင်းခံခဲ့သဖြင့် (၁.၄.၂၀၁၉)

ရက်နေ့မှစ၍ အပြီးပိတ်သိမ်းခွင့်ပြုပြီး အဆောက်အဦဖျက်သိမ်းရန်ဖြစ်သော်လည်း အဆောက်အဦ ဖျက်သိမ်းခြင်းမရှိသေးသဖြင့် လက်ရှိလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေအရ တရားဝင် မြန်မာ့မီးရထားပိုင်မြေမှ စွန့်လွှတ်လွှဲပြောင်းပေးခြင်း၊ လုပ်ငန်းမပြီးပြတ်သေးပါသောကြောင့် လက်ရှိ မြန်မာ့မီးရထားပိုင်မြေပေါ်ရှိ ကျူးကျော်အဆောက်အဦများအဖြစ်သာ သတ်မှတ်ထားရှိပြီး MIC အမှတ်စဉ် (၁၉၉)နှင့် (၂၀၀)၊ ဒေါ်ကျင်ဌေး ဆိုင်ခန်း(၂)ခန်းသည် မြေနေရာအစား ပြန်လည် တောင်းခံထားသဖြင့် မြန်မာ့မီးရထားမှ မြေနေရာစွန့်လွှတ်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပါက ကင်းလွတ်သည့်နေရာတွင် မြေနေရာအစား ပြန်လည်ပေးအပ်ရန်ရှိသဖြင့် မြေငှားရမ်းခများအား စာရင်းစစ်ကန့်ကွက်မှုမရှိစေရေး ဆက်လက်ကောက်ခံဆောင်ရွက်ထားရှိနေ ရကြောင်း၊ အဆိုပါ ဒေါ်ကျင်ဌေးဆိုင်ခန်း(၂)ခန်းအား မြေနေရာအစားချထားပေးခြင်းနှင့်ပတ်သက်၍ ဆိုင်ရှင်ဖြစ်သူနှင့် ညှိနှိုင်းလျက်ရှိပြီး ဆိုင်ရှင်မှ အစားထိုးတောင်းခံသောနေရာသည် လက်ရှိ ကျူးကျော်ဆိုင်များရှိနေသောကြောင့် အဆိုပါ ကျူးကျော်ဆိုင်များ ဖယ်ရှားရှင်းလင်းပြီး နေရာ ပြန်လည်ချထားရန် စီစဉ်ထားပါကြောင်းနှင့် မြန်မာ့မီးရထားပိုင်မြေမှ စွန့်လွှတ်မြေအဖြစ် ခွင့်ပြု သတ်မှတ်မှုလုပ်ငန်းပြီးစီး၍ စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်သည်နှင့် အချိန်မီဖယ်ရှား ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မီးရထားမြေအဖြစ်မှ စွန့်လွှတ် နိုင်ပါရန် တင်ပြထားမှုအပေါ် မည်ကဲ့သို့ ဆောင်ရွက် ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ မဒေါက်မြို့ရှိ အသုံးပြုခြင်းမရှိတော့သည့် မြန်မာ့မီးရထားပိုင်မြေများ ပြန်လည်စွန့်လွှတ်ရန်အတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ ညောင်လေးပင်သို့ ဆက်သွယ်၍ လိုအပ်သောမြေစာရင်းမြေပုံများ ရရှိရေးဆောင်ရွက်ခဲ့ ရာတွင် စုစုပေါင်း(၁၆.၃၂၄)ကေမှ မြန်မာ့မီးရထားပိုင်မြေမှာ (၁၁.၆၆၅)ကေဖြစ်ပြီး မြန်မာ့မီးရထားမှ နိုင်ငံတော်သို့ စွန့်လွှတ်ရမည့်မြေမှာ (၅.၈၇၉)ကေဖြစ်ကြောင်း မြေစာရင်းပုံစံ(၁၀၅)အရ (၁၅.၁၀. ၂၀၁၉)နေ့တွင်ရရှိ၍ သိရှိရပြီး ကိုက်ညီမှုမရှိဖြစ်နေပါကြောင်း၊ အဆိုပါ(၁၀၅)မြေမှာ မြန်မာ့ မီးရထားမှ ရရှိမည့်မြေနှင့် စွန့်လွှတ်ရမည့်မြေအား အတိအကျရရှိရေး ပုံစံ(၁၀၆)နှင့် ပြန်လည် စွန့်လွှတ်ရမည့် မြေများအတွက် ပုံစံ(၁-က)နှင့် ပုံစံ(၁)တို့ရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အမြန်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဆင်လမ်း၊ ခမုံ-ထိန်တောလမ်းပေါ်ရှိ ခမုံ-ထိန်တောလမ်းပိုင်းကို ပြန်လည်ပြင်ဆင် ပေးရန်နှင့် ကောင်းမွန်အောင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **“မြစ်မခ(ရထား)တံတားအား ကားလေးနှင့် ဆိုင်ကယ်များ သွားလာ၍ရအောင် ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ ခရိုင်၊ လက်ပံတန်းမြို့နယ်၊ ဆင်လမ်း-ခမုံ-ထိန်တောလမ်းပေါ်ရှိ ခမုံ-ထိန်တော လမ်းပိုင်းကို ၂၀၁၈-၂၀၁၉ ဘတ်ဂျက်နှစ်၌ ပြင်ထိန်းကျပ်သိန်း (၉၀၀)နှင့် ဆောင်ရွက်ခဲ့သော်လည်း မည်သို့လုပ်လိုက်သည်မသိ လမ်းမှာ ယင်းနှစ် မိုးတွင်းမှာပင် ပျက်စီးသွားပါသောကြောင့် မည်ကဲ့သို့ ပြန်လည်ပြင်ဆင်ပေးမည်ကို သိရှိလိုပါ၍ ၎င်းယခုလာမည့်နှစ်အတွက် မည်ကဲ့သို့ သွားလာရ လွယ်ကူအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား တင်ပြအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ခမုံဆိပ်အုပ်စု၊ ခမုံဆိပ်ရွာတွင် တည်ရှိသောလက်ပံတန်း-သာရဝေါ ရထားလမ်းပေါ်တွင် တည်ရှိသော မြစ်မခ(ရထား)ကူးတံတားအား ကားလေးများနှင့် ကုန်ပေါ့များတည်ဆောက်ရာတွင် လွယ်ကူချောမွေ့စေရန်နှင့် ပြည်သူများအကျိုးစီးပွား ဖြစ်ထွန်းစေရန် ရည်သန်၍ (ရထား + ကားသေးနှင့် ဆိုင်ကယ်) ကူးနိုင်စေရန် ဝန်ကြီးချုပ်ခရီးစဉ်တွင် ပြည်သူများမှ တင်ပြချက်အရ ဝန်ကြီးချုပ်စီစဉ်ပေးပါမည်ဟု နှုတ်ကတိအပေါ် ပြည်သူများမှ အမှန်တကယ် လိုလားတောင့်တလျက်ရှိပါသောကြောင့် (၂၀၂၀-၂၀၂၁) ခုနှစ်တွင် ဆောင်ရွက်ပေး နိုင်ပါရန် ပြည်သူများကိုယ်စား တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ဆင်လမ်း၊ ခမုံ-ထိန်တောလမ်းပေါ်ရှိ ခမုံ-ထိန်တောလမ်းပိုင်းကို ပြန်လည်ပြင်ဆင်ပေးရန်နှင့် ကောင်းမွန်အောင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်း၍ လက်ပံတန်း-မိုးညို-နတ္တလင်းလမ်းသည် လက်ပံတန်းမြို့နယ်အတွင်း မိုင် ၀/၀ မှ ၁၃/၁ အထိ ၁၃မိုင် ၁ဖာလုံ အရှည်ရှိပြီး ကတ္တရာလမ်း( ၂မိုင် ၂ဖာလုံ)၊ ကျောက်လမ်း(၁၀မိုင် ၇ဖာလုံ) ရှိပါသည်။ မိုင် ၀/၀ မှ ၇/၂ အထိ လမ်းအပိုင်းသည် ဆည်မြောင်းတာဘောင်အပိုင်း ဖြစ်ပါကြောင်း၊ လက်ပံတန်းမြို့နယ်၊ ခမုံ-ထိန်တောလမ်းအပိုင်း မိုင် ၇/၂ မှ ၁၃/၁ အတွင်းတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၌ တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း

ရန်ပုံငွေကျပ်(၉၈.၂)သန်းဖြင့် မိုင် ၇/၂ မှ ၉/၂ အထိ ၂မိုင်၊ မိုင် ၁၁/၀ မှ ၁၃/၁ အထိ ၂မိုင် ၁ဖာလုံ၊ စုစုပေါင်း ၄မိုင် ၁ဖာလုံအား၂'' x ၄''ကျောက် ၄''ထု (၆၀%)ဖြည့်ခင်းကြိတ်၍ (၈ပေ) အကျယ် ၂''ထု ဂဝံအကြေခင်းကြိတ်ခြင်းလုပ်ငန်းကို လက်ပံတန်းမြို့နယ်၊ လမ်းဦးစီးဌာနမှ (၂၆.၂.၂၀၁၉) ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ (၃၀.၅.၂၀၁၉) ရက်နေ့တွင် လုပ်ငန်းပြီးစီးခဲ့ပါကြောင်း၊လက်ပံတန်း-မိုးညို-နတ္တလင်းလမ်း၏ လမ်းတာဘောင်အမြင့်သည် (၁ပေမှ၃ပေခန့်သာ)ရှိပြီး လမ်းဘေးဝဲ/ယာသည် လယ်မြေများ အများစုရှိသည့်အပြင် အောက်ခံမြေသားမှာလည်း ညံ့ဖျင်းမှုရှိသည့် လမ်းအပိုင်းဖြစ်ပါကြောင်း၊ ယင်းလမ်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၈ပေ)အကျယ် ကျောက်လမ်းအဖြစ် ဆောင်ရွက်ခဲ့သော လမ်းအပိုင်းဖြစ်ပါကြောင်း၊ လက်ပံတန်း-မိုးညို-နတ္တလင်းလမ်းသည် လက်ပံတန်းမြို့၏ ဒေသထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် လမ်းဖြစ်ပြီး လက်ရှိခမုံ-ထိန်တောလမ်းအပိုင်း၏ အကျယ်မှာ (၈ပေ) သာရှိခြင်းကြောင့် ယာဉ်များ တိမ်းရှောင်ရာတွင် လမ်းပုခုံးပေါ်သို့ချ၍ ရှောင်တိမ်းရပါသဖြင့် လမ်းပုခုံးတွင် စွပ်ကြောင်းများ ဖြစ်ပေါ်ကာ မိုးရွာသွန်းချိန်တွင် ယာဉ်များသွားလာမှုကြောင့် အပေါ်ယံဂဝံအကြေ လွှာမှာလည်း ပျက်စီးခဲ့ပြီး စက်ဘီး၊ ဆိုင်ကယ်များသွားလာရာတွင် ခက်ခဲမှုဖြစ်ပေါ်ခဲ့ပါကြောင်း၊ အပေါ်ယံဂဝံကြေလွှာများမှာ ပိုမိုဆိုးဝါးစွာ မဖြစ်ပေါ်စေရန်အတွက် ရေတင်/ ရေဝပ် သောနေရာများအား ရေမြောင်းဖောက်ခြင်း၊ ရေဝပ်၍ ပျက်စီးနေသော ဂဝံအကြေများအား ဖယ်ထုတ်၍ ကျောက်ဖြည့်ကြိတ်၊ သဲဖြန့်ခြင်းလုပ်ငန်းကို လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိထား ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ခမုံ-ထိန်တောလမ်းအပိုင်း မိုင် ၁၀/၅ မှ ၁၁/၀ အထိ ၃ဖာလုံအား ၁၂ပေ အကျယ် ကတ္တရာလမ်းအဖြစ် တိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပြီး မိုင် ၇/၂ မှ ၉/၂ အထိနှင့် မိုင် ၁၁/၀ မှ ၁၃/၁ အထိ လမ်းအပိုင်းများကို သာမာန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မြစ်မခ(ရထား)တံတားအား ကားလေးနှင့် ဆိုင်ကယ်များ သွားလာ၍ရအောင် ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ အင်ဂျင်နီယာမှူး(မြို့ပြ)၊ တိုင်း(၆)ရန်ကုန်နယ်၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း၊ ညောင်ဝိုင်း-ခမုံဆိပ်ကြား မိုင်၈၇/၁၃-၁၆ရှိ တံတားအမှတ်(၁၇)၊ ခမုံဆိပ်တံတား(၄×၁၅၀'=၆၀၀')မှာ ယခုလက်ရှိ ရထားလမ်းဘေးတံတား၏ တစ်ဘက်တစ်ချက်တွင် လူသွားလမ်း (၃')စီရှိ၍ အဆိုပါလမ်းမှ လူနှင့်ဆိုင်ကယ်များဖြတ်သန်းလျက်ရှိပြီး ကားလေးများ ဖြတ်သန်းနိုင်ရန် တံတား၏အလယ်မှ ဖြတ်သန်းနိုင်ရေး ပြုပြင်ဆောင်ရွက်ရမည် ဖြစ်ရာ သစ်သားဇလီဖား(သစ်မာ)များ ထပ်မံဖြည့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သဖြင့် တံတားပေါ်တွင် အလေးချိန်ပိုလာမည် ဖြစ်ပါကြောင်း၊ အဆိုပါ လက်ပံတန်း-သာရဝေါလမ်းပိုင်းသည်

(၁၉၀၃)ခုနှစ်တွင် ဖွင့်လှစ်ခဲ့သဖြင့် (၁၁၆)နှစ်ကြာမြင့်နေပြီဖြစ်၍ တံတား၏ အောက်ခံတန်းများမှာ သံချေးစားကာ ခံနိုင်ဝန်အားနည်းနေသဖြင့် အင်ဂျင်နီယာမှူး (တံတား အလုပ်ရုံ/ မလွှကုန်း)မှ နှစ်စဉ်တံတားများအား စစ်ဆေးပြုပြင်မှုများ ပြုလုပ်နေရပါကြောင်း၊ တံတား၏အောက်ခံသံဘောင်တွင် အားနည်းနေမှုအပေါ် တံတားပြုပြင်ရမည့် ဇလီဖား(သစ်မာ)အလေးချိန် ပိုလာမည်ဖြစ်၍ ရထားနှင့် ကားများ ဖြတ်သန်းသွားလာရာတွင် ခံနိုင်ဝန်မရှိနိုင်ပါသဖြင့် ပြုပြင်ပေးရန် မဖြစ်နိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်တို့ ဝန်ကြီးဖြေကြားသွားသည့်အပေါ်မှာ ကျွန်တော် မေးသည့် မေးခွန်းမှာ မြစ်မခမြစ်ရထားကူးတံတားကို စက်ဘီးနှင့် ဆိုင်ကယ်များသွားလာရေး အတွက် ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ရထား(၁)စင်းသွားတယ်ဆိုလျှင် ရထားတွဲခေါင်းဘယ်လောက် လေးသလဲဆိုတာကို ဝန်ကြီးလည်းသိပါတယ်။ ရထားတွဲ(၁)တွဲရဲ့ နောက်မှာ လူစီးတွဲကနည်းပြီး ကုန်ရထားပါ။ လက်ပံတန်းကို (၂)ခေါက်တက်တယ်။ အသွား တစ်ကြောင်း အပြန်တစ်ကြောင်း၊ သာရဝေါကနေ ရန်ကုန် အစုန်-အဆန်တစ်နေ့ကို (၄)ကျောင်း စွဲပါတယ်။ ရထားတွဲအနောက်မှာ ကုန်ရော၊ လူရော(၁၀)တွဲလောက် ပါ,ပါတယ်။ ကုန်အပြည့် ရထားတွဲ (၁)တွဲရဲ့ အလေးချိန်တင်အနည်းဆုံး (၆)တန်၊ (၈)တန်ရှိတယ်။ ကျွန်တော်တို့ ဒီမေးထားတဲ့ ထဲမှာ ဒါရထားတွဲ (၁)တွဲရဲ့ အလေးချိန်ဘဲ (၁၀)တွဲလုံး ဒီတံတားကြီးပေါ်မှာ ရထားခေါင်းအပါအဝင် ရထား(၁)တွဲလုံးသွားနေတာ ကုန်လည်းအပြည့်တင်တာဆိုတော့ ဒီရထားတွဲ(၁)တွဲရဲ့ အလေးချိန်က ကျွန်တော့်အထင် အနည်းဆုံး(၁၅)တန်အထက် တန်(၂၀)ဝန်းကျင်ရှိပါတယ်။ ကျွန်တော်မေးထားတဲ့ မေးခွန်းမှာ ကားလေးနှင့် ဆိုင်ကယ်များသွားလာနိုင်အောင်ဆိုတော့ ဘေးနားမှာ ဆိုင်ကယ်နှင့် ကားလေးများသွားလာလို့ရအောင် ကြံဖန်ပြီးလုပ်ထားတာ ရှိပါတယ်။ ဒီကားလေးနှင့် စက်ဘီးများ သွားလာ၍ပဲ ရအောင်ဆိုတာက ဒီတံတားက မခိုင်ဘူးဆိုတာ ဒါလုံးဝမဖြစ်နိုင်ပါဘူး။ နောက်တစ်ခု ကလည်း ဝန်ကြီးချုပ်ခရီးစဉ်မှာ ပြည်သူများကတင်ပြသည့်အတွက် ဝန်ကြီးချုပ်ကိုယ်တိုင်လည်း သေသေချာချာ သွားရောက်ကြည့်ရှုတဲ့အခါမှာ လုပ်ဆောင်ပေးမယ်လို့ ပြောသွားပါတယ်။ အခု ပြောတဲ့အခါမှာလည်း (၁၁၆)နှစ် ကြာမြင့်တယ်ဆိုတာ ဟုတ်ပါတယ်။ တံတားရဲ့ အောက်ခံတန်း များမှာ သံချေးစားတယ်ဆိုတာက အနည်းနဲ့အများစားမှာ မှန်ပါတယ်။ ဒါပေမဲ့ ခံနိုင်ဝန်အားနည်း နေသဖြင့်ဆိုတာ ဒီရထားကြီးတွေတောင် သွားနေတာ ကျွန်တော်တို့ဆိုင်ကယ်နှင့် ကားတွေ

သွားတာလောက်တော့ လူသွားတာလောက်တော့ မဖြစ်လောက်ဘူးထင်သည့်အတွက် ဝန်ကြီးအနေနဲ့ ခမုံဆိပ်အုပ်စုက လူဦးရေ (၁၂၀၀၀)ဦး အခုဆိုလျှင် (၁၄၀၀၀)ကျော်လောက်ရှိပြီး သူတို့မြို့လည်း လျှောက်ထားပါတယ်။ ရွာကို (၂)ခြမ်းခြမ်းပြီး အဲ့ဒီတံတားကြီးက အလယ်မှာဖြစ်နေသည့်အတွက် ဟိုဘက်ဒီဘက် ကားကူးဖို့ရာ အဲ့ဒီတံတားကိုလုပ်ပေးနိုင်လျှင် ပြည်သူတွေရဲ့ စားဝတ်နေရေး ပိုပြီးလွယ်ကူချောမွေ့မည့်အပြင် စီးပွားရေးအခွင့်အလမ်းတွေ ပိုလာမယ်လို့လည်းယူဆတယ်။ နောက်တစ်ခုက အစိုးရရဲ့ မူလတာဝန် ပြည်သူတွေရဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးဖို့ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့်အတွက် ကျွန်တော်အနေနဲ့ ဆက်စပ်မေးခွန်း မေးမြန်းချင်တာကတော့ ဖြစ်နိုင်သည့်အတွက် ဝန်ကြီးအနေနဲ့ ဒီ(၁၄)ကြိမ်မြောက် လွှတ်တော်ပြီးသွားတဲ့အချိန်မှာ လက်ပံတန်းမြို့နယ်ကို ကိုယ်တိုင်ဆင်းပြီး ပြန်လည်တင်ပြပေးနိုင်ခြင်း ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးမျိုးအောင် မေးမြန်းသည့် မေးခွန်းအမှတ်(၂)နှင့်ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှင်းလင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ တံတားခံနိုင်ဝန်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ရှင်းရှင်းလင်းလင်းဖြေကြားထားတာ ရှိပါတယ်။ ကားလေးများ ဖြတ်သန်းနိုင်ရန် တံတားကြီးအလယ်မှ ဖြတ်သန်းနိုင်ရေး ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ရာ သစ်သားဇလီဖာသစ်မာများ ထပ်မံဖြည့်ဆည်းခြင်းလုပ်ငန်း ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့်လို့ဆိုသည့်အတွက် တံတားပေါ်မှာ အလေးချိန်ပိုလာမည်ဖြစ်ပါကြောင်း ဖြေထားတာပါ။ ဒါကတော့ အင်ဂျင်နီယာဆိုဒ်ရဲ့ တာဝန်ခံသူဟာသူဖြေထားတာဖြစ်ပါတယ်။ အကယ်၍ ဒီဟာတွေ ထပ်ပြီးတော့ လုပ်မယ်ဆိုရင် သူတာဝန် မခံနိုင်ဘူးဆိုတဲ့ သဘောမျိုး ပြောထားတာဖြစ်ပါတယ်။ အဲ့တော့ ဖြစ်ပေါ်လာမည့်ကိစ္စတွေ အတွက်ကြောင့် ဒါအင်ဂျင်နီယာဆိုဒ်ကနေ ဖြေကြားထားတာဖြစ်ပါတယ်။ ဒီလိုအခက်အခဲပေါင်းများစွာလဲ ဒါအများကြီး တခြားကိစ္စတွေမှာ တခြားလမ်းတွေမှာလည်း ရှိပါတယ်။ အဲ့တော့ အင်ဂျင်နီယာဆိုဒ်ကနေ ဒီလိုမဖြစ်နိုင်ပါဘူးလို့ ပြောတဲ့ဟာကိုတော့ ကျွန်တော် ထပ်မံပြီးတော့ ဒီပေါ်မှာတော့ လုပ်လို့မရပါဘူး။ အဲ့တော့ တကယ်လို့ ဒီဟာကို လိုအပ်နေတာ ရှိရင်တော့ ရန်ပုံငွေရှိတယ်ဆိုရင်တော့ ဒီဟာကို အသစ်တည်ဆောက်မှပဲ ရနိုင်တဲ့အနေအထား ရှိပါတယ်။ အဲ့တော့ လတ်တလောသစ်မာများနဲ့ ခင်းပြီးတော့လုပ်ဖို့ကတော့ လုပ်ဆောင်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေအလုံအလောက်ရရှိပါက ဒီနေရာမှာ တံတားအနေနဲ့ အသစ်တည်ဆောက်ထားနိုင်မှာ ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ပံတန်းမြို့နယ်အတွက် မဟာဇ္ဈူဟာလမ်းအစမှ (၅)မိုင်အထိမှာ ဆိုးရွားစွာ ပျက်စီးနေပါသဖြင့် ၂၀၂၀-၂၀၂၁ ဘတ်ဂျက်နှစ်၌ လျာထားပေးနိုင်ခြင်း ရှိ/မရှိနှင့် ၎င်းလမ်းပေါ်၌တည်ရှိသော သစ်သားတံတား (၃)စင်းအား ကွန်ကရစ်တံတားအဖြစ် တစ်ပါတည်း ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ ခရိုင်၊ လက်ပံတန်းမြို့ အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ဆက်သွယ်ပေးထားသော မဟာဇ္ဈူဟာလမ်း ဝမိုင်မှ ၅မိုင်အထိမှာ ရာသီဥတုနှင့် အကြောင်းများစွာကြောင့် ဆိုးရွားစွာ ပျက်စီးနေပါသောကြောင့် လူမှုရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကျန်းမာရေးတို့တွင် များစွာနှောင့်နှေးမှုများ ဖြစ်ပေါ်နေရပါသော ကြောင့်တစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပုံရိပ်ကိုများစွာ ထိခိုက်မှာ မခံနိုင်ပါသောကြောင့် ၂၀၁၉-၂၀၂၀ RE (သို့မဟုတ်) ၂၀၂၀-၂၀၂၁ ဘတ်ဂျက်တွင် လမ်းအဆင့်မြှင့်တင်ရန် ရန်ပုံငွေထည့်သွင်း လျာထားပေးနိုင်ပါရန်နှင့် အဆိုပါလမ်းတွင် သစ်သားတံတား(၃)စင်းအားလည်း ကွန်ကရစ်တံတားနှင့် အစားထိုးပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူများကိုယ်စားတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ် ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ပံတန်းမြို့နယ်အတွက် မဟာဇ္ဈူဟာလမ်းအစမှ (၅)မိုင်အထိမှာ ဆိုးရွားစွာ ပျက်စီးနေပါသဖြင့် ၂၀၂၀-၂၀၂၁ ဘတ်ဂျက်နှစ်၌ လျာထားပေးနိုင်ခြင်း ရှိ/မရှိနှင့် ၎င်းလမ်းပေါ်၌တည်ရှိသော သစ်သားတံတား (၃)စင်းအား ကွန်ကရစ်တံတားအဖြစ် တစ်ပါတည်း ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ လက်ပံတန်း-ကျူလဟာလမ်း၏ လက်ရှိလမ်း အမျိုးအစားသည် ကတ္တရာလမ်း (၁၅မိုင် ၇ဖာလုံ)၊ ကျောက်လမ်း(၄မိုင် ၃ဖာလုံ)၊ စုစုပေါင်း(၂၀မိုင် ၂ဖာလုံ) ဖြစ်ပါသည်။ ၂၀၁၉ခုနှစ် မိုးကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုင် ၀/၀ မှ ၅/၀ အတွင်းနှင့် မိုင် ၉/၀ မှ ၁၁/၀ အတွင်း စုစုပေါင်း ၇ မိုင် လမ်းသားပျက်စီးနေသောအပိုင်းအား ကျောက်ကတ္တရာဖြင့်ပြုပြင်၍ အကွက်လိုက် ရေပိတ်လွှာ လောင်းခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသော တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ ကျပ်(၁၃၀)သန်းဖြင့် ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လက်ပံတန်း-ကျူလဟာလမ်း မိုင် ၀/၀ မှ ၅/၀ အထိ (၅)မိုင်အား (၁၈ပေ) အကျယ်ကတ္တရာ လမ်း(သို့)ကွန်ကရစ် လမ်းအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ရန်အတွက် လမ်းလွှာ

ဒီဇိုင်း တင်ပြတောင်းခံထားပြီး သတ်မှတ်ဒီဇိုင်းအတိုင်း ဆောင်ရွက်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်အလိုက် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ယင်းလမ်းပေါ်ရှိ သစ်သားတံတား(၃)စင်းဖြစ်သော တံတား အမှတ် -၃/၉(၉၀ပေ)၊ ၁/၁၂ (၆၅ပေ)၊ ၂/၁၃ (၆၅ပေ)တို့အား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ရန်အတွက် လိုအပ်ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု သက်ဆိုင်ရာ ဝန်ကြီးများက မိမိတို့၏ ဆောင်ရွက်ချက်များ၊ ပြန်လည်ဖြေကြားချက်များကို စာဖြင့်လွှတ်တော်သို့ ယခု ကျင်းပသည့် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးပြီးဆုံးသည့်နေ့မှ (၁)ပတ်အတွင်း ပြန်လည် ပေးပို့ ဖြေကြားပေးပါရန် တိုက်တွန်းအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီ အဖွဲ့ဝင် ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ (ပဲခူးတိုင်းဒေသကြီး လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီအစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံ ယနေ့ (၁၆:၀၀)နာရီထက် နောက်မကျစေဘဲ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်အား ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို (၁၁:၂၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ (၉)ရက် (ကြာသပတေးနေ့) နံနက်(၁၀:၀၀)နာရီ အချိန်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ သြဘာသံများ ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင် ပါပြီ ခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၅)ရက်မြောက်နေ့ မှတ်တမ်း
# ၁၃၈၁ခုနှစ်၊ ပြာသိုလပြည့် ၁၅ ရက်
# [၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၉ ရက်]
# (ကြာသပတေးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၅၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၇၁.၀၅ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်သည့် ကိုယ်စားလှယ်သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော် လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေး ဝန်ကြီးဌာန]၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး [ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]၊ မင်းလှ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ [ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး (ခ)ဦးတင်ဆန်းဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးလှမိုးသိန်း၊ ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးပြည့်ဖြိုးဇော်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၉-၁-၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၂၂)ဦး၏ကိုယ်စား လေးစားစွာခွင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၂၂ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်ကိုယ်စားလှယ် (၄)ဦးကမေးမြန်းသည့် မေးခွန်း(၉)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ဥယျာဉ်တော်ကျေးရွာနှင့် ရေလျှံကျေးရွာချင်းဆက် (၆)မိုင် (၁.၅)ဖာလုံရှိ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ဝဲဒေါင့်ကျေးရွာနှင့် ရွှေလောင်းကျေးရွာချင်းဆက် (၁၂)မိုင် (၄)ဖာလုံရှိသော ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် (၆)မိုင် (၁.၅)ဖာလုံရှိသော ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါသည်။

**ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် (၁၂)မိုင် (၄)ဖာလုံရှိသော ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဥယျာဉ်တော်ကျေးရွာနှင့် ရေလျှံကျေးရွာချင်းဆက် (၆)မိုင် (၁.၅)ဖာလုံရှိ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ် လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် အုတ်တွင်းမြို့နယ်အတွင်း ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန်အတွက် ဌာနပိုင်လမ်းများကို Class-A၊ Class-B၊ Class-C အဆင့်ရှိလမ်း/တံတားများအဖြစ်ခွဲခြား သတ်မှတ်ထားပြီးနှစ်အလိုက်ရန်ပုံငွေ ရရှိမှုပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်လျှက်ရှိပါကြောင်း၊ မေးမြန်းထားသော အုတ်တွင်းမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာနှင့် ရေလျှံကျေးရွာသို့ ဆက်သွယ်ထားသော လမ်းမှာ ကတ္တရာ(၀/၇မိုင်)၊ ကျောက်(၅/၂.၅မိုင်)ရှိသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class-A ဦးစားပေး အဆင့်(၁)လမ်း တစ်လမ်းဖြစ်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် အဆိုပါလမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း (၀/၂.၃၄)မိုင်နှင့် (၁၂')ကွန်ကရစ်တံတား(၁)စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားပြီး လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝဲဒေါင့်ကျေးရွာနှင့် ရွှေလောင်းကျေးရွာချင်းဆက် (၁၂)မိုင် (၄)ဖာလုံရှိသော ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ဒေသခံပြည်သူများသွားလာရေး အဆင်ပြေ ချောမွေ့စေရန်အတွက် ဌာနပိုင်လမ်းများကို Class-A၊ Class-B၊ Class-C အဆင့်ရှိ လမ်း/တံတား များအဖြစ် ခွဲခြားသတ်မှတ်ထားပြီး နှစ်အလိုက် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက် လျှက်ရှိပြီး မေးမြန်းထားသော အုတ်တွင်းမြို့နယ်အတွင်း ဝဲဒေါင့်ကျေးရွာမှ ရွှေလောင်းကျေးရွာသို့ ဆက်သွယ်ထားသော လမ်းမှာကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class-Aဦးစားပေးအဆင့်(၂) လမ်းတစ်လမ်းဖြစ်ပြီး ကတ္တရာ(၀/၂မိုင်)၊ ကျောက်(၁/၁မိုင်)၊ ဂဝံ/ကျောက်ရောမြေ (၀/၇မိုင်)နှင့် မြေသား (၁၀/၂မိုင်)ရှိသောလမ်းဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကူအညီဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းလုပ်ငန်းများ စာရင်းတွင် ကွန်ကရစ်လမ်း (၉/၂)မိုင် အဖြစ် လျာထားဆောင်ရွက်ထားပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းနှင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် လည်းရန်ပုံငွေရရှိမှုပေါ်မူတည်၍ ထည့်သွင်းလျာထား ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ဥယျာဉ်တော်-ရေလျှံလမ်းဟာ (၆.၅)ဖာလုံပဲရှိတာ မှန်ပါတယ်။ (၀.၂၃)မိုင် (၂)ဖာလုံကျော်ကျော်ဟာလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ခင်းပေးတယ်ဆိုတာလည်း မှန်ပါတယ်ခင်ဗျ။ စောစောက ကတ္တရာလမ်း (၇)ဖာလုံကျော်ကျော်ရှိတယ်ဆိုတာလည်း မှန်ပါတယ်။ သို့သော် ကတ္တရာလမ်း (၇)ဖာလုံကျော်ကျော်ဆိုတာလည်း ၁၉၉၀ ခုနှစ်ကျော်ကျော်လောက်ကတည်းက ခင်းထားတဲ့လမ်းမို့က နှစ်ပေါင်း (၃၀)ကျော်လောက်ရှိတဲ့လမ်းဟာ အခုဆိုလို့ရှိရင် ဆိုင်ကယ်တောင် ကွေ့ဝိုက်ပြီးသွားရတာ သိပ့်အဆင်မပြေပါဘူး။ နောက်တစ်ခါ ကျန်နေတဲ့ မြေသားလမ်း (၅)မိုင် (၂)ဖာလုံကျော်ကျော်ဟာ အင်မတန်မှ ဆိုးရွားနေပါတယ်။ အဲ့ဒီလမ်းကတော့ ၂၀၁၃ ခုနှစ်ကျော်ကျော်က ခင်းထားတဲ့လမ်းပါ။ လမ်းခင်းတဲ့ကုမ္ပဏီက အရည်းအသွေးအားဖြင့် ညံ့ဖျင်းမှုသော်လည်းကောင်း လမ်းဟာ အင်မတန်မှ ဆိုးရွားနေပါတယ်။ အဲ့ဒီလမ်းဟာ (၆)မိုင်နဲ့ (၁.၅)ဖာလုံလမ်းဟာ ကျေးရွာပေါင်းအုပ်စု (၅)အုပ်စုကို ကိုယ်စားပြုပြီး ကျေးရွာပေါင်း (၃၀)ခန့်လောက် လမ်းကို အသုံးပြုရပါတယ်။ ဒီလမ်းပေါ်မှာ နေ့တစ္စဝသွားပြီးတော့ တောင်သူတွေရှိမယ်၊ အထူးအားဖြင့် ကျောင်းဆရာ/ဆရာမတွေ ကလေးငယ်တွေ ကျောင်းသား ပြည်သူတွေဟာ ဒီလမ်းကို အင်မတန်မှ အသုံးပြုရပါတယ်။ မိုးအခါဆိုရင် လမ်းရဲ့ Slop က အရမ်းနိမ့်တဲ့အတွက် ရေကျော်တဲ့နေရာ (၂)နေရာရှိပါတယ်။ တစ်နေရာ,တစ်နေရာမှာ (၄)ဖာလုံ လောက်ရှိပါတယ်။ (၄)ဖာလုံလောက်နေရာဟာ ရေကျော်တာ (၂)နေရာဖြစ်ပါတယ်။ အဲ့ဒီအခါ အဲ့နေရာမှာ မိုးအခါ ရေကျော်တဲ့အခါ ဆိုင်ကယ်စီးလို့မရပါဘူး။ ဆိုင်ကယ်စီးလို့မရတဲ့အခါ ကျွန်တော်တို့က ထော်လာဂျီပေါ်ကို ဆိုင်ကယ်တစ်စီးကို တစ်ထောင် သို့မဟုတ် တစ်ထောင့်ငါးရာ ပေးပြီးတော့ ကျောင်းဆရာ/ဆရာမတွေ ကျောင်းသွားမည့် ကလေးငယ်တွေကို တင်ပြီးတော့ သွားရတဲ့လမ်းဖြစ်ပါတယ်။ သို့အတွက်ကြောင့်လည်း ဒီလမ်းကို ဒီလိုမျိုး ကျွန်တော်အနေနဲ့ တင်ပြရခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ဤလမ်းဟာ Class A ဖြစ်တဲ့လမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးစီမံကိန်းနဲ့ပဲဖြစ်ဖြစ် လမ်းတွေကို ရွေးချယ်တဲ့နေရာမှာ Class A,B,C လို့ သတ်မှတ်ပြီး ရွေးချယ်ပြီးတော့ ဖော်ဆောင်ပေးတဲ့ အဆင့်ဖြစ်တဲ့အတွက်ကြောင့် ဒီလမ်းဟာလည်း မဟာဗျူဟာအရသော်လည်းကောင်း၊ Class A အဆင့်ဖြစ်တဲ့လမ်းကြောင့် အများကြီး အကျိုးပြုတဲ့ လမ်းအဖြစ် အနီးစပ်ဆုံး ဘဏ္ဍာနှစ်မှာ ထည့်သွင်းစဉ်းစားပေးရန်၊ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁) ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား– တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အုတ်တွင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ဇေယျ မေးမြန်းထားတဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်လို့ ရရှိတဲ့ ရန်ပုံငွေပေါ်မှာလည်း သွားရတာဖြစ်သလို ဒီကျေးလက်လမ်းတွေကလည်း မြောက်မြားစွာ ချို့ယွင်းပျက်စီးနေရာတယ်လို့သိရပါတယ်။ အများကြီးပါ ဒါတွေကလည်း၊ အဲ့တော့ကျွန်တော်တို့က ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီတော့ လောလောဆယ် ဖြေသွားတဲ့အဖြေအတိုင်းပဲ၊ ဒါလဲ ကျွန်တော်တို့ က ဖြစ်ကလက်ဆန်း ဖြေသွားတာမဟုတ်ပါဘူး။ အဲ့တော့ ကျွန်တော်တို့က ဒီလျာထားကြတဲ့အခါမှာ သူ့ထက် ဆိုးရွားတဲ့လမ်းတွေ၊ သူ့ထက်ဆိုးရွားတဲ့ကိစ္စတွေကို ကျွန်တော်တို့ တစ်ခြားဝန်ကြီးဌာန တွေလည်းပဲ ရှိပါတယ်။ ဒီပေါ်မှာပဲ မူတည်ပြီး လျာထားပေးရတာဖြစ်ပါတယ်။ စောစောက ကျွန်တော်ဖြေကြားသွားတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်ထည့်တွက်ပြီး လုပ်ဆောင်ဖို့ အတွက်က (၁)အနေနဲ့ဖြေမယ်ဆိုရင်လည်း ကျွန်တော်တို့က ကွန်ကရစ်လမ်းအဖြစ် လုပ်ဆောင်ပေး နိုင်ခြင်းမရှိသလို၊ နောက်ထပ်(၂)အနေနဲ့ ပြောရမယ်ဆိုရင် ရန်ပုံငွေရရှိမှုပေါ်မူတည်ကာ လုပ်ဆောင် ပေးနေတာဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပေါင်းတည်မြို့နယ်၊ ကျုံးကျုံးကျအုပ်စု၊ မြေနံ့သာရွာထိပ် ကျေးရွာချင်းဆက်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"NEP(၂)မိုင်အတွင်း ကျေးရွာများမီးလင်းရေး သက်ဆိုင်ရာ ကုမ္ပဏီများက ဆောင်ရွက် ပေးရာတွင် မည်သည့်လ နောက်ဆုံးထား၍ (၂)မိုင်အတွင်း ပါဝင်သောကျေးရွာများအား မီးလင်းပြီး ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခု ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ကျုံးကျုံးကျအုပ်စု၊ မြေနံ့သာ ကျေးရွာ ထိပ်ရှိကျေးရွာချင်းဆက် တံတားမှာ ပျက်စီးနေပါသည်။ ထိုသို့ ပျက်စီးသဖြင့် ဆိုင်ကယ်စီး နင်းသူများလည်း ပြုတ်ကျသေဆုံးခြင်းများရှိနေပါသည်။ ကျေးရွာချင်းဆက်တံတားဖြစ်သဖြင့် ဒေသ နေပြည်သူများ အလွန်အားထားရသော ချောင်းကူးတံတားလည်း ဖြစ်ပါသည်။ ချောင်းကူး တံတားအား ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အနီးဆုံးဘဏ္ဍာရေးနှစ်တွင် စီမံကိန်းရေးဆွဲပြီး

တိုင်းဒေသကြီးလွှတ်တော်သို့ လျာထားတင်ပြဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးတွင် NEP မီးလင်းရေးဆောင်ရွက်ရာတွင် အခြားတိုင်းဒေသကြီးများနှင့် နှိုင်းယှဉ်ရာတွင် နောက်ကျလျက်ရှိပါသည်။ ဒေသခံပြည်သူများနှင့် ကုမ္ပဏီများကြား ကတိကဝတ်များ အကြိမ်ကြိမ် လွဲမှားခဲ့မှုများရှိနေပါသည်။ လာရောက်ဆောင်ရွက်ပေးရန် ချိန်းဆိုသောနေရာများမှာလည်း အကြိမ်ကြိမ်ပျက်ကွက်မှုများရှိနေပါသည်။ ထို့ကြောင့် ဒေသခံပြည်သူများက မီးဘယ်နေ့ နောက်ဆုံးလင်းပေးမည်ကိုသိရှိလို၍ မေးမြန်းနေပါသည်။ ထို့ပြင် ပြဿနာမဟုတ်သည်ကို ပြဿနာတစ်ရပ်အဖြစ် ပြောကြားပြီး နှောင့်နှေးရန် ဆောင်ရွက်နေသကဲ့သို့ ရှိနေသည်ကိုလည်း တွေ့မြင် နေရပါသည်။ ထို့ကြောင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ကုမ္ပဏီများ Project Schedule အတိုင်း စနစ်တကျ အကောင်အထည်ဖော်နိုင်ရေးကြပ်မတ်ပေးရန် လိုအပ်နေပါသဖြင့် မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးရဲလင်းနိုင် မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ပေါင်းတည်မြို့နယ်၊ ကျုံးကျုံးကျအုပ်စု၊ မြေနံ့သာရွာထိပ် ကျေးရွာချင်းဆက်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်အတွင်းရှိ ကျုံးကျုံးကျအုပ်စု၊ မြေနံ့သာကျေးရွာထိပ်ရှိ ကျေးရွာချင်းဆက် တံတားမှာ မြေနံ့သာကျေးရွာနှင့် ကိုယ်ဝန်ဆောင်အုပ်စု၊ ဇရပ်လှကျေးရွာ ကျေးရွာချင်းဆက်လမ်းပေါ်တွင်ရှိပြီး ဝက်ပုတ်ချွေလေးချောင်းအားဖြတ်၍ ဆောက်လုပ်ထားသော တံတားဖြစ်ပါသည်။

၎င်းတံတားအား ဒေသခံပြည်သူများမှ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော သစ်သားတံတားအမျိုးအစားဖြစ်ပါသည်။ ကျုံးကျုံးကျအုပ်စု၊ မြေနံ့သာကျေးရွာထိပ်ရှိ ကျေးရွာချင်းဆက်တံတားအား (၁၆၀'×၂၀'×၁၆') အတိုင်းအတာရှိ ကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်ပြီးပါက ကျေးရွာ (၁၇)ရွာ၊ အိမ်ခြေ (၁၅၆၉)၊ လူဦးရေ (၆၀၈၃)ဦးတို့၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များအတွက် အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတံတားအား (၁၆၀'×၂၀'×၁၆') အတိုင်းအတာရှိ ကွန်ကရစ်တံတားအသစ် (၁)စင်းအား ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်သန်း (၄၀၀.၀၀)သန်း

ကုန်ကျမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"NEP(၂)မိုင်အတွင်း ကျေးရွာများ မီးလင်းရေး သက်ဆိုင်ရာ ကုမ္ပဏီများက ဆောင်ရွက်ပေးရာတွင် မည်သည့်လ နောက်ဆုံးထား၍ (၂)မိုင်အတွင်း ပါဝင်သော ကျေးရွာများအား မီးလင်းပြီး ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း NEP (၂)မိုင်အတွင်း ကျေးရွာ (၈၈၃) ရွာ လျှပ်စစ်မီးရရှိရေးအတွက် ကုမ္ပဏီ (၆)ခုဖြင့် ဆောင်ရွက် လျှက်ရှိပါသည်။ အဆိုပါ ရွာများထဲမှ ဇီးကုန်းမြို့ရှိ ၅ ရွာအား Pilot Praject ဖြင့် မီးလင်းပြီး ဖြစ်ပါသည်။ ၎င်းအပြင် ရောင်နီဦးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျှက်ရှိသော ရွာများထဲမှ ပန်းတောင်းမြို့တွင် ကျေးရွာ(၁၀)ရွာ၊ ဥသျှစ်ပင် (၉)ရွာ စုစုပေါင်း (၁၉)ရွာအား ၂၀၁၉ခုနှစ် အောက်တိုဘာလအတွင်း ဓါတ်အားလွှတ်ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိနေသောရွာများအတွက်လည်း တိုင်၊ ကြွေသီး၊ ကြိုးများနှင့် ထရန်စဖော်မာများ ပြည့်စုံစွာ ဝယ်ယူရောက်ရှိပြီး ဖြစ်ပါသည်။ ဓါတ်အားလိုင်းဆက်စပ်ပစ္စည်းများဖြစ်သော Cross Armများ၊ Angle Ironများ၊ Full Clampနှင့် Half Clamp (Steel Parts)များမှာလည်း ယခင်တင်ဒါအောင်မြင်ပြီးဖြစ်သော တရုတ် ကုမ္ပဏီမှ ပစ္စည်းများ ဆက်လက်မတင်သွင်းနိုင်ပါသဖြင့် နေပြည်တော် NEP စီမံကိန်းရုံးမှ ထပ်မံ တင်ဒါ ခေါ်ယူပြီး ပစ္စည်းများ ဝယ်ယူလျှက်ရှိပါကြောင်း၊ (Steel Parts)များမရရှိသေးသော တိုင်းဒေသကြီး/ ပြည်နယ်များမှာ မကွေးတိုင်း၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)နှင့် ရခိုင်ပြည်နယ် တို့ဖြစ်ပါကြောင်း၊ တာဝန်ယူတည်ဆောက်နေသော ကုမ္ပဏီများကိုလည်း စပါးရိတ်သိမ်းချိန် ပဲမစိုက်မီ ကာလအတွင်း ရရှိထားပြီးဖြစ်သော ကွန်ကရစ်တိုင်များကို အမြန်ဆုံးပြီးစီးအောင် စိုက်ထူပြီး Footing များ ပြုလုပ်ထားနိုင်ရေးကိုလည်း တွန်းအားပေး ဆောင်ရွက်လျှက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း NEP (၂)မိုင် အတွင်း ဆောင်ရွက်လျှက်ရှိသော ကုမ္ပဏီများမှာ–

- ရောင်နီဦးကုမ္ပဏီ
- ဓနရာဇာကုမ္ပဏီ
- Zeya and Associated Co.,Ltd
- HT–LT Co.,Ltd
- Hitachi Soe Electric and Mechinary Co.,Ltd
- Super Mega Co.,Ltd တို့ဖြစ်ပါသည်။ ဒီအထဲမှာ ထည့်သွင်းဖြည့်စွက်ပြောလိုတာက

အချိန်ကာလ ခန့်မှန်းလို့ပဲရတာပါ၊ အတိအကျပြောလိုမရပါဘူး။ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း နှင့် ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်အချို့က တင်ဒါတင်သွင်းရန် ခွဲတမ်းရှိနေတဲ့ထဲမှာ

တင်ဒါတင်သွင်းရန် တရုတ်နိုင်ငံက ကုမ္ပဏီတစ်ခုက တင်ဒါအောင်သွားပြီးတော့ ရာခိုင်နှုန်း အနည်း ငယ်ပဲ တင်သွင်းပြီးတော့ တင်ဒါတင်သွင်းရန် ပျက်ကွက်သည့်အတွက် NEP လုပ်ထုံးလုပ်နည်း အတိုင်း ကမ္ဘာ့ဘဏ်က ချေးငွေစာချုပ်စာတမ်းအတိုင်းပဲ ကျွန်တော်တို့ International ခေါ်ယူ ရပါတယ်။ ဒါကို ခေါ်ယူထားပြီးဖြစ်ပါတယ်။ အဲ့ဒါကို ဧပြီလမှာ စသွင်းနိုင်မယ်လို့ သိရှိရပါတယ်။ ပစ္စည်းအကုန်ရောက်ပြီဆိုလျှင် လုပ်ဆောင်ရမည့် ကုမ္ပဏီက အမြန်ဆုံးလုပ်ဆောင်သွားမှာပါ၊ ဘယ်အချိန်ပြီးမယ်ဆိုတာက ကျွန်တော်ကိုယ်တိုင် ဦးဆောင်လုပ်နေရာတာ မဟုတ်သလို ယခု ဖြစ်နေတဲ့အခြေအနေအရ တင်ဒါအောင်ရွေးချယ်ပြီးတော့မှ ခန့်မှန်းပြောကြားခြင်းပဲ ဖြစ်ပါတယ်။ ဧပြီလမှာ ပစ္စည်းရောက်လျှင် နောက် ၄ လအကြာ လုပ်ဆောင်မှာပါ။ (၉)လပိုင်းအကျော်လောက် ပြီးမယ်လို့ ခန့်မှန်းပြောကြားတာဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- မေးခွန်း အမှတ်စဉ်(၂)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။အဲ့တော့ ဝန်ကြီးခနက ဖြေသွားတဲ့နေရာမှာ ကျွန်တော်တို့ NEP နဲ့ပတ်သက်ပြီးတော့ ဝန်ကြီးသိထားဖို့ အားနည်းတာပဲလား၊ ကျွန်တော်တို့ပဲ သိတာလွဲနေတာပဲလား၊ ကျွန်တော်တို့ ဒီပဲခူးအတွက် (Steel Parts) တွေနဲ့ ပတ်သက်ပြီးတော့ ဧရာဝတီတိုင်းမှာ သွားရောက်ပြီး ချထားတယ်။ အဲ့ဒါတွေကို ပဲခူးအတွက် ပြန်သယ်ဖို့အတွက် တင်ဒါတစ်ဆင့် ခေါ်နေရတယ်။ အဲ့ဒီအခြေအနေက ကျွန်တော်တို့ တိတိကျကျ သိထားပါတယ်။ ဒါကို ဝန်ကြီးသိမလား၊ မသိမလားတော့ ကျွန်တော်တို့ မသိပါဘူး။ ကျွန်တော်တို့ တိုင်းအတွက် ဒီ(Steel Parts)တွေကို တစ်ခြားတိုင်းကို ရောက်သွားရလောက်အောင် စီမံခန့်ခွဲမှု အလွဲတွေ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒုတိယအနေနဲ့ကတော့ ကုမ္ပဏီတွေ စာချုပ်,ချုပ်တဲ့နေရာမှာ Register schedule ပါဝင်ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဝန်ကြီးအနေနဲ့ ဒီ schedule ကို တိတိကျကျ မပြောနိုင်ဘူးဆိုလို့ရှိလျှင် ကျွန်တော်တို့ကို အခု NEP၊ ကျွန်တော်တို့ပဲခူးတိုင်း ကုမ္ပဏီတွေနဲ့ ပတ်သက်ပြီးတော့ ချုပ်ဆိုထားတဲ့ စာချုပ်မိတ္တူတွေကို မိမိတို့ ကိုယ်စားလှယ်တွေကို ပေးပါ။ ကျွန်တော်တို့ လိုအပ်လို့ရှိလျှင် တရားစွဲဆိုတဲ့အဆင့်အထိ ကျွန်တော်တို့ ကိုယ်တိုင် ဆောင်ရွက်ပါ မယ်။ ဝန်ကြီးမဆောင်ရွက်နိုင်လျှင် ကျွန်တော်တို့ ပြည်သူတွေရဲ့ကိုယ်စား ကျွန်တော်တို့ တရားစွဲဆို ပြီးတော့ ဆောင်ရွက်သွားမယ်။ ဒါက ကျွန်တော်တို့ ဒီတင်ဒါအောင် ကုမ္ပဏီတွေနဲ့ ပတ်သက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှု အပိုင်းကို ထိထိရောက်ရောက် ဖြစ်စေချင်လို့ပါ။ နောက် ဒီလိုမျိုးကိုသာ တရားစွဲဆိုလေ့ မရှိဘူးဆိုလို့ရှိလျှင် ဒီတင်ဒါအောင် ကုမ္ပဏီတွေနဲ့ ချုပ်ချည်နပ်ချည်နဲ့ ကျွန်တော်တို့

အစိုးရကို ကစားနေသကဲ့သို့ ဖြစ်နေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီပြည်သူတွေ အတွက် ဒါအမှန်တကယ်အရေးကြီးတဲ့၊ ကျွန်တော်တို့အစိုးရအတွက် အမှန်တကယ် အရေးကြီးတဲ့ NEP မီးလင်းရေးနဲ့ပတ်သက်ပြီးတော့ ထဲထဲဝင်ဝင် မေးမြန်းနေရခြင်း ဖြစ်ပါတယ်။ အဆိုတွေ တင် မေးခွန်းတွေ မေးမြန်းပြီးတော့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ကုမ္ပဏီတွေနဲ့ ချုပ်ဆို ထားတဲ့ စာချုပ်မိတ္တူကို ပေးပို့ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလို၍ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင် မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၂)နှင့် ပတ်သက်သည့် ဆက်စပ် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ကျွန်တော် နည်းနည်းလေးပြောချင်တာက ဒီ NEP နဲ့ပတ်သက်လို့က ကျွန်တော် ဟိုတစ်ခါက အဆိုမှာလည်း ရှင်းလင်းပြောကြားပြီးဖြစ်ပါတယ်။ နိုင်ငံတော်စီမံကိန်းဖြစ်ပါတယ်။ နိုင်ငံတော်ကိုယ်စား ပြည်ထောင်စု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကနေ ဆောင်ရွက်နေပါတယ်။ ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဌာနက နိုင်ငံတော်ကိုယ်စားဆောင်ရွက်တဲ့စီမံကိန်း မဟုတ်ပါဘူး။ သို့သော် မိမိပြောသလို ဒေသဆိုင်ရာအခက်အခဲတွေကို ကူညီပေါင်းစပ်ဖြေရှင်းပေးရမှာဖြစ်ပါတယ်။ ထို့အတူပဲ ဒီလျှပ်စစ်၊ စွမ်းအင်ဝန်ကြီးဌာနကလည်းပဲ ကျွန်တော်တို့ကို စာနဲ့ထုတ်ပြီးတော့မှပဲ ဒါကို ကျွန်တော်တို့ကိုယ်စားလုပ်ပေးပါဆိုလို့ ပြောကြားထားတာမျိုးလည်းမရှိပါဘူး။ အဲ့တော့ ဒီဟာတွေက ပစ္စည်းရောက်ခြင်း/မရောက်ခြင်းဟာ ဒီပစ္စည်းရောက်ခြင်း/မရောက်ခြင်းနဲ့ စာချုပ်,ချုပ်ဆိုထား တာလည်း ပြည်ထောင်စုဝန်ကြီးဌာနကပဲ ချုပ်ဆိုထားတာဖြစ်ပါတယ်။ အဲ့တော့ တရားစွဲဆိုခြင်း မဆိုခြင်းကတော့ ဘယ်သူ့ကို တရားစွဲမယ်လို့ မသိပါဘူး။ ကုမ္ပဏီကို တရားစွဲလျှင်လည်း အဓိက စာချုပ်, ချုပ်တဲ့သူနဲ့ပဲ အဓိကသက်ဆိုင်ရာဖြစ်ပါတယ်။ တစ်ခါ ပြည်ထောင်စုဝန်ကြီးဌာနလည်း တရားစွဲလို့ မရပါဘူး။ အဲ့တော့ စာချုပ်တွေပေးပါဆိုလည်း တောင်းပြီးတော့ ပြည်ထောင်စုဝန်ကြီး ဌာနထဲက စာချုပ်,ချုပ်ထားတဲ့ဟာကို တောင်းလို့ရမရ မေးမြန်းကြည့်ပါမယ်။ မေးမြန်းပြီးတော့မှ ရပါတယ်ဆိုလျှင် ဒီစာချုပ်တွေ တင်ဒါအောင်တဲ့ဟာကို တင်ဒါအောင်တဲ့ကုမ္ပဏီတွေကော မိတ္တူ ရလျှင် သူတို့ဆီကပေးလို့ရလျှင် တောင်းရမ်းပြီးတော့ ပေးခွင့်ရှိလျှင်ပေးပါမယ်။ ပေးခွင့်မရှိ လျှင်လည်း ပေးလို့မရကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ရန်ကုန်-ပြည်လမ်း လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ရန်ကုန်-ပြည်လမ်းသည် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းဆက်သွယ်ထားသောမြန်မာနိုင်ငံ၏ အဓိကအရေးပါသောလမ်းပိုင်းဖြစ်ပါသည်။ ရန်ကုန်-ပြည်လမ်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်နေမှုအခြေအနေမှာ အားရကျေနပ်ဖွယ်ကောင်းလှပါသည်။ သို့သော် ပဲခူးတိုင်းဒေသကြီးအတွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် အားနည်းချက်များစွာရှိနေပါသည်။ ကွက်ကြားမိုးရွာသကဲ့သို့ ဖြစ်နေပါသည်။ ထို့ပြင် လမ်းဦးစီးအနေဖြင့်လည်း ကြီးကြပ်ဆောင်ရွက်ရသည့် Max Highway Co.,Ltd မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်-ပြည်လမ်းအား AC ကတ္တရာအရည်အသွေးနှင့် လမ်း Level များ ကောင်းမွန်ညီညာစေရန်၊ ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ လမ်းအရည်အသွေးနှင့် စံချိန်စံညွှန်း ပိုမိုကောင်းမွန်စေရန်အတွက် AC ကတ္တရာထပ်ပိုးလွှာ မခင်းရသေးသည့် နေရာများအား အမြန်ဆုံး ခင်းပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးရဲလင်းနိုင် မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ရန်ကုန်-ပြည်လမ်း လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ရန်ကုန်-ပြည်လမ်း၊ မိုင် ၇၀/၆ မှ ၁၉၃/၇ အထိ စုစုပေါင်း ၁၂၃ မိုင် ၂ဖာလုံလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို B.O.T စနစ်ဖြင့် မက်စ်ဟိုင်းဝေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကုန်အထိ မူလလမ်းအကျယ် ၁၈ပေ မှ ၂၄ပေ အကျယ် လမ်းတိုးချဲ့ခြင်းလုပ်ငန်းကို ၈၉မိုင် ၅ဖာလုံ တိုးချဲ့ဆောင်ရွက်ခဲ့ပြီး ၂၄ပေ အကျယ် ကတ္တရာ ကွန်ကရစ်(AC) ဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ၃၃မိုင် ၂ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်ရန်ကုန်-ပြည်လမ်း၌

- မိုင် ၁၈၇/၅ မှ ၁၉၃/၅ အထိ ၆မိုင် အား မူလ၁၈ပေ အကျယ်မှ ၂၄ပေ အကျယ်သို့ ကျောက်ကတ္တရာဖြင့် လမ်းတိုးချဲ့ခြင်း၊
- မိုင် ၇၀/၆ မှ ၈၁/၆ အထိ ၁၁ မိုင်အား မူလ ၂၂ပေ အကျယ်မှ ၄၈ပေ အကျယ်သို့ ကွန်ကရစ်ဖြင့် လမ်းတိုးချဲ့ခြင်း၊
- မိုင် ၁၄၂/၂ မှ ၁၄၄/၀ အတွင်း ၁မိုင် ၆ဖာလုံ၊ ပေါင်းတည်မြို့တွင်းပိုင်းအား AC ဖြင့် ထပ်ပိုးလွှာခင်းခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ကျန်လမ်းအပိုင်းတွင် လိုအပ်သည့်နေရာများ၌ ကျောက်ကတ္တရာဖြင့် မျက်နှာပြင်ညှိလွှာ ခင်းခြင်းလုပ်ငန်းများကို မက်စ်ဟိုင်းဝေးကုမ္ပဏီမှ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် နှစ်အလိုက်

ကောက်ခံရရှိသော ဘဏ္ဍာငွေအပေါ်မူတည်၍ ကတ္တရာကွန်ကရစ် AC ခင်းခြင်းလုပ်ငန်းများကို မက်စ်ဟိုင်းဝေးကုမ္ပဏီမှ နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ရွှေကျင်-ကျောက်ကြီး-မုပ္ပလင်လမ်းပေါ်ရှိ မိုင်တိုင် (၆၉)မိုင် (၆)ဖာလုံမှ (၇၂)မိုင် (၄)ဖာလုံကြားရှိ (၅)မိုင် (၆)ဖာလုံအား ကတ္တရာလမ်းအဖြစ် ခင်းပေးရန် အစီအစဉ်ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **“ရွှေကျင်မြို့၊ ၁၁/၀.၄ ကေဗွီ၊ (၂၀၀)ကေဗွီအေ ရေသန့်လမ်းဆုံ ထရန်စဖော်မာမှ ဓါတ်အားပေးထားသော (၄၀၀)ဗို့လိုင်း 2 ф 3 W, ACSR 25 mm$^2$ (၁)မိုင်နှင့် လေးထောင့်ကျောက်တိုင် (၃၁)တိုင်အား 3 ф 4 W လမ်းမီး, Insulated Cable 95 mm$^2$ သံလက်တန်းများဖြင့် အစားထိုး လဲလှယ်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ရွှေကျင်မြို့တွင် ရွှေကျင်ချောင်းကို ဖြတ်၍ တံတားတည်ဆောက်နေပြီဖြစ်ပါသည်။ ၂၀၂၀ တွင် အပြီးသတ်တည်ဆောက်မည်ဖြစ်ပါသည်။ တံတားကြီးပြီးပါက ကျိုက်ထိုမှ ကျောက်ကြီး၊ ရွှေကျင်၊ တောင်ငူ စသည်ဖြင့် မဟာဗျူဟာကျကျ လမ်းကြီးတစ်ကြောင်း ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ရွှေကျင်မြို့ မြောက်ခြမ်းတွင် ကတ္တရာလမ်းများ ဆက်လက်ခင်းလာရာ မိုင်တိုင် (၆၉)မိုင် (၆) ဖာလုံမှ (၇၂)မိုင် (၄)ဖာလုံကြား ဘုရားကြီးကျေးရွာတွင် မိုးတွင်းရေကျော်သွားသဖြင့် ဆိုင်ကယ်နှင့် ကားများ သွားလာ၍မရဘဲ လမ်းမှာ လွန်စွာမှ ပျက်စီးသွားပါသဖြင့် ကျန်ရှိနေသော (၂)မိုင် (၆)ဖာလုံလမ်းအား ကတ္တရာခင်းပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ရွှေကျင်မြို့ပေါ်ရပ်ကွက်၊ ရှမ်းကြေးရပ်ကွက်တွင် ရေသန့်လမ်းဆုံ ထရန်စဖော်မာမှ ပေးထားသော (၄၀၀)ဗို့လိုင်းကြိုးများ၊ တိုင်များသည် ပြည်သူများသွားလာရာတွင် အန္တရာယ်ရှိနေပြီး အမှန်တကယ်လဲလှယ်ရမည့် ကြိုးများ၊ တိုင်များဖြစ်နေပါ၍ ထိုကြိုးနှင့် တိုင်များအား လဲလှယ်ပေးနိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်လှလှဝင်း မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်-ကျောက်ကြီး-မုပ္ပလင်လမ်းပေါ်ရှိ မိုင်တိုင် (၆၉)မိုင် (၆)ဖာလုံမှ (၇၂)မိုင် (၄)ဖာလုံကြားရှိ (၅)မိုင် (၆)ဖာလုံအား ကတ္တရာလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ အလယ်မြောင်-ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်း မိုင် ၆၉/၆ မှ ၇၂/၄ အထိ(၂မိုင် ၆ဖာလုံ) လမ်းအပိုင်းပြင်ဆင် ထိန်းသိမ်းခြင်း လုပ်ငန်းကို ကျောက်ကြီးမြို့နယ်၊ လမ်းဦးစီးဌာနမှ ဆောင်ရွက်သော်လည်း အုပ်ချုပ်မှုသည် ရွှေကျင်မြို့နယ်အပိုင်းဖြစ်ပြီး ၂၀၁၉ခုနှစ်၊ ဩဂုတ်လအတွင်း မိုးရေချိန်များပြားစွာ ရွာသွန်းမှုနှင့် ဘောဂထာချောင်းမှ ရေကြီးရေလျှံမှုကြောင့် မိုင် ၇၁/၄ မှ ၇၂/၄ ကြားတွင် (၂၀၀၀)ပေအရှည်၊ အမြင့်(၁)ပေခန့်၊ ရေဖြတ်ကျော်စီးဆင်းမှု ဖြစ်ပေါ်ခဲ့ပါသဖြင့် လမ်းပျက်စီးမှု ဖြစ်ပေါ်ခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း (သဘာဝဘေးဒဏ်) ရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယာဉ်များချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ကျောက်ကြီးမြို့နယ်၊ အလယ်မြောင်- ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်း မိုင် ၇၁/၄မှ ၇၂/၄ ကြားတွင် နှစ်စဉ်လမ်းပေါ် ရေဖြတ်ကျော် စီးဆင်းမှုများ ဖြစ်ပေါ်နေပါသဖြင့် လမ်းတာဘောင် (၄၀)ပေအကျယ်၊ (၄)ပေအမြင့် မြေကြီးတာဘောင်ဖို့ခြင်းနှင့် မိုင် ၆၉/၆ မှ ၇၂/၄ ကြား ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့၊ ၁၁/၀.၄ ကေဗွီ၊ (၂၀၀)ကေဗွီအေ ရေသန့်လမ်းဆုံ ထရန်စဖော်မာမှ ဓါတ်အားပေးထားသော (၄၀၀)ဗို့လိုင်း 2 ф 3 W, ACSR 25 mm$^2$ (၁)မိုင်နှင့် လေးထောင့်ကျောက်တိုင် (၃၁)တိုင်အား 3 ф 4 W လမ်းမီး, Insulated Cable 95 mm$^2$ သံလက်တန်းများဖြင့် အစားထိုး လဲလှယ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး (အရှေ့) ရွှေကျင်မြို့ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ရေသန့် လမ်းဆုံထရန်စဖော်မာမှ ဓာတ်အားပေးထားသော ၄၀၀ ဗို့ လိုင်း 2Ø3W ACSR 25mm$^2$ (၁) မိုင်နှင့် လေးထောင့် ကျောက်တိုင်(၃၁)တိုင်အား 3Ø4W လမ်းမီး, Insulated Cable 95mm$^2$ သံလက်တန်း များဖြင့် အစားထိုး လဲလှယ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့် ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ခုနက ဝန်ကြီးဖြေသွားတဲ့ထဲမှာတော့ ကျောက်ကြီးမြို့ရဲ့လမ်းပိုင်းမှာ ထည့်သွင်းပြီး ဖြေသွားတာဖြစ်ပါတယ်။ ကျွန်မပြောရမယ်ဆို လျှင်တော့ ရွှေကျင်က လမ်းတွေကိုကျတော့ ကျွန်မတို့မြို့နယ်ရဲ့ ဘောကဒါ ကျေးရွာကနေပြီးတော့ ကျောက်ကြီးအထိကို လမ်းဦးစီးကနေပြီး ကျောက်ကြီးကနေပြီးတော့ ဒီဟာကို ပြင်ပေးပြီးတော့ အုပ်ချုပ်ရေးပိုင်းကြတော့ ဘုရားကြီးအထိ ရှိပါတယ်။ အဲ့တော့ အခု ကျွန်မ မေးတဲ့ မေးခွန်းက ၇၂ မိုင်နဲ့ ၄ ဖာလုံ ၆၉ မိုင်နဲ့ ၆ ဖာလုံကြားကနေ ၇၂ မိုင် ၄ ဖာလုံဆိုတော့ ၂ မိုင်နဲ့ ၆ ဖာလုံကိုသာလျှင် ကျွန်မတို့ အဲ့ဟာကို မေးတာပါ။ ကျောက်ကြီးမြို့မှာ ဆက်ပြီးတော့ ခင်းမဲ့ဟာ ကျွန်မမေးခွန်းထဲမှာ မပါ,ပါဘူးရှင့်။ ဘာဖြစ်လို့လဲဆိုတော့ ကျောက်ကြီးမှာကလဲလမ်းခင်းတဲ့ ဒီလိုဆောက်လုပ်ရေးက လမ်းခင်းတဲ့အခါမှာ အခက်အခဲတွေရှိတဲ့အတွက် ကျောက်ကြီးမြို့အထိ ကျွန်မမေးခွန်းကို မေးထားခြင်းမရှိပါဘူး။ ကျွန်မတို့ ဒီမေးခွန်းဟာ ရွှေကျင်မြို့မှာရှိတဲ့ အုပ်ချုပ်ရေးပိုင်းနဲ့ ဆိုင်တဲ့ ရွှေကျင်ကသာ အုပ်ချုပ်ရေးကို အုပ်ချုပ်တယ်။ လမ်းကျတော့ ကျောက်ကြီးက အင်ဂျင်နီယာက လုပ်ရတယ်ဆိုတဲ့အတွက်ကြောင့်မို့ ကျွန်မက ရွှေကျင်အပိုင်းကိုသာ ခွဲပြီးတော့ မေးပါတယ်။ ကျောက်ကြီးမြို့မှာ ဆက်ခင်းမဲ့ဟာကို ကျွန်မမေးခွန်းထဲမှာ မမေးပါဘူး။ အဲ့ဒါကြောင့်မို့ ဆက်စပ်မေးခွန်းအဖြစ် မေးချင်တာကတော့ မိုင်တိုင် ၆၉ မိုင် ၆ ဖာလုံကနေ ၇၂ မိုင် ၄ ဖာလုံကြားမှာ ရှိနေတဲ့ ၂ မိုင်နဲ့ ၆ ဖာလုံ ကိုသာ ကတ္တရာလမ်းခင်းပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းကိုပဲ ထပ်ဆင့်ပြီး ဆက်စပ်မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဒေါ်လှလှဝင်း မေးခွန်းနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးက ဖြေထားတာလည်းပဲ မိုင် ၆၉/၆ မိုင် ၇၂/၄ ကြား ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ အတွက် ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံမည်ဖြစ်ပြီး လျာထားရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားထားခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဒေါ်လှလှဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်လှလှဝင်းမေးမြန်းထားတဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဖြေကြားမယ်ဆိုရင် အဖြေထဲမှာလည်း ၆၉/၆ မှ ၇၂/၄ ကြား ကတ္တရာခင်းခြင်းလုပ်ငန်း

ဆောင်ရွက်ရန်အတွက် လိုအပ်ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေမှာ လျာထားတင်ပြပြီးတော့ အစိုးရဆုံးဖြတ်ချက်နဲ့ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမယ်လို့ ကျွန်တော်ဖြေကြားထားတာ ဖြစ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့က မေးထားတဲ့မေးခွန်းမှာလည်း ၆၉ မိုင် ၆ ဖာလုံ မှ ၇၂ မိုင် ၄ ဖာလုံ ကြားရှိ မေးထားတာဖြစ်ပါတယ်။ အကျယ်တဝင့် ဖြေရင်တော့ အပြင်မှာလဲ ကျွန်တော်တို့ သေချာပြန်ဖြေပေးမှာဖြစ်ပါတယ်။ ဒီထဲမှာ မေးထားတဲ့ မေးခွန်းထဲမှာ ကျွန်တော်တို့ ကြယ်ပွင့်ပြမေးခွန်းထဲမှာ မေးထားတာလည်း ကျွန်တော်ပြန်ဖတ်ပြပေးပါ့မယ်။ **"ရွှေကျင်-ကျောက်ကြီး-မုပ္ပလင်လမ်းပေါ်ရှိ မိုင်တိုင် (၆၉)မိုင် (၆)ဖာလုံမှ (၇၂)မိုင် (၄)ဖာလုံကြားရှိ (၅)မိုင် (၆)ဖာလုံအား ကတ္တရာလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ** "နှင့် စပ်လျဉ်းသည့် မေးခွန်းလို့ မေးထားတာဖြစ်ပါတယ်။ အဲ့ဒီအတွက် ကျွန်တော်ဖြေကြားထားတာလဲ ကျွန်တော်တို့ ဒီလမ်းမိုင်ကိုပဲ ဖြေကြားထားတာဖြစ်ပါတယ်။ အကယ်၍ ဒီထဲမှာ တစ်စုံတစ်ရာများ မှားယွင်းမှုတွေ ရှိနေကြလျှင်တော့ အပြင်မှာလဲ ကျွန်တော်တို့ ဖြေပေးပါမယ်။ ယေဘုယျအားဖြင့် တော့ ကျွန်တော်တို့ ပြောကြားလိုတာက ရန်ပုံငွေမှာတော့ တင်ပြတောင်းခံသွားမယ်၊ ကျန်တဲ့ အစိုးရအဖွဲ့ဆုံးဖြတ်ချက်တွေမှာကျတော့ ဒီဝန်ကြီးဌာနတွေမှာ ရန်ပုံငွေ မျှဝေရတဲ့အတွက် ရရင်လုပ်ပေးမယ်၊ မရရင်လည်းလုပ်ပေးနိုင်ခြင်းမရှိပါဘူးလို့ လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"NEP(၂)မိုင် စီမံကိန်းလုပ်ငန်းကို တင်ဒါအောင်ကုမ္ပဏီမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော 11 kv ဓါတ်အားလိုင်း ချိတ်ဆက်မှုကို ကန့်ကွက်/ တားဆီးနေမှု အပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုပ်ထုံးလုပ်နည်းအရ မည်သို့စီမံဆောင်ရွက် ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့်

(၂) **"ဝေါမြို့နယ်၊ မြစ်ကျိုး-ဆင်ရွာလမ်းတွင် လိုအပ်နေသော Box Culvert များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက် တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်တွင် NEP (၂)မိုင် စီမံကိန်း အရ တင်ဒါအောင်ကုမ္ပဏီများမှ ဆောင်ရွက်နေသော ကျေးရွာပေါင်း (၁၂)ရွာရှိပါသည်။ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာန ဆိုင်ရာများ၊ ဒေသခံပြည်သူများမှ ပူးပေါင်းဆောင်ရွက်ကြပါသည်။ သို့ပါသော်လည်း တနော်ကျွန်း ကျေးရွာမှ ဒေသခံလူတစ်ချို့သည် နိုင်ငံတော်လိုင်းဖြစ်သော 11KVဓါတ်အားလိုင်းချိတ်ဆက်မှုကို ကန့်ကွက် တားဆီးမှုများ လုပ်ဆောင်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်နေမှုများကြောင့် တင်ဒါ အောင်ကုမ္ပဏီမှ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အခက်အခဲ များစွာဖြင့် ကြုံတွေ့နေရပါသည်။ NEP (၂)မိုင် စီမံကိန်းဖြင့် မီးလင်းမည့် အုတ်ဖို(၂)ကျေးရွာ၊

ကျောက်ပုံကျေးရွာ၊ တိုင်းဒေသကြီးဘတ်ဂျက်နှင့် ပြည်သူ့ထည့်ဝင်ငွေတို့ ပူးပေါင်းပြီး ဆောင်ရွက်သည့် ၂၀၁၈-၂၀၁၉ တိုင်းအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အုတ်ဖို(၁)ကျေးရွာသည် ကန့်ကွက်တားဆီးမှုများကြောင့် အချိန်မီ မီးမရရှိပဲ ကြန့်ကြာမှုများ ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်လိုင်း 11KV ဓါတ်အားလိုင်း ချိတ်ဆက်မှုကို ကန့်ကွက်တားဆီး လုပ်ဆောင် နေမှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ မည်သို့ ဆောင်ရွက်ပေး မည်ကို သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းဖြစ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဝေါမြို့နယ်၊ မြစ်ကျိုး-ဆင်ရွာလမ်းအား ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထဖြင့် မြေသားဂဝံလမ်းအား ဖောက်လုပ်ခဲ့ပါသည်။ ၂၀၁၈ မိုးရာသီရေကြီးနစ်မြုပ်မှုကြောင့် လမ်းသည် အပိုင်းပိုင်းပြတ်ကျခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ လမ်းပိုင်းတစ်လျှောက် Box Culvert များ တစ်စင်းမှ မရှိသည်ကိုလည်း သိရှိခဲ့ရပြီး အဆိုပါ လမ်းပိုင်းအား ရေထွက်ပေါက်များ ဖောက်ပေးရန် လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြစ်ကျိုး-ဆင်ရွာလမ်းပိုင်းတွင် လိုအပ်နေသော Box Culvert များ ချထားပေးပါရန် ဒေသခံပြည်သူများ၏ ကိုယ်စား ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ရီရီထိုက် မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"NEP(၂)မိုင် စီမံကိန်းလုပ်ငန်းကို တင်ဒါအောင်ကုမ္ပဏီမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော 11 kv ဓါတ်အားလိုင်း ချိတ်ဆက်မှုကို ကန့်ကွက်/ တားဆီး နေမှုအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုပ်ထုံးလုပ်နည်းအရ မည်သို့စီမံဆောင်ရွက် ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ ဒီမေးခွန်းနှင့်ပတ်သက်၍ ပြောကြားလိုတာက ဒီမေးခွန်းသည် တကယ်တမ်းမေးသင့်မေးထိုက်သည့် မေးခွန်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအနေ ဖြင့်လည်း ဆောင်ရွက်ပေးရမည့် ကိစ္စဖြစ်ပါတယ်။ ဒါကျွန်တော်တို့ရဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့က NEP စီမံကိန်းအောင်မြင်အောင် ဒေသအတွင်းအခက်အခဲများကို အမှန်တကယ် ကူညီဆောင်ရွက် ပေးရမည့် တာဝန်ရှိပါတယ်။ ဒီကန့်ကွက်မှုနဲ့ပတ်သတ်လို့ ကန့်ကွက်သူဘက်ကပဲ လာတွေ့ပါတယ်။ ဘာကြောင့်ကန့်ကွက်တာလည်းဆိုတော့ မီးရအောင် ဒီအတိုင်းဆွဲသွားလျင် ထရန်စဖော်မာတွေက နိုင်မှာမဟုတ်ဘူး။ မီးအားနည်းမှာစိုးသည့်အတွက်ကြောင့် ဖြစ်တယ်လို့ ပြောပါတယ်။ ခင်ဗျားတို့ မီးအားနည်းမည်ဆိုလျင်လည်း ကျွန်တော်တို့ တိုင်းအစိုးရဘတ်ဂျက်က ထပ်ပြီးလုပ်ပေးမယ်ဆိုပြီး ဖြေရှင်းဆောင်ရွက်ပေးခဲ့ဘူးပါတယ်။ ဒီခံဝန်ကတိထဲအတိုင်းပဲ မီးသွယ်တန်း ခွင့်ပြုရမှာ၊ ထို့အတူ တိုင်းဒေသကြီးမီးလင်းရေးကြီးကြပ်မှုကော်မတီနှင့်လည်း ဆွေးနွေးခဲ့ပါတယ်။ မြို့နယ်မီးလင်းရေး

ကြီးကြပ်မှုကော်မတီကိုလည်း တာဝန်အချို့ပေးအပ်ထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားသွားသလိုပဲ မြို့နယ်မီးလင်းရေးကော်မတီကလည်း လုပ်ဆောင်ချက်တစ်ချို့ကို လုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပါဝင်ပါတယ်။ ဒီကိစ္စနှင့် ပတ်သက်လို့ ဖတ်ကြားရှင်းလင်းရမယ်ဆိုလျှင် ဝေါမြို့နယ်အတွင်း NEP (၂)မိုင်အတွင်း စီမံကိန်းပါ ကျေးရွာ(၁၂)ရွာအား Zeya and Associated Co.,Ltdမှ တာဝန်ယူဆောင်ရွက်လျှက်ရှိပါသည်။ တနော်ကျွန်းကျေးရွာ Tap Off ရယူပြီးမှ NEP (၂)မိုင်ဖြင့် အုတ်ဖို(၂)နှင့် ကျောက်ပုံကျေးရွာ၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် အုတ်ဖို (၁)ကျေးရွာများသို့ ဓါတ်အားပေးရန် တိုင်ထူ၊ ကြိုးဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပြီး (၇.၁၁.၂၀၁၉) ရက်နေ့တွင် မြို့နယ်မီးလင်းရေးကြီးကြပ်မှု ကော်မတီ၏ ကြီးကြပ်မှုဖြင့် တနော်ကျွန်း ကျေးရွာဓါတ်အားလိုင်းမှ Tap Offရယူ၍ ၁၁ ကေဗွီ ဓါတ်အားလိုင်း (၅)ခန်း တည်ဆောက်ပြီးဖြစ်၍ ကျန်ဓါတ်အားလိုင်းလုပ်ငန်းများအတွက် ဆက်လက် ဆောင်ရွက်နေစဉ် ကျေးရွာပြည်သူများမှ ကန့်ကွက်တားမြစ်သဖြင့် ဓါတ်အားလိုင်းတည်ဆောက်ရေး လုပ်ငန်းများ ရပ်တန့်ထားခဲ့ရပါကြောင်း၊ (၉.၁၁.၂၀၁၉) ရက်နေ့ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ် မီးလင်းရေး ကြီးကြပ်မှုကော်မတီတို့မှ တနော်ကျွန်း ကျေးရွာသို့ သွားရောက်၍ ကွင်းဆင်းညှိနှိုင်း ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူများမှ လက်ရှိရွာအတွင်း ချိတ်ဆွဲထားသော ၁၁ ကေဗွီလိုင်းအား ဖြုတ်သိမ်း၍ ရွာအဝင်တိုင်မှ ဓါတ်အားရယူပြီး ရွာအပြင်မှပတ်၍ လမ်းကြောင်းပြောင်းလဲ တည်ဆောက်ပေးမည်ဆိုပါက ကျေးရွာအနေဖြင့် လက်ခံသဘောတူကြောင်း သိရှိရပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ဒီကိစ္စနှင့်ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေ ဖြင့်လည်း ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ဝေါမြို့နယ်၊ မြစ်ကျိုး-ဆင်ရွာလမ်းတွင် လိုအပ်နေသော Box Culvert များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးဝေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်မေးမြန်းထားသည့် ဝေါမြို့နယ်အတွင်းရှိ မြစ်ကျိုး-ဆင်ရွာလမ်းမှာ(၄/၂)မိုင် **Class C** အဆင့်ရှိသော မြေသားလမ်းဖြစ်ပြီး ၂၀၁၈ခုနှစ် မိုးရာသီတွင် ရေထွက်ပေါက်မရှိသောကြောင့် ရေကြီးနစ်မြုပ်၍ လမ်းအခြေအနေမှာ ရေကျော်ပြီး အပိုင်းပိုင်းပျက်စီးသွားခဲ့ပါကြောင်းနှင့် ရေစီးအားကောင်းသောကြောင့် Box Culvertအစား Bored Pileဖြင့် တည်ဆောက်ရသော (၂၀')အတိုင်းအတာရှိ ကွန်ကရစ်တံတား(၄)စင်း စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၂၀၀) လိုအပ်ပါကြောင်းနှင့် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့် ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ကျွန်တော်တို့ ဒီ NEP (၂)မိုင် ကန့်ကွက်တဲ့ တနော်ကျွန်းကိစ္စကတော့ ဝန်ကြီးချုပ်ကြီးကို ပြည်သူ့လွှတ်တော်ကို ကျွန်တော်တင်ပြတဲ့အတွက် တော်ဝင်ဟံသာခန်းမမှာ ညွှန်ကြားရေးမှူးတိုင်းအဆင့်အနေနဲ့ အစည်းအဝေးလုပ်ပြီးတော့ ဥပဒေနဲ့ အညီ ကိုင်တွယ်ဖို့ကတော့ အစည်းအဝေးဆုံးဖြတ်ချက်တွေ ထွက်သွားပါတယ်။ ဒါပေမဲ့ တစ်ချို့ မြို့နယ်တွေမှာ ကျွန်တော်တို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေ ကြုံတွေ့နေရတာ တစ်ချို့မြို့နယ်တွေ ရှိပါတယ်။ ရှိတဲ့အတွက် ဒါက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ သိရှိ ရတာ မြို့နယ်မီးလင်းရေးကော်မတီဟာ ကျေးရွာရှိတယ်၊ မြို့နယ်ရှိတယ်၊ တိုင်းဒေသကြီးရှိတယ်၊ အဲဒီမှာမှ ဒီလိုမျိုးတွေဖြစ်လာရင် အုပ်ချုပ်မှုပိုင်းက စီမံကွပ်ကဲဖို့အတွက်ကို အဲ့လိုမျိုး အပေါ်ကနေပြီး တော့ ကျေးရွာအုပ်ချုပ်ရေးမှူးဦးဆောင်တဲ့ မီးလင်းရေးကြီးကြပ်မှုကော်မတီရှိတယ်။ မြို့နယ်ရှိ တယ်။ တိုင်းမှာဆိုရင် ဒီလျှပ်စစ်ဝန်ကြီးက တိုင်းဒေသကြီး မီးလင်းရေးကြီးကြပ်မှုကော်မတီမှာ ဥက္ကဋ္ဌဆိုလျှင် အဲ့လိုတွေဖြစ်တာကို ထပ်ကြီးကြပ်ဖို့က ဝန်ကြီးချုပ်ဦးဆောင်တဲ့ ကြီးကြပ်မှုကော်မတီ ရှိပါတယ်။ အဲ့တော့ ကျွန်တော်တို့ တခြားမြို့နယ်တွေမှာ အဲဒီလိုမျိုး ကန့်ကွက်ခဲ့ရင် ပြည်သူတွေအနေနဲ့ မီးလင်းဖို့အခက်အခဲတွေ ကြန့်ကြာမှုတွေ မဖြစ်အောင် ဒါကို တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီက အချိန်နှင့်တစ်ပြေးညီ ဝန်ကြီးချုပ်ဦးဆောင်တဲ့ ကြီးကြပ်မှုကော်မတီကို တင်ပြပြီး မူဝါဒတစ်ခုကို ချမှတ်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်ရင် ပိုပြီးမြန်ဆန်စွာ လုပ်ငန်း ဆောင်ရွက်လို့ရတယ်ဆိုတာ တစ်ကြောင်း၊ တစ်အချက် နှစ်အချက်အနေနဲ့ ဒီမှာ ဝန်ကြီးဖြေကြား သွားတဲ့ အဲ့ဒီမှာ ဘာပါလဲဆိုတော့ တနော်ကျွန်းကျေးရွာ ဓါတ်အားတွေကို ဝန်ကြီးနဲ့လာတွေ့တဲ့ အခါမှာ နည်းတယ်ဆိုတော့ အဲ့ဒီမှာ တစ်ပြေကန်ခွဲရုံ နောက်ထပ် 5MBA လား 15 MBA လား မသိဘူး အခုပြည်ထောင်စုကနေပြီးတော့ ဓါတ်အားကို မြှင့်တင်ပေးလိုက်ပြီ။ အဲ့ဒါပြီးတော့လည်း သူတို့က ဒါမဟုတ်တော့ပြန်ဘူး ဒီမှာစိုက်ထားတဲ့ 11 KV လိုင်းကို ရွာပြင်ကို ထုတ်ပေးဖို့ ထပ်ပြောတယ်။ (၅)ခန်းပြီးသွားတဲ့ဟာကို ကျွန်တော်တို့ တနော်ကျွန်းကျေးရွာရဲ့ ပညာရှင်တွေကို ကျွန်တော်တို့ မြို့နယ်မီးလင်းရေးကြီးကြပ်မှုကော်မတီက ပူးပေါင်းဆောင်ရွက်ပါတယ်၊ ကျွန်တော်လည်း ကော်မတီဝင် ထဲမှာပါ,ပါတယ်။ ဝန်ကြီးပြောသလိုပဲ ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ သေချာ ဆွေးနွေးတဲ့အချိန်တွေ ညှိနှိုင်းတယ်၊ တိုင်ပင်တယ်၊ အဲ့ဒီလိုတွေ ဆောင်ရွက်တဲ့အတွက်လည်း အတိုင်ခံရပါတယ်။ ကိစ္စမရှိပါဘူး ဒါကျွန်တော်တို့က ဒီမိုကရေစီပဲ၊ အဲ့ဒီမှာ ဘာတွေ့ရလဲဆိုတော့ ဒီတိုင်တွေကို ဆွဲထားတဲ့ဟာကို ရွာပြင်ကထွက်ဆိုတော့ ဒါသူတို့ဟာ မဖြစ်နိုင်တဲ့ကိစ္စပါ။

ဘာကြောင့်လဲဆိုတော့ ဆွဲထားတဲ့ 11 တိုင်က ကျွန်တော်တို့ မီးရထားလမ်း အစိုးရစီမံကွပ်ကဲတဲ့မြေ မီးရထားမြေဖြစ်တဲ့အတွက် အဆင်ပြေတယ်။ ရွာပြင်ကိုဆိုရင် သူတို့နဲ့ပတ်သက်တဲ့ လယ်သမားတွေရဲ့ လယ်မြေသုသာန်ဘက်ကို ထွက်ခိုင်းတာ၊ အဲ့ကျရင်ပိုပြောလို့ကောင်းအောင်လို့ ဒါဖြစ်တယ်ဆိုတဲ့အကြောင်းကို ဒါကကျွန်တော်ဒေသခံကိုယ်စားလှယ်ဖြစ်တဲ့အတွက် အဲ့ဒီမှာ ကျွန်တော်ရဲ့ ပြည်သူတွေ အများကြီးရှိပါတယ်။ အချိန်နဲ့တစ်ပြေးညီ အချက်အလက်တွေနဲ့ တင်ပြတာဖြစ်တဲ့အတွက် ဝန်ကြီး အမှတ်မှားမှာစိုးတဲ့အတွက် ဝန်ကြီးလည်း ဝန်ကြီးရဲ့ လျှပ်စစ်ပညာရှင်တွေကို မေးလို့ရပါတယ်။ ဘာအန္တရာယ်မှလည်းမရှိဘူး။ ဘာမှလည်းမဖြစ်ဘူး။ အဲ့တော့ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဒီအစိုးရက ဆောင်ရွက်ပေးမယ်ဆိုတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အဲ့ဒီလိုမျိုးလေး စစ်ကိုင်းတိုင်းတို့ မကွေးတိုင်းတို့မှာဆိုလျှင် ဘာသွားတွေ့ရလဲဆိုလျှင် ကျွန်တော်တို့လဲ လေ့လာတာပါ၊ တစ်ခြားတိုင်းနဲ့ ပြည်နယ်တွေကို အဲ့ဒီလိုဖြစ်တဲ့အခါကျရင် စီ/ခန့်ကော်မတီ ထိုင်ပြီးတော့ ဒါလုံခြုံရေးပေးထားတယ်။ လုံခြုံရေးစည်းဝိုင်းထဲကို ဝင်လာရင် သူတို့အဲ့မှာ ရဲက အချုပ်ကားပါထားထားတယ်။ အဲ့ဒီလို လုပ်လို့ရမယ့်အဆင့်တွေကို ဖြစ်နေတာ၊ ညှိနှိုင်းတာတွေ တိုင်ပင်တာတွေ ဆွေးနွေးတာတွေ အကုန်လုံးပြီးမြောက်သွားတဲ့အဆင့်မှာ ဒီလိုတွေဖြစ်လာကြတဲ့ အခါကြတော့ တစ်ခြားတိုင်းနဲ့ ပြည်နယ်တွေမှာ လုပ်ဆောင်နေတာကို တွေ့ရှိရတယ်။ ဒါကြောင့်မို့လို့ ပဲခူးတိုင်းအတွင်းမှာရှိတဲ့ တစ်ခြား မြို့နယ်တွေရဲ့ NEP 11 KV လိုင်းကို ကန့်ကွက်မှုတွေဖြစ်တဲ့ အခါကြရင် တိုင်းဒေသကြီး မီးလင်းရေး ကြီးကြပ်မှုကော်မတီအနေနဲ့ အပေါ်မှာ ထပ်ကြီးကြပ်မယ့် ဝန်ကြီးချုပ်ဦးဆောင်တဲ့အဖွဲ့ကို တင်ပြပြီး အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးဖို့ ဆက်စပ်မေးခွန်း အနေနဲ့ ပထမမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ဒုတိယမေးခွန်းအနေနဲ့ကတော့ ကျွန်တော်တို့ ဝန်ကြီးဖြေကြားထားတာကို ကျေးဇူးတင်ပါတယ်။ အဲ့ဒီမှာ ဝန်ကြီးချုပ်ကွင်းဆင်းတဲ့အခါမှာ သူပြောပြတာက ဒါမဖြစ်မနေ ဒီတံတား Box Culvert တွေ ခံရမှာဖြစ်တဲ့အတွက် ၂၀ အတိုင်းအတာ ရှိတဲ့ ကွန်ကရစ်တံတား (၄)စင်း ဒါပညာရှင်တွေ လမ်းအင်ဂျင်နီယာတွေရဲ့ တွက်ချက်မှုကို ကျေးဇူးတင်ပါတယ်။ အဲ့ဒီဟာကို ဝန်ကြီးချုပ်က ပြောထားတဲ့အတိုင်း သဘာဝအရေးပေါ် ဘေးအန္တရာယ် အရေးပေါ်ရန်ပုံငွေကို ဝန်ကြီးဌာနအနေနဲ့ ဆက်လက်တင်ပြပေးဖို့ အစီအစဉ် ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ မေးခွန်းအမှတ်စဉ် (၂) တို့နှင့်စပ်လျဉ်းသည့် ဆက်စပ်မေးခွန်း(၂)ခုကို စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ရီရီထိုက်မေးမြန်းထားသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်

လို့ ပြည့်ပြည့်စုံစုံဖြေကြားထားပြီး ဖြစ်ပါတယ်။ အထွေအထူးတော့ သိပ်မရှိလောက်ပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်လို့ မြို့နယ်အဆင့်မှာ လုပ်လို့ အခက်အခဲတွေအများကြီးရှိတယ်ဆိုတော့ တိုင်းအဆင့်မှာ စိစစ်ပြီးတော့ စေ့စေ့စပ်စပ်နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ခြားတိုင်းနဲ့ ပြည်နယ်လည်း နေပြည်တော်ရောက်၍ဖြစ်စေ ပဲခူးနဲ့ဆက်စေသော ပြည်နယ်တွေဖြစ်စေ ဒီလို အခက်အခဲတွေ ဘယ်လိုဖြေရှင်းဆောင်ရွက်မလဲဆိုတာ ညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ ဒါလွှတ်တော် ကိုယ်စားလှယ် ကြီးပြောတဲ့အတိုင်းပဲ အဲ့ဒီလိုတွေ ပြောတဲ့အတိုင်းတွေရှိပါတယ်။ အဲ့တော့ ဒီကိစ္စနဲ့ ပတ်သက်လို့ အောင်မြင်အောင်တော့ တိုင်းဒေသကြီးအစိုးရအနေနဲ့တော့ ဒါအလေးထားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ဒီအပိုင်းကို ညင်ညင်သာသာနဲ့ဖြစ်အောင် စေ့စပ်ညှိနှိုင်းလို့ရလျှင်ရ မရလျှင် တရားဥပဒေစိုးမိုးရေးအတိုင်းပဲ ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း ဆက်စပ်မေးခွန်းကို ဖြေကြား အပ်ပါတယ်။ ဒုတိယဆက်စပ်မေးခွန်းကို ဖြေကြားမယ်ဆိုရင်တော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေ နဲ့တော့ ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ဖြေရှင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အဲ့ဒီမှာ ဝန်ကြီးချုပ်ကြီး အနေနဲ့ လုပ်ပေးပါမယ်လို့ ပြောသွားတယ်ဆိုလျှင်တော့ ဝန်ကြီးချုပ်ကြီးဆီကို တင်ပြပြီးတော့ ဝန်ကြီးချုပ်ကြီးက လုပ်မဲ့ရန်ပုံငွေရှိပါတယ်, လုပ်ခွင့်ပြုတယ်ဆိုရင်တော့ ဝန်ကြီးချုပ်ကြီး လုပ်ဆောင်တဲ့ အတိုင်းပဲရမှာဖြစ်ပါကြောင်း၊ တကယ်လို့ လုပ်ဆောင်မပေးလျှင်လည်း ကျွန်တော်တို့ လုပ်ဆောင် ပေးနိုင်မှာမဟုတ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ဆွေးနွေးချက်များကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၂) ဦး၏ ဆွေးနွေးချက်များကို တိုင်းဒေသကြီး စာရင်းစစ်ချုပ်က ပြန်လည်ရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန်းဝင်း(ခ) ဒေါ်သန်းသန်းဝင်း [တိုင်းဒေသကြီး စာရင်းစစ်ချုပ်]။** ။ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်ပြသော စာရင်းစစ်ချုပ် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်နှင့် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်တို့၏ ဆွေးနွေးချက်များအား ပြန်လည်ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့တင်ပြသော စာရင်းစစ်ချုပ် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရဲလင်းနိုင်၏ ဆွေးနွေးချက်အား ပြန်လည်ရှင်းလင်းတင်ပြခြင်း

နံပါတ်(၁)အချက်အနေနဲ့ အစီရင်ခံစာမှာ အခွန်နဲ့ပတ်သက်တဲ့စစ်ဆေးချက် တစ်စုံတစ်ရာ မတွေ့ရလို့ တိုင်းဒေသကြီးအတွင်းမှာ အခွန်ဦးစီးဌာနရဲ့ အခွန်ကောက်ခံရရှိမှုအခြေအနေကို ကဏ္ဍ အလိုက် ဖော်ပြပြီး အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန် လိုအပ်ပြီး သို့မှသာ လွှတ်တော်ကလည်း တိုင်းပြည်ရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ဘဏ္ဍာငွေကို စိစစ်ဆောင်ရွက်သွား နိုင်မှာ ဖြစ်ပါသည်လို့ ဆွေးနွေးခဲ့ပါသည်။

<u>ရှင်းလင်းချက်</u>

- ယခုတင်ပြတဲ့အစီရင်ခံစာမှာ ၂၀၁၈ခုနှစ် ဧပြီလမှစကတ်တင်ဘာလအထိ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ အရ/အသုံးစာရင်းများကို တင်ပြတဲ့အစီရင်ခံစာဖြစ်ပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ စစ်ဆေးတွေ့ရှိချက်နှင့်ပတ်သက်လို့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်(၁၃)ကြိမ်မြောက် အစည်းအဝေးနဲ့ ယခု(၁၄)ကြိမ်မြောက် အစည်းအဝေးကြား (၁-၈-၂၀၁၉ မှ ၃၁-၁၀-၂၀၁၉နေ့အထိ) (၃)လအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စစ်ဆေး ပြီးသော တွေ့ရှိချက်များကို ဖော်ပြထားခြင်းဖြစ်ပါသည်။
- အခွန်ဦးစီးဌာနရုံးမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ပါဝင်ပြီး ယခုဖော်ပြတဲ့ (၃)လ ကာလအတွင်း စစ်ဆေးနိုင်မှုမရှိသေးသဖြင့် ထည့်သွင်းဖော်ပြမှုမရှိခြင်းဖြစ်ပါသည်။ ၎င်းရုံး၏ ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးပြီးစီးပါက နောက် တစ်ကြိမ်ကျင်းပမည့် (၁၅)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြသည့် အစီရင်ခံစာ တွင် ထည့်သွင်းဖော်ပြသွားမှာဖြစ်ပါကြောင်း ရှင်းလင်းအပ်ပါသည်။ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း အခွန်ကောက်ခံရန် လျာထားချက်နှင့် အမှန်ကောက်ခံရရှိငွေကို ဇယားနှင့်ဖော်ပြပေးထားပြီး စုစုပေါင်းလျာထားချက် ကျပ်သန်း ၉၂၉၄.၁၉၂ တွင်အမှန် ကောက်ခံရရှိမှုမှာ ကျပ်သန်း ၁၃၁၁၈.၈၀၉ ဖြစ်ပြီး ၁၄၁% အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ကျပ်သန်းပေါင်း)

| စဉ် | အခွန်အမျိုးအစား | ၂၀၁၈ခုဘဏ္ဍာနှစ် လျာထားချက် | ၂၀၁၈ခုနှစ်၁-၄-၁၈မှ ၃၀-၉-၁၈ထိ ကောက်ခံရ | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ဝင်ငွေခွန် | ၃၃၉၀.၀၀၀ | ၄၁၈၂.၇၈၀ | ၁၂၃% |
| ၂။ | ကုန်သွယ်လုပ်ငန်းခွန် | ၂၉၄၂.၁၃၀ | ၄၉၂၄.၃၂၈ | ၁၆၇% |
| ၃။ | အထူးကုန်စည်ခွန် | ၄၃၄.၀၀၀ | ၁၁၂၂.၄၂၄ | ၂၆၀% |

| | | | | |
|---|---|---|---|---|
| ၄။ | တံဆိပ်ခေါင်းခွန် | ၆၁၉.၀၀၀ | ၇၂၄.၉၀၁ | ၁၁၇% |
| ၅။ | အောင်ဘာလေသိန်းဆုခွန် | ၁၉၁၁.၀၆၂ | ၂၁၆၄.၃၇၆ | ၁၁၃% |
| | **စုစုပေါင်း** | **၉၂၉၄.၁၉၂** | **၁၃၁၁၈.၈၀၉** | **၁၄၁%** |

နံပါတ်(၂)အချက်အနေနဲ့ ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ ပဲခူးတိုင်းဒေသကြီးအတွင်း အစိုးရအဖွဲ့နှင့် ဌာနအဆင့်ဆင့်အလိုက် သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေများအပေါ် Withholding Tax မည်မျှရရှိသည် Commercial Tax မည်မျှရရှိသည် သိလိုကြောင်းနှင့် ဌာနတစ်ခုချင်းအလိုက် အစီရင်ခံစာနောက်ဆက်တွဲမှာ ဖော်ပြပေးဖို့ ဆွေးနွေးခဲ့ပါသည်။

<u>ရှင်းလင်းချက်</u>

- ဌာနများ၏ တိုင်းဒေသကြီး သာမန်ရငွေနှင့် ငွေလုံးငွေရင်းရငွေများအပေါ် ၂% Withholding Tax နှင့် ၅% Commercial Tax ပေးသွင်းမှုမရှိပါ။
- ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဆိုင်ခန်းနှင့်မြေငှားရမ်းခများအတွက် ၅% ကုန်သွယ်ခွန် ပေးဆောင်မှုများကိုစစ်ဆေးတွေ့ရှိရပါသည်။ ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ ပေးသွင်းမှုများကိုသာဓကအားဖြင့် ဖော်ပြပါသည်-

<u>ကျပ်</u>

| စဉ် | အကြောင်းအရာ | <u>ဆိုင်ခန်းငှားခ</u> | <u>၅% ကုန်သွယ်ခွန်</u> |
|---|---|---|---|
| (က) | ပြည်တက္ကသိုလ် | ၉,၁၉၂,၀၀၀ | ၄၃၇,၇၁၆ |
| (ခ) | တောင်ငူနည်းပညာတက္ကသိုလ် | ၆၃၀,၀၀၀ | ၃၁,၅၀၀ |
| (ဂ) | တောင်ငူကွန်ပျူတာတက္ကသိုလ် | ၂,၇၀၀,၀၀၀ | ၁၃၀,၇၁၄ |
| (ဃ) | တောင်ငူတက္ကသိုလ် | ၄,၃၅၀,၀၀၀ | ၂၀၇,၁၄၄ |
| (င) | စားသုံးသူရေးရာဦးစီးဌာန | ၃,၅၆၀,၁၀၀ | ၁၆၉,၅၂၉ |

နံပါတ်(၃)အချက်အနေနဲ့ အထွေထွေ GRF နှင့်ပတ်သက်ပြီး GRF သို့ ပထမအကြိမ် ၊ ဒုတိယအကြိမ် ပြန်အပ်ငွေ၊ တင်ဒါပိုလျှံငွေ၊ အခြားပိုလျှံငွေမှ သုံးစွဲတဲ့ပမာဏမှာ ကျပ်သန်း ၆၅၆၈.၀၉၄ သန်းရှိပြီး ပြန်လည်သုံးစွဲရာမှာ အမျိုးမျိုးသုံးစွဲထားတဲ့အပိုင်းတွေ့ရကြောင်း၊ ပဲခူးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမှာ အစည်းအဝေးခန်းများပြင်ဆင်ခြင်း ကျပ်သန်း ၃၂.၃၂၅၀ ကို သာမန်အသုံးစရိတ်မှ တောင်းခံပြီး ငွေလုံးငွေရင်းအသုံးစရိတ်တွင်လည်း ကျပ်သန်း ၁၀.၄၀၀ တောင်းခံသုံးစွဲထားခြင်းကြောင့် တစ်နှစ်အတွင်း (၂)ကြိမ်တွေ့ရပြီး ခေါင်းစဉ်တစ်မျိုးတည်းကို သာမန်ရော ငွေလုံးရော တောင်းခံသုံးစွဲမှုမှာ ဘဏ္ဍာရေးစည်းမျဉ်း နှင့်ညီညွတ်ခြင်းရှိ/မရှိ ဆွေးနွေးခဲ့ပါသည်။

<u>ရှင်းလင်းချက်</u>

➢ ပြင်ဆင်စရိတ်ခေါင်းစဉ်တစ်မျိုးတည်းကို ငွေလုံးနှင့်သာမန် (၂)မျိုးလုံးမှ သုံးစွဲမှုမှာ ပြင်ဆင်သည့်လုပ်ငန်းမတူခြင်းကြောင့်ဖြစ်ကြောင်း အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) <u>သာမန်အသုံးစရိတ်</u>

| စဉ် | အကြောင်းအရာ | (ကျပ်သန်း) |
|---|---|---|
| - | ၀၃-၀၅ ရုံးအသုံးအဆောင် Table Skirt နှင့် ခန်းစီးလိုက်ကာများ ကာရံခြင်း | ၁.၂၅၀ |
| - | ၀၄-၀၂ ပြင်ဆင်စရိတ်၊ ပင်မအဆောက်အဦတစ်လုံး၊ ရုံးအဆောက်အဦ(၂)လုံး ဆေးသုတ်ခြင်း | ၁၃.၀၀၀ |
| - | ၀၄-၀၉ အခြား အစည်းအဝေးခန်းမ မျက်နှာကျက်တပ်ဆင်ခြင်းနှင့်ကြွေပြားခင်းခြင်း | ၆.၂၆၀ |
| - | အိမ်သာသွားစင်္ကြံလမ်းနှင့်ရုံးအဆောက်အဦပတ်လည်နိမ့်သော Drain & Apron များအား ၁' မြှင့်တင်ခြင်း | ၉.၆၄၀ |
| - | ကား/ ဆိုင်ကယ်ရပ်နားရန် သံဖရိန်ဖြင့် အဆောက်အဦဆောက်လုပ်ခြင်း | ၁.၇၀၀ |
| - | မိလ္လာကန်ကွန်ကရစ်ခင်းခြင်းနှင့်ရေမြောင်းတူးဖော်ခြင်း | ၀.၄၀၀ |
| | **သာမန်အသုံးစရိတ်စုစုပေါင်း** | **၃၂.၂၅၀** |

(ခ)<u>ငွေလုံးငွေရင်းအသုံးစရိတ်</u>

| စဉ် | အကြောင်းအရာ | (ကျပ်သန်း) |
|---|---|---|
| - | ညွှန်ကြားရေးမှူးရုံးခန်း ကြွေပြားခင်းခြင်း | ၁.၄၁၀ |
| - | ဒု-ညွှန်/ချုပ်ရုံးခန်း ရေစိုခံပါကေးခင်းခြင်း | ၁.၅၉၀ |
| - | အစည်းအဝေးခန်း၊ ရုံးခန်း ဝါယာကြိုးအသစ်လဲ မီးများတပ်ဆင်ခြင်း | ၂.၀၀၀ |
| - | ရုံးသုံးစက်ကရိယာဝယ်ယူခြင်း | ၃.၆၀၀ |
| - | ရုံးသုံးပရိဘောဂဝယ်ယူခြင်း | ၁.၈၀၀ |
| | **ငွေလုံးငွေရင်းအသုံးစရိတ်စုစုပေါင်း** | **၁၀.၄၀၀** |

နံပါတ်(၄)အချက်အနေနဲ့ ပဲခူးတိုင်းဒေသကြီးအတွင်း အစိုးရတည်ဆောက်ရေးလုပ်ငန်းတွေမှာ တင်ဒါအောင်ကုမ္ပဏီများမှ လုပ်ငန်းဆောင်ရွက်ရာတွင် တင်ဒါအောင်ကုမ္ပဏီများ အနေဖြင့် ဝင်ငွေခွန်မဆောင်တဲ့ ကုမ္ပဏီတွေရှိလို့ စိစစ်ဖော်ပြပေးရန်နှင့် တင်ဒါရွေးချယ်ရာမှာ စိစစ်သုံးသပ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို အထောက်အကူပြုနိုင်တဲ့အတွက် ဝင်ငွေခွန် မဆောင်တဲ့ကုမ္ပဏီများကို စိစစ်ဖော်ထုတ်ဖို့ ဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းချက်

- စာရင်းစစ်ရုံးအဆင့်ဆင့်အနေဖြင့် အစိုးရဌာနများ၏ တည်ဆောက်ရေးလုပ်ငန်းများ အတွက် ငွေပေးချေမှုများကို စိစစ်ရာတွင် ညွှန်ကြားချက်အတိုင်း အရစ်လိုက် ပေးချေမှုတိုင်း၌ ၂% ဝင်ငွေခွန်ဖြတ်တောက်ပေးသွင်းမှု ရှိ/မရှိစိစစ်ပါသည်။ အကယ်၍ ပေးသွင်းမှုများကျန်ရှိသည် ကို စစ်ဆေးတွေ့ရှိပါက ချက်ချင်းပေးသွင်းစေခြင်း၊ အခွန်ဦးစီးဌာနသို့ သတင်းစာရင်းပေးပို့ စေခြင်းများ ဆောင်ရွက်ပါသည်။ အကယ်၍ ၂% ဝင်ငွေခွန် မပေးဆောင်သည့် တင်ဒါအောင် ကုမ္ပဏီများ စိစစ်တွေ့ရှိပါက တင်ဒါရွေးချက်ရာတွင် စိစစ်ရွေးချယ်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့တင်ပြဆောင်ရွက်ပါသည်။

နံပါတ်(၅)အချက်အနေဖြင့် အစီရင်ခံစာတွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးမှုနှင့်ပတ်သက်ပြီးတော့ စိစစ်မှုမတွေ့ရဘူး။ ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ ပဲခူးတိုင်း(၂၈)မြို့နယ်မှာ တစ်မြို့နယ် ချင်းအလိုက် ပျောက်ဆုံးယူနစ်နဲ့ ဘဏ္ဍာငွေမည်မျှဆုံးရှုံးသည်ကို သိရှိလိုကြောင်း ဘဏ္ဍာငွေဆုံးရှုံးမှု မည်မျှရှိနေတယ်ဆိုတာ စာရင်းဇယားအချုပ်အရ သိရှိပြီးဖြစ်ကြောင်း တစ်မြို့ချင်းအလိုက် ဘယ်လောက်ဓါတ်အားတွေ ဆုံးရှုံးပြီးတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာဘယ်လောက် ဆုံးရှုံးတယ်ဆိုတာ သိရှိလို၍ အစီရင်ခံစာနောက်ဆက်တွဲအဖြစ် ဖော်ပြပေးရန် ဆွေးနွေးခဲ့ပါတယ်။

ရှင်းလင်းချက်

- လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ပါဝင်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ မြို့နယ်တစ်မြို့နယ်ချင်း အလိုက် ဓါတ်အားပျောက်ဆုံးမှုယူနစ်များကို မြို့နယ်အလိုက်ပူးတွဲ တင်ပြပေးထားပါတယ်။ တစ်တိုင်းလုံးအနေဖြင့် စုစုပေါင်း ပျောက်ဆုံးယူနစ် ၆၈၀၆၃၀၄၉၊ ဆုံးရှုံးမှုအနေနဲ့ကတော့ တစ်ယူနစ်ပျမ်းမျှနှုန်းဖြင့်ဆိုလျှင် ကျပ်သန်း ၄၂၅၀.၇၂၇ ဆုံးရှုံးခဲ့ကြောင်း တွေ့ရှိရပါသည်။ လျှပ်စစ်ဓါတ်အား လက်ခံရရှိမှု၊ ရောင်းချဖြန့်ဖြူးမှုနှင့် ပျောက်ဆုံးယူနစ်ဖြစ်ပေါ်မှုကို အောက်ပါ အတိုင်း ဖော်ပြပါသည်-

| စဉ် | အကြောင်းအရာ | ပဲခူး(အရှေ့) | ပဲခူး(အနောက်) | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | လက်ခံယူနစ် | ၃၇၂၁၄၁၇၁၂ | ၂၃၁၇၄၇၉၅၃ | ၆၀၃၈၈၉၆၆၅ |
| ၂။ | ရောင်းချယူနစ် | ၃၄၁၃၃၉၀၇၃ | ၁၉၄၄၈၇၅၄၃ | ၅၃၅၈၂၆၆၁၆ |
| ၃။ | ပျောက်ဆုံးယူနစ် | ၃၀၈၀၂၆၃၉ | ၃၇၂၆၀၄၁၀ | ၆၈၀၆၃၀၄၉ |
| ၄။ | ပျောက်ဆုံးရာခိုင်နှုန်း | ၈.၂၈ | ၁၆.၀၈ | ၁၁.၂၇ |
| ၅။ | တစ်ယူနစ်ပျမ်းမျှနှုန်း(ကျပ်) | ၅၁.၁၇ | ၆၆.၈၂ | - |
| ၆။ | ပျောက်ဆုံးယူနစ်အတွက် ဆုံးရှုံးမှုတန်ဖိုး(ကျပ်) | ၁,၇၆၀,၉၈၆,၈၇၂ | ၂,၄၈၉,၇၄၀,၅၉၆ | ၄,၂၅၀,၇၂၇,၄၆၈ |

- ပျောက်ဆုံးယူနစ်ရာခိုင်နှုန်းမှာ ပဲခူး(အရှေ့)တွင် ၈.၂၈% ရှိပြီး ပဲခူး(အနောက်)တွင် ၁၆.၀၈% ရှိပါသည်။ ပဲခူး(အရှေ့)တွင် ပျောက်ဆုံးယူနစ်ရာခိုင်နှုန်းနည်းပါးရခြင်းမှာ ရွှေစွမ်းအင်ကုမ္ပဏီမှ (၆)မြို့နယ်တွင် ဓါတ်အားဖြန့်ဖြူးမှုလုပ်ငန်း လုပ်ဆောင်ခဲ့ပြီး ၎င်းမြို့နယ်များတွင် ပျောက်ဆုံးယူနစ် ခွင့်မပြုခြင်းကြောင့် ဖြစ်ပါသည်။
- ပျမ်းမျှတစ်ယူနစ် ဈေးနှုန်းမှာ ရောင်းရငွေစုစုပေါင်းပေါ်တွင် ရောင်းချယူနစ်ဖြင့် တွက်ချက်ထားခြင်းဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်သန်းဝင်း(ခ) ဒေါ်သန်းသန်းဝင်း [တိုင်းဒေသကြီး စာရင်းစစ်ချုပ်]။** ။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့တင်ပြသော စာရင်းစစ်ချုပ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၏ ဆွေးနွေးချက်အား ပြန်လည်ရှင်းလင်းမှာ ဖြစ်ပါတယ်။

နံပါတ်(၁)အချက်အနေနဲ့ အစီရင်ခံစာ စာမျက်နှာ(၃) ဇယား(၁)မှာ သစ်တောဦးစီးဌာနရဲ့ ပြုပြင်ပြီးခန့်မှန်းခြေမှာ ကျပ်သန်း ၅၆.၁၀၅ ဖြစ်ပြီး အမှန်ရငွေကတော့ ကျပ်သန်း ၃၇.၈၄၈ ဖြစ်တဲ့အတွက် မည်သည့်အတွက် လျော့နည်းရခြင်းကို ဖော်ပြစေလိုပါတယ်လို့ ဆွေးနွေးခဲ့ပါသည်။
ရှင်းလင်းချက်

- သစ်တောဦးစီးဌာနမှ ပြုပြင်ပြီးခန့်မှန်းခြေမှာ ကျပ်သန်း ၅၆.၁၀၅ နှင့် အမှန်ရငွေ ကျပ်သန်း ၃၇.၈၄၈ မှာ မြန်မာ့သစ်လုပ်ငန်းအဖွဲ့၊ တသီးပုဂ္ဂလနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ထုတ်ယူသော သစ်တောထွက်ပစ္စည်းများအတွက် အခွန်ရငွေလျာထားချက်နှင့် အမှန်ရငွေများဖြစ်ပါသည်။
- ပြုပြင်ပြီးခန့်မှန်းခြေထက်လျော့နည်းရရှိခဲ့ခြင်းမှာ ကျွန်း၊ သစ်မာ၊ သစ်မာမျော၊ ကျွန်းနှင့် သစ်မာတိုင်တို့မှာ ထုတ်လုပ်ခွင့် ရပ်ဆိုင်းထားသဖြင့် အခွန်ရငွေကျဆင်းခြင်း၊ ထင်းနှင့် မီးသွေးမှာ သစ်တောပြုန်းတီးမှုကာကွယ်ရန်အတွက် ထုတ်လုပ်မှုကို ထိန်းသိမ်းထားခြင်းကြောင့် အခွန်ရငွေလျော့နည်းရခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

နံပါတ်(၂)အချက်အနေနဲ့ အစီရင်ခံစာ စာမျက်နှာ(၈) ဇယား(၄)မှာ စည်ပင်သာယာရေးအဖွဲ့များရဲ့ ဘီးခွန်ဆောင်တဲ့စီးရေနဲ့ ကညနဦးစီးဌာနရဲ့စာရင်းအရ မှတ်ပုံတင်ပြုလုပ်တဲ့ စီးရေမှာ ပဲခူးခရိုင်နဲ့ သာယာဝတီခရိုင်တွေမှာ စည်ပင်မှာ ဘီးခွန်ဆောင်ရေထက် ပိုများသော်လည်း တောင်ငူခရိုင်မှာ ကညနစီးရေအောက် (၅၅၀)စီး၊ ပြည်ခရိုင်မှာ ကညနစီးရေအောက် (၁၄၅၁၇)စီး လျော့နည်းနေကြောင်းနဲ့ ကွဲလွဲမှုများရခြင်းအကြောင်းရင်းအား သိရှိလို၍ စစ်ဆေးပြီး အစီရင်ခံစာတွင် တင်ပြရန် လိုအပ်ပါတယ်လို့ ဆွေးနွေးထားပါတယ်။

ရှင်းလင်းချက်

- စည်ပင်သာယာရေးအဖွဲ့သို့ ဘီးခွန်ဆောင်သည့် ယာဉ်စီးရေနှင့်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ယာဉ်မှတ်ပုံတင်သောယာဉ်စီးရေကွာခြားရခြင်းမှာ–
  - စည်ပင်သာယာရေးအဖွဲ့များတွင် ဘီးခွန်ဆောင်ရသည့် သက်တမ်းကာလမှ ၆လ (၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ) ဖြစ်ပြီး ယာဉ်များမှတ်ပုံတင်ခွင့်ပြုသည့် သက်တမ်းကာလမှာ (၂) နှစ်ဖြစ်သဖြင့် ယာဉ်များဘီးခွန်ပေးဆောင်သော်လည်း (၂၀၁၈ခုနှစ် ၄/၂၀၁၈ မှ ၉/၂၀၁၈) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ယာဉ်မှတ်ပုံတင်ရာ၌ သက်တမ်းစေ့ကာလမှ သာ ဆောင်ရွက်သဖြင့် ကွာခြားခြင်း။
  - ပဲခူးတိုင်းဒေသကြီးအတွင်း၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ယာဉ် မှတ်ပုံတင်မှုတွင် ပဲခူးတိုင်းဒေသကြီးတွင်း ယာဉ်ပိုင်ရှင်နေထိုင်မှုမရှိသော ယာဉ်များ ပါရှိ၍ ကွာခြားနေခြင်း။
  - ယာဉ်များမှတ်ပုံတင်ရာ၌ နှစ်လဲမှတ်ပုံတင်ခြင်း၊ အခြားမှတ်ပုံတင်ခြင်း၊ ကနဦးအသစ် မှတ်ပုံတင်ခြင်းလုပ်ငန်းသုံးမျိုးရှိ၍ ကွာခြားမှုရှိခြင်း။

နံပါတ်(၃)အချက်အနေနဲ့ အစီရင်ခံစာ စာမျက်နှာ(၉) အပိုဒ်–၁၇ ငွေလုံးငွေရင်းရငွေမှ ကျပ်သန်း ၅၇.၆၈၉ မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မင်းလှမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်မှာ ရုံးအဆောက်အဦဟောင်း ရောင်းရငွေ ကျပ်သန်း ၁.၂၀၅ ဖော်ပြထားတဲ့အတွက် တစ်မြို့နယ်ချင်း သီးခြားခွဲခြားပြီးဖော်ပြပေးရန်နှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကတ္တရာပေပါခွံရောင်းရငွေ၊ ရေမီတာရောင်းရငွေ၊ ဈေးဆိုင်ခန်းမြေနေရာရောင်းရငွေ ကျပ်သန်း ၅၆.၄၃၉ တွင် မည်သည့် မြို့နယ်မှရငွေများကို နောက်ဆက်တွဲဇယားဖြင့် ဖော်ပြသင့်ကြောင်းနှင့် ဈေးဆိုင်မြေနေရာ ရောင်းချ ရာတွင် (က)ဌာနမှအသုံးမလိုကြောင်း အကြောင်းပြချက်နှင့်တကွ ရောင်းချရန် ခွင့်ပြုမိန့်တောင်းခံမှု (ခ)ဈေးပြိုင်စနစ်ဖြင့် ရောင်းချမှု (ဂ) ရောင်းချသည့်တည်နေရာ အကျယ်အဝန်းဖော်ပြပေးစေ လိုပါတယ်လို့ ဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းချက်

- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်းရငွေဖြစ်သော ရုံးအဆောက်အဦ ရောင်း ရငွေမှာ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျပ်သန်း (၀.၉၅၀ )နှင့် ဒိုက်ဦး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျပ်သန်း (၀.၃၀၀ )ဖြစ်ပါသည်။
- စည်ပင်သာယာရေးအဖွဲ့များ၏ မြို့နယ်အလိုက် ငွေလုံးငွေရင်းရငွေများကို အောက်ပါ အတိုင်းရှင်းလင်းတင်ပြပါသည်–

**စည်ပင်သာယာရေးအဖွဲ့များ၏ငွေလုံးငွေရင်းရငွေ**

| စဉ် | | အကြောင်းအရာ | ရေတွက်ပုံ | အရေအတွက် | သင့်ငွေ(ကျပ်) |
|---|---|---|---|---|---|
| ၁ | | **ကတ္တရာပေပါခွဲရောင်းရငွေ** | | **၁၆၅၈** | **၂,၄၈၀,၄၀၀** |
| | ၁ | ကဝ | လုံး | ၅၁ | ၇၆,၅၀၀ |
| | ၂ | နတ်တလင်း | ။ | ၃၅၀ | ၅၂၅,၀၀၀ |
| | ၃ | ပန်းတောင်း | ။ | ၂၂၇ | ၃၄၀,၅၀၀ |
| | ၄ | ပြည် | ။ | ၇၀၈ | ၁,၀၅၅,၄၀၀ |
| | ၅ | ရွှေတောင် | ။ | ၃၂၂ | ၄၈၃,၀၀၀ |
| ၂ | | **ရေမီတာရောင်းရငွေ** | | **၈၅** | **၄,၄၄၆,၀၀၀** |
| | ၁ | ပြည် | လုံး | ၈၅ | ၄,၄၄၆,၀၀၀ |
| ၃ | | **ဈေးဆိုင်ခန်းငှားရမ်းခနှင့် ငှားရမ်းခွင့်ပြုမှုရငွေ** | | **၁၁** | **၄၉,၅၁၃,၀၀၀** |
| | ၁ | ပန်းတောင်း | ခန်း | ၁ | ၁၀၀,၀၀၀ |
| | ၂ | ပြည်(ပေါင်းတလည်) | ။ | ၇ | ၄၉,၃၆၅,၀၀၀ |
| | | ပြည်(မော်ဇာ) | ။ | ၃ | ၄၈,၀၀၀ |
| | | **စုစုပေါင်း** | | | **၅၆,၄၃၉,၄၀၀** |

- ပြည်(ပေါင်းတလည်)ဈေးဆိုင်ခန်း (၇)ခန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုးချဲ့ရင်းနှီး မြုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောက်လုပ်ခဲ့ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ငှားရမ်းခွင့် လေလံတင် ရောင်းချရန် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၁၅-၅-၂၀၁၈ ရက်စွဲပါရုံးအမိန့် အမှတ်-၁၂၈/၂၀၁၈ ဖြင့် ကြီးကြပ်ရေးအဖွဲ့အားလည်းကောင်း၊ ၁၅-၅-၂၀၁၈ ရက်စွဲပါရုံးအမိန့် အမှတ်-၁၂၉/၂၀၁၈ ဖြင့် လေလံရောင်းချရေးအဖွဲ့အား လည်းကောင်း ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။
- လေလံလျှောက်လွှာဝယ်ယူသူ (၁၂)ဦးရှိပြီး လေလံလျှောက်လွှာပါအချက်အလက်များ တင်ပြနိုင်မှုမရှိသူ လေလံဆွဲဝယ်ယူရန် ပျက်ကွက်သူ(၅)ဦး ရှိပါသည်။ ကြမ်းခင်းဈေးနှုန်း အား ဈေးဆိုင်ခန်း(၁)ခန်းလျှင် ကျပ်သိန်း(၇၀)သတ်မှတ်ထားပြီး ၂၈-၅-၂၀၁၈ နေ့ ပေါင်းတလည်ဈေးခေါင်းရုံး၌ လေလံကျင်းပခဲ့ရာ ဈေးဆိုင်ခန်းအလိုက် အမြင့်ဆုံးလေလံ ကြေးပေးသွင်းသူတို့ကို ဈေးဆိုင်ခန်းငှားရမ်းခွင့်ပြုထားပါသည်။
- ပြည်(မော်ဇာ)ရငွေကျပ်သန်း ဝ.ဝ၄၈ မှာ မော်ဇာဈေးတွင် ဈေးဆိုင်ခန်းနေရာလွတ်နေသော ဆိုင်ခန်း(၃)ခန်းအား ငှားရမ်းခွင့်ပြုမှု ရငွေဖြစ်ပါသည်။
- ပန်းတောင်းမြို့နယ် ရငွေ ကျပ်သန်း ဝ.၁ဝဝ မှာ ပန်းတောင်းဈေးတွင် ဈေးဆိုင်ခန်း နေရာလွတ်နေမှုအပေါ် ငှားရမ်းခွင့်ပြုမှု ဆိုင်ခန်း(၁)ခန်းအတွက် ဖြစ်ပါသည်။

နံပါတ်(၄)အချက်အနေနဲ့ အစီရင်ခံစာ စာမျက်နှာ(၉) အပိုဒ်-၁၈ သာမန်ရငွေ ပူးတွဲဇယား(က-၂)တွင် ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ ပြုပြင်ပြီးခန့်မှန်းခြေ လမ်းဦးစီးဌာနမှာ ကျပ်သန်း ၆၆.၁၉၃ ဖြစ်ပြီး အမှန်ရငွေမှာ ကျပ်သန်း ၃၃.၃၅၃ ဖြစ်သဖြင့် မည်သည့်အတွက်ကြောင့် လျော့နည်းရကြောင်း ဖော်ပြပေးစေလိုပါတယ်လို့ ဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းချက်

- လမ်းဦးစီးဌာန၏ ပြုပြင်ပြီးခန့်မှန်းခြေ ကျပ်သန်း ၆၆.၁၉၃ ဖြစ်၍ အမှန်ရငွေမှာ ကျပ်သန်း ၃၃.၃၅၃ ဖြစ်၍လျော့နည်းရခြင်းမှာ နိုင်ငံတော်သမ္မတရုံး စီးပွားရေးရာဌာနကြီး၏ ၁၈-၄-၂၀၁၈ ရက်စွဲပါ စာကို ရည်ညွှန်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ၁၄-၅-၂၀၁၈ ရက်စွဲပါစာဖြင့် ဆက်လက်အကြောင်းကြားခဲ့ခြင်းကြောင့် မြေငှားရမ်းခ ရငွေလျာထားချက် ကျပ်သန်း ၁၇.၄၃၀ မရရှိခဲ့ခြင်း၊ ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆)လဘတ်ဂျက်ဖြစ်၍ တင်ဒါလုပ်ငန်းများ လျော့နည်း၍ တင်ဒါပုံစံရောင်းရငွေ လျာထားချက်ထက် ကျပ်သန်း ၁၇.၆၂၈ လျော့နည်းခဲ့ခြင်းနှင့် လုံခြုံမှုစစ်ဆေးခရငွေ တွင်ကျပ်သန်း ၀.၀၀၅ လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

နံပါတ်(၅)အချက်အနေနဲ့ အစီရင်ခံစာ အပိုဒ်-၂၆(၁) အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း အသုံးစရိတ်မှ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်းကြိတ်စက်(၂)စီးနှင့် Back Hole (၂)စီး နှင့် မည်သည့်မြို့နယ်/ခရိုင်/တိုင်း ဖော်ပြပေးစေလိုကြောင်းနှင့် သစ်တန်(၃၀၀)ဝယ်ယူပြီး မည်သို့ပြုလုပ်ထားကြောင်း ဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းချက်

- လမ်းကြိတ်စက်(၂)စီးမှာ ယခုအချိန်တွင် မိုးညိုမြို့နယ်နှင့် ရေတာရှည်မြို့နယ်တွင် တည်ရှိပြီး Back Hole (၂)စီး မှာယခုအချိန်တွင် ပေါက်ခေါင်းမြို့နယ်နှင့်နတ်တလင်း မြို့နယ်၌ရှိနေပြီး လိုအပ်သည့် မြို့နယ်များမှ တောင်းခံပါက လိုအပ်သည့်နေရာ ပေးပို့ အသုံးပြုနေကြောင်း သိရှိရပါသည်။
- သစ်တန်ချိန်(၃၀၀)ဝယ်ယူမှုနှင့် သုံးစွဲမှုကို အောက်ပါအတိုင်းရှင်းလင်းတင်ပြပါသည်။

| **သစ်ဝယ်ယူမှု** | **သစ်တန်** |
|---|---|
| သစ်တောမှရရှိသစ်တန် | ၂၃၉.၇၆၄၄ |
| ပြင်ပမှဝယ်သစ်တန် | ၁၀၉.၂၃၄၁ |
| **စုစုပေါင်းသစ်တန်ချိန်** | **၃၄၈.၉၉၈၅** |
| | (ကျပ်) |
| သစ်ဖိုးငွေ | ၂၀၉၄၇၃၂၈၄ |
| ၂ % ဝင်ငွေခွန် | ၃၂၇၇၀၃၀ |
| သယ်ခ | ၈၇၂၄၉၆၈၆ |
| **စုစုပေါင်းသစ်ဖိုးငွေ** | **၃၀၀၀၀၀၀၀၀** |

| သစ်သုံးစွဲမှု | |
|---|---|
| **သစ်တောမှရရှိသစ်တန်သုံးစွဲမှု** | **သစ်တန်** |
| တောင်ငူတံတား(၄)စင်း | ၄၈.၈၀၃၂ |
| ကျောက်ကြီးတံတား(၆)စင်း | ၂၇.၆၂၀၈ |
| အုတ်တွင်းတံတား(၂)စင်း | ၁၄.၆၄၀၀ |
| ညောင်လေးပင်တံတား(၂)စင်း | ၄၆.၆၄၄၀ |
| ကျောက်တံခါးတံတား(၆)စင်း | ၈၅.၁၉၂၀ |
| ကြို့ပင်ကောက်တံတား(၁)စင်း | ၆.၉၆၄၀ |
| မိုးညိုတံတား(၂)စင်း | ၉.၉၀၀၄ |
| **စုစုပေါင်း** | **၂၃၉.၇၆၄၄** |

| | |
|---|---|
| **ပြင်ပမှဝယ်သစ်တန်သုံးစွဲမှု** | သစ်တန် |
| **သနပ်ပင်မြို့နယ်** | |
| -ကျုံပါ-ချောင်းဝ (ဦးအောင်ထွန်းတံတား) | ၁၆.၀၂၂၆ |
| -ကျုံပါ-ချောင်းဝ (ဒေါ်အေးတံတား) | ၁၆.၀၀၃၄ |
| -ကတုံးတဲ-ကုက္ကိုတန်း သစ်သားတံတား | ၁၆.၀၃၆၁ |
| -ကျိုက်ဝင်းကလေ့တံတား | ၁၆.၁၅၈၂ |
| -ကုလားချောင်းကြီးတံတား | ၂၅.၀၀၈၂ |
| **ကဝမြို့နယ်** | |
| -ကဒူးရွာအဝင်တံတား | ၁၀.၀၀၅၆ |
| -ကဒူးရွာအထွက်တံတား | ၁၀.၀၀၀၀ |
| **စုစုပေါင်း** | **၁၀၉.၂၃၄၁** |

## သစ်တောမှရရှိသစ်(ပုံစံ-၈)သုံးစွဲသည့် တံတားအသေးစိတ်စာရင်း

| | **တောင်ငူတံတား(၄)စင်း** | **တန်** |
|---|---|---|
| ၁။ | ကမ်းနီကျေးရွာအုပ်စု၊ ညောင်စခန်း-ကရင်နီကုန်းလမ်းပေါ်ရှိ သစ်သား တံတား ၂၄'×၁၂'×၈' | ၁၄.၇၆၀ |
| ၂။ | ရွှေလှေအင်းကျေးရွာအုပ်စုပိတောက်ကုန်း-ကျွန်းကြီးလမ်းပေါ်ရှိ သစ်သားတံတား ၂၄'×၁၂'×၈' | ၁၁.၇၉၀ |

| | | |
|---|---|---|
| ၃။ | ခရိုင်ချင်းဆက်လမ်း အမှတ်-၂ ပေါ်ရှိ ဘန်းကုန်တံတား သစ်သား ကြမ်းခင်းနှင့်လက်ရန်းအသစ်လဲခြင်း ၄၀'×၁၄' | ၄.၅၁၃၂ |
| ၄။ | ရှောက်ပင်ချောင်းကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာ ပသိချောင်း ကူးသစ်သားတံတား | ၁၇.၇၄၀ |
| | **ပေါင်း** | **၄၈.၈၀၃၂** |

| | | |
|---|---|---|
| | **ကျောက်ကြီးတံတား(၆)စင်း** | |
| ၁။ | ရွာကြီးအင်း-ရေလဲယာယီသစ်သား တံတား ၂၀'×၁၂'×၁၀' | ၉.၇၃ |
| ၂။ | --။------ အမှတ်(၁)ရေပွန်ယာယီသစ်သားတံတား ၅'×၁၂'×၅' | ၁.၅၀ |
| ၃။ | --။------ အမှတ်(၂)ရေပွန် ယာယီသစ်သားတံတား ၅'×၁၂'×၅' | ၁.၅၀ |
| ၄။ | နတ်သံကွင်း-ကျောက်စရစ်-ထိုးဝါးစိုက်-ကျွန်းကြီးလမ်းရေပွန်၅စင်း ယာယီသစ်သားတံတား ၅(၅'×၁၂'×၅') | ၇.၅၀ |
| ၅။ | နတ်သံကွင်း-ကျောက်စရစ်-ထိုးဝါးစိုက်-ကျွန်းကြီးလမ်းရေပွန်၅စင်း လမ်းယာယီသစ်သားတံတား (၁၀'×၁၂'×၅') | ၃.၉၀ |
| ၆။ | နတ်သံကွင်း-ကျောက်စရစ်-ထိုးဝါးစိုက်-ကျွန်းကြီးလမ်းရေပွန်၅စင်း လမ်းယာယီသစ်သားတံတား (၈'×၁၂'×၅') | ၃.၄၉၀၈ |
| | **ပေါင်း** | **၂၇.၆၂၀၈** |

| | | |
|---|---|---|
| | **အုတ်တွင်းတံတား(၂)စင်း** | **တန်** |
| ၁။ | ဝဲဒေါင့်-ရွှေလောင်းလမ်း တံတား ၂စင်း ( ၁၀'×၁၂'×၅') | ၇.၈၉ |
| ၂။ | ညောင်ခြေထောက်-လှေဆွဲလမ်းပေါ်ရှိ လှေဆွဲမြောင်းရွာအဝင် တံတား ၁၀၀'×၁၄' | ၆.၇၅၀ |
| | **ပေါင်း** | **၁၄.၆၄** |

| | | |
|---|---|---|
| | **ညောင်လေးပင်တံတား(၂)စင်း** | |
| ၁။ | ပွန်တန်ဆာ-မြို့ချောင်းရင်းကျေးရွာအုပ်စု ဆင်ကူးကျေးရွာနှင့်မိချောင်း ကူးကျေးရွာဆက်သွယ်ထားသောရဲနွယ်ချောင်းကူးမိချောင်းကူးယာယီ သစ်သားတံတား ၁၀၀'×၆' | ၂၃.၃၂၂ |
| ၂။ | သဲကျော-ဝက်လူးအိုင် ရဲနွယ်ချောင်းကူးတံတား ၁၀၀'×၆' | ၂၃.၃၂၂ |
| | **ပေါင်း** | **၄၆.၆၄၄** |

| | **ကျောက်တံခါးတံတား(၆)စင်း** | |
|---|---|---|
| ၁။ | ကုန်းလည်ရိုး-ဘွဲ့ချင်အုပ်စု၊စာဖြူစု သစ်သား တံတား ၂၇၀'×၁၂'×၁၂' | ၃၄.၈၂၂ |
| ၂။ | ဂျိုချောင်းကြီး-ကမ်းနားစု သစ်သားတံတား ၃၂၀'×၆'×၁၂' | ၁၈.၉ |
| ၃။ | ကျားကိုက်မြောင်-သဖန်းပင်ကုန်း သစ်သားတံတား ၂၉၀'×၆'×၁၂' | ၁၆.၄၇ |
| ၄။ | ပဲနွယ်ကုန်း-ဇရပ်ခင်လမ်းပေါ်ရှိ တံတား ၁၅'×၁၂' | ၅.၀ |
| ၅။ | ဝွေးကုန်း-ထိန်တောလမ်းပေါ်ရှိတံတားအမှတ်(၁) ၁၅'×၁၂' | ၅.၀ |
| ၆။ | သရက်တော-သရက်အုပ်(နတ်လောင်း)လမ်း(နတ်လောင်း-အင်ကုန်း တံတား ၁၅'×၁၂' | ၅.၀ |
| | **ပေါင်း** | **၈၅.၁၉၂၀** |

| | **ကြို့ပင်ကောက်တံတား(၁)စင်း** | |
|---|---|---|
| ၁။ | ကွင်းကြီးကျေးရွာနှင့်ကွင်းပင်ရွာကြားမြို့လယ်ချောင်းကူး တံတား ၉၀'×၁၀' | ၆.၉၆၄၀ |
| | **မိုးညိုတံတား(၂)စင်း** | |
| ၁။ | ကျွန်းညို-ပဒေသာကျွန်းတံတားတည်ဆောက်ခြင်း ၁၅၀'×၆' | ၄.၉၅၀၂ |
| ၂။ | မြောက်လွတ်ကုန်းအုပ်စု အင်းဝင်တံတား ၇၀'×၁၂' | ၄.၉၅၀၂ |
| | **ပေါင်း** | **၉.၉၀၀၄** |
| | **စုစုပေါင်း** | **၂၃၉.၇၆၄၄** |

နံပါတ်(၆)အချက်အနေနဲ့ အစီရင်ခံစာ အပိုဒ်-၂၆(၂)တွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး မှ လွှဲပြောင်းရန်ပုံငွေထဲတွင် ကိုယ်စားလှယ်များ နားနေဆောင် လျှောက်လမ်းတွင် Slow Down ပြုလုပ်ခြင်း နှင့် လွှတ်တော်ရုံး လက်ထောက်ညွှန်ကြားရေးမှူးနေအိမ် အခန်းကန့်ခြင်း ကျပ်သန်း ၁.၉၀၀ ဖြစ်၍ Slow Down ပြုလုပ်ခြင်း ကုန်ကျငွေ ခွဲခြားဖော်ပြပေးရန် ဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းချက်

- ကိုယ်စားလှယ်များ နားနေဆောင် လျှောက်လမ်းတွင် Slow Down ပြုလုပ်ခြင်း ကုန်ကျ ငွေ ကျပ်သန်း ၀.၅၀၀ နှင့် လက်ထောက်ညွှန်ကြားရေးမှူးနေအိမ် အခန်းကာခြင်း များအတွက် ကျပ်သန်း ၁.၄၀၀ ဖြစ်ပါသည်။

နံပါတ်(၇)အချက်အနေနဲ့ အစီရင်ခံစာ အပိုဒ်-၂၆(၃)တွင် ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ရုံးခန်းများ၊ အစည်းအဝေး ခန်းမပြင်ဆင်ခြင်း၊ သာမန်အသုံးစရိတ် ကျပ်သန်း ၃၂.၂၅၀၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း ၁၀.၄၀၀ မည်သည့်အတွက်ကြောင့် ခေါင်းစဉ်(၂)ခုလုံးဖြင့် လွှဲပြောင်းသုံးစွဲခဲ့ကြောင်း ဖော်ပြပေးစေလိုပါတယ်လို့ ဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းချက်

- ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရုံးခန်းများ၊ အစည်းအဝေးခန်းမ ပြင်ဆင်ခြင်း၊ သာမန်အသုံးစရိတ် ကျပ်သန်း ၃၂.၂၅၀၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း ၁၀.၄၀၀ သုံးစွဲမှုကို အောက်ပါအတိုင်း ရှင်းလင်းတင်ပြပါသည်-

(က) သာမန်အသုံးစရိတ်

| | | (ကျပ်သန်း) |
|---|---|---|
| - | ၀၃-၀၅ရုံးအသုံးအဆောင် Table Skirt နှင့် ခန်းစီး လိုက်ကာများ ကာရံခြင်း | ၁.၂၅၀ |
| - | ၀၄-၀၂ ပြင်ဆင်စရိတ်၊ ပင်မအဆောက်အဦ(၁)လုံး၊ ရုံး အဆောက်အဦ(၂)လုံး ဆေးသုတ်ခြင်း | ၁၃.၀၀၀ |
| - | ၀၄-၀၉အခြားအစည်းအဝေးခန်းမမျက်နှာကျက် တပ်ဆင်ခြင်းနှင့်ကြွေပြားခင်းခြင်း | ၆.၂၆၀ |
| - | အိမ်သာသွားစင်္ကြံနှင့်လမ်းနှင့်ရုံးအဆောက်အဦပတ်လည် နိမ့်သော Drain & Apron များအား ၁' မြှင့်တင်ခြင်း | ၉.၆၄၀ |
| - | ကား/ဆိုင်ကယ်ရပ်နားရန်သံဖရိန်ဖြင့်အဆောက်အဦ ဆောက်လုပ်ခြင်း | ၁.၇၀၀ |
| - | မိလ္လာကန်ကွန်ကရစ်ခင်းခြင်းနှင့်ရေမြောင်းတူးဖော်ခြင်း | ၀.၄၀၀ |
| | **သာမန်အသုံးစရိတ်စုစုပေါင်း** | **၃၂.၂၅၀** |

(ခ)ငွေလုံးငွေရင်းအသုံးစရိတ်

| | | (ကျပ်သန်း) |
|---|---|---|
| - | ညွှန်ကြားရေးမှူးရုံးခန်း ကြွေပြားခင်းခြင်း | ၁.၄၁၀ |
| - | ဒု-ညွှန်/ချုပ်ရုံးခန်း ရေစိုခံပါကေးခင်းခြင်း | ၁.၅၉၀ |
| - | အစည်းအဝေးခန်း၊ရုံးခန်းဝါယာကြိုးအသစ်လဲ မီးများတပ်ဆင်ခြင်း | ၂.၀၀၀ |
| - | ရုံးသုံးစက်ကရိယာဝယ်ယူခြင်း | ၃.၆၀၀ |
| - | ရုံးသုံးပရိဘောဂဝယ်ယူခြင်း | ၁.၈၀၀ |
| | **ငွေလုံးငွေရင်းအသုံးစရိတ်စုစုပေါင်း** | **၁၀.၄၀၀** |

နံပါတ်(၈)အချက်အနေနဲ့ အစီရင်ခံစာ အပိုဒ်-၂၆(၄)တွင် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ငွေလုံးငွေရင်း မော်တော်ယာဉ်အကြီးစားပြင်ဆင်ခြင်း ကျပ်သန်း ၂.၀၀၀ တွင် မော်တော်ယာဉ်နံပါတ် ဖော်ပြပေးရန် ဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းချက်

- အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ငွေလုံးငွေရင်းဖြင့် မော်တော်ယာဉ်အကြီးစားပြင်ဆင်စရိတ် ကျပ်သန်း ၂.၀၀၀ မှာ ၎င်းဌာနရှိ ယာဉ်အမှတ် 3P/4055 (BGO) (Toyota Mask II ) S/L (1999) ပြင်ဆင်ခြင်းဖြစ်ပါသည်။ ဌာနဆိုင်ရာ ယာဉ်/ဆိုင်ကယ်နှင့် ရုံးသုံးစက်ပစ္စည်းများပြင်ဆင်စိစစ်ရေးအဖွဲ့သို့ ၁၅-၇-၂၀၁၈ ရက်စွဲပါစာအမှတ် ၊ ၃၂/၂-၃/ ထောက်-၄ဖြင့် ပြင်ဆင်ခွင့်ပြုချက် တောင်းခံဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

နံပါတ်(၉)အချက်အနေနဲ့ အစီရင်ခံစာ ပါပူးတွဲ(ဂ) GRF သို့ ပထမအကြိမ် ပြန်အပ်ငွေ ကျပ်သန်း ၁၃၈၅.၉၁၀ ၊ ဒုတိယအကြိမ် ပြန်အပ်ငွေ ကျပ်သန်း ၁၈၉၈.၁၃၇ စုစုပေါင်း ကျပ်သန်း ၃၂၈၄.၀၄၇ မှ ကျပ်သန်း ၂၂၆၃.၉၃၇ သုံးစွဲခဲ့၍ ကျပ်သန်း ၁၀၂၀.၁၁၀ လျှော့သုံးခဲ့ပြီး လွှတ်တော်စိစစ်လျှော့ချငွေ ကျပ်သန်း ၉၄၆.၉၈၃ ဖြစ်သဖြင့် စုစုပေါင်း ကျပ်သန်း ၁၉၆၇.၀၉၃ မသုံးဘဲ ပိုမိုနေကြောင်းနှင့် အချိန်မီလိုအပ်သည့်နေရာတွင် မည်သည့်အတွက် အချိန်မီ သုံးစွဲနိုင်ခြင်းမရှိခြင်းအား သိရှိလိုကြောင်း ဆွေးနွေးထားပါသည်။

ရှင်းလင်းချက်

- ဌာနများအနေဖြင့် ဘတ်ဂျက်ပိုလျှံငွေများကို GRF သို့ ပြန်လည်အပ်နှံရာတွင် ဘတ်ဂျက်နောက်ဆုံးလ၏ (၃)လအလိုတွင် ပထမအကြိမ်နှင့် ဘတ်ဂျက်နောက်ဆုံးလ ကုန်သည့်နေ့တွင် နောက်ဆုံးထား၍ ဒုတိယအကြိမ် အပ်နှံရပါသည်။ ပထမအကြိမ် ပြန်လည်အပ်နှံငွေများကို လိုအပ်သည့်နေရာတွင် အချိန်မီသုံးစွဲနိုင်သော်လည်း ဒုတိယအကြိမ် အပ်နှံငွေမှာ ဘတ်ဂျက်နောက်ဆုံးလ ကုန်သည့်နေ့တွင် နောက်ဆုံးထား အပ်နှံရခြင်းကြောင့် သုံးစွဲရန် အချိန်မမှီသဖြင့် GRF တွင် ပိုမိုနေမှုများဖြစ်ပေါ်ရခြင်း ဖြစ်ပါသည်။
- ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ ကာလတွင် GRF သို့ ဒုတိယအကြိမ် ပြန်အပ် ငွေ ကျပ်သန်း ၁၈၉၈.၁၃၇ မှာ သုံးစွဲနိုင်မှုမရှိခြင်းနှင့် ပထမအကြိမ် အပ်ငွေနှင့် လွှတ်တော် စိစစ်လျှော့ချငွေမှ သုံးစွဲပြီး ပိုလျှံငွေ ကျပ်သန်း ၆၈.၉၅၆ ဖြစ်သဖြင့် GRF တွင် စုစုပေါင်း ကျပ်သန်း ၁၉၆၇.၀၉၃ ပိုလျှံရခြင်းဖြစ်ပါသည်။

နံပါတ်(၁၀)အချက်အနေနဲ့ အစီရင်ခံစာ စာမျက်နှာ(၁၈) နိုင်ငံတော်သို့ပြန်လည်ပေးသွင်းမှု အခြေအနေ၊ အပိုဒ်-၂၉(က) သာမန်ရငွေလျှော့နည်းပေးသွင်းမှု စုစုပေါင်း ကျပ်သန်း ၂.၂၂၀ တွင် တိုင်းဒေသကြီးတရားလွှတ်တော် ကျပ်သန်း ၀.၀၆၁ ၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကျပ်သန်း ၀.၂၂၁၊ သမဝါယမဦးစီးဌာန ကျပ်သန်း ၀.၁၆၅၊ စည်ပင်သာယာရေးအဖွဲ့များ ကျပ်သန်း ၁.၇၇၃ တို့ဖြစ်ရာ အဆိုပါ(၄)ဌာန၏ တိုင်း/ခရိုင်/မြို့နယ် အသေးစိတ်လျှော့နည်းပေးသွင်းမှု သိလိုကြောင်းနှင့် ရငွေပေးသွင်းရမည်ကို စာရင်းစစ်ဆေးပေါ်ပေါက်မှ ပေးသွင်းရခြင်းကို သိရှိလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းချက်

- နိုင်ငံတော်သို့ပြန်လည်ပေးသွင်းမှု အခြေအနေ၊ သာမန်ရငွေလျော့နည်းပေးသွင်းမှု စုစုပေါင်း ကျပ်သန်း ၂.၂၂၀ နှင့်စပ်လျဉ်း၍ တိုင်း/ခရိုင်/မြို့နယ် အသေးစိတ် လျော့နည်း ပေးသွင်းမှုကို ပူးတွဲဇယား(က-၁ မှ ၂ )ဖြင့် ရှင်းလင်းတင်ပြပါသည်။

နံပါတ်(၁၁)အချက်အနေနဲ့ အစီရင်ခံစာ စာမျက်နှာ(၁၈) နိုင်ငံတော်သို့ပြန်လည်ပေးသွင်းမှု အခြေအနေ၊ အပိုဒ်-၂၉(က) သာမန်အသုံးစရိတ်ပိုထုတ်ငွေ ကျပ်သန်း ၅.၄၆၃၊ ငွေလုံးအသုံး စရိတ်ပိုထုတ်ငွေ ကျပ်သန်း ၂၂.၆၆၃ ဖြစ်ပြီး အစီရင်ခံစာတွင် ငွေပမာဏများပြားသည့် ဌာနအချို့ကို ဖော်ပြထားပါသည်။ မည်သည့်ဌာနတို့မှ ပိုမိုထုတ်ယူကြောင်း ပြည်သူများ သိရှိရန်လိုအပ်၍ အစီရင်ခံစာတွင်တင်ပြထားသော စာရင်းမှလွဲ၍ ကျန်စာရင်းများ ဖော်ပြပေးနိုင်ရန် ဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းချက်

- သာမန်အသုံးစရိတ်ပိုထုတ်ငွေ ကျပ်သန်း ၅.၄၆၃ နှင့် စပ်လျဉ်း၍ တိုင်း/ခရိုင်/မြို့နယ် အသေးစိတ်လျော့နည်းပေးသွင်းမှုကို ပူးတွဲဇယား( ခ-၁ မှ ၇ )ဖြင့် ရှင်းလင်း တင်ပြပါသည်။
- ငွေလုံးငွေရင်းအသုံးစရိတ်ပိုထုတ်ငွေ ကျပ်သန်း ၂၂.၆၆၃ အနက် ငွေပမာဏများပြားသည့်ဌာနအချို့ကို အစီရင်ခံစာတွင် ဖော်ပြထားပြီး၊ ဖော်ပြရန် ကျန်ရှိသည့် ပိုထုတ်ငွေ နှင့် စပ်လျဉ်း၍ တိုင်း/ခရိုင်/မြို့နယ် အသေးစိတ်ပေးသွင်းမှုကို ပူးတွဲဇယား(ဂ- ၁ မှ ၂ )ဖြင့် ရှင်းလင်း တင်ပြပါသည်။

နံပါတ်(၁၂)အချက်အနေနဲ့ အစီရင်ခံစာ စာမျက်နှာ(၃၀) အပိုဒ်(၃၁) ဇယား(၇)အရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျပ်သန်း ၁.၁၂၂ ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ကျပ်သန်း ၉၂.၂၂၁ ၊ ပညာရေးဝန်ကြီးဌာန ကျပ်သန်း ၂.၈၅၅၊ (၃၁-၁၀-၂၀၁၉) နေ့အထိ ပေးသွင်းရန်ကျန်ကြောင်း ဖော်ပြထားသဖြင့် မည်သည့်အတွက်ပေးသွင်းရန်ကျန်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းချက်

- ကြွေးကျန် ကျန်ရှိမှုကို အောက်ပါအတိုင်း ရှင်းလင်းတင်ပြပါသည်-

(က)ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကြွေးကျန် ကျပ်သန်း ၁.၁၂၂

- ပဲခူးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန(၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်)တွင် The Titan ကုမ္ပဏီဖြင့် ဆောင်ရွက်သော ဒိုက်ဦးမြို့နယ်၊ ပန္နတ်ကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနနှင့် (၂)ခန်းတွဲ၊ (၃)ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းတွင် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ စိစစ်ခွင့်ပြုငွေထက် ပိုထုတ်ငွေ ကျပ်သန်း ၀.၉၄၉ ဒဏ်ကြေး ကျပ်သန်း ၀.၁၃၆ စုစုပေါင်း ကျပ်သန်း ၁.၀၈၅ ကျန်ရှိနေပြီး အမြန်ဆုံးလာရောက်ပေးသွင်းရန် ကုမ္ပဏီတာဝန်ခံအား ဖုန်းဖြင့် အကြိမ်ကြိမ်ဆက်သွယ်

အကြောင်းကြားခဲ့သော်လည်း ယနေ့အထိလာရောက် ပေးသွင်းခြင်းမရှိဘဲ ၁၀/၂၀၁၈လ နောက်ပိုင်းမှစ၍ ဆက်သွယ်၍မရတော့ပါကြောင်း တင်ပြလာပါသည်။

- တောင်ငူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန( ၂၀၁၈ခုနှစ် Mini ) ဝန်ထမ်း(၃)ဦး၏ လစာပိုထုတ်ငွေ နှင့် ခွင့်ပြုနှုန်းထက် ဖုန်းငွေဖြည့်ကတ် ပိုမိုသုံးစွဲငွေ ကျပ်သန်း ၀.၁၃၇ မှာ ယခုအချိန်တွင် ပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

(ခ)ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကြွေးကျန် ကျပ်သန်း ၉၂.၂၂၁

- ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တောင်ငူခရိုင်မီးရထားဒီဇယ်စက်ခေါင်းရုံ၊ တိုင်း(၅)၏ ဒီဇယ်ဆီ မြေပြင်လက်ကျန် လျော့နည်းခြင်းမှ ကြွေးကျန်ဖြစ်ပြီး ပေးလျော်ရန် ကျန်ငွေ ကျပ်သန်း ၉၂.၂၂၁ တွင် ဦးကျော်မောင်း (အလုပ်ရုံစုမှူး) မှ ကျန်ငွေ ကျပ် သန်း ၅၀.၈၅၂ မှာ ပေးလျော်ဆဲဖြစ်ပြီး ဦးကျော်လွင်(အငယ်တန်းစာရေး)မှ ပေးလျော်ရန် ကျပ်သန်း ၄၁.၃၆၉ ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဌာနပိုင်စာရင်းမှ ပယ်ဖျက်နိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ သဘောထား မှတ်ချက်တောင်းခံခဲ့ရာ ဌာနပိုင် စာရင်းမှ ပယ်ဖျက်နိုင်ရေးနှင့်စပ်လျဉ်း၍ ကိစ္စတစ်ခုအား နှစ်ပိုင်းခွဲ၍ ဆုံးရှုံးမှုအဖြစ် စာရင်းမှ ပယ်ဖျက်နိုင်ရန် တင်ပြခြင်းမှာ အမှုကိစ္စမပြီးပြတ်မီ ပယ်ဖျက်ရန် လုပ်ပိုင်ခွင့်အား ခွဲခြားဆောင်ရွက်ခြင်း သဘောမျိုးသက်ရောက်၍ ပေးလျော်ရန် ကျန်ရှိငွေအားလုံး ပေးလျော်ပြီး မည်သို့မျှ ပြန်လည်တောင်းခံ၍မရသည့်ကိစ္စရပ်ကိုသာ အသားတင် ဆုံးရှုံးမှုအဖြစ် စာရင်းမှ ပယ်ဖျက်ခြင်းကို ဆောင်ရွက်သင့်ပါကြောင်း ပြန်ကြားခဲ့ခြင်းကို ရှင်းလင်း တင်ပြပါသည်။

(ဂ)ပညာရေးဝန်ကြီးဌာန ကြွေးကျန် ကျပ်သန်း ၂.၈၅၅

- ရွှေတောင်မြို့နယ် ပညာရေးမှူးရုံးနှင့် ကျောင်းများမှ ခရီးစရိတ်ပိုထုတ်ငွေ၊ လစာပိုထုတ်ငွေ၊ လျှပ်စစ်မီတာသုံးစွဲမှု ပိုထုတ်ငွေ ကျပ်သန်း ၀.၁၃၀ မှာ ယခုအချိန် တွင်ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။

- ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒဏ်ကြေး ပေးသွင်းရန် ကျန်ငွေ ကျပ်သန်း ၂.၇၂၅ မှာ မိုးညိုမြို့နယ်တွင် ဆောင်ရွက်သော စိန်သန်းထိုက်ဆောက်လုပ်ရေးကုမ္ပဏီမှ ဒဏ်ကြေး ကြွေးကျန် ကျပ်သန်း ၀.၈၂၈၊ ညောင်လေးပင်မြို့နယ်တွင် ဆောင်ရွက်သော AG Group ဆောက်လုပ်ရေးကုမ္ပဏီ မှ ဒဏ်ကြေး ကြွေးကျန် ကျပ်သန်း ၁.၈၉၇ တို့ဖြစ်ပြီး အစီရင်ခံသည့်ကာလအတွင်း ပေးသွင်းခြင်းမရှိသဖြင့် ပေးသွင်းရန် ကျန်ငွေဖြစ်ပေါ်နေပါသည်။ ယင်းသို့ ကြွေးကျန် ကျပ်သန်း ၂.၇၂၅ ကျန်ရှိနေခြင်းနှင့်စပ်လျဉ်း၍ ကြွေးကျန်ရရှိရေးအတွက် ဆောင်ရွက် ထားမှုအခြေအနေကို ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ တိုင်းဒေသကြီးပညာ ရေးမှူးရုံးသို့ ပြန်ကြားပေးရန် အကြောင်းကြားခဲ့ရာ အခြေခံပညာကျောင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒဏ်ကြေး ပေးသွင်းရန် ကျန်ရှိနေ၍

အကြိမ်ကြိမ်ဆက်သွယ်ရာ မည်သို့မျှဆက်သွယ်၍မရသဖြင့် ယင်းဆောက်လုပ်ရေးကုမ္ပဏီ(၂)ခုကို တင်ဒါရွေးချယ်ခြင်း ဆောင်ရွက်ရာတွင်လည်း ထည့်သွင်းစဉ်းစားခြင်းမရှိပါကြောင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၈) မြို့နယ်အားဖြန့်ဝေ အသိပေးအကြောင်းကြားထားပြီးဖြစ်ပါကြောင်း ဆောင်ရွက်ထားမှု အခြေအနေအား ရှင်းလင်းတင်ပြပါသည်။

နံပါတ်(၁၃)အချက်အနေဖြင့် ဇယား(၇) စဉ်(၁၃)ခုရှိသည့်အနက် ငွေပမာဏအများဆုံးဝန်ကြီးဌာနမှာ ပြည်ထဲရေးဝန်ကြီးဌာန ကျပ်သန်း ၈.၉၀၅၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန ကျပ်သန်း ၄.၅၇၅၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျပ်သန်း ၀.၇၀၆ ပေးသွင်းပြီး အစီရင်ခံစာတွင် ဖော်ပြပြီးသည့်အနက် ကျန်ရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန ကျပ်သန်း ၀.၉၉၁၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျပ်သန်း ၁.၀၀၇၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျပ်သန်း ၀.၀၈၁ မည်သည့်ဦးစီးဌာနမှ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရကြောင်း သိရှိလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းချက်

- အစီရင်ခံစာတွင် ဖော်ပြရန် ကျန်ရှိသည့် ပေးသွင်းငွေများကို အောက်ပါအတိုင်း ရှင်းလင်းတင်ပြပါသည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန

| စဉ် | ဌာနအမည် တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ (ကျပ်သန်း) |
|---|---|---|---|
| ၁။ | ရဲတပ်ဖွဲ့မှူးရုံး | | |
| | -ပဲခူးခရိုင် | -လစာပိုထုတ်ငွေ | ၀.၀၅၂ |
| | -ဝေါမြို့နယ် | -လစာနှင့်ရိက္ခာပိုထုတ်ငွေ | ၀.၁၀၈ |
| | -ကျောက်တံခါးမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၂၃ |
| | -ရွှေကျင်မြို့နယ် | -လုပ်အားခပိုထုတ်ငွေ | ၀.၀၂၀ |
| | -တောင်ငူခရိုင် | -လစာပိုထုတ်ငွေ | ၀.၀၀၈ |
| | -ထန်းတပင်မြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၀၄ |
| | -ပြည်မြို့နယ် | -လစာနှင့်ရိက္ခာပိုထုတ်ငွေ | ၀.၂၂၃ |
| | -ပန်းတောင်းမြို့နယ် | -လစာနှင့်ရိက္ခာပိုထုတ်ငွေ | ၀.၁၆၇ |
| | -ပေါက်ခေါင်းမြို့နယ် | -လစာနှင့်ရိက္ခာပိုထုတ်ငွေ | ၀.၀၈၂ |
| | -လက်ပံတန်းမြို့နယ် | -လစာနှင့်ရိက္ခာပိုထုတ်ငွေ | ၀.၀၄၇ |
| | | ပေါင်း | ၀.၇၃၄ |
| ၂။ | **အမှတ်(၁၁)လုံခြုံရေးရဲတပ်ဖွဲ့** | | |
| | -တောင်ငူခရိုင် | -လစာနှင့်ရိက္ခာပိုထုတ်ငွေ | ၀.၂၅၀ |

| | | | |
|---|---|---|---|
| ၃။ | **ကျိုက်စကောအကျဉ်းထောင်** | | |
| | -ပဲခူးတိုင်း | -လစာပိုထုတ်ငွေ | ၀.၀၀၇ |
| | | **စုစုပေါင်း** | **၀.၉၉၁** |

(ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

| **စဉ်** | **ဌာနအမည်<br>တိုင်း/ခရိုင်/မြို့နယ်** | **အကြောင်းအရာ** | **သင့်ငွေ<br>(ကျပ်သန်း)** |
|---|---|---|---|
| ၁။ | **တိုင်းရင်းဆေးရုံ** | | |
| | -ပဲခူးတိုင်း | -သဲကုန်းမြို့နယ်တိုင်းရင်းဆေးကုဌာန စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ပြည်မြို့နယ်တိုင်းရင်းဆေးကုဌာန အဆောက်အဦ အမိုးပြုပြင်ခြင်းလုပ်ငန်း တွက်ချက်မှုမှား၍ပိုထုတ်ငွေ | ၀.၀၂၁ |
| ၂။ | **အထွေထွေရောဂါကုဆေးရုံကြီး** | | |
| | -တောင်ငူမြို့ | -ပျက်စီးအုတ်တံတိုင်းများပြင်ဆင်ခြင်း ပိုထုတ်ငွေ၊ အသုံးစရိတ်ပြေစာများ ကျသင့်ငွေထက်ပိုထုတ်ငွေ၊ဆိုင်ခန်းနေရာငှား ရမ်းခ(၃)လစာပေးသွင်းရန်လိုငွေ | ၀.၁၁၆ |
| ၃။ | ကုသရေးနှင့်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန | | |
| | -ပဲခူးတိုင်း | -နေ့စားခပိုထုတ်ငွေ | ၀.၀၈၆ |
| | -ပဲခူးခရိုင် | -အသုံးစရိတ်ပြေစာထက် ပိုထုတ်ငွေ | ၀.၀၅၆ |
| | -သနပ်ပင်မြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၅၀ |
| | -ကဝမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၃၉ |
| | -ဝေါမြို့နယ် | -လစာနှင့်ခရီးစရိတ်ပိုထုတ်ငွေ | ၀.၀၆၀ |
| | -တောင်ငူခရိုင် | -လစာနှင့် ခရီးစရိတ်ပိုထုတ်ငွေ | ၀.၃၆၉ |
| | -ဖြူးမြို့နယ် | -ခရီးစရိတ်ပိုထုတ်ငွေ | ၀.၀၁၁ |
| | -အုတ်တွင်းမြို့နယ် | -လုပ်အားခပိုထုတ်ငွေ | ၀.၀၀၇ |
| | -ကျောက်ကြီးမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၄၇ |
| | -ပေါင်းတည်မြို့နယ် | -လစာနှင့်ဝတ်စုံစရိတ်ပိုထုတ်ငွေ | ၀.၁၄၅ |
| | | **ပေါင်း** | **၀.၈၇၀** |
| | | **စုစုပေါင်း** | **၁.၀၀၇** |

(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

| စဉ် | ဌာနအမည်<br>တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ<br>(ကျပ်သန်း) |
|---|---|---|---|
| ၁။ | **ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန** | | |
| | -တောင်ငူခရိုင် | -ခရီးစရိတ်ပိုထုတ်ငွေ | ၀.၀၇၅ |
| | -ပဲခူးတိုင်း | -လစာပိုထုတ်ငွေ | ၀.၀၀၆ |
| | | **ပေါင်း** | **၀.၀၈၁** |

နံပါတ်(၁၄)အချက်အနေနဲ့ အစီရင်ခံစာ စာမျက်နှာ(၄၁)အပိုဒ်-၃၆ ၂၀၁၈ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ပဲခူးခရိုင်ရုံး ဆောက်လုပ်ခြင်း၊ တောင်ငူခရိုင်ရုံးတည်ဆောက်ခြင်း နှင့်ဆက်စပ်လုပ်ငန်း ၂၀၁၉ခုနှစ် (၆)လပိုင်းအထိ လုပ်ငန်းလွှဲပြောင်းမှုမရှိကြောင်း တင်ပြထား၍ မည်သည့်အတွက်ကြောင့် ဘတ်ဂျက်ကာလကုန်ဆုံးပြီး တစ်နှစ်နီးပါးကြာမြင့်သည်အထိ လွှဲပြောင်းခြင်းမရှိသည့် အကြောင်းရင်းကို တင်ပြပေးရန် ဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းချက်

- ဤဌာနအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအား ပြီးစီးမှုရာခိုင်နှုန်းအလိုက် လုပ်ငန်းလွှဲပြောင်းလက်ခံနိုင်ရန်အတွက် ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်နယ်နှင့် တိုင်းဒေသကြီး)မှ ဥက္ကဋ္ဌ အဖြစ်ဦးဆောင်ပြီး အဖွဲ့ဝင်(၆)ဦး ပါဝင်သော တည်ဆောက်ရေး လုပ်ငန်းများလွှဲပြောင်းလက်ခံရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။
- အဖွဲ့ဖွဲ့စည်းပြီးသည့်ကာလနောက်ပိုင်းတွင်အဖွဲ့၏ဥက္ကဋ္ဌဖြစ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်နယ်နှင့် တိုင်းဒေသကြီး)သည် လုပ်ငန်းတာဝန်ဖြင့် ပြည်ပသို့အစည်းအဝေးများ တက်ရောက်နေရခြင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ မူလတာဝန်များဆောင်ရွက်နေရခြင်း၊ အခြားအဖွဲ့ဝင်များသည်လည်း အရေးကြီး လုပ်ငန်းတာဝန်များ ပေါ်ပေါက်လာ၍ ဦးစားပေးဆောင်ရွက်နေရခြင်းတို့ကြောင့် တည်ဆောက်ရေးလုပ်ငန်းများ လွှဲပြောင်း လက်ခံခြင်းဆောင်ရွက်ရန် ကျန်ရှိနေပါသည်။ သို့ပါ၍ တည်ဆောက်ရေးလုပ်ငန်းများ လွှဲပြောင်းလက်ခံခြင်းကို ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ဆောင်ရွက်မှုပြုလုပ်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

ပူးတွဲ(က-၁)

## သာမန်ရငွေလျော့နည်းပေးသွင်းမှု

| စဉ် | ဌာနအမည် တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ (ကျပ်သန်း) |
|---|---|---|---|
| ၁။ | **တိုင်းဒေသကြီးတရားလွှတ်တော်** | | |
| | -ပဲခူးမြို့နယ် | -မိတ္တူကူးခရငွေလျော့နည်းပေးသွင်းခြင်း | ၀.၀၀၅ |
| | -ရွှေတောင်မြို့နယ် | -လေလံတင်လျှောက်လွှာဖိုးလိုငွေပေးသွင်းခြင်း | ၀.၀၀၆ |
| | -ဝေါမြို့နယ် | -ဒဏ်ငွေပေးသွင်းရန်ကျန်ရှိခြင်း | ၀.၀၅၀ |
| | | **ပေါင်း** | **၀.၀၆၁** |
| ၂။ | **မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန** | | |
| | -ပဲခူးမြို့နယ် | - ကာကွယ်ဆေးထိုးသည့် ကျွဲနွားကောင်ရေလျော့နည်းပေးသွင်းခြင်း | ၀.၀၀၇ |
| | -ရွှေကျင်မြို့နယ် | -သားသတ်စစ်ဆေးခြင်းရငွေလျော့နည်းပေးသွင်းခြင်း | ၀.၀၅၈ |
| | -ရွှေတောင်မြို့နယ် | -တိရစ္ဆာန်များကျန်းမာရေးစစ်ဆေးခြင်းနှင့်အသားစစ်ဆေးခြင်းရငွေလျော့နည်းပေးသွင်းခြင်း | ၀.၁၅၆ |
| | | **ပေါင်း** | **၀.၂၂၁** |
| ၃။ | **သမဝါယမဦးစီးဌာန** | | |
| | -သာယာဝတီမြို့နယ် | -သမဝါယမအသင်း(၃၃)သင်းမှ မှတ်ပုံတင်လဲလှယ်ခြင်းပေးသွင်းရန်ကျန်ငွေ | **၀.၁၆၅** |
| ၄။ | **စည်ပင်သာယာရေးအဖွဲ့များ** | | |
| | -ကျောက်တံခါးမြို့နယ် | -ပစ္စည်းခွန်၊ ဘေးအန္တရာယ်လိုင်စင်ခွန် နှင့်အခွင့်အရေးလိုင်စင်လျှောက်လွှာကြေး(၈)ဦးလိုငွေ | ၀.၁၉၉ |

ပူးတွဲ(က-၂)

## သာမန်ရငွေလျော့နည်းပေးသွင်းမှု

| စဉ် | ဌာနအမည်<br>တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ<br>(ကျပ်သန်း) |
|---|---|---|---|
| | -ရေတာရှည်မြို့နယ် | -စီးပွားရေးကြော်ငြာဆိုင်းဘုတ်ခ၊ ဘေးအန္တရာယ်လိုင်စင်လျော့နည်းပေးသွင်းခြင်း၊ ကိုယ်ပိုင်ကျောင်း(၁)ခု၊ ဘော်ဒါဆောင်(၁)ခု စည်းကြပ်ငွေကောက်ခံထားမှု မရှိခြင်း | ၀.၁၁၉ |
| | -ဖြူးမြို့နယ် | -မြို့ဝင်ဘီးကောက်လေလံလျှော့ကျော်လွှာကြေးနှင့်ဈေးလေလံလျှော့ကျော်လွှာကြေး လိုငွေ | ၀.၀၆၈ |
| | -ထန်းတပင်မြို့နယ် | -ဘီးခွန်နှင့်အဆောက်အအုံကြီးကြပ်ခ ပေးသွင်းရန်လိုငွေ | ၀.၀၄၈ |
| | -ပေါက်ခေါင်းမြို့နယ် | -သားသတ်ခေါင်းခွန်၊ မြို့ဝင်ဘီးကောက် လိုင်စင်ခ၊ လေလံလျှော့ကျော်လွှာရောင်းရငွေ<br>ကတ္တရာပုံးခွံရောင်းရငွေလျော့နည်း ပေးသွင်းခြင်း | ၀.၄၉၄ |
| | -သာယာဝတီမြို့နယ် | -ပစ္စည်းခွန်၊ဘီးခွန်၊ငှားရမ်းခအမည် ပြောင်းခ ရငွေ၊ဆိုင်းဘုတ်စိုက်ထူခရငွေ လျော့နည်းပေးသွင်းခြင်း | ၀.၃၅၇ |
| | -မိုးညိုမြို့နယ် | -ဘီးခွန်၊ပစ္စည်းခွန်၊လုပ်ငန်းလိုင်စင်ခရငွေလျော့နည်းပေးသွင်းခြင်း | ၀.၀၇၉ |
| | -နတ်တလင်းမြို့နယ် | -စီးပွားကြော်ငြာ ဆိုင်းဘုတ်(၁)ခု လျော့နည်းကောက်ခံငွေ | ၀.၁၈၀ |
| | -ပဲခူးမြို့နယ် | -စည်ပင်မြေငှားအခွန်ထမ်း၊ အမည်လွှဲ ပြောင်းခြင်းမှရငွေ လျော့နည်းပေးသွင်းခြင်း | ၀.၂၂၉ |
| | | **ပေါင်း** | **၁.၇၇၃** |
| | | **စုစုပေါင်း** | **၂.၂၂၀** |

ပူးတွဲ(ခ-၁)

## သာမန်အသုံးစရိတ်ပိုထုတ်ငွေ

| စဉ် | ဌာနအမည်<br>တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ<br>(ကျပ်သန်း) |
|---|---|---|---|
| ၁။ | **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** | | |
| | -ပဲခူးတိုင်း | -လစာပိုထုတ်ငွေ၊အိမ်သာသွားစကြ်န်လမ်း(၁)ပေမြှင့်တင်ခြင်းလုပ်ငန်းတွက်ချက်မှုများ၍ပိုထုတ်ငွေ | ၀.၀၅၈ |
| | -ပဲခူးမြို့နယ် | -OSS ရုံးနှင့် ရပ်/ကျေးရုံးတို့၏ သယ်ယူစရိတ်ပိုထုတ်ငွေ | ၀.၀၇၀ |
| | -ကျောက်တံခါးမြို့နယ် | -ခွင့်လစာ၊စရိတ်ချီးမြှင့်ငွေပိုထုတ်ခြင်း | ၀.၀၀၃ |
| | -ကဝမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၁၄ |
| | -ထန်းတပင်မြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၇၄ |
| | -ပေါက်ခေါင်းမြို့နယ် | -နယ်လှည့်ခရီးစရိတ်၊ယာဉ်စီးခပိုထုတ်ငွေ | ၀.၀၄၅ |
| | -သာယာဝတီခရိုင် | -လစာပိုထုတ်ငွေ | ၀.၀၆၁ |
| | -သာယာဝတီမြို့နယ် | ရပ်/ကျေးအုပ်ချုပ်ရေးမှူး(၂၁)ရုံး၏ရုံးအသုံးအဆောင်နှင့်စာအုပ်၊စာနယ်ဇင်းသတင်းစာခေါင်းစဉ်မှတွက်ချက်မှုများ၍ပိုထုတ်ငွေ | ၀.၀၃၈ |
| | | **ပေါင်း** | **၀.၃၆၃** |
| ၂။ | **ဥပဒေချုပ်ရုံးများ** | | |
| | -ပဲခူးခရိုင် | -လစာပိုထုတ်ငွေ | ၀.၀၇၄ |
| | -ကျောက်တံခါးမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၂၀ |
| | -ကဝမြို့နယ် | -နှစ်တိုးလစာနှင့်အခြားပြင်ဆင်စရိတ်ခေါင်းစဉ်မှရေစင်တည်ဆောက်ခြင်းလုပ်ငန်းဒေသဈေးနှုန်းထက်ပိုထုတ်ငွေ | ၀.၀၂၁ |
| | -တောင်ငူမြို့နယ် | -ခရီးစရိတ်ပိုထုတ်ငွေ | ၀.၀၀၃ |

ပူးတွဲ(ခ-၂)

## သာမန်အသုံးစရိတ်ပိုထုတ်ငွေ

| စဉ် | ဌာနအမည်<br>တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ<br>(ကျပ်သန်း) |
|---|---|---|---|
| | -ရေတာရှည်မြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၀၂ |
| | | **ပေါင်း** | **၀.၁၂၀** |
| ၃။ | **စာရင်းစစ်ရုံးများ** | | |
| | -ရေတာရှည်မြို့နယ် | -လစာပိုထုတ်ငွေ | **၀.၀၀၅** |
| ၄။ | **မီးသတ်ဦးစီးဌာန** | | |
| | -ပဲခူးခရိုင် | -နှစ်တိုးလစာ၊ရိက္ခာငွေပိုထုတ်ခြင်းနှင့် ၀၃-၀၉ ခေါင်းစဉ်မှ ပြေစာမတင်ပြနိုင်၍ ပိုထုတ်ငွေ | ၀.၀၃၃ |
| | -သနပ်ပင်မြို့နယ် | -ခါတ်အားခပိုထုတ်ငွေ | ၀.၀၀၅ |
| | -ကဝမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၀၅ |
| | -ရွှေကျင်မြို့နယ် | -စရိတ်ချီးမြှင့်ငွေပိုထုတ်ငွေ | ၀.၀၁၉ |
| | -တောင်ငူမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၀၈ |
| | -သာယာဝတီမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၂၁ |
| | | **ပေါင်း** | **၀.၀၉၁** |
| ၅။ | **စိုက်ပျိုးရေးဦးစီးဌာန** | | |
| | -ပဲခူးတိုင်း | -လစာပိုထုတ်ငွေ | ၀.၀၀၂ |
| | -ဒိုက်ဦးမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၀၉ |
| | -ညောင်လေးပင်မြို့နယ် | -တောင်သူပညာပေးစခန်းခြံစည်းရိုးကာရံခြင်းတွက်ချက်မှုမှား၍ပိုထုတ်ငွေ | ၀.၀၂၀ |
| | -ကျောက်တံခါးမြို့နယ် | -နှစ်တိုးလစာနှင့်အခွန်အခခေါင်းစဉ်မှ ပိုထုတ်ငွေ | ၀.၀၁၈ |

ပူးတွဲ(ခ-၃)

# သာမန်အသုံးစရိတ်ပိုထုတ်ငွေ

| စဉ် | ဌာနအမည်<br>တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ<br>(ကျပ်သန်း) |
|---|---|---|---|
| | -တောင်ငူမြို့နယ် | -ခရီးစရိတ်ပိုထုတ်ငွေ | ၀.၀၃၂ |
| | -ရေတာရှည်မြို့နယ် | -ခရီးစရိတ်ထုတ်ယူခဲ့သော်လည်းစက်ဆီချောဆီခေါင်းစဉ်မှဆိုင်ကယ်ဆီ၀ယ်ယူကျခံထားခြင်း | ၀.၀၁၂ |
| | -ပြည်ခရိုင် | -အခွန်အခပိုထုတ်ငွေ | ၀.၀၀၃ |
| | -သဲကုန်းမြို့နယ် | -ခရီးစရိတ်ပိုထုတ်ငွေနှင့်အဆောက်အဦပြင်ဆင်စရိတ်မှအင်းမ၀န်ထမ်းအိမ်ရာမျက်မြင်စစ်ဆေးရာလျှော့နည်းဆောင်ရွက်ခြင်းကြောင့် ပိုထုတ်ငွေ | ၀.၁၂၇ |
| | **-ပေါက်ခေါင်းမြို့နယ်** | -လစာပိုထုတ်ငွေ | ၀.၀၀၅ |
| | -သာယာ၀တီခရိုင် | -လစာစရိတ်နှင့်ခရီးစရိတ်ပိုထုတ်ငွေ | ၀.၀၄၁ |
| | **-နတ်တလင်းမြို့နယ်** | -ခွင့်လစာပိုထုတ်ငွေ | ၀.၀၂၉ |
| | | **ပေါင်း** | **၀.၂၉၈** |
| ၆။ | **မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန** | | |
| | -ကျောက်တံခါးမြို့နယ် | -လစာနှင့်တယ်လီဖုန်းခပိုထုတ်ငွေ | ၀.၀၀၈ |
| | -က၀မြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၁၅ |
| | -သဲကုန်းမြို့နယ် | -အခွန်တံဆိပ်ခေါင်းနှင့်လျှပ်စစ်ဓါတ်အားခပိုထုတ်ငွေ | ၀.၀၀၉ |
| | -သာယာ၀တီခရိုင် | -လစာပိုထုတ်ငွေ | ၀.၀၁၂ |
| | **-နတ်တလင်းမြို့နယ်** | -လစာပိုထုတ်ငွေ | ၀.၀၄၈ |
| | | **ပေါင်း** | **၀.၀၉၂** |

ပူးတွဲ(ခ-၄)

# သာမန်အသုံးစရိတ်ပိုထုတ်ငွေ

| စဉ် | ဌာနအမည်<br>တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ<br>(ကျပ်သန်း) |
|---|---|---|---|
| ၇။ | **ပျားလုပ်ငန်းဌာန** | | |
| | -ပဲခူးတိုင်း | -ခရီးစရိတ်နှင့်သယ်ယူပို့ဆောင်ခ ပိုထုတ်ငွေ | **၀.၀၀၅** |
| ၈။ | **သမဝါယမဦးစီးဌာန** | | |
| | -ဝေါမြို့နယ် | -ခရီးစရိတ်ပိုထုတ်ငွေ | ၀.၀၃၂ |
| | **-ပေါက်ခေါင်းမြို့နယ်** | -ခရီးစရိတ်ပိုထုတ်ငွေ | ၀.၀၂၁ |
| | **-နတ်တလင်းမြို့နယ်** | -လစာပိုထုတ်ငွေ | ၀.၀၀၂ |
| | | ပေါင်း | **၀.၀၅၅** |
| ၉။ | **အသေးစားစက်မှုလက်မှုဦးစီးဌာန** | | |
| | -ရွှေတောင်မြို့နယ် | -ခရီးစရိတ်ပိုထုတ်ငွေ | **၀.၀၆၀** |
| ၁၀။ | **သစ်တောဦးစီးဌာန** | | |
| | -ကြို့ပင်ကောက်မြို့နယ် | -လစာပိုထုတ်ငွေ | **၀.၀၀၁** |
| ၁၁။ | **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန** | | |
| | **-ပဲခူးတိုင်း** | -လစာပိုထုတ်ငွေနှင့်အသုံးစရိတ်ပြေစာများတွင်သုံးစွဲရန်တံဆိပ်ခေါင်းဝယ်ယူခြင်းအားပြန်လည်ပေးသွင်းခြင်း | **၀.၀၂၅** |

ပူးတွဲ(ခ-၅)

# သာမန်အသုံးစရိတ်ပိုထုတ်ငွေ

| စဉ် | ဌာနအမည်<br>တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ<br>(ကျပ်သန်း) |
|---|---|---|---|
| ၁၂။ | **စည်ပင်သာယာရေးအဖွဲ့များ** | | |
| | -တောင်ငူမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၁၂ |
| | -ရေတာရှည်မြို့နယ် | -လုပ်သက်ခွင့်လစာပိုထုတ်ငွေ | ၀.၀၁၆ |
| | -သာယာဝတီမြို့နယ် | -လစာပိုထုတ်ငွေနှင့်ရေတိုင်ကီနှင့်ရေစင်ပြုပြင်ခြင်းလုပ်ငန်း မျက်မြင်စစ်ဆေးရာ လျော့နည်းဆောင်ရွက်ခြင်းကြောင့် ပိုထုတ်ငွေ | ၀.၀၃၆ |
| | -လက်ပံတန်းမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၁၇ |
| | -အုတ်ဖိုမြို့နယ် | -ဓါတ်အားခခေါင်းစဉ်မှပြေစာ(၁)စောင်ကို(၂)ကြိမ်ထုတ်ယူခြင်းကြောင့် ပိုထုတ်ငွေ | ၀.၁၉၆ |
| | -ကြို့ပင်ကောက်မြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၀၂ |
| | -ဇီးကုန်းမြို့နယ် | -လစာနှင့်ဝတ်စုံစရိတ်ပိုထုတ်ငွေ | ၀.၀၃၀ |
| | -နတ်တလင်းမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၈၀ |
| | **-ပဲခူးမြို့နယ်** | -ခွင့်လစာပိုထုတ်ငွေ | ၀.၀၃၇ |
| | -ကဝမြို့နယ် | -လစာပိုထုတ်ငွေ | **၀.၀၃၄** |
| | -ကျောက်တံခါးမြို့နယ် | -ရေစင်၊ရေပိုက်ပြုပြင်ခြင်းလုပ်ငန်း ပိုထုတ်ငွေနှင့်လစာပိုထုတ်ငွေ | **၀.၃၈၃** |
| | | ပေါင်း | ၀.၈၄၃ |

ပူးတွဲ(ခ-၆)

# သာမန်အသုံးစရိတ်ပိုထုတ်ငွေ

| စဉ် | ဌာနအမည်<br>တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ<br>(ကျပ်သန်း) |
|---|---|---|---|
| ၁၃။ | အားကစားနှင့်ကာယပညာ<br>ဦးစီးဌာန | | |
| | -ပဲခူးခရိုင် | -ခရီးစရိတ်၊ဓါတ်ဆီ(၂)ဂါလန်ဌာနပိုင်<br>ပစ္စည်းမဟုတ်သောမီးအားမြှင့်စက်<br>ပြင်ဆင်ခြင်းနှင့်ပြပွဲ၊ပြိုင်ပွဲအသုံးစရိတ်<br>လုပ်အားခပိုထုတ်ငွေ | ၀.၀၅၀ |
| | -ပဲခူးမြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၀၂ |
| | -ဝေါမြို့နယ် | -လုပ်အားခပိုထုတ်ငွေ | ၀.၀၀၅ |
| | **-ပြည်ခရိုင်** | -လစာပိုထုတ်ငွေနှင့်တံဆိပ်ခေါင်း<br>ဝယ်ယူခြင်းပိုထုတ်ငွေ | ၀.၀၀၈ |
| | -သဲကုန်းမြို့နယ် | -ပြပွဲ၊ပြိုင်ပွဲအသုံးစရိတ်ပြေစာမရှိဘဲ<br>ထုတ်ယူသုံးစွဲငွေ | ၀.၀၁၅ |
| | -မင်းလှမြို့နယ် | -တယ်လီဖုန်းခွန်အပေါင်းမှား၍<br>ပိုထုတ်ငွေ | ၀.၀၁၀ |
| | | **ပေါင်း** | **၀.၀၉၀** |
| ၁၄။ | **ကုသရေးနှင့်ကျန်းမာရေး<br>ဦးစီးဌာန** | | |
| | -ရွှေကျင်မြို့နယ် | **-ရင်ခွဲရုံ RC (၁)ထပ်ဆောင် စစ်ဆေးခ<br>၁%အား စစ်ဆေးရေးအဖွဲ့မှစစ်ဆေးစဉ်<br>ပေးသွင်းမှုမရှိ၍ပြန်လည်ပေးသွင်းခြင်း** | **၀.၀၇၅** |

ပူးတွဲ(ခ-၇)

## သာမန်အသုံးစရိတ်ပိုထုတ်ငွေ

| စဉ် | ဌာနအမည်<br>တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ<br>(ကျပ်သန်း) |
|---|---|---|---|
| ၁၅။ | **မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန** | | |
| | -ပြည်မြို့နယ် | -အခြားပြင်ဆင်စရိတ်ပိုမိုထုတ်ယူခြင်း | **၀.၁၄၂** |
| ၁၆။ | **လမ်းဦးစီးဌာန** | | |
| | -ထန်းတပင်မြို့နယ် | -လစာပိုထုတ်ငွေ | **၀.၀၁၉** |
| ၁၇။ | **စီမံကိန်းရေးဆွဲရေးဦးစီးဌာန** | | |
| | -ပဲခူးမြို့နယ် | -လစာပိုထုတ်ငွေ | **၀.၀၂၁** |
| | -တောင်ငူမြို့နယ် | -နယ်လှည့်ခရီးစရိတ်ပိုထုတ်ငွေ | ၀.၀၁၃ |
| | -ကြို့ပင်ကောက်မြို့နယ် | -လစာပိုထုတ်ငွေ | ၀.၀၀၂ |
| | -ပဲခူးတိုင်း | -လစာပိုထုတ်ငွေ | ၀.၀၀၁ |
| | | ပေါင်း | **၀.၀၃၇** |
| ၁၈။ | **ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန** | | |
| | **-ပဲခူးတိုင်း** | -လစာပိုထုတ်ငွေ | **၀.၀၅၀** |

ပူးတွဲ(ဂ-၁)

# ငွေလုံးငွေရင်းအသုံးစရိတ်ပိုထုတ်ငွေ

| စဉ် | ဌာနအမည်<br>တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ<br>(ကျပ်သန်း) |
|---|---|---|---|
| ၁။ | စိုက်ပျိုးရေးဦးစီးဌာန | | |
| | -ညောင်လေးပင်မြို့နယ် | -ပိန်းဇလုပ်မြို့ Community Learning Center အဆောက်အဦ ဆောက်လုပ်ခြင်း ခန့်မှန်းခြေစာရင်းတွက်ချက်မှုမှား၍ ပိုထုတ်ငွေ | ၀.၀၇၃ |
| | -နတ်တလင်းမြို့နယ် | -ကုန်းသာစခန်း၊ ဒမငယ်စခန်း Community Learning Center အဆောက်အဦ ဆောက်လုပ်ခြင်းခန့်မှန်းခြေစာရင်းတွက်ချက်မှုမှား၍ပိုထုတ်ငွေ | ၀.၄၈၅ |
| | | ပေါင်း | ၀.၅၅၈ |
| ၂။ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | |
| | -ရွှေတောင်မြို့နယ် | -RC (၂)ထပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းတွက်ချက်မှုမှား၍ပိုထုတ်ငွေ | ၀.၃၆၈ |
| ၃။ | စည်ပင်သာယာရေးအဖွဲ့များ | | |
| | -ညောင်လေးပင်မြို့နယ် | -ညောင်လေးပင်မြို့မရပ်ကွက်တိုးချဲ့(၁)လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့်ဆေးရုံတောင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းလုပ်သားဦးရေပိုထုတ်ငွေ | ၀.၃၂၇ |
| | -ကျောက်တံခါးမြို့နယ် | -ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းတွက်ချက်မှုမှား၍ပိုထုတ်ငွေ | ၀.၀၆၆ |
| | -ရေတာရှည်မြို့နယ် | -လုပ်အားခတန်ဖိုးအပေါင်းမှား၍ပိုထုတ်ငွေ | ၀.၀၃၆ |

ပူးတွဲ(ဂ-၂)

## ငွေလုံးငွေရင်းအသုံးစရိတ်ပိုထုတ်ငွေ

| စဉ် | ဌာနအမည်<br>တိုင်း/ခရိုင်/မြို့နယ် | အကြောင်းအရာ | သင့်ငွေ<br>(ကျပ်သန်း) |
|---|---|---|---|
| | -ထန်းတပင်မြို့နယ် | -ခန့်မှန်းခြေစာရင်းတွင်တွက်ချက်မှုမှားယွင်း၍ပိုထုတ်ငွေ | ၀.၀၅၁ |
| | -သာယာဝတီမြို့နယ် | -သုံးဆယ်မြို့ကန်တော်မဂ်လာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းလမ်းပုခုံးဆောင်ရွက်မှုမရှိ၍ ပိုထုတ်ငွေ | ၀.၀၂၁ |
| | -ဇီးကုန်းမြို့နယ် | -အုတ်ရေမြောင်းလုပ်ငန်း တွက်ချက်မှုမှား၍ ပိုထုတ်ခြင်းနှင့်မျက်မြင်စစ်ဆေးရာတွင်လျော့နည်းဆောင်ရွက်ခြင်းကြောင့် ပိုထုတ်ငွေ | ၀.၅၉၅ |
| | -နတ်တလင်းမြို့နယ် | -တာပွန်လမ်းအုတ်ရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းတွင်ဒေသဈေးနှုန်းထက်ပိုမိုသုံးစွဲခြင်းနှင့်မျက်မြင်စစ်ဆေးရာတွင်လျော့နည်းဆောင်ရွက်ခြင်းအတွက် ပိုထုတ်ငွေ | ၀.၂၀၃ |
| | | **ပေါင်း** | **၁.၄၈၄** |
| ၄။ | တံတား ဦးစီးဌာန<br>-ပဲခူးတိုင်း | -အင်းတကော်-ထုံးကြီး-ကဝ-အုန်းနဲ့လမ်းပေါ်ရှိပဲခူးမြစ်ကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့်လုပ်သားလိုင်းခန်းမီးပေးခြင်းနှင့်ရေပေးခြင်းလုပ်ငန်းတွင်တွက်ချက်မှု မှားယွင်း၍ပိုထုတ်ငွေ | ၀.၀၆၂ |
| ၅။ | စီမံကိန်းရေးဆွဲရေး ဦးစီးဌာန<br>-ပဲခူးတိုင်း | -ထန်းတပင်မြို့နယ်စီမံကိန်းဦးစီးရုံးဆောက်လုပ်ခြင်းလုပ်ငန်းမှတွက်ချက်မှုမှားယွင်းခြင်းမျက်မြင်လျော့နည်းဆောင်ရွက်ခြင်းကြောင့် ပိုထုတ်ငွေ | ၀.၈၇၂ |

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်အား ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို (၁၁:၄၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ (၁၀)ရက် (သောကြာနေ့) နံနက်(၁၀:၀၀)နာရီ အချိန်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ သြဘာသံများ ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

ပဲခူးမြို့

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

Bago Region Hluttaw

# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီမှ
# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာ
# (၄/၂၀၁၉)

ရက်စွဲ ။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ( ၂၄ ) ရက်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
## တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီမှ
## (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာ
## (၄/၂၀၁၉)

**နိဒါန်း**

၁။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ၂၀၁၈ ခုနှစ် မတ်လ(၃၀)ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၃/၂၀၁၈)ဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ကော်မတီအဖွဲ့ဝင်(၁၀)ဦးဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အခိကမဏ္ဍိုင်ဖြစ်သော ဥပဒေပြုခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်း၊ ပြဋ္ဌာန်းပြီးသောဥပဒေများအား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရှိ သက်ဆိုင်ရာကော်မတီများနှင့်ပူးပေါင်းလေ့လာသုံးသပ်၍ ပြင်ဆင်ရန်လိုအပ်သည့် ဥပဒေများအား ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်းများကို အလေးထားဆောင်ရွက်လျှက်ရှိ ပါသည်။ ထို့အပြင် ပြည်သူများမှ ကော်မတီသို့ ပေးပို့တိုင်ကြားလာသောတိုင်ကြားစာများအား စိစစ်သုံးသပ်၍ ကာယကံရှင်များ နစ်နာမှုမရှိစေရေးအတွက် ကာယကံရှင်နှင့် သက်ဆိုင်ရာ အစိုးရဌာနများသို့ အကြောင်းကြားနိုင်ရေး ကော်မတီ၏စိစစ်သုံးသပ်တွေ့ရှိချက် အစီရင်ခံစာအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်းနှင့် ပဲခူတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ ဘဏ္ဍာနှစ်အလိုက် ရသုံးခန့်မှန်းခြေ ငွေစာရင်း၊ ရငွေများ၊ သာမန်အသုံးစရိတ်လျာထားချက်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်လျာထား ချက်များ၊ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေစာရင်းများအား စိစစ်အတည်ပြုခြင်း၊ ငြင်းပယ်လျှော့ချခြင်းတို့ကို ဆောင်ရွက်လျှက်ရှိပါသည်။

**ရည်ရွယ်ချက်**

၂။ ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးမှုရှိစေရန်နှင့် ခိုင်မာသောဥပဒေများပေါ်ပေါက်လာပြီး ပြည်သူများဘဝလုံခြုံမှုရှိစေရန်၊ တိုင်းဒေသကြီးရံပုံငွေများ စနစ်တကျစိစစ်ဆောင်ရွက်ရန်နှင့် တိုင်ကြားစာများ စိစစ်သုံးသပ်ဆောင်ရွက်ရန်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ ဆောင်ရွက်ချက်များ**

၃။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့်ပြည်သူ့ငွေစာရင်းကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉)ကို (၇-၁၀-၂၀၁၉)ရက်နေ့နှင့် (၈-၁၀-၂၀၁၉)ရက်နေ့တို့တွင် ရေးရာကော်မတီပူးပေါင်းအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး (၇-၁၀-၂၀၁၉)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီးအဆင့်တာဝန်ရှိသူများနှင့်လည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ ခရိုင်အဆင့်တာဝန်ရှိသူများနှင့်လည်းကောင်း၊ CGG(Centre For Good Governance)အဖွဲ့တို့နှင့် တွေ့ဆုံပြီး အသေးစားငွေချေးလုပ်ငန်းဥပဒေ(မူကြမ်း) ပြည်သူ့ထံချပြခြင်းနှင့် အကြံပြုချက်ရယူခြင်းအခမ်းအနားများအား ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၆)မြို့နယ်တွင် ဆောင်ရွက်မည့်အစီအမံများကို အသေးစိတ်ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ပါသည်။ (၈-၁၀-၂၀၁၉)ရက်နေ့တွင် ဥပဒေ(မူကြမ်း) ပြည်သူ့ထံချပြခြင်းနှင့်အကြံပြုချက်ရယူခြင်းအခမ်းအနားများတွင် လိုက်ပါမည့်ကော်မတီ(၂)ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များတာဝန်ခွဲဝေခြင်းနှင့် အခမ်းအနားများတွင် တစ်ဦးချင်းစီအလိုက် တာဝန်ယူဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်။

၄။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၊ သယံဇာတ၊သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၃/၂၀၁၉)ကို (၉-၁၀-၂၀၁၉)ရက်နေ့တွင် ရေးရာကော်မတီပူးပေါင်းအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး ကော်မတီ(၂)ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များသည် ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တိုင်းဒေသကြီးညွှန်ကြားရေးမှူးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ တိုင်းဒေသကြီးညွှန်ကြားရေးမှူးတို့အားတွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီး အပန်းဖြေ စခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်ဆိုင်ရာဥပဒေ(မူကြမ်း)ပါ ဥပဒေအခန်း(၁)ခန်းချင်း၊ အပိုဒ်တစ်ပိုဒ်ချင်းစီအား အသေးစိတ်စိစစ်သုံးသပ်ဆွေးနွေးခဲ့ကြကာ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ပြင်ဆင်သင့်သည့်အချက်များအား ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ထပ်မံဖြည့်သွင်းသင့်သည့်အချက်များ အား အသစ်ထပ်မံဖြည့်သွင်းခြင်းနှင့် ခေတ်ကာလနှင့်လျော်ညီမှုမရှိဘဲ ပြည်သူ့အကျိုးစီးပွား ထိခိုက်နိုင်သောအချက်များ၊ ဥပဒေကြောင်းအရ ပြည်သူကိုအကာအကွယ်မပြုသောအချက်များအား စိစစ်ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

၅။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့်ပြည်သူ့ငွေစာရင်း ကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၉)ကို (၁၆-၁၀-၂၀၁၉)ရက်နေ့မှ (၁၈-၁၀-၂၀၁၉)ရက်နေ့တို့တွင် ရေးရာကော်မတီပူးပေါင်းအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး အသေးစားငွေချေးလုပ်ငန်းဥပဒေ(မူကြမ်း) ပြည်သူ့ထံချပြခြင်းနှင့် အကြံပြုချက်ရယူခြင်း အခမ်းအနားများတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီက တာဝန်ယူရှင်းလင်းတင်ပြရမည့် Power Point များကို တာဝန်ခွဲဝေမှုအရ ကိုယ်စားလှယ်တစ်ဦးချင်းစီက လေ့ကျင့်ရှင်းလင်းတင်ပြ ခြင်း၊ အခမ်းအနားဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များအား အဖွဲ့ခေါင်းဆောင် အသီးသီးက ရှင်းလင်းတင်ပြခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများအတွက် ဆွေးနွေးဆောင်ရွက်မည့် ပုံစံများအားလေ့ကျင့်ခြင်းများဆောင်ရွက်ကြကာ ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ ရှင်းလင်းတင်ပြမှု များနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပါသည်။

၆။ (၂၀-၁၀-၂၀၁၉)ရက်နေ့မှ (၂၂-၁၀-၂၀၁၉)ရက်နေ့တို့တွင် အသေးစားငွေချေးလုပ်ငန်း ဥပဒေ(မူကြမ်း)အား ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးနှင့် ပြည်သူတို့၏အကြံပြုချက်များ ရယူနိုင်ရေးအတွက် ကော်မတီ(၂)ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပဲခူးတိုင်းဒေသကြီး အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တို့မှဌာနဆိုင်ရာဦးစီးအရာရှိများပူးပေါင်းပါဝင်သော ဥပဒေဆိုင်ရာအကြံပြုချက်ရယူရေးအဖွဲ့(၂)ဖွဲ့ ဖွဲ့စည်း၍ ဥပဒေ(မူကြမ်း) ပြည်သူ့ထံချပြခြင်းနှင့် အကြံပြုချက်ရယူခြင်းအခမ်းအနားများကို ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ တောင်ငူမြို့နယ်၊ ရွှေတောင်မြို့နယ်၊ ပေါင်းတည်မြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့တွင် (CGG) Centre for Good Governance အဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့်ဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏အကြံပြုတင်ပြချက် (၂၁၇) ချက်ရယူနိုင်ခဲ့ပါသည်။

၇။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၉/၂၀၁၉)ကို (၂၅-၁၀-၂၀၁၉)ရက်နေ့တွင် ရေးရာကော်မတီအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်သမ္မတက ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန် ပေးအပ်နိုင်ရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ အမည်စာရင်းပေးပို့လာသော ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် ခေတ္တတရားသူကြီးချုပ် ဦးမောင်မောင်အေးအား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၂၀၊ ၁၂၁၊ ၃၀၈၊ ၃၀၉၊ ၃၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ဆောင်ရွက် ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)သို့ ဥပဒေကြောင်းအရ ထောက်ခံဆွေးနွေးနိုင်ရေး အစီရင်ခံစာရေးသားဆောင်ရွက်ခဲ့ပါသည်။

၈။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၁၀/၂၀၁၉)ကို (၄-၁၁-၂၀၁၉)ရက်နေ့မှ(၆-၁၁-၂၀၁၉)ရက်နေ့အထိတို့တွင် ရေးရာကော်မတီအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး (၄-၁၁-၂၀၁၉)ရက်နေ့နှင့်(၆-၁၁-၂၀၁၉)ရက်နေ့တို့တွင် ပဲခူးတိုင်းဒေသကြီး ပထမအကြိမ်လွှတ်တော်သက်တမ်းတွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ၂၀၁၄ ခုနှစ် ကျေးရွာထင်းစိုက် ခင်းဥပဒေအား ဆွေးနွေးသုံးသပ်ခဲ့ပါသည်။ (၅-၁၁-၂၀၁၉)ရက်နေ့တွင် ပြည်သူများမှ ကော်မတီသို့ ပေးပို့တိုင်ကြားလာသော တိုင်ကြားစာ(၃)စောင်အား စိစစ်သုံးသပ်ဆွေးနွေးကာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားပေးနိုင်ရေးနှင့် တိုင်ကြားသူ ကာယကံရှင်များထံသို့ အကြောင်းပြန်ကြားပေးနိုင်ရေးအတွက် ကော်မတီ၏စိစစ်တွေ့ရှိသုံးသပ်ချက် အစီရင်ခံစာအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

၉။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့်ပြည်သူ့ငွေစာရင်း ကော်မတီ(၂)ရပ်သည် (၇-၁၁-၂၀၁၉)ရက်နေ့မှ (၈-၁၁-၂၀၁၉)ရက်နေ့တို့တွင် ပဲခူးတိုင်းဒေသကြီး

အတွင်းရှိ မြို့နယ်(၆)မြို့နယ်တွင် ဆောင်ရွက်ခဲ့သည့် အသေးစားငွေချေးလုပ်ငန်းဥပဒေ(မူကြမ်း) ပြည်သူ့ထံချပြခြင်းနှင့်အကြံပြုချက်ရယူခြင်း အခမ်းအနားများမှရရှိလာသော ပြည်သူများ၏ အကြံပြုတင်ပြချက်များ ပြန်လည်သုံးသပ်ဆွေးနွေးအနှစ်ချုပ်ခြင်းအစည်းအဝေးကို ပဲခူးမြို့ ကမ္ဘောဇ ဟာသ်ာဟိုတယ်ခန်းမ၌ ဆောင်ရွက်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် ပြည်သူများ၏အကြံပြုတင်ပြချက်(၂၁၇)ချက်မှ ဥပဒေ(မူကြမ်း)နှင့်သက်ဆိုင်သည့် အကြံပြုချက်အနှစ်ချုပ်(၁၀၅)ချက်ကို ဖော်ထုတ်ရရှိခဲ့ပါသည်။

၁၀။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့်ပြည်သူ့ငွေစာရင်းကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉)ကို (၁၅-၁၁-၂၀၁၉)ရက်နေ့မှ (၂၂-၁၁-၂၀၁၉)ရက်နေ့အထိ ရေးရာကော်မတီပူးပေါင်းအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး (၁၅-၁၁-၂၀၁၉)ရက်နေ့၊ (၁၈-၁၁-၂၀၁၉)ရက်နေ့နှင့် (၁၉-၁၁-၂၀၁၉)တို့တွင် ပြည်သူများ၏ အကြံပြုချက်အနှစ်ချုပ်(၁၀၅)ချက်ကိုအခြေခံ၍ အချက်တစ်ချက်ချင်းစီအား အသေးစိတ်ဆွေးနွေး သုံးသပ်ကာ ဥပဒေ(မူကြမ်း)အခန်း(၁)ခန်းချင်း၊ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ပြင်ဆင်သင့်သည့် အချက်များအား ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ထပ်မံဖြည့်သွင်းသင့်သည့်အချက်များအား အသစ်ထပ်မံဖြည့်သွင်းခြင်းနှင့် ဒေသနှင့်ကိုက်ညီမှုမရှိဘဲ ပြည်သူ့အကျိုးစီးပွားထိခိုက်စေသောအချက်များ၊ ဥပဒေကြောင်းအရ ပြည်သူကိုအကာအကွယ်မပြုသောအချက်များအား စိစစ်ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ (၂၀-၁၁-၂၀၁၉)ရက်နေ့တွင် ကော်မတီ(၂)ရပ်သည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့်အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန တို့မှ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများနှင့်တွေ့ဆုံပြီး ဥပဒေ(မူကြမ်း)ပြည်သူ့ထံချပြခြင်းနှင့် ပြည်သူ့အကြံပြုချက်များရယူခြင်းအခမ်းအနားမှရရှိလာသော ပြည်သူများ၏အကြံပြုချက်အနှစ်ချုပ် (၁၀၅)ချက်ကိုအခြေခံ၍ ဥပဒေ(မူကြမ်း) ပြင်ဆင်ရေးဆွဲထားမှုများနှင့်ပတ်သတ်၍ ညှိနှိုင်းဆွေးနွေး ခဲ့ကြပါသည်။ (၂၂-၁၁-၂၀၁၉)ရက်နေ့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများနှင့်တွေ့ဆုံမှုမှ ထွက်ပေါ်လာ သောအချက်အလက်များအား အသေးစိတ်ထပ်မံဆွေးနွေးပြီး ဥပဒေ(မူကြမ်း)တွင် ထည့်သွင်းနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

၁၁။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့်ပြည်သူ့ငွေစာရင်းကော်မတီ(၂)ရပ်တို့သည် (၂၇-၁၁-၂၀၁၉)ရက်နေ့တွင် ရေးရာကော်မတီပူးပေါင်းအစည်းအဝေးခန်းမ၌ အသေးစားငွေချေးလုပ်ငန်းဥပဒေ(မူကြမ်း)တွင် ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များအားလုံးအားရှင်းလင်းနိုင်ရေး ပြင်ဆင်ခြင်းနှင့် ရှင်းလင်းတင်ပြမည့် Power Point များပြင်ဆင်ခြင်းများဆောင်ရွက်ခဲ့ကြပြီး (၂၈-၁၁-၂၀၁၉) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ Meeting Room ၌ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများအား ဥပဒေ(မူကြမ်း)ပြင်ဆင်၊ဖြည့်စွက်၊ပယ်ဖျက်ထားမှုများကို ချပြရှင်းလင်းဆောင်ရွက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းလာမှုများကို ကော်မတီ(၂)ရပ်မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြပါသည်။

၁၂။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၊ စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၃/၂၀၁၉)ကို(၂၅-၁၁-၂၀၁၉) ရက်နေ့နှင့်(၂၆-၁၁-၂၀၁၉)ရက်နေ့တို့တွင်လည်းကောင်း၊ (၅-၁၂-၂၀၁၉)ရက်နေ့နှင့်(၆-၁၂-၂၀၁၉) ရက်နေ့တို့တွင်လည်းကောင်း ရေးရာကော်မတီပူးပေါင်းအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ပစ္စည်းခွန်ကောက်ခံခြင်းဆိုင်ရာနည်းဥပဒေများနှင့်ပတ်သက်၍ ဦးညီညီထွေး ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တင်သွင်းထားသော ပြင်ဆင်ချက်အဆိုနှင့် စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းထားသော ပြင်ဆင်ချက်အဆိုများအား ဆွေးနွေးသုံးသပ်ခဲ့ကြကာ နည်းဥပဒေတွင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အချက်အလက်များအား အသေးစိတ်ညှိနှိုင်းဆွေးနွေး ခဲ့ကြပါသည်။

၁၃။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၊ သယံဇာတ၊သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၁၉)ကို (၂-၁၂-၂၀၁၉)ရက်နေ့မှ(၄-၁၂-၂၀၁၉)ရက်နေ့တို့တွင် ရေးရာကော်မတီပူးပေါင်းအစည်းအဝေး

ခန်းမ၌ဆောင်ရွက်ခဲ့ပြီး (၂-၁၂-၂၀၁၉)ရက်နေ့မှ(၃-၁၂-၂၀၁၉)ရက်နေ့တို့တွင် ကော်မတီ(၂)ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များသည် ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တိုင်းဒေသကြီးညွှန်ကြားရေးမှူးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများ၊ ပဲခူးတိုင်းဒေသကြီးအတွင်း၌ အပန်းဖြေစခန်းများလက်တွေ့ဆောင်ရွက် နေသော ရွှေပြည်အပန်းဖြေစခန်း၊ မိုးယွန်းကြီးဘေးမဲ့အင်း အပန်းဖြေစခန်း၊ ဝင်္ဂဘော်ဆင်စခန်းတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာဥပဒေ(မူကြမ်း)နှင့် ပတ်သတ်၍ လက်တွေ့မြေပြင်လုပ်ငန်းများတွင် အခက်အခဲဖြစ်စေနိုင်သောဥပဒေဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းခွင်နှင့်ကိုက်ညီမှုမရှိသော အချက်အလက်များအား ဥပဒေ(မူကြမ်း)တွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုချက်များရယူကာ လွှတ်တော်၊ အစိုးရနှင့် လုပ်ငန်းရှင်များ၏ အယူအဆနှင့်အတွေးအမြင်များ ဆွေးနွေးသုံးသပ် အမြင်ချင်းဖလှယ် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ (၃-၁၂-၂၀၁၉)ရက်နေ့တွင် တွေ့ဆုံဆွေးနွေးမှုမှထွက်ရှိလာသောအချက်များအား ဥပဒေ(မူကြမ်း)၌ ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ဥပဒေ(မူကြမ်း) အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြပြီး ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ထပ်မံဖြည့်သွင်းခြင်းနှင့် ပယ်ဖျက်ခြင်းများအား ဆောင်ရွက်ခဲ့ပါသည်။

၁၄။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့်ပြည်သူ့ငွေစာရင်း ကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၉)ကို (၂-၁၂-၂၀၁၉)ရက်နေ့နှင့် (၃-၁၂-၂၀၁၉)ရက်နေ့ နေ့လည်ပိုင်းအချိန်တို့တွင် ရေးရာကော်မတီပူးပေါင်းအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး ပြည်သူများ၏အကြံပြုတင်ပြချက်အနှစ်ချုပ်(၁၀၅)ချက်၊ မြန်မာဥပဒေအထောက်အကူ ပြုကွန်ယက် (MLAW)၏အကြံပြုချက်(၄၆)ချက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်(၂၆)ချက်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်၏ အကြံပြုချက်(၂၇)ချက်တို့ကို အခြေခံ၍ အကြံပြုချက်အနှစ်ချုပ် (၂၀၄)ချက်တို့အပေါ် ဆွေးနွေးသုံးသပ်ခဲ့ကြပြီး ဥပဒေ(မူကြမ်း)တွင် ပြင်ဆင်၊ ဖြည့်စွက်၊

ပယ်ဖျက်ခြင်းများဆောင်ရွက်ခဲ့ကြပြီး ဥပဒေ(မူကြမ်း)နှင့်ပတ်သက်သည့် ပြင်ဆင်ချက်အဆိုအား ရေးသားပြုစုကာ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းနိုင်ရေး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေကြမ်းနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းအဖွဲ့သို့ ပေးပို့တင်ပြခဲ့ပါသည်။

၁၅။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၉)ကို (၉-၁၂-၂၀၁၉)ရက်နေ့တွင် ရေးရာကော်မတီအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့)သို့ အမည်စာရင်းတင်သွင်းလာသော မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တရားရုံး ခရိုင်တရားသူကြီး ဒေါ်အေးအေးသန့်အား တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီမှ ဥပဒေကြောင်းအရ ဆွေးနွေးတင်ပြနိုင်ရန်အတွက် ခရိုင်တရားသူကြီး ဒေါ်အေးအေးသန့်အား ရေးရာကော်မတီရုံခန်း၌ တွေ့ဆုံကာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ၁၂၁၊ ၃၀၈၊ ၃၀၉၊ ၃၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ဥပဒေကြောင်းအရ ဆွေးနွေးတင်ပြနိုင်ရေးအတွက် အစီရင်ခံစာရေးသားဆောင်ရွက်ခဲ့ပါသည်။

၁၆။ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၊ စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၁၉)ကို (၁၁-၁၂-၂၀၁၉) ရက်နေ့နှင့်(၁၂-၁၂-၂၀၁၉)ရက်နေ့တို့တွင်လည်းကောင်း၊(၁၇-၁၂-၂၀၁၉)ရက်နေ့မှ(၁၉-၁၂-၂၀၁၉) ရက်နေ့တို့တွင်လည်းကောင်း ရေးရာကော်မတီပူးပေါင်းအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ပစ္စည်းခွန်ကောက်ခံခြင်းဆိုင်ရာနည်းဥပဒေများနှင့်ပတ်သက်၍ ဦးညီညီထွေး ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တင်သွင်းထားသော ပြင်ဆင်ချက်အဆိုနှင့် စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းထားသော ပြင်ဆင်ချက်အဆိုများအား ဆွေးနွေးသုံးသပ်ခဲ့ကြကာ နည်းဥပဒေတွင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အချက်အလက်များအား အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**ကော်မတီ၏တွေ့ရှိချက်များ**

၁၇။ အောက်ပါအတိုင်း တင်ပြအပ်ပါသည်

(က) တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာပါ အကြံပြုချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်က လွှတ်တော်၌ ပြန်လည်ရှင်းလင်းရာတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်က ပြန်လည်ရှင်းလင်းခဲ့ကြောင်း တွေ့ရှိရပြီး ပြန်လည်ရှင်းလင်းတင်ပြရာတွင်လည်း အကြံပြုချက်များအား ပြန်လည်ရှင်းလင်းခြင်းမဟုတ်ဘဲ ကော်မတီ၏အစီရင်ခံစာအပေါ် စိစစ်သုံးသပ် တင်ပြနေသည်ကို တွေ့ရှိရပါသည်။

(ခ) အစီရင်ခံစာပါ သက်ဆိုင်ရာကဏ္ဍအလိုက်အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းရမည်ဖြစ်သော်လည်း တိုင်းဒေသကြီးဥပဒေချုပ် တစ်ဦးတည်းကသာ ပြန်လည်ရှင်းလင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဂ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၏ ဖွဲ့စည်းအမိန့်တွင် ကော်မတီ၏လုပ်ငန်းတာဝန်များ အပိုဒ် ၄ (ခ)၌ ကော်မတီသည် သက်ဆိုင်ရာနယ်ပယ် အသီးသီးတွင် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်ပတ်သက်၍ လေ့လာခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်း၊ ပူးပေါင်းကူညီခြင်းတို့ ဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိပါသည်။ သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ် များနှင့်ပတ်သက်၍ လေ့လာခြင်း၊ စောင့်ကြည့်ခြင်းနှင့် ပူးပေါင်းကူညီခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နေသော အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပဲခူးတိုင်းဒေသကြီး လွှတ်တော်သို့ အစီရင်ခံစာများ ပေးပို့ခြင်းရှိ/မရှိ မသိရှိရကြောင်းနှင့် ပေးပို့ပါကလည်း ကော်မတီသို့ အစီရင်ခံစာမိတ္တူပေးပို့နိုင်ရေး လိုအပ်ပါကြောင်းတွေ့ရှိရပါသည်။

(ဃ) လွှတ်တော်တွင် ဖွဲ့စည်းထားသော ကော်မတီများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့မှ အစီရင်ခံစာများတင်သွင်းရာတွင် ပြန်လည်ဆွေးနွေးလိုသည့်

ကိုယ်စားလှယ်အမည်စာရင်းတောင်းခံရာတွင် အစီရင်ခံစာတင်သွင်းသည့်နေ့ညနေ ၁၆၀၀ နာရီထက်နောက်မကျစေဘဲ ဆွေးနွေးလိုသည့်အကြောင်းအရာ အကျဉ်းချုပ်နှင့်တကွ နေ့ချင်းပြီးတောင်းခံနေကြောင်းတွေ့ရှိရပါသည်။ ထို့အပြင် အစီရင်ခံစာတင်သွင်းသည့်ရက်နှင့် ပြန်လည်ဆွေးနွေးရမည့်ရက်တို့မှာလည်း နီးကပ်နေပါသဖြင့် ကိုယ်စားလှယ်များအနေဖြင့် အစီရင်ခံစာအားလေ့လာရန်နှင့် အချက်အလက်ပြုစုရန် အချိန်လုံလောက်မှု မရှိကြောင်းတွေ့ရှိရပါသည်။

(င) ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်နှင့်စာရင်းစစ်ချုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ လွှတ်တော်ပုံမှန်အစည်းများတွင် တင်သွင်းကြောင်းတွေ့ရှိရသော်လည်း တရားလွှတ်တော်တရားသူကြီးချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား လွှတ်တော်ပုံမှန်အစည်းအဝေးတိုင်း၌တင်သွင်းခြင်းမရှိကြောင်းတွေ့ရှိရပါသည်။

(စ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သက်တမ်းကာလတစ်လျှောက်လုံးတွင် တစ်ကြိမ်တည်းသာ တင်သွင်းထားကြောင်း တွေ့ရှိရပါသည်။

**အကြံပြုချက်များ**

၁၈။ အောက်ပါတိုင်းအကြံပြုတင်ပြအပ်ပါသည်-

(က) တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာပါအကြံပြုချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်က လွှတ်တော်တွင် ပြန်လည်ရှင်းလင်းရာတွင် တိုင်းဒေသကြီးဥပဒေချုပ် တစ်ဦးတည်းကသာ ပြန်လည်ရှင်းလင်းခြင်းမဟုတ်ဘဲ သက်ဆိုင်သည့်ကဏ္ဍအလိုက် အကြံပြုချက်များအား သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

(ခ) တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၏ ဖွဲ့စည်းအမိန့်တွင် ကော်မတီ၏ လုပ်ငန်းတာဝန်များ အပိုဒ် ၄(ခ)အရ ကော်မတီသည် သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ လေ့လာခြင်း၊

စောင့်ကြည့်ထိန်းညှိခြင်း၊ ပူးပေါင်းကူညီခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ အစီရင်ခံစာများပေးပို့လာပါက ကော်မတီအနေဖြင့် လေ့လာခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်းနှင့် ပူးပေါင်းကူညီခြင်းတို့ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌမှတဆင့် ကော်မတီသို့ အစီရင်ခံစာမိတ္တူများ ပေးပို့ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဂ) တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီသည် ပဲခူးတိုင်းဒေသကြီးအတွက် ဥပဒေရေးဆွဲပြဋ္ဌာန်းခြင်းဆိုင်ရာကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးများအနေဖြင့် မိမိကွပ်ကဲရသည့်အစိုးရဌာနများတွင် လက်ရှိကျင့်သုံးလျက်ရှိသောဥပဒေများ၌ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား(၂)ပါ ပြဋ္ဌာန်းပြီးဥပဒေများကို အကြောင်းအမျိုးမျိုးကြောင့် ပြင်ဆင်ရန်လိုအပ်သည့် အကြောင်းအချက်များရှိလာပါက ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အကြံပြုချက်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဃ) လွှတ်တော်တွင် ဖွဲ့စည်းထားသော ကော်မတီများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့မှ အစီရင်ခံစားများတင်သွင်းရာတွင် ပြန်လည်ဆွေးနွေးလိုသည့် ကိုယ်စားလှယ်အမည်စာရင်းတောင်းခံမှုနှင့် ပြန်လည်ဆွေးနွေးရမည့်ရက်တို့ သတ်မှတ်ရာတွင် ကိုယ်စားလှယ်များအနေဖြင့် အစီရင်ခံစာအားလေ့လာရန်နှင့် အချက်အလက်ပြုစုရန် အချိန်လုံလောက်မှု ရှိစေရေးစိစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(င) ပဲခူးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များအား လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လေ့လာသုံးသပ်ခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်းနှင့်

ပူးပေါင်းကူညီခြင်းတို့ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတိုင်းတွင် တင်သွင်းသင့်ပါကြောင်း အကြံပြုတင်ပြ အပ်ပါသည်။

(စ) လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့တိုင်းဒေသကြီး၏ ဘဏ္ဍာရေးနှစ် အလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား လေ့လာသုံးသပ်ခြင်းနှင့် စောင့်ကြည့်ထိန်းညှိခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပသည့်ကာလများတွင် အခါအားလျော်စွာ တင်သွင်းသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

**ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ**

၁၉။ ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်–

(က) စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့်ပူးပေါင်း၍ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်ဥပဒေ (မူကြမ်း)အား ဆက်လက်ဆွေးနွေးသုံးသပ်ရန်။

(ခ) သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီနှင့် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး ၂၀၁၄ ခုနှစ် ကျေးရွာထင်းစိုက်ခင်းဥပဒေအား ဆွေးနွေးသုံးသပ်ရန်။

(ဂ) စက်မှု၊လျှပ်စစ်နှင့် လမ်းပမ်းဆက်သွယ်ရေးဆိုင်ရာ ကော်မတီနှင့်ပူးပေါင်း၍ ပဲခူးတိုင်း ဒေသကြီး ၂၀၁၂ ခုနှစ် ပုဂ္ဂလိကယာဉ်များစနစ်တကျပြေးဆွဲရေးဥပဒေအား ဆွေးနွေး သုံးသပ်ရန်။

(ဃ) ကောမတီသည် ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံ

ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများဆောင်ရွက်ကာ ပဲခူးတိုင်းဒေသကြီး၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်သွားရန်။

(င) ကော်မတီသို့ ပေးပို့တိုင်ကြားလာသော ပြည်သူများ၏တိုင်ကြားစာများ ရှိပါက သက်ဆိုင်သူများနစ်နာမှုမရှိစေရေးအတွက် အလေးထားစိစစ်သုံးသပ် ဆွေးနွေးပြီး ကာယကံရှင်တိုင်ကြားသူများနှင့် သက်ဆိုင်ရာဌာနများသို့ အမြန်ဆုံး အကြောင်းပြန်ကြားပေးနိုင်ရေး ကော်မတီ၏စိစစ်သုံးသပ်တွေ့ရှိချက် အစီရင်ခံစာအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန်။

(စ) တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာများပါ ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် အစည်းအဝေးမှတ်တမ်းများပါ အစည်းအဝေးဆုံးဖြတ်ချက်များ အောင်မြင်ပြီးမြောက်စေရေးအတွက် ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်အညီ ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်သွားရန်။

**နိဂုံး**

၂၀။ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီသည် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်းနှင့် ပြဋ္ဌာန်းပြီးဥပဒေများအား ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရန်လိုအပ်သည့်ဥပဒေများအား ပြင်ဆင်နိုင်ရေးများကို ဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေများ အသစ်ရေးဆွဲခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းများတွင်လည်း ပြည်သူများကိုယ်တိုင် ပါဝင်ရေးဆွဲခွင့်ရရှိစေရေး ဥပဒေ(မူကြမ်း)ပြည်သူ့ထံချပြခြင်းနှင့် ပြည်သူ့အကြံပြုချက်ရယူခြင်းများကိုလည်း အခါအားလျော်စွာဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီသည် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ ဘဏ္ဍာရေးနှစ်အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်း၏ ရငွေစာရင်းများ၊ သာမန်အသုံးစရိတ်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို စိစစ်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ကော်မတီသို့တိုင်ကြားလာသော တိုင်စာများနှင့်ပတ်သက်၍ ကာယကံရှင်များနစ်နာမှုမရှိစေရေး အလေးထား စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီအနေဖြင့် ကော်မတီ၏တာဝန်များ၊

လုပ်ပိုင်ခွင့်များနှင့်အညီ ပဲခူးတိုင်းဒေသကြီးအကျိုးအတွက် ခေတ်ကာလနှင့်လျော်ညီသောဥပဒေများ ပေါ်ပေါက်လာစေရေးနှင့် ကော်မတီ၏အစီရင်ခံစာများပါ ရှေ့လုပ်ငန်းစဉ်များ၊ အစည်းအဝေး ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ

တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး

ပဲခူးမြို့

စာအမှတ်၊ ၄ / ၆ - ၁ / ဦး ၅

ရက် စွဲ၊ ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ ရက်

ဒေါ်ဇင်မိုးထိုက်

ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

အကြောင်းအရာ။ **လွှတ်တော်ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ဖြေကြားချက်ပေးပို့ခြင်းကိစ္စ**

ရည် ညွှန်း ချက်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၂၇.၁.၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၆/ ၃ - ၁၃/ ဦး ၆ (၀၁၀၃၃)

၁။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင်မေးမြန်းခဲ့သည့် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၏ **ဖြေရှင်းဆောင်ရွက်ပြီးသော အမှုတွဲ(၅၇)တွဲနှင့်ပတ်သက်၍ စာဖြင့်ပြန်လည်ဖြေကြားပေးမည်ဟု ဖြေကြားထားသည့်အတွက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြတိုင်ကြားစာများမှာ ဗဟို/တိုင်း/ခရိုင်/မြို့နယ်မည်သို့ဆောင်ရွက်ပြီးစီးသည်ကို အသေးစိတ်သိရှိလိုကြောင်း** ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ သိရှိနိုင်ပါရန် ပေးပို့အပ်ပါသည်။

ပူးတွဲပါ- ရည်ညွှန်းစာမိတ္တူ (၁)စောင် (၂၈)ရွက်

ဥက္ကဋ္ဌ(ကိုယ်စား)

ကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်

မိတ္တူကို-

ဥက္ကဋ္ဌ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၊
ပဲခူးတိုင်းဒေသကြီးလွှတ်တော်
လှည့်လည်စာတွဲ/ လက်ခံစာတွဲ

၂၉-၁-၂၀၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့

စာအမှတ် - ၁၁၀၃၃
ရက်စွဲ - ၂၄-၁-၂၀
အချိန် - - - - -
ပဲခူးမြို့

စာအမှတ်၊ ဖ / ၃ - ၁၃ / ဦး ဖ ( ၁၀၃၃ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်

သို့
ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး
ပဲခူးမြို့

အကြောင်းအရာ။ (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းသော မေးခွန်းအား ဖြေကြားပေးပို့ခြင်း

ရည် ညွှန်း ချက်။ ပဲခူးတိုင်ဒေသကြီးလွှတ်တော်ရုံး၏(၂၇.၁၁.၂၀၁၉)ရက်စွဲပါ စာအမှတ်၊ ၄/၂-၄/ဦး၅

ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်မှ တင်သွင်းမေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား သိရှိနိုင်ပါရန် ပေးပို့အပ်ပါသည်။

ပူးတွဲပါ - ရှင်းလင်းဖြေကြားချက်ဇယား(၁)စုံ(၂၇)ရွက်

27/1/20
ဝန်ကြီးချုပ်(ကိုယ်စား)
အောင်ဇော်နိုင်၊ ဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မိတ္တူကို
လက်ခံစာတွဲ
မျှောစာတွဲ

# ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ပန်းတောင်းမြို့နယ်အတွင်းရှိ တိုင်ကြားစာများအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ

| စဉ် | မူလ အမှတ်စဉ် | တိုင်ကြားသူ အမည်၊နေရပ် လိပ်စာ | သိမ်းဆည်းခံမြေတည်နေရာ | | | အကြောင်းအရာ | အရေးယူဆောင်ရွက်မှု အခြေအနေ | တိုင်းမှပြန်လည်တင်ပြသည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | မြို့နယ်၊ရပ်ကွက်၊ ကျေးရွာအုပ်စု | ဦးပိုင်အမှတ် ကွင်းအမှတ် | ဧရိယာ (ဧက) | | | | |
| ၁ | ၁၅ | ဦးသိန်းဝင်း ပါ(၂)ဦး ကျောက်ဖူး ကျေးရွာအုပ်စု ပန်းတောင်း မြို့နယ် | ပန်းတောင်း မြို့နယ် ကျောက်ဖူး ကျေးရွာအုပ်စု | | | ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ကျောက်ဖူးကုန်းကျေးရွာအုပ်စု၊ ကျောက်ဖူး ကျေးရွာ၊ ကွင်းအမှတ်/အမည်(၁၈၃/ကွင်း ကောက်ကွင်း)ရှိ လယ်မြေဧရိယာ(၄၅.၀၀) ဧကနှင့် ဘင်္ဂကျေးရွာ၊ ကွင်းအမှတ်/အမည် (၁၈၃/ဆားတွင်းမြောက်ကွင်း)ရှိ ယာမြေ ဧရိယာ(၁.၀၀)ဧကကို ပြန်လည်ရရှိရေး ဆောင်ရွက်ပေးပါရန် | တင်ပြစာပါမြေနှင့် ပတ်သက်၍ (၃.၃.၁၇) ရက်နေ့တွင် ပန်းတောင်းမြို့နယ် အုပ်ချုပ်ရေးရုံး၌ တင်ပြသူ ကာယကံရှင် များအား ခေါ်ယူအသိပေးရှင်းပြပြီးဖြစ်ပါ ကြောင်း ဗဟိုမြေ/စစ်သို့ ပေးပို့ထားပြီး ဖြစ်ပါသည်။ | ၄၀၄/၁-ကော်မတီ/မြေ(တိုင်း)/ ၂၀၁၇ (၂.၅.၂၀၁၇) | ဗဟို ပိတ် သိမ်း |
| ၂<br>၃ | ၄၁<br>၇၆ | ဦးဌေးဝင်း၊ လဲကျေးရွာ၊ ဥသျှစ်ပင်မြို့၊ ပန်းတောင်းမြို့နယ် | ပန်းတောင်းမြို့နယ်၊ နတ်မောက် ကျေးရွာအုပ်စု | ကွင်းအမှတ် (၉၉)၊ လိပ်ကုန်းကွင်း | | ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ နတ်မောက် ကျေးရွာအုပ်စုအပိုင် ကွင်းအမှတ် (၉၉)၊ လိပ်ကုန်းကွင်းရှိ တောင်ယာမြေ များကို ၂၀၀၂ ခုနှစ်တွင် တပ်မတော်မှ သိမ်းဆည်းခဲ့ပြီး ၂၀၁၄ခုနှစ်တွင် ပြန်လည် စွန့်လွှတ် ခဲ့သော်လည်း အဆိုပါ တောင်ယာမြေများသည် အခြားသူ၏ မြေပုံစာရင်းတွင် ထည့်သွင်းထားသဖြင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ အား ထိရောက်စွာ အရေးယူပေးနိုင်ပါရန် နှင့် အချင်းဖြစ် အငြင်းပွား တောင်ယာ မြေအား ကွင်းဆင်း တိုင်းတာစစ်ဆေးပေး နိုင်ပါရန် တင်ပြခြင်းကိစ္စ။ **(မြေပြင်ကွင်းဆင်း စိစစ်တင်ပြပါ ရန်)** | တင်ပြစာပါမြေနှင့် ပတ်သက်၍ မူလ တောင်သူ(၁၁)ဦးအား ညွှန်ကြားချက်များ နှင့်အညီလယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ(၇)ထုတ်ပေးထားပြီး ဖြစ် ခြင်း၊ ဦးဌေးဝင်းမှ လိမ်လည်၍ ၎င်းမြေဟု အကြိမ်ကြိမ်တင်ပြနေခြင်း၊ ကျူးကျော် ထားသည့်မြေအား ဆောင်ရွက် ပေးရန် တင်ပြတောင်းဆိုသည့်အတွက် အရေးယူ ဆောင်ရွက်ရန် မသင့်ပါကြောင်းအား ဆုံးဖြတ်ထားမှုအပေါ် ဗဟိုမြေ/စစ် ကော်မတီသို့ (၁၈.၁.၂၀၁၇)ရက်နေ့တွင် စာအမှတ်၊ ၀၄၈/၁-ကော်မတီ/မြေ(တိုင်း)/ ၂၀၁၇ဖြင့် ပေးပို့ထားပြီးဖြစ်ပါကြောင်း | ၀၄၈/၁-ကော်မတီ/မြေ(တိုင်း)/ ၂၀၁၇ (၁၈.၁.၂၀၁၇) | ဗဟို ပိတ် သိမ်း |

| စဉ် | မူလ အမှတ်စဉ် | တိုင်ကြားသူ အမည်၊နေရပ်လိပ်စာ | သိမ်းဆည်းခံမြေတည်နေရာ | | | အကြောင်းအရာ | အရေးယူဆောင်ရွက်မှု အခြေအနေ | တိုင်းမှပြန်လည်တင်ပြသည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | မြို့နယ်၊ရပ်ကွက်၊ ကျေးရွာအုပ်စု | ဦးပိုင်အမှတ် ကွင်းအမှတ် | ဧရိယာ (ဧက) | | | | |
| ၄ | ၅၄ ၂၆၉ | (ဦးအောင်ဝင်း (ပါ) ၃ ဦး၊ ၇/ပတန(နိုင်) ၀၂၃၉၃၂၊ ကျောက်ဖူး ကျေးရွာအုပ်စု၊ ပန်းတောင်းမြို့နယ်) | ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျောက်ဖူး ကျေးရွာအုပ်စု၊ | ကွင်းအမှတ်(၁၅၃က) | ၇.၀၀ | ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျောက်ဖူး ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၅၃က)ရှိ ၁၉၈၂ခုနှစ်ကတည်းက ဖေါ်မဦးချစ်တွင်ရှင်းလင်းခဲ့သော ယာမြေဧရိယာ ၇.၀၀ ဧက အား ၂၀၀၉ ခုနှစ်တွင် ခဲယမ်းမီးကျောက်တပ်ရင်း(ခလရ-၂)မှ ၁၉၉၄ခုနှစ်၊ မြေသိမ်းဥပဒေနှင့်အညီ သိမ်းဆည်းခဲ့ခြင်း မရှိဘဲ ဥပဒေမဲ့ မြေသိမ်းဆည်းထား သောကြောင့် နစ်နာမှုများအတွက် လျော်ကြေး၊ နစ်နာကြေး သို့မဟုတ် ပြန်လည် ပေးအပ်နိုင်ပါရန် တိုင်ကြားသည့်ကိစ္စ။ | တင်ပြစာပါမြေနှင့် ပတ်သက်၍ (၂၄.၈.၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၀/၂၀၁၈)အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် ၁၁၁(ဖ)အရ ပုံစံ(၇)ရရှိပြီး နစ်နာသည်ဟု ယူဆပါက ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် မူလမြေယာမူခင်းဖွင့်လှစ်ဆောင်ရွက်သင့်ပါကြောင်း ကာယကံရှင်အား ရှင်းလင်းပြောကြားရန် ဗဟိုမြေ/စစ်ကော်မတီ၏ (၃.၄.၂၀၁၇)ရက်စွဲပါစာဖြင့် ညွှန်ကြားချက်အရ ပန်းတောင်းမြို့နယ်မြေ/စစ်ကော်မတီမှ ကာယကံရှင်အား ခေါ်ယူရှင်းလင်းပြောကြားပြီးဖြစ်ပါ၍ တင်ပြစာအား အရေးယူဆောင်ရွက်ရန် မလိုအပ်ပါကြောင်းနှင့် အမှုတွဲအား ပိတ်သိမ်းနိုင်ရေး ဗဟိုမြေ/စစ်သို့ တင်ပြဆောင်ရွက်သွားရန် | ၁၀၉၁/၁-ကော်မတီ/ မြေ(တိုင်း)/ ၂၀၁၈ (၁.၁၁.၂၀၁၈ ) | ဗဟို ပိတ် သိမ်း |
| ၅ ၆ ၇ ၈ | ၁၄၁ ၁၈၈ ၂၁၄ ၂၇၃ | ဒေါ်အုန်းသန်း(ပါ) ၁၁ဦး၊ စည်သာရပ်ကွက်၊ ဒေါ်တင်မာဝင်း | ပန်းတောင်းမြို့နယ်၊ စည်သာ ရပ်ကွက် | | ၁၀.၈၇၆ | ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ စည်သာ ရပ်ကွက်၊ ကွင်းအမှတ်/အမည်(၈၆/တံတားကြီးကွင်း) ရှိ ဧရိယာ ၁၀.၈၇၆ ဧကကို ၁၉၉၃-၁၉၉၄ ခုနှစ်တွင်ပန်းတောင်းမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ စီမံကိန်းအတွက် သိမ်းဆည်းခဲ့ပြီး စီမံကိန်းဆောင်ရွက်ခြင်းမရှိပါသဖြင့် ပြန်လည် စွန့်လွှတ်ပေးနိုင်ပါရန် တင်ပြလာခြင်းကိစ္စ။ | တင်ပြစာပါမြေနှင့် ပတ်သက်၍ (၃၀.၁၁.၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၅/၂၀၁၈)အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် ၁၅၁(က)(၈)အရ မြေကွက်အစားထိုးပေးခဲ့သည့် မြေကွက်(၁၁)ကွက်အား မြို့မြေချထားရေးကော်မတီမှ သွားလာရေးလွယ်ကူစေရန် လမ်းများဖောက်လုပ်စီမံဆောင်ရွက်သွားရန်နှင့် အမှုတွဲအား ပိတ်သိမ်းနိုင်ရေး ဗဟိုမြေ/စစ်သို့ တင်ပြဆောင်ရွက်သွားရန် | ၃၄၉/၁-ကော်မတီ/ မြေ(တိုင်း)/ ၂၀၁၉ ၁၈.၃.၂၀၁၉ | |
| ၉ | ၂၁၅ | ဒေါ်ခင်ခင်အေး၊ ရွှေဘုံသာကျေးရွာ အုပ်စု၊ | ပန်းတောင်းမြို့နယ်၊ | | ၁.၃၉ | ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာကျေးရွာ အုပ်စု၊ ကွင်းအမှတ်/အမည်(၅၁/ညောင်ပင်သာ)၊ ဦးပိုင်အမှတ် | တင်ပြစာပါမြေနှင့် ပတ်သက်၍ (၂၈.၁၂.၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၈/၂၀၁၈)အစည်းအဝေး | ၄၆၂/၁-ကော်မတီ/ | |

| စဉ် | မူလ အမှတ် စဉ် | တိုင်ကြားသူ အမည်၊နေရပ် လိပ်စာ | သိမ်းဆည်းခံမြေတည်နေရာ | | | အကြောင်းအရာ | အရေးယူဆောင်ရွက်မှု အခြေအနေ | တိုင်းမှပြန် လည်တင်ပြ သည့် ရက်စွဲ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | မြို့နယ်၊ရပ်ကွက် ၊ကျေးရွာအုပ်စု | ဦးပိုင်အမှတ် ကွင်းအမှတ် | ဧရိယာ (ဧက) | | | | |
| | | ပန်းတောင်း မြို့နယ် | ရွှေဘုံသာ ကျေးရွာ အုပ်စု | | | (၁၄)ရှိ မြေဧရိယာ ၁.၃၉ ဧကအား လမ်းတံတားစီမံကိန်း အတွက် သိမ်းဆည်းခြင်းခံခဲ့ရပြီး နစ်နာကြေး၊ လျော်ကြေး မရရှိပါသဖြင့် နစ်နာကြေး၊ လျော်ကြေး ရရှိနိုင်ပါရန် | ဆုံးဖြတ်ချက်အပိုဒ် ၈၆(က)(၂)အရ တိုင်ကြားသူများသို့ နစ်နာကြေး၊ လျော်ကြေး ပေးချေနိုင်ရေးအတွက် သက်ဆိုင်ရာ လမ်းဦးစီးဌာနမှ (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ် လျာထားရန်ပုံငွေတွင် တွက်ချက်တင်ပြ ဆောင်းခံဆောင်ရွက်သွားရန်နှင့် အမှုတွဲအား ပိတ်သိမ်းနိုင်ရေး ဗဟိုမြေ/စစ်သို့ တင်ပြဆောင်ရွက်သွားရန် | မြေ(တိုင်း)/ ၂၀၁၉ ၂၆.၃.၂၀၁၉ | |
| ၁၀ | ၂၆၉ | (ဦးအောင်ဝင်း (ပါ) ၃ ဦး၊ ၇/ပတန(နိုင်) ၀၂၃၉၃၂၊ ကျောက်ဖူးကျေးရွာအုပ်စု၊ ပန်းတောင်း မြို့နယ်) | ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျောက်ဖူး ကျေးရွာအုပ်စု၊ | ကွင်းအမှတ်(၁၅၃က) | ၇.၀၀ | ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျောက်ဖူးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၅၃က)ရှိ ၁၉၈၂ ခုနှစ်ကတည်းက ဓါးမဦးချခုတ်ထွင် ရှင်းလင်းခဲ့သော ယာမြေဧရိယာ ၇.၀၀ ဧက အား ၂၀၀၉ ခုနှစ်တွင် ခဲယမ်းမီးကျောက်တပ်ရင်း (ခလရ-၂)မှ ၁၈၉၄ ခုနှစ်၊ မြေသိမ်းဥပဒေနှင့်အညီ သိမ်းဆည်း ခဲ့ခြင်း မရှိဘဲ ဥပဒေမဲ့ မြေသိမ်းဆည်းထား သောကြောင့် နစ်နာမှုများ အတွက် လျော်ကြေး၊ နစ်နာကြေး သို့မဟုတ် ပြန်လည် ပေးအပ်နိုင်ပါရန် တိုင်ကြားသည့်ကိစ္စ။ | တင်ပြစာပါမြေနှင့် ပတ်သက်၍ (၂၄.၈.၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၀/၂၀၁၈)အစည်းအဝေး ဆုံးဖြတ်ချက်အပိုဒ် ၁၁၁(ဖ)အရ ပုံစံ(၇)ရရှိပြီး နစ်နာသည်ဟု ယူဆပါက ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် မူလမြေယာမူခင်းဖွင့်လှစ်ဆောင်ရွက်သင့်ပါကြောင်း ကာယကံရှင်အား ရှင်းလင်းပြောကြားရန် ဗဟိုမြေ/စစ်ကော်မတီ၏ (၃.၄.၂၀၁၇)ရက်စွဲပါစာဖြင့် ညွှန်ကြားချက်အရ ပန်းတောင်းမြို့နယ်မြေ/စစ်ကော်မတီမှ ကာယကံရှင်အား ခေါ်ယူရှင်းလင်းပြောကြားပြီးဖြစ်ပါ၍ တင်ပြစာအား အရေးယူဆောင်ရွက်ရန် မလိုအပ်ပါကြောင်းနှင့် အမှုတွဲအား ပိတ်သိမ်းနိုင်ရေး ဗဟိုမြေ/စစ်သို့ တင်ပြဆောင်ရွက်သွားရန် | ၁၀၉၁/၁-ကော်မတီ/ မြေ(တိုင်း)/ ၂၀၁၈ (၁.၁၁.၂၀၁၈) | |
| ၁၁ | ၇၈ | တောင်သူ ၅ ဦးကိုယ်စား ဒေါ်သဇင်ခိုင်၊ ၇/ပတန(နိုင်) ၁၁၄၂၉၈၊ ဘုရားပေါ်ရွာ၊ | ပန်းတောင်းမြို့နယ်၊ ဘုရားပေါ်ကျေးရွာ၊ | ကွင်းအမှတ်(၅၉)၊ ဦးပိုင်အမှတ် (N-၂၄/ ၁၅၉/၁၇၆/၈ ၉/ | ၄၉.၆၀ | လွန်ခဲ့သော နှစ် ၅၀ ခန့်က ဓါးမဦးချခုတ်ထွင် ရှင်းလင်းလုပ်ကိုင်ခဲ့သော ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဘုရားပေါ်ကျေးရွာ၊ ကွင်းအမှတ်(၅၉)၊ | တင်ပြစာပါမြေနှင့် ပတ်သက်၍ (၈.၆.၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော (၆/၂၀၁၈)အစည်းအဝေး ဆုံးဖြတ်ချက်အပိုဒ် ၁၂၅(က)(၁)အရ တင်ပြစာပါမြေသည် ဗဟိုမြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီ၏ (၁.၁၂.၂၀၁၉) ရက်စွဲပါ | ၆၅၈/၁-ကော်မတီ/ မြေ(တိုင်း)/ ၂၀၁၈ (၁၆.၈.၂၀၁၈ | ဗဟို ပိတ် သိမ်း |

| စဉ် | မူလ အမှတ် စဉ် | တိုင်ကြားသူ အမည်၊နေရပ် လိပ်စာ | သိမ်းဆည်းခံမြေတည်နေရာ | | | အကြောင်းအရာ | အရေးယူဆောင်ရွက်မှု အခြေအနေ | တိုင်းမှပြန် လည်တင်ပြ သည့် ရက်စွဲ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | မြို့နယ်၊ရပ်ကွက် ၊ ကျေးရွာအုပ်စု | ဦးပိုင်အမှတ် ကွင်းအမှတ် | ဧရိယာ (ဧက) | | | | |
| | | ငါးဆယ်ပေးအုပ်စု ၊ ပန်းတောင်း မြို့နယ်) | | ၄၀/၁/၁၂၈/၁ ၁) | | ဦးပိုင်အမှတ် (N-၂၄/ ၁၅၉/၁၇၆/၈၉/ ၄၀/၁/၁၂၈/၁၁) ရှိ ယာမြေ ၄၉.၆၀ ဧကကို ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ရဲတပ်ဖွဲ့မှ သိမ်းဆည်း ခဲ့ပြီး နှစ်ရှည်ပင် စိုက်ခင်းပြုလုပ်ခဲ့ရာ အောင်မြင်မှုမရှိခဲ့သဖြင့် ၂၀၁၅ ခုနှစ်မှစ၍ မိမိတို့တောင်သူ ၅ ဦးမှ ပြန်လည် စိုက်ပျိုးလုပ်ကိုင်လျက် ရှိသော်လည်း လာရောက် တားမြစ်ခြင်းမရှိတော့သဖြင့် တရားဝင်ပြန်လည် လုပ်ကိုင်ခွင့် ရရှိရေး တင်ပြသည့်ကိစ္စ။ | စာအမှတ်၊ ၇၅၂၇ /၄(မယ)(ဖ)(၁၁)/ ၂၀၁၉အရ ဦးလှဦး(မြန်မာနိုင်ငံရဲတပ်ဖွဲ့)မှ နှစ်ရှည်ပင် စိုက်ပျိုးရန် (၄၉.၆၀)ဧကအား ခွင့်ပြု မိန့်ရရှိထားပြီး စည်းကမ်းသတ်မှတ် ကျော်လွန်၍ လုံးဝစိုက်ပျိုးခြင်းမရှိကြောင်း ပြန်လည်သိမ်းဆည်းရန် တင်ပြထား ပြီးဖြစ် ကြောင်း၊ ပြန်လည်သိမ်းဆည်း ပြီးပါက တင်ပြစာပါမြေအား ၂၀၁၂ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့်အညီလျောက်ထားရယူဆောင်ရွ က်ရမည့်ကိစ္စရပ်ဖြစ်ပါသဖြင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ နှင့်အညီလျောက်ထားဆောင်ရွက်သွားရန်န င့် အမှုအား ပိတ်သိမ်းနိုင်ရေး ဗဟိုသို့ တင်ပြဆောင်ရွက် သွားရန် | ) | |
| ၁၂ | ၉၅ | ပန်းတောင်း မြို့နယ်၊ ရွှေဘုံသာကျေးရွာ အုပ်စု၊ ညောင်ပင်သာ ကျေးရွာ နေ ဦးသိန်းဇော် | ပန်းတောင်း မြို့နယ်၊ ရွှေဘုံသာ ကျေးရွာအုပ်စု၊ | ကွင်းအမည် (ညောင်ပင် သာကွင်း)၊ ကွင်းအမှတ်( ၅၁)၊ ဦးပိုင် အမှတ် (၁၁၊ ၁၂) | ၁.၁၈ | ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာ ကျေးရွာအုပ်စု၊ ကွင်းအမည် (ညောင်ပင်သာကွင်း)၊ ကွင်းအမှတ်(၅၁)၊ ဦးပိုင် အမှတ် (၁၁၊ ၁၂) တို့ရှိ လယ်သမား ဦးသိန်းဇော် နှစ်စဉ် မပြတ် မြေခွန် ပေးဆောင်၍ စိုက်ပျိုးလုပ်ကိုင် နေသည့် မြေအမျိုးအစား (တတိယတန်းစား မိုးကောင်းလယ်မြေ-R3) မြေဧရိယာ ၁.၁၈ ဧကကို ၂၀၁၆ ခုနှစ်တွင် လမ်းတံတား စီမံကိန်း အကြောင်းပြ၍ ဥပဒေမဲ့ သိမ်းဆည်းခဲ့ပြီး နစ်နာမှုများ အတွက် လျော်ကြေး၊ နစ်နာကြေး ပေးအပ်ခဲ့ခြင်း မရှိပါသဖြင့် ဥပဒေနှင့်အညီ | တင်ပြစာပါမြေနှင့် ပတ်သက်၍ (၃၀.၁၁.၂၀၁၈) ရက်နေ့တွင် ကျင်းပပြု လုပ်သော (၁၅/၂၀၁၈)အစည်းအဝေး ဆုံးဖြတ်ချက်အပိုဒ် ၁၅၁(က)(၁၁)အရ လမ်းဦးစီးဌာနမှ လျော်ကြေး/နစ်နာကြေး ပေးချေနိုင်ရေးအတွက် ရံပုံငွေတင်ပြ တောင်းခံထားပြီးဖြစ်ပါသဖြင့် အမှုတွဲအား ပိတ်သိမ်းနိုင်ရေး ဗဟိုမြေ/စစ်သို့ တင်ပြ ဆောင်ရွက်သွားရန် | ၃၉၉/၁- ကော်မတီ/ မြေ(တိုင်း)/ ၂၀၁၈ (၂၀.၂.၂၀၁၈ ) | ဗဟို ပိတ် သိမ်း |

| စဉ် | မူလ အမှတ်စဉ် | တိုင်ကြားသူ အမည်၊နေရပ်လိပ်စာ | သိမ်းဆည်းခံမြေတည်နေရာ | | | အကြောင်းအရာ | အရေးယူဆောင်ရွက်မှု အခြေအနေ | တိုင်းမှပြန်လည်တင်ပြသည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | မြို့နယ်၊ရပ်ကွက်၊ ကျေးရွာအုပ်စု | ဦးပိုင်အမှတ် ကွင်းအမှတ် | ဧရိယာ (ဧက) | | | | |
| | | | | | | လျော်ကြေး၊ နစ်နာကြေးများ ပေးအပ်နိုင်ပါရန် ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာနေ ဦးသိန်းဇော်၊ ၇/ပတန(နိုင်)၁၁၄၅၀၇ မှ တင်ပြလာမှုအား ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူး ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပေးပို့လာမှု အပေါ် လယ်ယာမြေနှင့်အခြား မြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတက **"မြေသိမ်းဆည်းခြင်း မလုပ်ရန် ညွှန်ကြားချက် ထုတ်ပြန် ထားပြီးဖြစ်၊ စိစစ်တင်ပြပါ"** ဟု မှတ်ချက်ပြုပါသဖြင့် စိစစ် ဆောင်ရွက်ပြီး ဆောင်ရွက်ပြီးစီးမှုအား ပြန်လည်တင်ပြနိုင်ပါရန် အကြောင်းကြားပါသည်။ | | | |
| ၁၃ | ၁၄၄ | (ဦးဝင်းတင်(ပါ) ၂ဦး၊ ခိုင်ရွှေဝါလမ်း၊ ရွှေပင်ရပ်ကွက်၊ ဉသျှစ်ပင်မြို့၊ ပန်းတောင်းမြို့နယ်) | ပန်းတောင်းမြို့နယ်၊ ဉသျှစ်ပင် မြို့၊ ကျေးရွာအမည်- ဉသျှစ်ပင် | ကွင်းအမှတ် (၁၅၄)၊ ကွင်းအမည် (ရိုးကြီး)၊ ဦးပိုင်အမှတ်( N-၂၀) | ၈.၉၇ | ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဉသျှစ်ပင် မြို့၊ ကျေးရွာအမည်- ဉသျှစ်ပင်၊ ကွင်းအမှတ် (၁၅၄)၊ ကွင်းအမည် (ရိုးကြီး)၊ ဦးပိုင်အမှတ်(N-၂၀)ရှိ မြေဧရိယာ ၃.၄၁ ဧကနှင့် ဦးပိုင်အမှတ် (၃၆ဃ/၂)ရှိ မြေဧရိယာ ၅.၅၆ ဧက၊ စုစုပေါင်း မြေဧရိယာ ၈.၉၇ ဧကကို ၁၉၇၇-၁၉၇၈ခုနှစ်တွင် လယ်/ဆည် ဝန်ကြီးဌာန၊ အမှတ်(၄၅) စက်မှု လယ်ယာဦးစီးဌာနမှ ထွန်စက် စခန်းစီမံကိန်း အတွက် လျော်ကြေး၊ နစ်နာကြေးပေးခြင်း မရှိဘဲ သိမ်းဆည်းခြင်းခံခဲ့ရပါသဖြင့် လျော်ကြေး၊ နစ်နာကြေး ရရှိရေး(သို့မဟုတ်) မြေယာ | တင်ပြစာပါမြေနှင့် ပတ်သက်၍ (၈.၆.၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော (၆/၂၀၁၈)အစည်းအဝေး ဆုံးဖြတ်ချက်အပိုဒ် ၁၂၅(က)(၂၅)အရ တင်ပြစာမြေအား အမှတ်(၄၅) စက်မှု လယ်ယာဦးစီးဌာနမှ ၁၉၇၇-၇၈ခုနှစ်တွင် ထွန်စက်စခန်းအသုံးပြုရန် သိမ်းဆည်းခဲ့သည့်မြေအား တင်ပြတောင်းခံနေခြင်းဖြစ်၍ ၁၉၈၈ခုနှစ် မတိုင်မီကိစ္စရပ်ဖြစ်သဖြင့် အမှုတွဲအား ပိတ်သိမ်းသင့်ပါကြောင်း | ၆၂၇/၁-ကော်မတီ/မြေ(တိုင်း)/၂၀၁၈ (၇.၈.၂၀၁၈) | ဗဟို ပိတ်သိမ်း |

| စဉ် | မူလအမှတ်စဉ် | တိုင်ကြားသူ အမည်၊နေရပ်လိပ်စာ | သိမ်းဆည်းခံမြေတည်နေရာ | | | အကြောင်းအရာ | အရေးယူဆောင်ရွက်မှု အခြေအနေ | တိုင်းမှပြန်လည်တင်ပြသည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | မြို့နယ်၊ရပ်ကွက်၊ကျေးရွာအုပ်စု | ဦးပိုင်အမှတ် ကွင်းအမှတ် | ဧရိယာ (ဧက) | | | | |
| | | | | | | ပြန်လည်ရရှိရေး ဆောင်ရွက်ပေးနိုင် ပါရန် တင်ပြလာသည့်ကိစ္စ။ | | | |
| ၁၄ | ၁၅၁ | (တောင်သူများကိုယ်စားဦးအေးငွေ၊ ပန်းတောင်း မြို့နယ်) | ပြည်ခရိုင်၊ ပန်းတောင်း မြို့နယ်၊ ဖောင်းကန်ရပ်ကွက် | | ၁၀၇.၀၀ | ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖောင်းကန်ရပ်ကွက် အနီးရှိ တောရိုင်းများကို ၁၉၆၂ ခုနှစ်တွင် ခုတ်ထွင်ရှင်း စိုက်ပျိုး လုပ်ကိုင်ခဲ့သော စိုက်ပျိုးမြေ ၁၀၇.၀၀ ဧကကို ၂၀၀၀ခုနှစ်တွင် ငါးပုစွန်မွေးမြူရန် အတွက် ဗိုလ်မှူးချုပ် ဖုန်းဆွေက သိမ်းဆည်းခဲ့ပြီး ဗိုလ်မှူးချုပ်ဖုန်းဆွေ ပြောင်းရွှေ့သွားသောအခါ ပြည်မြို့နေ ဦးထိုင်ထိုင်ဆိုသူအား ရောင်းချခဲ့ပါသဖြင့် သိမ်းဆည်းခံကိုင်းမြေများ ပြန်လည်ရရှိရေး တင်ပြလာသည့်ကိစ္စ။ | တင်ပြစာပါမြေနှင့် ပတ်သက်၍ (၃၀.၁၁.၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၅/၂၀၁၈)အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် ၁၅၁(က)(၁၆)အရ တင်ပြသူဦးအေးငွေမှ မြေနုကျွန်းမြေတွင် မြေအစားထိုးပေးအပ်ခဲ့ပြီးဖြစ်ပါသဖြင့် အမှုတွဲအား ပိတ်သိမ်းနိုင်ရေး ဗဟိုမြေ/စစ်သို့ တင်ပြဆောင်ရွက်သွားရန် | ၃၉၅/၁-ကော်မတီ/မြေ(တိုင်း)/၂၀၁၉ (၂၀.၂.၂၀၁၉) | ဗဟို ပိတ် သိမ်း |
